# မြန်မာ့မြို့ဟောင်း
# တကောင်းရုပ်ပုံလွှာ

ချစ်စံဝင်း



# ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | စာမျက်နှာ | စာကြောင်း | ဖော်ပြထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၁ | ၄ | ၇ | ၁၁၉၁ ခုနှစ် | ၁၁၉၁ ခုနှစ်(ခရစ်နှစ် ၁၈၂၉) |
| ၂ | ၅ | ၈ | ဖူးရားကမိမိသည် | ဖူးရာကသူသည် |
| ၃ | ၁၈ | ၁၅ | ဝိနုဋ္ဌူပ | ဝိဋ္ဌုဋ္ဌူပ |
| ၄ | ၁၈ | ၂၆ | သတိုးသမီးသတိုးသား | သတို့သမီးသတို့သား |
| ၅ | ၃၈ | ၁၄ | သုနာပရန်တိုင်း | သုနာပရန္တတိုင်း |
| ၆ | ၄၇ | ၈ | ပျက်လောအောင် | ပျက်လောက်အောင် |
| ၇ | ၄၉ | ၃ | ရှုံးနိမ့်၏။ မြန်မာ | ရှုံးနိမ့်၍ မြန်မာနိုင်ငံ |
| | ၄၉ | ၄ | မင်းကြီးဆာအာသာ | မင်းကြီးဖြစ်လာသူ ဆာအာသာ |
| ၈ | ၅၈ | ၂၄ | အားချုံခိုတိုက်ခိုက်ရာ | အား တိုက်ခိုက်ရာ |
| ၉ | ၅၉ | ၃ | ကြိုးပေး၍သတ်ပစ်ခဲ့ | သတ်ပစ်ခဲ့ |
| ၁၀ | ၆၀ | ၁၂ | အသေချုံခိုတိုက်ခိုက်ရာ | အသေတိုက်ခဲ့ |
| ၁၁ | ၈၆ | ၂၂ | ခရစ်နှစ် ၈၀၀ လောက် | ခရစ်နှစ်အေဒီ ၈၀၀ လောက် |
| ၁၂ | ၁၁၉ | ၂၂ | ၁၈၉၁ ခုနှစ်တိုင် | ၁၉၉၈ ခုနှစ်တိုင် |
| ၁၃ | ၁၂၆ | ၉ | အနှစ် ၈၀၀ လောက် | ခရစ်နှစ်အေဒီ ၈၀၀ လောက် |
| ၁၄ | ၁၄၇ | ၁၅ | အနှစ် ၈၀၀ လောက် | ရှစ်ရာစုလောက် |
| ၁၅ | ၁၅၀ | ၂၃ | ပင်မြို့ | ပင်းယမြို့ |
| ၁၆ | ၁၅၆ | ၂၄ | အနက်၊ ကျားပုံတို | အနက်ကျား ပုံတို |
| ၁၇ | ၁၉၅ | ၁၀ | အတူမှထွက်လာ | အတူထွက်လာ |
| ၁၈ | ၂၃၉ | ၂၃ | ဦးဖိုးရ | ဦးစိုးရနှင့်အဖွဲ့ |
| ၁၉ | ၂၃၉ | ၃ | ခဲ့သောသူကြီးဖြစ်၏။ | ခဲ့၏ |
| ၂၀ | ၂၅၆ | ၆ | အဆင့်မြင့်ခြင်းကြောင့် | အဆင့်မြင့်ကြောင်း |

ဆရာချစ်စံဝင်း၏ (၁၀၁)အုပ်မြောက်စာအုပ်

# မြန်မာ့မြို့ဟောင်း
# တကောင်းရုပ်ပုံလွှာ

## ချစ်စံဝင်း

# မာတိကာ

**အခန်းအကြောင်းအရာ** **စာမျက်နှာ**


| | | |
|---|---|---|
| **နိဒါန်း** | မြန်မာအစတကောင်းက ပြောကြစဉ်အလာ | ၁ |
| ၁ | တကောင်းရှေးပြည် | ၉ |
| ၂ | အဘိရာဇာကစခဲ့သောတကောင်း | ၁၃ |
| ၃ | သုနာပရန္တသို့ဝင်သော ဘိန္နကအုပ်စု | ၂၇ |
| ၄ | တကောင်းနှင့်မြန်မာရာဇဝင်စာအုပ်များ | ၃၅ |
| ၅ | ကိုလိုနီသမိုင်းရေးဆရာတို့ မြန်မာ့သမိုင်းကို လီဆယ်ရေးသားမှု | ၄၃ |
| ၆ | တကောင်းလွင်ပြင်ကိုဗြိတိသျှတို့အပြိုးထားခြင်း | ၅၃ |
| ၇ | ကိုလိုနီသမားတို့တကောင်းကိုသေးသိမ်အောင် ဆောင်ရွက်ခြင်း | ၆၁ |
| ၈ | ချောင်းထဲကတကောင်း | ၇၅ |
| ၉ | မြန်မာအစကျောက်ဆည်က | ၈၃ |
| ၁၀ | အခြေပြုမြန်မာနိုင်ငံရေးသမိုင်းပါတကောင်း | ၉၅ |
| ၁၁ | တကောင်းအားလေ့လာခြင်း | ၁၀၃ |

| | | |
|---|---|---|
| ၁၂ | ဒေါက်တာဖူးရား၏အစီရင်ခံစာ | ၁၁၃ |
| ၁၃ | မြန်မာတို့ပုခုံးပေါ် ရောက်လာသောသမိုင်းကြွေးတာဝန် | ၁၂၅ |
| ၁၄ | စမုံမြစ်ဝှမ်းသုတေသန | ၁၂၉ |
| ၁၅ | ပင်လယ်မြို့ဟောင်းတွေ့ရှိခြင်း | ၁၄၃ |
| ၁၆ | တကောင်းနှင့်ပတ်ဝန်းကျင်အားကွင်းဆင်းလေ့လာခြင်း | ၁၄၉ |
| ၁၇ | ဆင်ညှပ်ကုန်းမှရောဝတီစာပေခရီးအထောက်အထား | ၁၆၁ |
| ၁၈ | ဆင်ညှပ်ကုန်းမှရရှိသည့်ပျူအရိုးအိုးများ | ၁၇၅ |
| ၁၉ | တကောင်းမြို့လယ်မှပျူအမျိုးသမီးငယ်တစ်ဦး၏ အမှတ်-၃ အရိုးအိုး | ၁၉၁ |
| ၂၀ | တကောင်းမှတွေ့ရသောဒင်္ဂါးများ | ၂၀၇ |
| ၂၁ | တကောင်းမှတွေ့ရသောလက်စင်းရာအုတ်ချပ်များ | ၂၁၇ |
| ၂၂ | တကောင်းမှတွေ့ရသောပုတီးစေ့များ | ၂၂၇ |
| ၂၃ | တကောင်းသံထုတ်လုပ်မှုဆိုင်ရာ စက်မှုအစုအဝေးကြီး | ၂၃၃ |
| ၂၄ | တကောင်းအား ပျူပေတံဖြင့်တိုင်းတာခြင်း | ၂၄၃ |
| ၂၅ | မြန်မာအစမြန်မာက | ၂၅၅ |
| | ကျမ်းကိုးစာရင်း | ၂၆၅ |



စာရေးသူနှင့် ဦးတင်ဝင်း

လက်စင်းရာပါသောအုတ်များနှင့် တည်ဆောက်ထားသောဆင်ညှပ်ကုန်းမြို့ရိုး



တကောင်းဆင်ညှပ်ကုန်းဦးတင်ဝင်းယာအတွင်းမှ တွေ့ရှိရသည့်
ဘီစီ သုံးရာစုမှ ငါးရာစုဟု ခန့်မှန်းရသော မြေမီးဖုတ်ပစ္စည်းများ



# တကောင်းမြို့ ဆင်ညှပ်ကုန်းရွာမှ တွေ့ရှိရသော
# လက်စင်းရာအုတ်များ



# မြန်မာအစ တကောင်းက
# ပြောကြစဉ်အလာ

**နိဒါန်း**

ဝမ်းနည်းဘွယ်ရာဖြစ်ရပ်ကား မြန်မာတို့သည် လွန်ခဲ့သောအနှစ် ၁၂၀၀လောက်ကမှ နတ်ထိပ်တောင်ကြားမှ မြင်းများနှင့်ဆင်းလာကြသူများ ဟူသောအဆိုကို ဝိုင်းဝန်းယုံကြည်ခဲ့ကြခြင်းဖြစ်၏။

မြန်မာအစတကောင်းကဟူသော စကားအစဉ်အလာသည် အထင်အရှားရှိ၍တကောင်းသည် မြန်မာတို့၏နှလုံးသားအတွင်းမှ မြို့ဟောင်းဖြစ်၏။ တကောင်းဟူသောအမည်သည် မြန်မာတို့နှင့်အလွန် ရင်းနှီးသောအမည်ဖြစ်၏။ အမေ့ရင်ခွင်ထဲတွင် နေစဉ်ကပင် တကောင်း ဆိုသောအမည်ကို မြန်မာတိုင်းကြားခဲ့ဖူးပြီး ဖြစ်သည်။

**'မေးပါများ စကားရ၊**
**သွားပါများ ခရီးရောက်၊**
**မအိပ်မနေ အသက်ရှည်'**

ဆိုသောစကားကို အားကိုးအားထားပြု၍ မောင်ပေါက်ကျိုင်းက ဘုရင်ဖြစ်လာသည်။ နဂါးမင်းနှင့်ချစ်ကြိုးသွယ်ခဲ့သော လှစန္ဒီမိဖုရား၏

**'ရာပေးလို့ ဆုပ်၊**
**ထောင်ပေးလို့ ချုပ်၊**
**ချစ်တဲ့သူအရိုး ဆံထိုးလုပ်'**

ဆိုသောစကားထာသည် ကျွန်တော်တို့ကလေးဘဝတစ်လျှောက်လုံး စိတ်ဝင်စားခဲ့သောဇာတ်လမ်းနှင့် စကားထာဖြစ်၏။ စကားထာဝှက်ခြင်း၊ ဉာဏ်စမ်းခြင်းစသောအလေ့အကျင့်တို့သည် တကောင်းခေတ်ကပင်ရှိခဲ့သည်။ မြန်မာတို့စကားထာကိုအလွန်နှစ်သက်ကြသည်။ ပညာစမ်းလိုပါက စကားထာဖြင့်မေးကြဖြေကြသည်။ လူငယ်မိန်းကလေးနှင့်ယောကျ်ားလေးအချင်းချင်းဖြစ်စေ၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဒေသနှင့်တစ်ဒေသ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံပညာပြိုင်လိုပါက စကားထာနှင့်မေး၊ စကားထာဖြင့်ဖြေကြ၏။ စကားထာသည် မြန်မာတို့၏ရင်ထဲမှနှလုံးသားစကားဖြစ်၏။

တကောင်းနှင့်ပတ်သက်ပါက ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးနှင့်ဘူးပင်များကို သတ်ဖြတ်ရှင်းလင်းပေးခဲ့သော သူရဲကောင်းပျူစောထီးနှင့် ဟာကြူလီရှုံးလောက်သော ပန်းပဲမောင်တင့်တယ်ဇာတ်လမ်းကလည်း နားထောင်၍မဝနိုင်လောက်အောင်ကောင်းသော ဇာတ်လမ်းများဖြစ်သည်။ ထို့ပြင် မဟာသမ္ဘဝနှင့်စူဠသမ္ဘဝမျက်မမြင်ညီနောင်နှင့် စန္ဒမုခိဘီလူးမတို့၏ဖြစ်ရပ်ဆန်းတွင် ဘီလူးမ မသိုးထမင်းခိုးစားခန်းနှင့် ဆေးကုခန်းတို့ကလည်း စိတ်ဝင်စားစရာကောင်း၏။ သရေခေတ္တရာမှ ဗေဒါရီ၏မွေးစားဖခင်ရသေ့ကြီးကလည်း တကောင်းသားဖြစ်ပြီး ဒွတ္တပေါင်မင်းကြီးကလည်း တကောင်းမင်းဆက်ဖြစ်၏။ အင်းဝမှသတိုးမင်းဖျားသည် တကောင်းမြို့စားဖြစ်ခဲ့၍ သတိုးအမည်ခံခဲ့သူဖြစ်၏။ ဤဖြစ်ရပ်ဆန်းများကား မြန်မာ့စိတ်နေစိတ်ထားကို သန္ဓေတည်ပေးခဲ့သော တကောင်းတွင် အခြေခံခဲ့သည့် ဇာတ်လမ်းများဖြစ်သည်။

သို့သော် မြန်မာသည် တကောင်းကမစခဲ့ဟု ဆိုသူတို့ကဆိုခဲ့ကြ၏။

အသက်အရွယ်အတန်ငယ်ရလာတော့

**မြန်မာအစ တကောင်းက၊ ပြောကြစဉ်လာ**

**သာကီနွယ်ရင်းဝင်ရောက်ခြင်း မင်းအဘိရာဇာ**

ဆိုသောသံပေါက်သည် ကျွန်တော်တို့ပါးစပ်ထဲ၊ နှလုံးသားထဲတွင်စွဲထင်လာခဲ့ပြန်သည်။ ထိုသံပေါက်က ငါတို့သည် သာကီဝင်မင်းမျိုးဖြစ်သည်၊ ဘုရားမျိုးဖြစ်သည်ဆိုသော အတွေးအမြင်တို့မွေးဖွားပေးခဲ့၍ မြန်မာတို့အားဇာတိသွေး ဇာတိမာန်ကို ထက်သန်စေခဲ့၏။

**'တကောင်းအဘိရာဇာ၊**

**တို့ဗမာ သာကီဝင်မျိုးဟာမို့၊**

**မညှိုးဂုဏ်တေဇာ'**

ဟူသော ဝိုင်အမ်ဘီဆရာတင်၏သီချင်းသည် ကျွန်တော်တို့၏ဇာတိသွေးဇာတိမာန်ကို အမှန်တကယ်ကြွစေခဲ့ပြီး တကောင်းကို ကျွန်တော်တို့၏အသွေးထဲအသားထဲသို့ ပိုမိုစွဲမြဲထင်လာအောင် ပို့ဆောင်ပေးခဲ့သောသီချင်းဖြစ်ပါသည်။

**ပုဂံသားလော. . တကောင်းသားလော**

**ပြောပါဘိ ခွန်းတုန့်ပြန်စကား. . .**

ဟူသောသီချင်းကို ကြားရပြန်သောအခါ တကောင်းသည် ရွှာသိမ်ရွာငယ်ဇနပုဒ်မဟုတ်၊ သရေခေတ္တရာလို၊ ပုဂံလိုကြက်ပျံ မကျစည်ကားသောမြို့ကြီးတစ်မြို့ဖြစ်မည်ဟု စိတ်ထဲမှရော်ရည်မှန်းဆကာ တကောင်းမြို့ကြီးခန်းနားစည်ပင်ပုံ၊ တကောင်းသားတို့ခန့်ညားထည်ဝါသန်မြန်ပုံတို့ကိုမျက်စိတွင်မြင်ယောင်လာမိပြန်၏။ သာလွန်မင်းတရားကြီးကမေး၍တောင်ဖီလာဆရာတော်အဖြေကျမ်းတွင်

**'တကောင်းသည် မြန်မာပြည်၏အမွန်'**

ဟုပါရှိရုံသာမက မြန်မာတိုင်း၏နှုတ်ဖျားတွင် **‘မြန်မာအစ တကောင်းက’**ဟုစဉ်ဆက်မပြတ်ရွတ်ဆိုခဲ့ကြ၏။

ကျွန်တော်တို့ရာဇဝင်သမိုင်းကို သင်ကြားလာခဲ့ကြသောအခါ ဆရာပွားနှင့် ဦးဖေမောင်တင်တို့တည်းဖြတ်ထုတ်ဝေသည့် **ဦးကုလားရေး မဟာရာဇာဝင်ကြီး**ကိုလေ့လာခဲ့ကြသောအခါ ထိုစာအုပ်စာမျက်နှာ ၁၁၂ ၌ တကောင်းအကြောင်းနှင့် ပတ်သက်သောရေးသားချက်ကို စတင်ဖတ်ရှုရသည်။ ၁၁၉၁ ခုနှစ်(ခရစ်နှစ် ၁၈၂၉)တွင် ရဟန်းပညာရှိ လူပညာရှိ ပုဏ္ဏားပညာရှိတို့ဖြင့် ဖွဲ့စည်းရေးသားသော **မှန်နန်း ရာဇဝင်တော်ကြီး**ကို လေ့လာသောအခါတွင်လည်း တကောင်းအကြောင်း အကျယ်ပါရှိသည်။ ကျောက်စာပေါင်း- ၁၀၀၀ ကျော်ကို ကိုးကားရေးသားခဲ့သော တွင်းသင်းတိုက်ဝန်မဟာစည်သူ၏ တွင်းသင်းရာဇဝင်သစ်တွင်လည်း တကောင်းအကြောင်းဇာတိသွေးဇာတိမာန်တက်ဖွယ်ပါရှိ၏။

သို့သော် ကိုလိုနီခေတ်သို့ရောက်ရှိခဲ့သောအခါ မြန်မာ့သမိုင်းအစဉ်အလာရေးသားချက်များကို ပယ်သည်။ တကောင်းမှဖြစ်ရပ်များကို ဒဏ္ဍာရီထဲသို့သွတ်သွင်းကာ မြန်မာသမိုင်းကို အနော်ရထာလက်ထက်တွင်မှစခဲ့ကြသောအခါ တကောင်းဖြစ်ရပ်များနှင့် ကျွန်တော်တို့သည် ကိုလိုနီတခေတ်လုံးခြားခဲ့ကြလေရာ ထိုခေတ်တွင် တကောင်းကိုတမ်းတမှန်းဆလွမ်းခဲ့ရရုံသာ ရှိပါတော့၏။

ကိုလိုနီမျက်နှာဖြူသမိုင်းရေးဆရာတို့က အနော်ရထာလက်ထက်တွင်မှ မြန်မာ့သမိုင်းကိုစခဲ့သည်ဟုဆိုကာ တကောင်းအား ဒဏ္ဍာရီပုံပြင်ထဲသို့ ထည့်သွင်းလိုက်ကြသောအခါ ကျွန်တော်တို့ ဝမ်းနည်းခဲ့ကြရသော်လည်း သူ့ကျွန်ဘဝမို့ ဘာမျှမတတ်နိုင်ခဲ့ကြ။ ထိုမျှသာမက မျက်နှာဖြူသမိုင်းရေးဆရာတို့သည် မြန်မာသမိုင်းကို ရေးသားရာတွင် မြန်မာတို့ကိုယ်တိုင် မြန်မာရာဇဝင်ကို ဖတ်ရှုမိပါက ဇာတိသွေးဇာတိမာန်ကျရလောက်အောင် ရေးသားခဲ့ကြသည်။ မိမိတို့ ဥရောပတိုက်သားများကိုကား အထင်တကြီးရှိစေရန် ချဲ့ကားရေးသားခဲ့ကြ၏။ ထိုသို့ရေး

သွားခဲ့သော အင်္ဂလိပ်ရေးမြန်မာသမိုင်းများကို ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းကာ မြန်မာလူငယ်များ ဇာတိသွေး၊ ဇာတိမာန်ပျက်သုဉ်းအောင် သင်ကြားမှုများလည်းပြုခဲ့သည်။ ကိုလိုနီသမိုင်းရေးဆရာတို့သည် မြန်မာ့သမိုင်းကို အနော်ရထာမင်းလက်ထက်-၁၁ ရာစုမှစခဲ့ခြင်းနှင့်အတူ တကောင်းကို ပုံပြင်ဒဏ္ဍာရီထဲသို့ ပို့ဆောင်ခဲ့ကြခြင်းသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကိုချိုးနှိမ်လို၍ တမင်လီဆယ်လုပ်ဆောင်ခဲ့ကြခြင်းများ ဖြစ်ပါ၏။

၁၈၉၄ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ကျောက်စာဝန်(ဟောင်း) ဒေါက်တာဖူးရာက သူသည် တကောင်းမြို့ဟောင်းအဆောက်အအုံ အပျက်အယွင်းများအတွင်းမှ သက္ကဋ္ဌကျောက်စာကြီးနှစ်ချပ်ကို တွေ့ရှိသည်။ ထိုကျောက်စာတွင် တကောင်းနှင့်ပတ်သက်သော အကြောင်းအရာမှာ- "ဟတ္ထိနပူရခေါ် တကောင်းမြို့ကို မဇ္ဈိမဒေသမှ ပြောင်းရွှေ့လာသော သာကီဝင်မင်းတို့ တည်ထောင်စံနေတော်မူကြောင်း ရေးသားပြီး၊ ဗုဒ္ဓဝါဒလွှမ်းမိုးသော ဤဟတ္ထိနပူရ(ခေါ်)တကောင်းမြို့၏ အပျက်အစီးများသည် အဆိုပါတောနက်ကြီးအတွင်း၌ တွေ့ရှိနိုင်မည်"ဟု အထက်မြန်မာနိုင်ငံ ဂေဇက်တီးယား အပိုင်း ၁ အတွဲ ၂ စာမျက်နှာ ၁၉၃ တွင် တိတိကျကျပါရှိကြောင်းသိရသောအခါ တကောင်းသည် ပြန်လည်အသက်ဝင်လာပြန်ပါသည်။

ထိုသို့ရေးသားလိုက်သည်နှင့် ယင်းကျောက်စာကို အဆောတလျင်ရှာဖွေခဲ့ပါသော်လည်း ဘယ်နေရာတွင်မှ မတွေ့ခဲ့ရခြင်းသည် ကျွန်တော်တို့အတွက် ကံဆိုးချက်ဖြစ်ပါ၏။ ဒေါက်တာဖူးရား၏ ရေးသားချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာကျောက်စာဝန်ဟောင်း ဒူရွိုင်ဇယ်က ဖူးရားရေးသားခဲ့သော သက္ကဋ္ဌကျောက်စာနှင့်ပတ်သက်သော ဒဏ္ဍာရီကို ကျွန်ုပ်အနေနှင့် တစ်ကြိမ်တည်းနှင့်အပြီးအပြတ် ပယ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ၁၈၉၄ ခုနှစ်တွင်ပင် ဒူရွိုင်ဇယ်က ယင်းကျောက်စာဆိုသည်မှာ ဖူးရားအနေနှင့် လုံးလုံးလျားလျားလုပ်ကြံသည့် ကျောက်စာဖြစ်သည်ဟု ၁၈၉၄ ခုနှစ်ကပင် ထုတ်ပြန်ခဲ့သည်ဆိုသောအခါ ကျွန်တော်တို့ စိတ်မောခဲ့

ကြရပြန်ပါသည်။ အကယ်၍ ဒေါက်တာဖူးရားသည် အမှန်ထိုကျောက်စာကိုတွေ့ရှိခဲ့သည်ဟုဆိုပါက မြန်မာအစတကောင်းကဟု ကျွန်တော်တို့လက်ခမောင်းခတ်ပြောဆိုနိုင်မည်ဖြစ်၏။ ယခုတော့ ဖူးရားကျောက်စာက လုံးလုံးလျားလျားပျောက်ဆုံးနေ၍ တကောင်းခြေရာကို ဖူးရားကျောက်စာနှင့်မကောက်နိုင်ဘဲ ရပ်နေခဲ့ရချိန် ၁၉၃၁ ခုနှစ်သို့ရောက်သောအခါ ရန်ကုန်တက္ကသိုလ်အရှေ့ဖျားတိုင်းရာဇဝင်ပါမောက္ခဆရာကြီး ဂျီအိတ်ချ်လုစ်က **'ပုဂံမင်းဆက် အောက်မြန်မာနိုင်ငံပထဝီဝင်'**ဟူသောအကြောင်းဟောပြောရာတွင်-

> **'မြန်မာတို့၏ ဖြစ်ကောင်းဖြစ်မည့် ရင်းမြစ်၊ သူတို့၏နန်းစောပြည်နှင့်အဆက်အသွယ်၊ သူတို့၏မြောက်ပိုင်းရှမ်းပြည်နယ်မှ မြန်မာပြည်မြေလွတ်လွင်ပြင်များအတွင်းသို့ ကန္တူး၊ သက်နှင့် စကောလူမျိုးတို့ ဖြတ်သန်းကာ ဝင်ရောက်လာဟန်ရှိသည်ကို စဉ်းစားဆင်ခြင်သော် မြစ်သားတစ်ဆယ့်တစ်ခရိုင်ခေါ် မြစ်သား(ဝါ)ကျောက်ဆည်နယ်သည် မြန်မာတို့၏ မြန်မာပြည်အတွင်း ရှေးဦးနေထိုင်ခဲ့ရာ ဒေသဖြစ်သည်'**

ဟုပြောကြားခဲ့သောအခါ မြန်မာတို့နှင့်တကောင်း စတင်အဆက်ပြတ်ခဲ့ပါတော့၏။ တစ်ဖန်-၁၉၄၀ပြည့်နှစ်သို့ရောက်ရှိသောအခါပါမောက္ခဆရာကြီးလုစ်က Economic Life of the Early Burma (Myanmar) ဟူသောခေါင်းစဉ်ဖြင့် မြန်မာ့စီးပွားရေးဘဝကိုပြောရာတွင်-

> **'မြေပြန့်လွင်ပြင်တွင် မြန်မာတို့ရှေးဦးစွာနေထိုင်ခဲ့ရာဒေသသည် ကျောက်ဆည်နယ်ဒေသဖြစ်သည်မှာ ယုံမှားဘွယ်ရာမရှိ'**

ဟု ထပ်မံစီရင်ချက်ချခဲ့သောအခါ မြန်မာအစတကောင်းကဟူ၍ အစဉ်အဆက်ပြောဆိုလာသောအဆိုများသည် မှေးမှိန်ပျောက်ကွယ်ရသည့်ဘဝသို့ရောက်၍ အမေ့ရင်ခွင်တွင်ကြားခဲ့ရသော တကောင်းသည် ကျွန်တော်တို့နှင့် လုံးလုံးလျားလျား အဆက်ပြတ်ခဲ့ရပါတော့၏။ ထိုသို့ ပျောက်ကွယ်ရသည်နှင့်အညီ မောင်ပေါက်ကျိုင်း၊ ပျူစောထီး၊

မောင်တင့်တယ်၊ မဟာသမ္မာဝ၊ စူဠသမ္ဘဝ၊ ဗေဒါရီနှင့်သားဖြစ်သူ ဒွတ္တပေါင် တို့၏စွဲမက်ဖွယ်ရာ ဖြစ်ရပ်များသည် ဒဏ္ဍာရီထဲ၊ ပုံပြင်ထဲသို့ရောက်ကုန် ကြပါတော့၏။ ဆရာကြီးလူ့စ်၏အယူအဆကို ထိုစဉ်ကပင်မြန်မာပညာရှိ ဆရာကြီးဦးဖိုးလတ်က ကန့်ကွက်ခဲ့သည်။ သို့သော် ဆရာလူ့စ်၏ဩဇာ သည် တက္ကသိုလ်ပညာတတ်အသိုင်းအဝိုင်းတွင် အလွန်ကြီးမားရကား ယင်းအယူအဆကို ဘယ်သူမှမဆန့်ကျင်နိုင်ဘဲ -၂၀၀၀ ပြည့်နှစ်ကာလ တိုင် မြန်မာ့စွယ်စုံကျမ်း၊ မြန်မာ့ကျောင်းသုံးစာအုပ်များမှအစ ဆရာကြီး လူ့စ်၏အနွယ်များရေးသော သမိုင်းစာအုပ်များတွင် ထိုအယူအဆသည် ပါရှိလျက်ပင်ရှိခဲ့၏။

ထိုကဲ့သို့ ရေးသားဖေါ်ပြခဲ့မှုများသည် အမှန်တရားမဟုတ်။ မျက် နှာဖြူ ကိုလိုနီပြိတ်သ္ဘသမိုင်းရေးဆရာတို့သည် မိမိတို့ ကိုလိုနီစနစ်သက် ဆိုးရှည်ရန်လီဆယ်ရေးသားခဲ့မှုများသာ ဖြစ်ပေရာ ယင်းတို့ကို အမှန်အ တိုင်း သက်သေပြဖေါ်ထုတ်ရေးသားရန်လိုအပ်လာ၏။ မြန်မာအစမြန် မာက ဟုကြွေးကြော်ထားသော ဤစာအုပ်သည် တကောင်းနှင့်ပတ်သက်၍ အမှန်တရားများကိုဖော်ထုတ်ရန် ကြိုးပမ်းထားပါသည်။

ထို့ပြင် မြန်မာ့ရေမြေတွင် ပရိုင်းမိတ်များတွေ့ရှိမှုမှအစ ပြဒါး လင်းဂူအစရှိသော ကျောက်ခေတ်လူသားတို့ နေထိုင်ရာဂူများ တွေ့ရှိခြင်း၊ ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ကြေးခေတ်သင်္ချိုင်းကိုတွေ့ရှိခြင်း စသော အသစ်တွေ့ရှိမှုများနှင့် မြန်မာ့သမိုင်းကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါ၏။ ၂၀. ၅. ၂၀၀၃ ခုနှစ်က တကောင်းမြို့လယ်မှ ပျူအမျိုးသမီးတစ်ဦး၏အရိုး အိုးတွေ့ရှိမှုသည် တကောင်းဆိုင်ရာများနှင့်ပတ်သက်၍ ကိုလိုနီသမိုင်း ဆရာတို့အမှားပြောဆိုမှုများဖြစ်ခဲ့ကြသည်ကို မြေအောက်အထောက် အထားအနေနှင့် သက်သေပြနိုင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့်-

(က) မြန်မာ့သမိုင်းသည် မျက်နှာဖြူကိုလိုနီအင်္ဂလိပ်သမိုင်းဆရာတို့ရေး သကဲ့သို့ မဟုတ်။ မြန်မာ့သမိုင်းသည် ဇာတိသွေး၊ ဇာတိမာန်ပြည့်ဝ

သော သမိုင်းဖြစ်ကြောင်း သက်သေပြရန်၊

(ခ) မြန်မာ့သမိုင်းသည် အနော်ရထာမင်းလက်ထက် ၁၁ ရာစုမှစခဲ့ခြင်း ဆိုသောအချက် မမှန်ကန်ကြောင်း သက်သေပြသရန်၊

(ဂ) မြန်မာအစ ကျောက်ဆည်ကဆိုသောစကားသည် မမှန်ကန်၊ ကျောက်ဆည်မြစ်သားလွင်ပြင်တွင် ပျူ မြန်မာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် အတူနေထိုင်ခဲ့ကြသည်ကို ပြသရန်၊

(ဃ) အသစ်တွေ့ရှိသော အထောက်အထားများအရ တကောင်းသည် ဘီစီ ၃ ရာစု၊ မှ ၇ ရာစုအတွင်း ထွန်းကားခဲ့သည့် ပျူမြန်မာမြို့ ကြီးတစ်မြို့အဖြစ် သက်သေပြရန်၊

(င) ပရိုင်းမိတ်များမှအစ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်ချောများမှသည် ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ် များတိုင် မြန်မာ့ရေမြေတွင် မြန်မာလူသားမျိုးရင်းများ ရှိသောကြောင့် မြန်မာအစ မြန်မာကဖြစ်သည်ကို ဖော်ထုတ်ရန်၊

(စ) မြန်မာတို့၏ မှတ်တမ်း၊ မြန်မာ့စာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ကျောက် စာအထောက်အထား၊ မြေပေါ်မြေအောက်တွေ့ရှိမှုများနှင့် မြန်မာ့ သမိုင်းကို အခိုင်အမာပြန်လည်တည်ဆောက်ရန်၊

(ဆ) မြန်မာ့သမိုင်း၏အမှန်အကန်ဖြစ်ရပ်များကိုဖော်ထုတ်၍ မြန်မာတို့ ၏ ဇာတိသွေး ဇာတိမာန်ကို တည်ဆောက်ရန်၊

(ဇ) မြန်မာ့သမိုင်းနှင့် ရှေးဟောင်းသုတေသနလုပ်ငန်း လေ့လာမှုကို မြန်မာ လူငယ်များအား လက်ဆင့်ကမ်းပေးရန်

တို့အတွက် ဤစာအုပ်ကိုရေးသားအပ်ပါကြောင်း နိဒါန်းစကားရေးသား အပ်ပါသတည်း။

# အခန်း(၁)
# တကောင်းရွှေပြည်

တကောင်းသည် ယခုအခါ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်ခရိုင်ခွဲ၊ သပိတ်ကျဉ်းမြို့နယ်အတွင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မန္တလေးတိုင်း၏မြောက်ဘက်စွန်းတွင် တည်ရှိသည်။ ရှေးအခါက တကောင်းသည် ကသာခရိုင်အတွင်း၌ပါရှိ၏။ ထို့နောက် ရွှေဘိုခရိုင်အတွင်းသို့ ထည့်သွင်းအုပ်ချုပ်ခြင်း ခံရသည်။ ၁. ၁၀. ၁၉၆၅ ခုနှစ်သို့ရောက်သောအခါ တကောင်းကိုမြို့နယ်ခွဲအဖြစ်သတ်မှတ်ကာ သပိတ်ကျင်းမြို့အတွင်းသို့ ထည့်သွင်းအုပ်ချုပ်ခဲ့ပြန်၏။ ယခုအခါ မန္တလေး၊ သပိတ်ကျင်း၊ တကောင်း၊ ကသာမော်တော်ကားလမ်းကို ဖောက်လုပ်ပြီးဖြစ်ရာ ယင်း ကားလမ်းမှလည်း မှန်လုံကားကြီးများ နေ့စဉ်ပြေးဆွဲလျက်ရှိ၏။ မန္တလေး-တကောင်း မော်တော်ကားလမ်းအကွာအဝေးမှာလည်း ၁၂၇ မိုင်မျှဖြစ်သည်။ တကောင်းမြို့ကို ယခုအခါသီးခြားမြို့နယ် တစ်မြို့နယ်အဖြစ် တည်ဆောက်လျက်ရှိ၏။ တကောင်းမြို့သည်အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ ၁၁ မိနစ်နှင့် မြောက်လတ္တီကျူ၂၃ ဒီဂရီ၃၀မိနစ်အကြားတွင် တည်ရှိသည်။

တကောင်းမြို့အနီးတွင် ဥတ္တရယဉ်စွန်းတန်းဖြတ်သန်းလျက်ရှိသည်။ တကောင်းမြို့တွင် ရပ်ကွက်ပေါင်း ၉ ရပ်ကွက်ရှိ၍ အိမ်ခြေ ၉၅၀ ရှိသည်။ အိမ်ထောင်စုပေါင်း ၁၁၈၄ စုနှင့် လူဦးရေ ၆၅၇၄ ရှိသည်။ တကောင်းမြို့နယ်တွင် တကောင်း၊ ကျောက်အိုက်၊ မိုင်းဒိုင်း၊ မကျီးကုန်း၊ အင်းနက်ဟူ၍ ကျေးရွာစု ငါးအုပ်စုရှိ၏။ တကောင်းတွင် အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းနှစ်ကျောင်း၊ တိုက်နယ်ဆေးရုံ ၁ ရုံ၊ စာတိုက် ၁ ခု၊ လျှပ်စစ်ဓါတ်အားပေး ၇၃ ကေဗွီ A စက် ၁ လုံးနှင့် ၁၈ ကေဗွီAစက် တစ်လုံးရှိ၏။ မြေအကျယ်အဝန်းသည် ၂၁၆၀၃၃ ဧကရှိ၍ စပါး၊ ပဲမျိုးစုံ၊ ကြံ၊ ဆီထွက်သီးနှံနှင့် မီးဖိုချောင်သုံးသီးနှံများဖြစ်သော ငရုတ်၊ ကြက်သွန်ဖြူ-နီ၊ တို့ စိုက်ပျိုးသည်။ တကောင်းကို ဧရာဝတီမြစ်ကြောင်းမှလည်း သွား၍ရသည်။ ဧရာဝတီမြစ်အတိုင်းဆန်၍ သွားသော် တကောင်းသည် မန္တလေးမှရေမိုင် ၁၂၇ မိုင်ပင်ဝေးသည်။ တကောင်းမြို့၏တည်နေရာကို သတိုးသီရိသုဓမ္မဒေါက်တာတာ ဂျေအက်ဖ်ဖာနီဗဲလ်နှင့် ဦးဖေမောင်တင် တို့တည်းဖြတ်သော ဇမ္ဗူဒီပဥဆောင်းကျမ်း၊ စာမျက်နှာ ၁၉ တွင်-

**တကောင်းနယ်ကား အရှေ့ကိုလားသော် တရုတ်လမ်းမ၊ တောင်ကိုလားသော် ဖလူတောင်၊ အနောက်ကိုလားသော် ပယင်းတွင်း၊ မြောက်ကိုလားသော် ကင်းမြစ်နား၊**
ဟုဆို၏။

လက်ရှိတကောင်းမြို့တည်နေရာမှာ **အရှေ့နှင့်မြောက်တွင် တလားဝချောင်း၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် အညာပုဂံမြို့ရိုးဟောင်းရှိသည်။**

တလားဝချောင်းသည် သံမိုရ်ဝပ္ပနတောင်တန်းမှစဆင်းလာပြီး တကောင်းတောင်နှင့် သံမိုရ်ဝဋ္ဋနတောင်အကြား အရှေ့ဘက်မှ အ



နောက်ဘက်သို့ စီးဆင်းလာကာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။

ရှေးအခါက တကောင်းမြို့သည် ဧရာဝတီမြစ်အနောက်ဘက်တွင်တည်ရှိသည်ဟု ဆရာတော် ဦးဃောကြီး၏တကောင်း ရာဇဝင်ကဆို၏။နောင်တွင်မှ ဧရာဝတီမြစ်ကြောင်းပြောင်းကာ တကောင်းသည် ဧရာဝတီ၏ အရှေ့ဘက်သို့ရောက်ခဲ့ရခြင်း ဖြစ်၏။

ရှေးအခါက ဧရာဝတီမြစ် ကြောင်းစီးဆင်းခဲ့သောနေရာတွင် မြစ်ကျိုးအင်းများ၊ ရွှံ့နွံတောများအဖြစ် တွေ့မြင်ရသည်။

ယခုအခါ တကောင်းသည် အလွန်တရာလှပသာယာသော ပတ်ဝန်းကျင်တွင်တည်ရှိနေသော ဧရာဝတီအရှေ့ဘက်ကမ်းပေါ်မှ မြို့တစ်မြို့

ဖြစ်၏။ တကောင်းမှ အနောက်ဘက်သို့ကြည့်လိုက်ပါက မင်းဝံတောင်တန်းကြီးနောက်ခံဖြင့် တသွင်သွင်စီးဆင်းနေသောဧရာဝတီမြစ်ရေအလျဉ်ကိုတွေ့မြင်ရ၏။ မင်းဝံတောင်တန်းကြီးကလည်း ဧရာဝတီမြစ်ကြီးအားအထက်မှစီးမိုးကာ စိမ်းစို၍နေသည်။ တကောင်းမြို့၏အရှေ့မြောက်တွင် တကောင်းတောင်တန်း၊ တကောင်းမြို့၏အရှေ့တောင်တွင် သံမိုရ်ရဝဋ်ဋုနတောင်တန်းရှိ၍ တကောင်းလွင်ပြင်သည် ညီညာပြန့်ပြူးသောရွှေထွက်ရှိသည့်ရွှေလွင်ပြင်ဖြစ်၏။ တကောင်းတောင်တန်းမှလည်း အရည်အသွေးကောင်းမွန်သည့် ပမာဏကြီးမားသော ကရိုမိုက်သတ္တုကြောကြီးကိုတွေ့ရှိကာ ထုတ်လုပ်လျက်ရှိ၏။

တကောင်းလွင်ပြင်သည် ပြန့်ပြူးကျယ်ပြန့်ရုံသာမက မြေသြဇာကောင်းမွန်သောလွင်ပြင်တစ်ရပ် ဖြစ်သည်။

တကောင်းသည် အမည်များစွာရှိသောမြို့ ဖြစ်၏။ မြို့သက်ရှည်လျားသောကြောင့် အမည်များသည်ဟု အဆိုရှိ၏။ တကောင်းကို (၁) သံသာရပူရ (၂) ရဋ္ဌပူရ (၃) သဃ်ဿရဋ္ဌ (၄) သင်းတွဲ(ခေါ်) ဟတ္ထိနပူရ (၅) ပဉ္စာလ (၆)ပဉ္စာတကောင်းဟူ၍အမည်အမျိုးမျိုးဖြင့် ခေါ်ကြ၏။

ပဉ္စာတကောင်းကို အိန္ဒိယတိုင်းသား ကုလားလေသံနှင့်ဆိုပါက (ပံဉ်ာတိကောက်)ဟု အသံထွက်နိုင်၏။ ပါဠိပျက်အလို ပဉ္စတိကောက်၊ ပဉ္စတကောဏ်း၊ ပျင်စာဒကောင်း၊ ပဉ္စာတကောင်း ဟူ၍ အဆင့်ဆင့်ပြောင်းလဲနိုင်ရာ ပဉ္စာတကောင်းဟူသောအမည်သည် အိန္ဒိယနိုင်ငံမှ အမည်နာမခေါ်ဆိုမှုနှင့် လုံးဝတူမတတ်ရှိသည်။ ထိုအမည်သည် အိန္ဒိယမှလာဟန်ရှိ၏ဟုအဆိုရှိကြ၏။

တကောင်းကို ရှမ်းဘာသာနှင့်ဆိုပါက ‘တ’သည်ကူးတို့ဆိပ်ဖြစ်၍‘ကောင်း’သည် ကုန်ပစ္စည်းများစုပုံနေရာဟု အဓိပ္ပာယ်ရသောကြောင့် စည်ကားသောကူးတို့ဆိပ်မြို့ဟု အဓိပ္ပာယ်ရကြောင်းသိရပါသည်။

# အခန်း(၂)
# အဘိရာဇာကစခဲ့သောတကောင်း

မြန်မာတို့ ကနဦးအခြေချနေထိုင်ရာဟု ယုံကြည်မှုရှိသော တကောင်းမြို့ကို မည်သည့်အချိန်အခါလောက်က စတင်တည်ထောင်ခဲ့သည် ဟူ၍ တိကျစွာဖော်ပြထားခြင်း၊ ပြောဆိုနိုင်ခြင်း မရှိပါ။ သို့သော် ခရစ်နှစ် ၁၈၂၉ ခုနှစ်တွင် ရဟန်းပညာရှိ လူပညာရှိ ပုဏ္ဏားပညာရှိများ စုပေါင်းရေး သားသော မှန်နန်းရာဇဝင်ကြီးတွင် မဇ္ဈိမဒေသအိန္ဒိယနိုင်ငံမှ သကျသာကီ ဝင်မင်းသား **အဘိရာဇာ**နှင့် နောက်ပါအလုံးအရင်းတို့သည် ဧရာဝတီ အထက်ပိုင်းဒေသသို့ဝင်ရောက်ပြီး ရှေးဦးတကောင်းမြို့ကြီးကို တည် ထောင်သည်။ တကောင်းပထမမင်းဆက်-၃၃ ဆက်ရှိ၍ အဘိရာဇာဝင် ရောက်လာချိန်သည် ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မမူမီနှစ်ပေါင်း ၇၀၀၊ လွန်ခဲ့သော နှစ်ပေါင်း ၃၃၀၀ ခန့်ကဖြစ်ကြောင်း ရေးသားဖော်ပြခဲ့၏။

အဘိရာဇာမင်းကြီးတကောင်းမြို့ကို တည်ထောင်စဉ်က တကောင်းမြို့အနီးအနားတွင် ရှေးအခါကပင်ရှိနေခဲ့ကြသော ဒေသခံလူ

များကို စည်းရုံး၍တည်ထောင်ခြင်း ဖြစ်သည်။ ထိုသို့ စည်းရုံးထူထောင်ရာတွင် ပျူရွာများလည်းပါရှိ၍ ယင်းတို့ကို ပျူရွာ၊ ပျူဂါမ်မှ ပုဂံဂါမဟု အမည်ရသောရွာရှိသည်။ အဘိရာဇာမရောက်ရှိမီက ဒေသခံများအတွင်း ကျေးရွာလူကြီးများကသာအုပ်ချုပ်၍ မင်းအုပ်ချုပ်မှုမရှိဘဲ အဘိရာဇာ ရောက်ရှိလာသောအခါတွင်မှ မင်းအုပ်ချုပ်မှု စတင်ခြင်းဖြစ်သည်ဟု ယူဆ၏။ ယခင်က ပျူဂါမတည်ရှိခဲ့သောနေရာသည် **ယခုအညာပုဂံ** တည်ရှိရာနေရာဟု ယုံမှတ်ကြ၏။

အဘိရာဇာသည် ကောလိယပြည့်ရှင် သာကီဝင်မင်းမျိုးဖြစ်သည်။ ဘုရားမပွင့်မီ လွန်လေပြီးသောကာလက ကောသလတိုင်းနှင့် ပဉ္စာလတိုင်း နှစ်တိုင်းကိုအစိုးရသော ပဉ္စာလရာဇ်မင်းက ကောလိယမင်းထံ အမျိုးဆက်လို၍ သမီးတောင်းရာ ကောလိယမင်းက သမီးမပေးဘဲ မချေမငံဆိုမှုကြောင့် စစ်ဖြစ်ရာမှ ကောလိယမင်းစစ်ရှုံး၍ ထွက်ပြေးခဲ့သည်။ ပဉ္စာလတိုင်းဆိုသည်မှာ ယခုပန်ဂျပ်ပြည် ပန်ချာပီလူမျိုးများနေထိုင်ရာဒေသဟုဆို၏။ မဟာသဇာတ်တွင် ပဉ္စာလရာဇ်တိုင်းကို စူဠနီဗြဟ္မဒတ်မင်းစိုးစံကြောင်း ပြဆို၏။ မြစ်ငါးမြစ်ကို အမှီပြုတည်ထောင်သောကြောင့် ပဉ္စလဟုခေါ်ပြီး ထိုမြစ်ငါးစင်းကား ဆတလဂျ်၊ ဗျာဆ်၊ ရာဗီ၊ ကျိနာနှင့် ဂျဟေလန်တို့ဖြစ်ကြောင်း ဆရာတော်ဦးဃောကြီး၏ တကောင်းရာဇဝင်သစ်ကဆို၏။

တကောင်း၏အမည်တစ်ခုမှာ ပဉ္စာလဖြစ်သည်။ သာကီဝင်မင်းများနေထိုင်ရာနေရာများသည် ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယတို့ဖြစ်၏။ ကောလိယမင်းသည် စစ်ရှုံး၍ နောက်လိုက်စစ်သည်ဗိုလ်ခြေ အလုံးအရင်းနှင့် ဘူတန်ပြည်နယ်၊ အာသံပြည်နယ်၊ ဗြဟ္မပုတြမြစ်၊ မဏိပူရမြစ်၊ နာဂတောင်တန်းနှင့် ချင်းတောင်တန်းများကိုကျော်ကာ ချင်းတွင်းမြစ်ကိုဖြတ်၍ တောအဆင့်ဆင့် တောင်အသွယ်သွယ်ကိုဖြတ်ကာ ဥရုချောင်းသို့ရောက်၏။ ထိုမှတစ်ဖန် မဲဇာမြစ်ဖျား တောင်သုံးလုံးသို့ရောက်၏။ မဲဇာမြစ်ဖျားသို့ရောက်ရာ မဲဇာကိုစုံဆင်းလေလျှင် မင်းဝံတောင်နှင့် ကန့်ကော်တောင်တန်းအကြားမှ တကောင်းသို့ရောက်သည် ဟူသော

အယူအဆရှိသလို ဧရာဝတီမြစ်ဖျားမှတကောင်းသို့စုံဆင်းလာသည် ဆိုသောအယူအဆလည်းရှိ၏။

အဘိရာဇာမင်းကြီးသည် တကောင်းသို့ ရောက်လျှင်ရောက်ရောက်ခြင်း တကောင်းမြို့ကို တည်ထောင်သည်မဟုတ်၊ အရပ်ဒေသကို စခန်းချ၍လေ့လာပြီးမှ တကောင်းကိုတည်သည်။ တကောင်းမြို့တည်ရာမြေသည် **အရှေ့ဘက်တွင်ဧရာဝတီမြစ်နှင့်အနောက်ဘက် တွင်မဲဇာဖြစ်တို့အကြား ဒိုးအပ်မြေဖြစ်၏**။ ထိုစဉ်က ဧရာဝတီမြစ်သည် တကောင်း၏အရှေ့ဘက်ကစီးဆင်းသည်။ အဘိရာဇာသည် အရှေ့ဘက်နှင့်အနောက်ဘက်တို့မှ ရေကာဆီးနေ၍ ရန်သူရုတ်တရက်မဝင်နိုင်သောနေရာတွင် မြို့တည်၏။ တကောင်းကို မူလက မင်းဝံတောင်စွယ်တွင်တည်ထားခြင်းဖြစ်၏။ တုံငယ်ဝနေရာသည် အဘိရာဇာတကောင်းကိုမတည်မီ မြို့တည်ရန်နေရာရွေးချယ်ခြင်း၊ လူသူစုဆောင်းခြင်းတို့ ပြုလုပ်ရင်း ပထမစခန်းချသောနေရာဖြစ်၍ **တကောင်းအစ တုံငယ်ဝ** ဟုလည်း ဆိုကြ၏။

တကောင်းမြို့အကြောင်း တရုတ်ရေးသားချက်အချို့က တကောင်းဒေသကို ကန္တူးလူမျိုးများနေထိုင်ရာဒေသဟုဆိုရာ ကံတူးလူမျိုးက ဒူးလူမျိုးများနေရာ အရပ်ဖြစ်၏။ ထိုအရပ်တွင် အဘိရာဇာမလာရောက်မီက ပျူ၊ မြန်မာ၊ ရှမ်း၊ ကဒူးကနန်းတို့နေထိုင်ရာဒေသဖြစ်သည်။

အဘိရာဇာမင်းကြီးတကောင်းကိုတည်စဉ် ကံရာဇာကြီးနှင့် ကံရာဇာငယ်ဟူသောသားတော်နှစ်ပါးရှိ၏။ အဘိရာဇာကံတော်ကုန်လေလျှင် တကောင်းကို ကံရာဇာငယ်က ဆက်လက်အုပ်ချုပ်၍နောင်တော်ကံရာဇာကြီးက နောက်လိုက်ဗိုလ်ပါအလုံးအရင်းဖြင့် ဧရာဝတီမြစ်ကို စုန်၍ သလ္လဝတီ(ချင်းတွင်း)မြစ်ကိုဆန်ခဲ့ပြီး ကလေးတောင်ညိုကို ရာဇဂြိုဟ်ဟုသမုတ်၍ ခြောက်လ ဗိုလ်ဝင်ခံတော်မူသည်။ ထိုအခါ သုနာပရန္တ ၊ ပျူ ကမ်းယံ၊ သက်တို့က မင်းလျာတောင်းသောကြောင့်

သားတော် မုဒုစိတ္တကို ပျူတို့အရပ်တွင် မင်းပြုစေပြီး မိမိမူ ကစ္ဆပနဒီမြစ် အရှေ့ဘက် ကျောက်ပန်းတောင်းမြို့ကို တည်ထောင်စံတော်မူသည်။ ထို့မှ ဓညဝတီမြို့ဟောင်းကိုသိမ်းယူ၍ ထီးနန်းမြို့ပြသဒ်ပြုတည်ထောင်စံ နေတော်မူသည်ဟု ဆိုသည်။

**ဒီပဲရင်းမြို့နယ်၊ နမောဘုရားသမိုင်းတွင်** ကံရာဇာငယ်၏သား တော် ဇမ္ဗူဒိပရာဇာသည် မင်းသားဘဝဖြင့် နမောဆရာတော်ထံတွင် အဌာရသတစ်ဆယ့်ရှစ်ရပ်နှင့် နမောဗုဒ္ဓါ သိဒ္ဓံ . . . ကိုအစထား၍သင် ကြားပြီး ခမည်းတော်နတ်ရွာစံလေလျှင် တကောင်းပြည်သို့ပြန်၍ ဖခင်၏ အရိုက်အရာကိုခံသည်ဟု ရေးသားချက်ရှိ၏။ ထိုမင်းသည် မိမိဆရာ ရဟန်း တကောင်းသို့လိုက်လာသည်ကို မိမိတွင်ဆရာမရှိဟုဆိုသော ကြောင့်မျက်စိကွယ်သည်ဟုဆို၏။ အဘိရာဇာမှစ၍ တကောင်းနန်းဆက် ၃၃ ဆက်ရှိသည်။

| | |
|---|---|
| (၁) | အဘိရာဇာ၊ |
| (၂) သား | ကံရာဇာငယ်၊ |
| (၃) သား | ဇမ္ဗူဒီပရာဇာ၊ |
| (၄) သား | သဃ်သရာဇာ၊ |
| (၅) သား | ဝိပန္နရာဇာ၊ |
| (၆) သား | ဒေဝတရာဇာ၊ |
| (၇) သား | မုနိကရာဇာ၊ |
| (၈) ဘထွေး | နာဂရာဇာ၊ |
| (၉) ညီ | ဣန္ဒရာဇာ၊ |
| (၁၀) သား | သမုတိရာဇာ၊ |
| (၁၁) သား | ဒေဝရာဇာ၊ |
| (၁၂) သား | မဟိန္ဒရာဇာ၊ |
| (၁၃) သား | ဝိမလရာဇာ၊ |

(၁၄) သား သီဟနုရာဇာ၊
(၁၅) သား မင်္ဂနရာဇာ၊
(၁၆) သား ကံသရာဇာ၊
(၁၇) သား ကလိင်္ဂရာဇာ၊
(၁၈) သား သင်းတွဲရာဇာ၊
(၁၉) သား သီဟဋ္ဌရာဇာ၊
(၂၀) ညီ ဟံသရာဇာ၊
(၂၁) သား ဝရရာဇာ၊
(၂၂) သား အလောင်းရာဇာ၊
(၂၃) သား ကောလကရာဇာ၊
(၂၄) သား သူရိယရာဇာ၊
(၂၅) သား သင်ကြီးရာဇာ၊
(၂၆) သား တိုင်းချစ်ရာဇာ၊
(၂၇) သား မဓုရာဇာ၊
(၂၈) သား မင်းလှကြီးရာဇာ၊
(၂၉) သား သံသုသီဟရာဇာ၊
(၃၀) သား ဓနင်္ဂရာဇာ၊
(၃၁) သား ဟိန္ဒရာဇာ၊
(၃၂) သား မောရိယရာဇာနှင့်
(၃၃) သား ဘိန္နကရာဇာတို့ ဖြစ်သည်။

အဘိရာဇာမှစ၍ တကောင်းနန်း ၃၃ ဆက် ဘိန္နကရာဇာ လက်ထက်တွင် တရုတ်များဝင်ရောက်၍ ပထမတကောင်း ပျက်သည်။

တကောင်းပျက်လေလျှင် ဘိန္နကမင်းကြီးသည် မလည်သို့ဆုတ်ပေးသည်။ မလည်သည် ပျူစောထီးမွေးဖွားရာ ရွာဖြစ်၏။ မလည်တွင် ဘိန္နကမင်းကြီးကံတော်ကုန်လေသဖြင့် ဘိန္နကအစုသုံးစုကွဲသွားသည်ကို မှန်နန်းရာဇဝင်တော်ကြီး-ပ၊ စာ ၁၇၇-၁၇၈ ၌-

"တကောင်းပြည်ကြီးပျက်စီးလေလျှင် ဘိန္နကမင်းကြီးသည် ရုံးမှိသမျှသော မိမိဗိုလ်ခြေအလုံးအရင်းနှင့်မလည်ချောင်းသို့ဝင်၍ နေတော်မူ၏။ ဘိန္နကမင်းကြီးကံတော်ကုန်သော် ဗိုလ်ပါအလုံးအရင်းတို့သည် သုံးစုကွဲလေ၏။ တစ်စုလူတို့ကား ကမ်းသီတာမှတစ်ဆင့် အရှေ့မျက်နှာ ရှမ်းတစ်ဆယ့်ကိုးခရိုင်တည်ထောင်၍နေကြ၏။ ထိုမှစ၍ ဘိန္နကရာဇ်မင်းမျိုးဟုတွင်လေ၏။

တစ်စုလူတို့ကား ဧရာဝတီမြစ်ကိုစုန်ခဲ့၍ ပျူ ကမ်းယံ၊ သက်တို့အရပ်တွင် မုဒုစိတ္တစသော သာကီဝင်မင်းတို့နေရာ သုနာပရန္တတိုင်းသို့ဝင်ကြ၏။

တစ်စုကား မိဖုရားကြီး နာဂဆိန်နှင့်နေမြဲမလည်အရပ်တွင်ပင်နေလေ၏"ဟုဆို၏။ ရှမ်းတစ်ဆယ့်ကိုးခရိုင်ကိုတည်ထောင်သော အစုသည် ပထမ ဧရာဝတီမြစ်ကိုကူး၍ ရွှေလီမြစ်ဝတွင်ကမ်းသီတာမြို့ကိုတည်ထောင်သည်။

မြတ်စွာဘုရား အထင်အရှားပွင့်တော်မူချိန်၌ သာကီဝင်မင်းမျိုး ဓဇရာဇာသည် ဝိဋ္ဋူဘမင်းသား၏ရန်ကြောင့် မဇ္ဈိမဒေသ ကပိလဝတ်မှ အဘိရာဇာမင်းကြီး ထွက်ပြေးခဲ့သည့်လမ်းအတိုင်း ပြေးခဲ့ရာ မဲဇာမြစ်ကမ်း မလည်အရပ်သို့ရောက်လျှင် နာဂဆိန်မိဖုရားနှင့် တွေ့၍ သာကီဝင်မင်းအချင်းချင်းစုံဖက်ကာ တကောင်းသို့ပြန်၍ တကောင်းမြို့အနီးမှ ပျူရွာကိုပုဂံဟုသမုတ်၍ ဒုတိယတကောင်းနန်းဆက်ကို တည်ထောင်သည်။ ဓဇရာဇာသည် သတိုးဘွဲ့ကိုစတင်ခံယူ၍ တကောင်းသတိုးမင်းဆက် ၁၇ ဆက် ရှိ၏။ မင်းရှစ်ဆက်မြောက်သတိုးနဂါးရမင်းသည် ကျွန်တော်တို့အသည်းစွဲ မောင်ပေါက်ကျိုင်းပင် ဖြစ်သည်။ မြန်မာတို့က သတို့သမီး သတို့သားဟူသောအခေါ်သည် မိမိတို့ သတိုးအဆက်အနွယ်များ ဖြစ်ကြောင်း ပြသ တင်စားခေါ်ဆိုခြင်း ဖြစ်၏။

မိမိတို့သည် သတိုးအဆက်အနွယ် ဖြစ်သည်။ တကောင်းဆက်ဖြစ်သည်။ ဤ သတိုးသမီး သတို့သားတို့မှ မွေးဖွားလာမည့်သားစဉ်မြေး

ဆက်သည် ဇာတိသွေးဇာတိမာန်ရှိသော သတိုးအနွယ်များဖြစ်သည်ဆို သည့်အချက်ကို သတိုးဆိုသောစကားရပ်ကပြဆိုနေခြင်း ဖြစ်၏။ အခြေပြ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲစာမျက်နှာ-၃၂၅ တွင် "ပင်းယနှင့်စစ်ကိုင်း ပျက်လျှင် နိုင်ငံကိုပြန်လည်တည်ထောင်သူမှာ စစ်ကိုင်းအသင်္ခယာစော ယွန်း၏မျိုးရိုး တကောင်းစားသတိုးမင်းဖျား ဖြစ်ပေသည်"ဟု ဖော်ပြ၏။ ရာဇဝင်သစ်စာမျက်နှာ ၁၉၄ တွင် သတိုးမင်းဖျား-၁၆ နှစ်အရွယ်တွင် ဘထွေးတော်သူ စစ်ကိုင်းသီဟပတေ့(မင်းပျောက်) က တကောင်းမင်းမျိုး သတိုးမျိုးဖြစ်သည်။ သတိုးနွယ်ဆက်မပျက်ကောင်းပလေဟု သတိုးမင်းဖျား အမည်နှင့် တကောင်းမြို့ကိုပေးထားခြင်းဖြစ်သည်ဟု ဖော်ပြပါရှိ၏။

တကောင်းသတိုးမင်းဆက်၏ ၁၇ ဆက်မြောက် မင်းကြီးကား သတိုးမဟာရာဇာ ဖြစ်သည်။ မဟာရာဇာမင်းကြီးတွင် ဆက်ခံရန်သားတော် မရှိ၍ မိဖုရား၏မောင် ခေပဒူတကို အိမ်ရှေ့အရာထားသည်။ ထိုအချိန် သည် သာသနာတော် ၄၀ ပြည့်နှစ်ဖြစ်၏။ ထိုစဉ်တောင်အရပ်၌ တောဝက်ကြီးသည် ကျေးရွာများကိုဖျက်ဆီးသောကြောင့် အိမ်ရှေ့စံခေပ ဒူတမင်းသားကိုယ်တိုင်လိုက်လံနှိမ်နင်းရာ သရေခေတ္တရာအရပ်သို့ အရောက် တကောင်းသို့မပြန်တော့ဘဲ ရသေ့ဝတ်၍နေသည်။ ရသေ့ကြီး ခေပဒူတတွင် မွေးစားသမီးဗေဒါရီရှိသည်။ တကောင်းမင်းသတိုးရာဇာ၏ မိဖုရားကြီးမှ မျက်မမြင်သားတော်နှစ်ပါးဖြစ်သော စူဠသမ္ဘဝနှင့် မဟာသမ္ဘဝတို့မွေးရာ ဘုရင်မှလူမသိအောင်ဖျက်ဆီးစေ၏။ သို့သော် လည်း မိဖုရားကြီးကဝှက်၍ထားရာ ၁၉ နှစ်ကြာမှ မင်းကြီးသိလေလျှင် မျက်မမြင်ညီနောင်ကို ဖောင်ပေါ်တင်၍ ဧရာဝတီမြစ်အတိုင်းမျှောသည် ဟုဆို၏။

သတိုးမဟာရာဇာသည် သားတော်များ ကို ရေတွင်မျှောရခြင်းအစရှိသောအလုပ်များကိုလုပ်မိရာမှ ထိနန်းစိုးစံ မှုကိုစိတ်ကုန်ကာ အမတ်တစ်သောင်းဖြင့်တောထွက်၍ သံခိုရ်ဝန့်မှုန တောင်တွင်နေ၏။ တောမထွက်မီ အုတ်ချပ်ရေ -၃၃၇၇၇၉ ဖြင့် ရွှေစည်းခုံ

စေတီတော်ကြီးကို တည်တော်မူသည်။ သံမိုရ်ဝဠ်မှုနတောင်သည် သောင်း ဝှက်တောင်ပင်ဖြစ်၏။ မျက်မမြင်မင်းသားနှစ်ပါးသည် လမ်းတွင်စန္ဒမုခိ ဘီလူးမနှင့်တွေ့၍မျက်စိအလင်းရသောကြောင့် ကမ်းသို့တက်ရာ ခေပဒူ တရသေ့ကြီး၏ မွေးစားသမီးပေဒါရီနှင့် တွေ့သည်။ သာသနာသက္ကရာဇ် ၆၀ ပြည့်နှစ်တွင် မဟာသမ္ဘဝနှင့်ပေဒါရီတို့ စုံဖက်၍နန်းတက်သည်။ သာသနာသက္ကရာဇ် ၆၆ တွင် မဟာသမ္ဘဝမင်းနတ်ရွာစံလေလျှင် မရီးတော် ပေဒါရီနှင့်ပင် စုံဖက်ရာ စူဠသမ္ဘဝလက်ထက်တွင် မိဖုရားပေဒါရီမှ ဒွတ္တ ဘောင်မင်းကိုဖွားမြင်သည်။ စူဠသမ္ဘဝကွယ်လေလျှင် ဒွတ္တဘောင်နန်း တက်၍ ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာမြို့ကို တည်ထောင်သည်။ ဒွတ္တဘောင်မင်းသည် သာသနာတော် ၁၀၁ ခုနှစ်တွင်မင်းဖြစ်ရာ ၁၇၂ တွင်နတ်ရွာစံ၏။ သရေခေတ္တရာမင်းဆက်-၂၄ ဆက်မြောက်မင်း သုပညာ လက်ထက်တွင် ရခိုင်မှရွှေဆင်းတုတော်ကိုမီးရှို့၍ ဘုရားရွှေကို မင်းနှင့် ပြည်သူတို့ သုံးစွဲမိသည်။ ထို့ကြောင့် သရေခေတ္တရာပျက်လေလျှင် မြန်မာ၊ ပျူ၊ ကမ်းယံ(ရခိုင်)ဟုသုံးစုကွဲသည်။ နောင် ပျူနှင့် မြန်မာ တောင်ညိုအရပ် ပန်းတောင်းသက်သာအရပ်၊ မင်းတုန်းအရပ်တို့သို့ ရွှေ့ပြောင်းပြီးယုန်လွတ် ကျွန်းအရပ်တွင် ရွာပေါင်း-၁၉ ရွာကိုစုပေါင်းကာ သမုဒ္ဒရာဇ်မင်းသည် အရိမဒ္ဒနမည်သောပုဂံပြည်ကို တည်ထောင်၏။ မင်းဆက်ပေါင်း ၅၅ ဆက် ရှိသည်။ ပျဉ်ပြားမင်းလက်ထက်တွင် တကောင်းနန်းရိုး သတိုးအာဒိစ္စရာဇာ ၏ ရန်သူများကိုနှိမ်နင်းပေး၍ သမုဒ္ဒရာဇ်မင်း၏သမီးတော် သီရိစန္ဒာဒေဝီ နှင့်လက်ထပ်ကာ ထီးနန်းဆက်ခံသည်။ သက္ကရာဇ် ၄၄၅ ခုနှစ်တွင် ပုဂံ၌ နန်းတက်သော သေလည်ကြောင်မင်းလက်ထက်တွင် တကောင်းမှ မောင် တင့်တယ်ရောက်ရှိသည်။ တကောင်းမြို့တောင်ဘက်-၇ မိုင်အကွာတွင် တောင်ကုန်းတစ်ကုန်းရှိရာ ယင်းကို မောင်တင့်တယ်မြို့ရိုးကုန်းဟု ယခုတိုင် ခေါ်သည်။ ပန်းပဲဆရာဦးတင့်တော်၏သား ပန်းပဲမျိုးရိုးမောင်တင့်တယ် သည် အလွန်ခွန်အားကြီးသောကြောင့် တကောင်းမင်းက မိမိနန်းတော်ကို လုယူမည်ကိုစိုးရိမ်သောကြောင့် ဥပါယ်တံမျဉ်ဖြင့်ဖမ်းဆီး၍ စကားပင်

ရင်းတွင်သတ်ဖြတ်ရာ နှမလှမြတ်စွာလည်း အတူသေ၍ ထိုစကားပင်တွင် နတ်ဖြစ်သည်ဟု ဆို၏။ ထို့ကြောင့် ယင်းစကားပင်အား အမြစ်မှတူး၍ ဧရာဝတီမြစ်အတွင်းသို့မျှောချလေလျှင် အောက်ပုဂံသို့ရောက်သော် ပုဂံသူပုဂံသားတို့ စကားပင်ကိုဆယ်၍အရုပ်ထုကာ မင်းမဟာဂီရိနတ် မောင်နှမအဖြစ်ကိုးကွယ်ကြ၏။

သတိုးကျောက်ရှည်လွန်လေသော် သုတ္တသင်္ဂမင်းနန်းတက်သည်။ ထိုမင်းသည် သစ္စာကိုမစောင့် မိထွေးနှင့်နှမအရင်းကိုပင် သိမ်းပိုက်၍ သူတစ်ပါးမယားတို့ကိုလည်း ပြစ်မှားသောကြောင့် နတ်များက လိပ်ယောင် ဆောင်၍ ကျောက်ဆောင်ပေါ်တွင်တည်ထားသော တကောင်းမှကျောက် များကို ကိုက်ဖြတ်၍ ဖြိုချလေရာ ကျောက်တောင်ကျိုးပေါက်၍ ဧရာဝတီ မြစ်သည် အနောက်ဘက်မှမဲဇာမြစ်နှင့်ပေါင်းကာ ဧရာဝတီမြစ်ကြောင်း ပြောင်းသည်။

အဘိရာဇာမင်းကြီးတည်ထားခဲ့သော မြို့အခင်းအကျင်းပျက်စီး ခဲ့သည်။ တကောင်းမြို့၏အရှေ့ဘက်တွင် ယခုအခါမြစ်ကျိုးအင်းများရှိ သည်။ ဧရာဝတီမြစ်သည် တစ်ခါကတကောင်းမြို့အရှေ့ဘက်မှ စီးဆင်း ခြင်းသည် အမှန်ဖြစ်သည်။ ဧရာဝတီမြစ် မည်သည့်အချိန်က မြစ်ကြောင်း ပြောင်းသွားသည်ကို ဘူမိဗေဒပညာရပ်တို့ဖြင့် သိရှိနိုင်ပါက တကောင်းမြို့ ၏သက်တမ်းကို တွက်ချက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်၏။

ဒုတိယတကောင်းမင်းဆက် ၁၇ ဆက်ရှိ၏။

ထိုမင်းဆက်တို့ကား -

(၁) သတိုးဇမ္ဗူဒီပဓဇရာဇာမင်း၊
(၂) သတိုးတိုင်းရရာဇာမင်း၊
(၃) သတိုးရထားရမင်း၊
(၄) သတိုးတံခွန်ရမင်း၊
(၅) သတိုးလှံ့ပျံ့ရမင်း၊

(၆) သတိုးရွှေမင်း၊
(၇) သတိုးဂဠုန်ရမင်း၊
(၈) သတိုးနဂါးရမင်း၊
(၉) သတိုးနဂါးနိုင်မင်း၊
(၁၀) သတိုးရဟောလာမင်း၊
(၁၁) သတိုးပေါင်ရှည်မင်း၊
(၁၂) သတိုးကျောက်ရှည်မင်း၊
(၁၃) သတိုးဆင်လောက်မင်း၊
(၁၄) သတိုးဆင်ထိန်းမင်း၊
(၁၅) သတိုးတိုင်းချစ်မင်း၊
(၁၆) သတိုးမင်းကြီးမင်း၊
(၁၇) သတိုးမဟာရာဇာမင်း
စသည်တို့ ဖြစ်သည်။

## ကမ်းသီတာဘိန္နကအုပ်စု

ဘိန္နကမင်းကြီးကွယ်လွန်သောအခါ တစ်စုသည် သုနပရန္တတိုင်းသို့ သွားကြသည်။ တစ်စုသည် ကံ့ကော်တောင်ကိုကျော်ဖြတ်ကာ ဧရာဝတီမြစ်ကိုကူး၍ ရွှေလီမြစ်ဝတွင် **ကမ်းသီတာ**မြို့ကို တည်ထောင်၏။ နာဂဆိန်မိဖုရားကြီးသည် ဇေရာဇာနှင့်ပေါင်းဖက်ကာ တကောင်းသို့ ပြန်လာခဲ့၏။ ကမ်းသီတာနှင့်တကောင်းသည် များစွာဝေးကွာသည်မဟုတ်။ မိုင် ၃၀ မျှလောက်သာရှိ၏။ ထို့ကြောင့် တကောင်းအဖွဲ့မှ ကမ်းသီတာအဖွဲ့ကို မိမိတို့နှင့်ပူးပေါင်းရန်ဖိတ်ခေါ်၏။ သို့သော် ကမ်းသီတာကမပူးပေါင်းလို၍ တကောင်းနှင့်ကမ်းသီတာစစ်ဖြစ်ကြလေရာ ကမ်းသီတာအုပ်စု စစ်ရှုံးပြီး ရွှေလီမြစ်ဖျားသို့ထွက်ပြေး၍ မိုင်းမောမြို့ကိုတည်ထောင်၏။ မိုင်းမောမြို့ကိုတည်ထောင်သော ဘိန္နကအုပ်စု၏မင်းအမည်ကို မှုံးမိတ်ရာဇဝင်တော်ကြီးတွင် သုဗာဟုမင်းသားဟုဖော်ပြထား၏။ ဘိန္နကအုပ်စု

မိုင်းမောကိုတည်ထောင်စဉ် ယူနန်နယ်မှရှမ်းများ တာတာတို့ရန်ကြောင့် တိမ်းရှောင်၍ မိုင်းမောတွင်ဝင်ရောက်ခိုလှုံ၏။ ကမ်းသီတာဘိန္နကအုပ်စုက လက်ခံ၍ ထိုရှမ်းအုပ်စုကိုဘိန္နကရှမ်းများဟုခေါ်၏။ ဘိန္နကရှမ်းများ တည်ထောင်သောနယ်ပယ်-၁၉ ခရိုင်ရှိသည်ဟုမဟာရာဇဝင်တော်ကြီးက ဆို၏။ ဘိန္နကအုပ်စုသည် မိုင်းမောကိုတည်ထောင်ပြီး ရွှေလီမြစ်ကမ်း မဘိန်းမြို့နယ်၊ ဗဟဲရွာ၏အထက်တွင် ကျိုင်းဟုံမြို့ကိုတည်၏။ ကျိုင်းတုံ မဟုတ်။ မိုးမိတ်ရာဇဝင်တော်ကြီး၌ ကျိုင်းဟုံမင်း-၄၂ ဆက်ကိုဖော်ပြ ထားသည်။

ကျိုင်းဟုံမင်းဆက် ၄၂ ဆက်မှာ -

၁။ မဟာဝံသရာဇာ
၂။ ညီ ဘဒ္ဒသေန
၃။ တူ စန္ဒိမရာဇာ
၄။ သား သိရိစန္ဒရာဇာ
၅။ သူရိန္ဒရာဇာ
၆။ သား ဣန္ဒရာဇာ
၇။ သား သူရိယဝံသ
၈။ သား သောစေယျ
၉။ သား နန္ဒရာဇာ
၁၀။ သား ဥပနန္ဒ
၁၁။ သား သုတနုရာဇာ
၁၂။ သား ဥဂ္ဂဝံသ
၁၃။ သား ဇယသေန
၁၄။ သား ဓမ္မရာဇာ
၁၅။ သား ဝိသုရာဇာ
၁၆။ သား မဟာဝိဇိတရာဇာ
၁၇။ သား ဒိသမ္ပတိရာဇာ

၁၈။ သား ပရိန္ဒရာဇာ
၁၉။ သား ကလျာဏဝံသ
၂၀။ သား သာဂရရာဇာ
၂၁။ သား နရပရမရာဇာ
၂၂။ သား သီရိပဒုမရာဇာ
၂၃။ သား ဣန္ဒကုမ္မာ
၂၄။ သား ဥဂ္ဂဗလရာဇာ
၂၅။ သီရိဒေနန္ဒရာဇာ
၂၆။ သား ဓမ္မရာဇာ
၂၇။ သား အာဒိစ္စရာဇာ
၂၈။ သား သိုင်ခ်ံးလုံ
၂၉။ သား သိုင်ခွန်ဖရ
၃၀။ သား သိုင်မိုင်းဖရ
၃၁။ သား သိုခ်ံးဆိုင်း
၃၂။ သား သိုင်ဟံဖရ
၃၃။ သား ခွန်ခ်ံးဆိုင်
၃၄။ ညီ စပ်နော်ခ်ံး
၃၅။ သား စပ်ခွန်မိန်း
၃၆။ သား ဣန္ဒကရာဇာ
၃၇။ သား ခိုင်မွန်လုံး
၃၈။ သား ဝိမလရာဇာ
၃၉။ သား ရဠသာမိ
၄၀။ သား မဟာဝုန်
၄၁။ ညီ မဟာန္ဓဲ့
၄၂။ သား ခွန်ဟော်ခ်ံး ကျိန်ဟုံ

တို့ဖြစ်ကြ၏။

ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့အဖွဲ့သည် ရွှေလီမြစ်ကြောင်းအတိုင်း ဘိန္နကရှမ်းအုပ်စုချီတက်ရာလမ်းအတိုင်း လိုက်ကြည့်ရာ မဘိန်းအနီး ရမ်ဘိုရွာအထိရောက်၏။ ယင်းအဖွဲ့သည် ရမ်ဘိုရွာမှ ကြေးလက်နက်ပစ္စည်းများရရှိခဲ့သည်။ အထူးသဖြင့် ကြေးနီဖြင့်ပြုလုပ်ထားသော ပေါက်ဆိန်အများအပြားရရှိပြီး တစ်နေရာတွင် ပျူအရိုးအိုးဟုမှတ်ယူရသည့်အရိုးအိုး ၃၀ ကျော်တွေ့ရှိရသည်။ ဘိန္နကရှမ်းအုပ်စုများအသုံးပြုရာကြေးလက်နက်များဟု ယူဆဘွယ်ရာရှိပါသည်။ ခရီးဆုံးအထိထပ်မံလိုက်ရန် လိုအပ်သေးသည်။

# အခန်း(၃)
# သုနာပရန္တသို့ဝင်သော ဘိန္နကအုပ်စု

တကောင်းမင်း ၃၃ ဆက် ဘိန္နကမင်းကြီးလက်ထက်တွင် တရုတ်တို့ဝင်တိုက်၍ဘိန္နကမင်းကြီးပျံလွန်လေလျှင် တစ်စုသည် မဲဇာမှဧရာဝတီအတိုင်းပြန်စုန်ဆင်းကာ ပျူ ကမ်းယံ၊ သက်တို့၏အရပ်တွင် မုဒုစိတ္တစသော ယခင်သာကီဝင်တို့၏နေရာ သုနာပရန္တတိုင်းသို့ ဝင်ကြ၏ဟု ရာဇဝင်ကျမ်းအရပ်ရပ်ကဆို၏။ သုနာပရန္တတိုင်းဟူသည် မြန်မာပြည်အလယ်ပိုင်းဧရာဝတီကိုဗဟိုပြု၍ မန္တလေး၊ စစ်ကိုင်း၊ မကွေးဒေသကြီးကို ခေါ်ဆိုခြင်းဖြစ်သည်။ ဘိန္နကမြို့သည် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်ပျော်ဘွယ်မြို့နယ်၊ ပျော်ဘွယ်မြို့၏အရှေ့ ၁၂ မိုင်ခန့်အကွာ ရှမ်းရိုးမတောင်ခြေရင်း၌ ရွှေညောင်ဖူး၊ ကျောက်ချပ်၊ ပုတီးကုန်း၊ မြောက်မီးကုန်း၊ ပင်သောင်စသောကျေးရွာများခြံရံလျက်တည်ရှိ၏။ ထိုရှေးမြို့ဟောင်းသို့ ဆရာကြီးဦးမောင်မောင်တင်၊ ဦးဝင်းမောင်(တမ္ပဝတီ)နှင့်အဖွဲ့သည်-၁၉၈၀ ပြည့်နှစ်ကရောက်ရှိသည်။ ရှေးဟောင်းသုတေသနဌာနမှလည်း ယင်းနေရာကိုတူး

ဖော်ပြီးနောက် ဘိန္နကမြို့သည် ရှေးပျူမြို့ဟောင်းတစ်ခုဖြစ်ကြောင်း ထောက်ခံသည်။

ယနေ့ထက်တိုင်ပင် ဘိန္နက မြို့ဟောင်းတစ်ဝိုက်မှ ပျူငွေဒင်္ဂါး၊ ပျူပုတီးစေ့မျိုးစုံနှင့်အရိုးအိုးများ မကြာခဏတွေ့ရှိနေပေသည်။ ဘိန္နကမြို့နှင့်မိုင်-၂၀ဝန်းကျင်ခန့်အကွာအဝေးဒေသတစ်ဝိုက်ရှိ ရွာထင်ကုန်း၊ ထုံးဘို၊ ဩသာယာ၊ ကြို့ကုန်းကျေးရွာများတွင် ကြေးခေတ်နှောင်းနှင့်သံခေတ်ဦး အထောက်အထားများကိုလည်း တွေ့ရှိရသည်။ ဤဘိန္နကအုပ်စုသည် မလည်ချောင်းမှဧရာဝတီမြစ်ကိုဖြတ်ကူးကာ ရှမ်းရိုးမတောင်ခြေရင်းအတိုင်းဆက်၍ တောင်ကိုဦးတည်ပြီးလာခဲ့သော် ရွှေစာရံဘုရားအနီးတွင် မြစ်ငယ်မြစ်ကိုကူး၍ လည်းကောင်း၊ ကျောက်ဆည်နှင့်မြစ်သားအကြားတွင် ဇော်ဂျီမြစ်ကိုကူး၍ လည်းကောင်း၊ ကူမဲအရှေ့တောင်ဘက်တွင် ပန်းလောင်မြစ်ကိုကူး၍ လည်းကောင်း၊ တဖန်ဆက်၍ ရှမ်းရိုးမတောင်ခြေအတိုင်း တောင်အရပ်သို့ ထိုမှတဆင့် ပျော်ဘွယ်မြို့၏အရှေ့တည့်တည့်တွင် ဘိန္နကမြို့တည်ရှိရာနေရာသို့ ဆိုက်ရောက်နိုင်ပေသည်။ ဤလမ်းကြောင်းအတိုင်း “ဘိန္နကရာဇာ”၏ အနွယ်တော်များပြောင်းရွှေ့မြို့တည်ခဲ့ကြမည်ဟု ယူဆသည်။ အချို့ကား ရှမ်းကုန်းပြင်မြင့်ပေါ်သို့တက်၍

ရပ်စောက်အနီးမှ ‘လောက်ဆောက်’မြို့ဟောင်း

ညောင်ရွှေအနီးမှ ‘ဗောဓိသတ်’မြို့ဟောင်း

အင်းလေးကန်အရှေ့ဘက်ကမ်းမှ ‘ရမ္မာဝတီ’မြို့များကို တည်ထောင်ခဲ့ကြသေးသည်ဟု ယူဆရသည်။

ထိုလမ်းကြောင်းတစ်လျှောက်တွင် -

(က) မတ္တရာမြို့နယ် သခင်မတောင်ခြေ အိမ်ရှေ့မင်းထန်းတောအနီးမှ ကြေးခေတ်သင်္ဂြိုဟ်မှုဆိုင်ရာအိုး(လူသေအလောင်းနှင့်အတူမြှုပ်နှံသောအိုးများ)ကိုတွေ့ရသည်။

(ခ) မန္တလေးမြို့၏အရှေ့ဘက် ရှမ်းရိုးမတောင်ခြေရင်း၊ ရေတံခွန်တောင်တစ်ဝိုက်မှ သင်္ဂြိုဟ်မှုဆိုင်ရာ အိုးများနှင့်အတူ ကြေးဖားစည်ငယ်တစ်လုံးကို

တွေ့ရသည်။ ထိုဖားစည်သည်ဗီယက်နမ်နိုင်ငံ ဒွန်းဆန်း DONG SON အရပ်မှတွေ့သောကြေးဖားစည်ကဲ့သို့ပင် အပေါ်မျက်နှာပြင်၌ ရောင်ခြည် -၁၂ လက်ပါသောနေဝန်းကို အောက်ချင်းငှက်လေးကောင်က ရံနေဟန်ပါရှိသည်။ သုတေသီများက ခရစ်မပေါ်မီ အနှစ်-၃၀၀နှင့် -၂၀၀ကြား ကြေးခေတ်လက်ရာဟုသတ်မှတ်ကြ၏။



**(အပေါ်မှမြင်ရပုံ)**



**(ဘေးတိုက်မြင်ရပုံ)**

**မန္တလေးမြို့ပုသိမ်ကြီးမြို့နယ်၊**
**ရေတံခွန်တောင်အနီးမှရရှိသောဖားစည်**

(ဂ) ရွှေစာရံဘုရားအနီးတစ်ဝိုက် မြစ်ငယ်မြစ်ရိုးတွင်ကျောက်ခေတ်နှောင်းသို့မဟုတ် ကြေးခေတ်ဦးကျောက်ချောလက်နက်နှင့် ကျောက်လက်ကောက်ကွင်းများတွေ့ရှိရသည်။

(ဃ) ဘဲလင်းမြို့အရှေ့ နဘဲပင်ရွာမှလူအရိုးစုနှင့်အတူ ကြေးလုံအကြီးတစ်ချောင်းတွေ့ရှိရသည်။

(င) မြစ်သားမြို့နယ်၊ မိုင်းမောရွာ အနီးမှ ပင်လယ်မြို့ဟောင်းတွင် အဝိုင်းပုံ အုတ်မြို့ရိုးနှင့်တကွ ပျူဒင်္ဂါး၊ ပုတီးစေ့၊ လက်စင်းရာပါသောအုတ်ချပ်များ၊ ပျူဘာသာနှင့်ရေးထိုးထားသောကျောက်စာချပ်၊ ပျူခေတ်လက်ရာငွေဆင်းတုများကိုတွေ့ရှိရသည်။

(စ) ဝမ်းတွင်းမြို့နယ် စမုံမြစ်ရိုးဘေးရှိ 'ရွှဲသီး'မြို့ဟောင်းမှ ပုတီးစေ့များနှင့် သင်္ဂြိုဟ်မှုဆိုင်ရာအိုးများတွေ့ရှိရသည်။

(ဆ) သာစည်မြို့နယ် မင်းလှကန်ရိုး၏အရှေ့ဘက် ညောင်ရမ်းရွှေဂူကြီးကုန်းမှ ကြေးခေတ်နှင့်ဆိုင်သောလက်နက်များ၊ ပုတီးများ၊ အိုးများအပြင် ကြေးပြားပါးပါးဖြင့်ပြုလုပ်ထားသော 'အမိနတ်သမီးရုပ်တု' တွေ့ရှိရသည်။



**ကြေးခေတ်အမိနတ်သမီး(ညောင်ရမ်း)**

(ဇ) ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်း၊ ထုံးဘို၊ ဧသောယာ၊ ကြို့ကုန်းစသောရွာများမှ ပျူပုတီးစေ့၊ ကြေးခေတ်ဆိုင်ရာလက်နက်များ၊ အိုးများတွေ့ရှိရသည်။

(ဈ) ဘိန္နကမြို့ဟောင်းတစ်ဝိုက်မှ ပုတီးစေ့များ၊ ငွေဒင်္ဂါးများ၊ အရိုးအိုးများတွေ့ရှိရသည်။

ပင်လယ်မြို့ဟောင်းမှရသောငွေဒင်္ဂါးနှင့် ဘိန္နကမြို့ဟောင်းမှရသောဒင်္ဂါးတို့သည် အမှတ်အသားများ၏ပုံသဏ္ဍာန်ချင်းတူညီသည်။

မျက်နှာဘက်တွင် သီရိဝစ္ဆအမှတ်လက္ခဏာနှင့် ကျောဘက်တွင်နေဝန်းအပြည့်(ဓမ္မစကြာ)ပုံများ ပါရှိသည်။ အခြားပျူမြို့များဖြစ်သော ဟံလင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့၌ ဤဒင်္ဂါးမျိုးမတွေ့ရှိခဲ့ရပေ။ ပင်လယ်နှင့် ဘိန္နကနှစ်မြို့တည်း၌သာလျှင် တွေ့ရှိနိုင်သော ထူးခြားသည့်ဒင်္ဂါး ဖြစ်သည်။ ထို့အပြင် ညောင်ရမ်းမှရသော အမိနတ်သမီးပုံမှ ထင်ပေါ်သောအပိုင်းများ ဖြစ်ကြသည့် ရင်သားနှစ်ဘက်နှင့်ဝမ်းဗိုက်တို့ကို အစက်အပြောက်လေးခု ဖြင့် အမှတ်အသားပြု၍ သီရိဝစ္ဆပုံအတွင်း၌ထည့်သွင်းထားခြင်း ဖြစ်သည်။ မြန်မာပြည်အနှံ့အပြား၌ တွေ့ရှိရတတ်သော ငွေဒင်္ဂါးများ၏သီရိဝစ္ဆအတွင်းမှ အမိနတ်သမီးနိမိတ်ပုံမှာ အစက်ပြောက်နှင့်မျဉ်းကွေးများ ပိုမိုရှုပ်ထွေးစွာ ပါရှိသည်။

ဤသို့အားဖြင့်လျှင် မလည်နှင့်ဘိန္နကအကြား လမ်းခရီးတစ်လျှောက်တွင် ကြေးခေတ်နှောင်း၊ ကြေးခေတ်ဦးနှင့်ပတ်သက်သော အထောက်အထားများကို ဘိန္နကမြို့ဟောင်းနှင့်ပင်လယ်မြို့ဟောင်းတို့တွင် တွေ့ရှိနိုင်ကြသည်။ ဤမြို့နှစ်မြို့မှ ပျူခေတ်အထောက်အထားဒင်္ဂါးများသည် ဘိန္နကမြို့သားများဒုတိယအကြိမ် မြင်စိုင်းသို့ ထပ်မံပြောင်းရွှေ့သွားသော ခေတ်နှင့်သက်ဆိုင်မည်ဟု ယူဆရသည်။ မြင်စိုင်းအရပ်သည် ကျောက်ဆည်လွင်ပြင်အတွင်းရှိ ပင်လယ်မြို့ဟောင်း၏မြောက်ဘက် မိုင်သုံးဆယ်ခန့်အကွာတွင် တည်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ပထမတကောင်းမင်းဆက်မှ ဘိန္နကရာဇာ၏အနွယ်တော်များသည် ခရစ်မပေါ်မီအနှစ်လေးရာခန့်(ကြေးခေတ်ဦး)လောက်ကပင် မလည်အရပ်မှဧရာဝတီမြစ်ကိုကူး၍ ရှမ်းရိုးမတောင်ခြေအတိုင်း တောင်ဘက်အရပ်သို့ဦးတည်၍ ထွက်ခွာလာခဲ့ကြရာ ပျော်ဘွယ်မြို့ အရှေ့တည့်တည့်ရှမ်းရိုးမတောင်ခြေရင်းတွင် ဘိန္နကမြို့ကြီးကို တည်ထောင်နေခဲ့ကြသည်။ လာခဲ့ရာခရီးလမ်းအကြား၌ ပင်လယ်မြို့ကြီးကိုလည်း ခေတ်ပြိုင်တည်ထားခဲ့သည်။ ဘိန္နကမြို့စားလောင်းတစ်ပါးက ပင်လယ်မြို့ဟောင်းသို့ပြောင်းရွှေ့ခဲ့ပြီး ထိုမှဆက်လက်၍မြင်စိုင်းတွင်



**ပင်လယ်ဒင်္ဂါး** **ဟံလင်းဒင်္ဂါး**

အခြေချနေထိုင်ခဲ့သည်။ ဤမှဆင့်ပွား၍ပင်းယမင်းဆက် 'ပြော့ရှမ်းညီနောင်သုံးဦး'တို့ ဆက်လက်ပေါက်ဖွားလာခဲ့ကြသည်။ ပြော့ရှမ်းဟူသည်ကား ရှမ်းရိုးမတောင်တန်းတစ်လျှောက်၌ မြို့ပြတည်ထောင်နေထိုင်ခဲ့ကြသော တကောင်းအနွယ်ဘိန္နကမင်းမျိုး ပြော့(ပျူ)လူမျိုးအနွယ်တော်များပင်ဖြစ်ကြသည်။

ထို့ကြောင့် မြန်မာ့ရာဇဝင်ကျမ်းကြီးကျမ်းငယ်များတွင် ပါဝင်သော တကောင်းမင်းဆက်ဘိန္နကမင်းကြီးနှင့်နာဂဆိန်မိဖုရားကြီးတို့ အကြောင်းနှင့် ဓဇရာဇာမင်းသားအကြောင်းခြေရာခံရာမှ ဘိန္နကရှမ်းဆက်၊ ဘိန္နကရှမ်း-၁၉ ခရိုင်နှင့် ဘိန္နကမြို့ကြီးကိုခြေရာခံမိခဲ့ပါ၏။ ထိုသဲလွန်စကို ဆက်လက်သုတေသနပြုဘွယ်ရာရှိ၏။ တကောင်းခေတ်ထွန်း

ကားချိန်သည် ပျူလူမျိုးများမြို့ပြတည်ထောင်၍ ကြေးပစ္စည်းများကို အသုံး ပြုနေသော ကြေးခေတ်ကာလဖြစ်သည်။ ဤအချက်အလက်များက မဇ္ဈိမ ဒေသမှ ခတ္တိယနွယ်ဝင်များလာရောက်၍ မြန်မာနိုင်ငံအတွင်း ပြန့်နှံ့နေ သည်ဆိုသောစာပေအဆိုများကို မြေပြင်အထောက်အထားများက အခိုင် အမာထောက်ခံမှုကို ပြသခြင်းဖြစ်ကြောင်း တင်ပြရပါသည်။

# အခန်း(၄)
# တကောင်းနှင့်မြန်မာရာဇဝင်စာအုပ်များ

မြန်မာရာဇဝင် အစောင်စောင်၊ မြန်မာ့သမိုင်း အစောင်စောင်ရှိရာ တကောင်းအကြောင်း၊ တကောင်းရာဇဝင်၊ တကောင်းသမိုင်းမပါဝင်သော ရာဇဝင်သမိုင်းဟူ၍ မရှိ။ သို့သော် မျက်နှာဖြူသမိုင်းရေးဆရာတို့က ရှေးကျသောရာဇဝင်များဖြစ်သည့် ရာဇဝင်ကျော်နှင့် ဦးကုလားမဟာရာဇဝင်ကြီးတို့တွင် တကောင်းအကြောင်းမပါ၍ တကောင်းဆိုင်ရာဖြစ်ရပ်ခြင်းရာများကို မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်မှပယ်သည်ဟုဆိုပါ၏။ ထို့ကြောင့် မြန်မာ့ရာဇဝင်ကို မျက်နှာဖြူသမိုင်းရေးဆရာဟာဗေးသည် ပင်လျှင် သူ၏ရာဇဝင်တွင်-

**"ကြီးကျယ်သောပုဂံနိုင်ငံကို စတင်တည်ထောင်သူမှာ အနော်ရထာဘုရင်(၁၀၄၄-၁၀၇၇)ဖြစ်လေ၏။ သူသည် မြန်မာပြည်၏ ပထမဆုံးရှင်ဘုရင်ဖြစ်၍ မြန်မာရာဇဝင်အစစ်သည် သူ့ခေတ်က မှစ၏"**

ဟုရေးသားခဲ့သည်။ ဤသို့သောရေးသားချက်များသည် မှားယွင်းသည်။

## ရာဇဝင်ကျော်

ရာဇဝင်ကျော်သည် အစောဆုံးမြန်မာရာဇဝင်ကျမ်းတစ်ဆူဖြစ်သည်မှာ မှန်သော်လည်း ရာဇဝင်ကျော်သည် အလွန်ကျဉ်းသော ရာဇဝင်ဖြစ်၏။ ရေးသားသူမှာ အရှင်မဟာသီလဝံသဖြစ်၍ ၁၆ ချိုးဝတ္ထုအရွယ် စာမျက်နှာ ၁၄၀ ပါသောရာဇဝင်ကျော်တွင် မြန်မာရာဇဝင်တစ်ရပ်လုံး အကြောင်းသည် စာမျက်နှာ ၂၀ မျှသာပါ၏။ ပုဂံခေတ်ကိုစာကြောင်းရေ ရှစ်ကြောင်းဖြင့်အပြီးရေးထားသော ရာဇဝင်ကျမ်းတွင် တကောင်းအကြောင်းမပါ၍တကောင်းမရှိဟူ၍ မဆိုသာပေ။ မြန်မာရာဇဝင်ကို အကျယ်မပြခြင်းနှင့်ပတ်သက်၍ ဆရာတော်က -

**သီဟိုဠ်မြန်မာမင်းပြိုင်စာဖော်ပြချက်**

| | **သီဟိုဠ်မင်းအမည်** | **နန်းတက်နှစ်<br>သာသနာနှစ်** | **ထီးပြိုင်နန်းပြိုင်<br>မြန်မာမင်း** |
|---|---|---|---|
| ၁။ | ဝိဇယမင်း | ၁ | တကောင်း<br>မဟာသတိုးစဝ်မင်း |
| ၂။ | ဥပတိဿအမတ်အစရှိသည်<br>တို့နိုင်ငံကိုအုပ်ထိန်းခြင်း | ၃၉ | မဟာသတိုးစဝ်မင်း |
| ၃။ | ပဏ္ဍုဝါသုဒေဝမင်း | ၄၀ | မဟာသမ္ဘဝမင်း |
| ၄။ | အဘယမင်းနန်းကျ၍<br>မင်းမဲ့နှစ် | ၉၀ | စူဠာသမ္ဘဝမင်း |
| ၅။ | ပဏ္ဍုကာဘယမင်း | ၁၀၇ | ဒွတ္တဘောင်မင်း |

**မဟာရာဇဝင်ကျော်မှ**

**'ရှေးသူဟောင်းတို့ဆိုလေပြီးသော ရာဇဝင်ကျမ်းရှိလေပြီ သာလျှင်ကတည်း'**
ဟုလည်းညွှန်းဆိုထားရှိခဲ့ပါ၏။ ရာဇဝင်ကျော်ကို အရှင်မဟာသီလဝံသသည် အေဒီ ၁၅၂၀ တွင်ရေးသားတော်မူခြင်း ဖြစ်၏။ ဟံသာဝတီပုံနှိပ်တိုက်ထုတ် ရာဇဝင်ကျော်စာအုပ်တွင်ပင် နောက်ဆက်တွဲအဖြစ် ဖော်ပြထားသော သီဟိုဠ်မြန်မာမင်းပြိုင်စာအုပ်တွင်ကား တကောင်းမင်းဆက်များကို သီဟိုဠ်မင်းဆက်များနှင့် နှိုင်းယှဉ်ဖော်ပြမှုပါရှိ၏။ သီဟိုဠ်မြန်မာမင်းပြိုင်စာကို ဟံသာဝတီတိုက်က မဟာဝင်၊ ရာဇဝင်ကျော်၊ သမန္တစက္ခုဒီပနီ၊ ရာဇနာမာဝဠိတို့မှ ထုတ်နုတ်ယူငင်တင်ပြခြင်း ဖြစ်သည်။

## ဦးကုလားမဟာရာဇဝင်ကြီး

ကျမ်းပြုပညာရှင်ကြီး ဦးကုလားသည် ဦးကုလားမဟာရာဇဝင်ကြီးကို လောကမာရ်အောင်စေတီတော် ဒါယိကာ မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းလက်ထက်ခရစ်နှစ် ၁၇၁၁ တွင် ရေးသားသည်။ ဦးကုလားမဟာရာဇဝင်ကြီးတွင် တကောင်းနှင့်ပတ်သက်၍

**"သာသနာတော်သက္ကရာဇ် ၂၀ ရောက်သောအခါ မြန်မာတို့တိုင်းဖြစ်သော တကောင်းပြည်ကိုအစိုးရသော ဆင်ဖြူ ဆင်နီ၊ ဆင်နက်တို့၏အရှင်ဖြစ်တော်မူသော တကောင်းမင်းကြီးသည် အနိစ္စရောက်တော်မူ၍ သားတော်အိမ်ရှေ့သတိုးမဟာရာဇာ (သတိုး ၁၇ ဆက်မြောက်) သတိုးမင်းကြီးနန်းတက်တော်မူ၏။ သတိုးမင်းကြီးနန်းသက် (၁၂) တစ်ဆယ့်နှစ်နှစ် သာသနာတော်သက္ကရာဇ်(၃၂)သုံးဆယ့်နှစ်ခုရောက်သောအခါ တကောင်းမင်း မိဖုရားတွင် သားတော်မရှိ၍ မိဖုရားမောင်တော်ဖြစ်သော ယောက်ဖတော်ကိုအိမ်ရှေ့အရာပေးတော်မူ၏။"**
ဟုပါရှိသည်။

ဦးကုလားမဟာရာဇဝင်ကြီး တတိယတွဲ စာမျက်နှာ -၁၁၂ တွင် ဆက်လက်၍-

**"တကောင်းပြည်ကြီးအကြောင်းကား ကကုသန်ဘုရားရှင် လက်ထက်တော်၌ 'သံသယ'ဟုတွင်၏။ ကောဏာဂုံဘုရားရှင်လက် ထက်တော်၌'ရဋ္ဌ'ဟုတွင်၏။ ကဿဖဘုရားရှင်လက်ထက်တော်တွင် 'သင်းတွဲ:'ဟုတွင်၏။ ဂေါတမဘုရားရှင်လက်ထက်တော်တွင် 'တကောင်း'ဟုတွင်၏။ ထိုပြည်တွင် သတိုးတိုင်းရ၏လက်ထက် ရတနာမိုး ၄ ကြိမ်ရွာ၏။ သတိုးရွှေနန်းရှင်လက်ထက် ရတနာမိုး ၂ ကြိမ်ရွာ၏။"**
ဟုဖေါ်ပြပါရှိ၏။

ထို့ပြင်တကောင်းနှင့်ပတ်သက်၍ ဦးကုလားမဟာရာဇဝင်တွင် အဘိရာဇာရှိစဉ်သားတော် ကံရာဇာကြီးနှင့်သမီးတော်သုဘဒ္ဒာဒေဝီတို့ စုံဖက်၍ သားတော်မုဒုစိတ္တကိုဖွားမြင်သည်။ နောင်ကံရာဇာငယ်နှင့် နန်းလု ကြရာမှ မိမိရှုံး၍ရောဝတီကိုစုန်ဆင်းခဲ့ပြီး သားတော်မုဒုစိတ္တကို သုနာပရန္တ တိုင်း ပျူ၊ ကမ်းယံ၊ သက်တို့ အရပ်တွင် မင်းပြုစေသည်။ ကံရာဇာကြီးမှု ကား ရခိုင်ဓညဝတီမြို့ဟောင်းကိုသိမ်းယူအုပ်စိုးကြောင်းကို ပုဂံသမိုင်း ဟောင်း၊ တကောင်းရာဇဝင်၊ ရခိုင်ရာဇဝင်တို့နှင့်အညီ ထုတ်ဆိုကြောင်း ထည့်သွင်းရေးသားကြောင်းပါရှိ၏။

ဦးကုလားမဟာရာဇဝင်ကြီးပေမူသည် စာထုပ်ပေါင်းသုံးထုပ်၊ စာတွဲပေါင်း-၂၁ပါရှိသည်။ပေအမျိုးအစားသည်၁၀ကြောင်းရေး ပေ ဖြစ်၏။

## တွင်းသင်းမဟာရာဇဝင်သစ်

တွင်းသင်းမဟာရာဇဝင်သစ်ကို တွင်းသင်းတိုက်ဝန်ဦးထွန်းညိုက ရေးသားသည်။ ကျမ်းပြီးခုနှစ်မှာ ၁၇၈၀ ပြည့်ခန့်ဟု သိရ၏။ တွင်းသင်း တိုက်ဝန်သည်မဟာရာဇဝင်သစ်ကို ပဒုံမင်းကိုယ်တော်တိုင် တိုက်တွန်း၍ ရေးသားခြင်းဖြစ်၏။ ရေးသားရာတွင် ကျောက်စာ၊ သမိုင်းစသည်တို့နှင့်

အကိုးအကားပြု၍ရေးသည်။ ကျောက်စာတစ်ထောင်နှင့် ပျို့မော်ကွန်းချင်းများကို အကိုးအကားပြုရေးသားသောကြောင့် ခိုင်မာသောရာဇဝင်တစ်စောင်ဖြစ်၏။

မြန်မာပြည်စာအုပ်တိုက်ထုတ် တွင်းသင်းမဟာရာဇဝင်သစ် စာမျက်နှာ-၁၈ တွင် တကောင်းနှင့်ပတ်သက်၍ အကျယ်ရေးသားမှုပါရှိသည်။

စာမျက်နှာ-၂၄တွင် **“စူဠာသမ္ဘဝမင်းကြီး အိမ်ရှေ့အဖြစ်က လုပ်ကျွေးသောစန္ဒမုခိဘီလူးမသည် စူဠာသမ္ဘဝမင်းဖြစ်၍ မရီးတော်ဗေဒါရီကိုမိဖုရားမြှောက်လျှင် ဝမ်းနည်းသောအားဖြင့် သားဗိသဏိုးကိုယူ၍ မြောက်ပုပ္ပားအရပ်၌ ရွာထောင်၍နေလေ၏။”**
ဟူ၍ ဖော်ပြ ပါရှိသည်။ မဟာရာဇဝင်သစ်သည် ပေမူအတွဲ ၁၅ တွဲရှိသည်ဟုဆို၏။ သို့သော် အတွဲ ၁ မှ ၁၃ အထိသာရှာဖွေတွေ့ရှိရသေး၏။

## မှန်နန်းမဟာရာဇဝင်တော်ကြီး

မှန်နန်းရာဇဝင်တော်ကြီးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းရေးသားပြုစုသော စာအုပ်မဟုတ်ဘဲ၊ စစ်ကိုင်းမင်း(ဘကြီးတော်)လက်ထက်တွင် ရဟန်းပညာရှိ လူပညာရှိ ပုဏ္ဏားပညာရှိတို့စုပေါင်း၍ ၁၃ ဦးပါဝင်သောအဖွဲ့က ဘုရင့်အမိန့်ဖြင့် မှန်နန်းတော်ဦး၊ နန်းမစနူဆောင်တွင်ပြုစုသောကျမ်းဖြစ်သည်။ ထို့ကြောင့် မှန်နန်းမဟာရာဇဝင်တော်ကြီးဟု ထင်ရှား၏။ ကျမ်းပြုအဖွဲ့သည် ၁၈၂၉ ခုနှစ်မှ စတင်ရေးသားသည်။

“ပါဝင်ရေးသားသူတို့မှာ ၁။ မုံရွေးဆရာတော်၊ ၂။ သော်ကပင်ဆရာတော်၊ ၃။ အမတ်ကြီးမဟာဓမ္မသင်္ကြံ ၄။ မြင်းစုကြီးဝန်မဟာသီဟသူ ၅။ ဆောမြို့စားမင်းကြီးမဟာနန္ဒသင်္ကြံ ၆။ စဥ့်ကူးစားအသည်ဝန်မင်းကြီးမဟာအတုလသီဟသူ ၇။ သံတော်ဆင့်မဟာဇေယျသင်္ခယာ ၈။ ပြဲတိုက်တော်ဆင်ဦးရွဲ ၉။ စာရေးတော်ကြီးဦးဖျော်၊ ၁၀။ စာရေးတော်ဦး

လူကြီး၊ ၁၁။ စာရေးတော်ဦးအောင်သာ၊ ၁၂။ ပုဏ္ဏားရာဇဒေဝ၊ ၁၃။ ပုဏ္ဏားကုမုဒြ”
တို့ ဖြစ်ကြ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီး၌ တတိယတွဲတွင် တကောင်းရာဇဝင်ကို ပြည့်စုံစွာရေးသားဖော်ပြ၏။ မဇ္ဈိမဒေသ သာကီယအနွယ်ဖြစ်သော အဘိရာဇာအမည်ရှိသော မင်းသည် တကောင်းပြည်ကြီးကိုလက်မွန်တည်ကြောင်းမှစတင်၍ ဖော်ပြ၏။ ဆက်၍၊

၁။ အဘိရာဇာမင်းကြီးအကြောင်း

၂။ ပထမတကောင်းမင်းဆက် သုံးကျိပ်သုံးပါး

၃။ ဒုတိယတကောင်းမင်းဆက်တစ်ကျိပ်သုံးပါး

၄။ သရေခေတ္တရာပြည်ကြီးကိုတည်ထောင်ခြင်းအကြောင်း

၅။ မဟာသမ္ဘဝနှင့် စူဠသမ္ဘဝညီနောင်နှစ်ယောက်အကြောင်း

၆။ မုဒုစိတ္တမင်းသားအကြောင်း

တို့ကို စာမျက်နှာ ၁၅၄ မှ ၁၇၀ တိုင် မှန်နန်းမဟာရာဇဝင် ပထမတွဲ-ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလထုတ် ပထမအကြိမ်တွင် ဖော်ပြပါရှိ၏။ မူလပေမူအရ စာထုပ် ၅ ထုပ်ရှိပြီး စုစုပေါင်းစာတွဲ-၃၈ တွဲရှိ၏။

မှန်နန်းမဟာရာဇဝင်တော်ကြီးတွင်

**“ရာဇဝင်ကြီး၊ ရာဇဝင်သစ်တို့၌မဆို မပြုကြွင်းကျန်လေသည်ကို မြန်မာ့ဦးစွန်းထွန်းစဖြစ်သော တကောင်းပြည်၏အခြေအမြစ်ကိုလည်းကောင်း၊ အာဒိစ္စဝံသသာကီယဖြစ်သော မြန်မာတို့၏အနွယ်အလာကိုလည်းကောင်း နောက်နောင်ထင်ရှားစိမ့်သောငှာ**

**- ဓမ္မပဒအဋ္ဌကထာစသောသာသနာကျမ်း**

**- ဂေါတမပုရာဏစသောလောကီကျမ်း**

**- ရခိုင်ရာဇဝင်**

**- တကောင်းရာဇဝင်**

**- တကောင်းရွှေနန်းတည်သမိုင်း**
**- ရခိုင်မဟာမုနိတည်သမိုင်း**
**- ရခိုင်မဟာမုနိသမိုင်း**
**- အရပ်ရပ်ရာဇဝင်ရာဇပုံစာဟောင်းမူဟောင်း**
**တို့မှယုတ္တိအာဂုံ အလုံးစုံညှိနှိုင်း၍ ထုတ်နှုတ်ပြဆိုသည်”**
ဟုတကောင်း နှင့်ပတ်သက်သော ရေးသားချက်များနှင့်ပတ်သက်သည့် ကျမ်းကိုးစာရင်းကိုပါ ဖော်ပြခဲ့သည်။

# အခန်း(၅)
# ကိုလိုနီသမိုင်းရေးဆရာတို့မြန်မာ့သမိုင်းကို လီဆယ်ရေးသားမှု

တကောင်းသည် မြန်မာတို့၏ နှလုံးအတွင်း၌သော်လည်းကောင်း၊ မြန်မာရာဇဝင်သမိုင်းစာမျက်နှာများပေါ်တွင် လည်းကောင်း၊ အမှန်တကယ်ရှိခဲ့သောသမိုင်းတစ်ခေတ် ဖြစ်သည်။ မှန်နန်းမဟာရာဇဝင်ဆရာကြီးများ၏အလိုအရတကောင်းသည် မြန်မာဦးစွန်းထွန်းစ အချိန်လည်း ဖြစ်သည်။

သို့သော် မြန်မာ့သမိုင်းကိုရေးသားသော ကိုလိုနီသမိုင်းရေးဆရာတို့က မြန်မာ့သမိုင်းကို အနော်ရထာမှစခဲ့ကြ၏။ ထို့ကြောင့် မြန်မာတို့နှလုံးသားထဲမှ မြို့တကောင်းသည် ပုံပြင်ထဲ ဒဏ္ဍာရီထဲသို့ ရောက်ခဲ့ကြရ၏။

မျက်နှာဖြူကိုလိုနီသမိုင်းရေးဆရာတို့က အေဒီ ၁၅၂၀ တွင်ရေးသားသော အရှင်မဟာသီလဝံသ၏ရာဇဝင်ကျော်နှင့် အေဒီ ၁၇၁၁ တွင် ရေးသားသော ဦးကုလားမဟာရာဇဝင်ကြီးတို့တွင် တကောင်းမပါ။ မှန်

နန်းရာဇဝင်ကြီး၌သာပါခြင်းသည် မှန်နန်းကို အေဒီ ၁၈၂၉ တွင် ရေးသား သည်။ ထိုအချိန်တွင် အင်္ဂလိပ်မြန်မာပထမစစ်ပွဲဖြစ်ပြီး၍ မြန်မာတို့က ရခိုင်နှင့် တနင်္သာရီကို အင်္ဂလိပ်တို့အားပေးခဲ့ရပြီး စစ်စရိတ်တစ်ကုဋေ ကိုလည်း အင်္ဂလိပ်တို့ကို ပေးခဲ့ရသည်။ ထို့ကြောင့် မြန်မာတို့ဇာတိသွေး ဇာတိမာန်ကျဆင်းခဲ့ရသည်။ အင်္ဂလိပ် မြန်မာပထမစစ်ပွဲသည် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာတို့စစ်ရှုံး၍ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ရ သည်။ စစ်ရှုံးပြီးသုံးနှစ်အကြာတွင်မှ မှန်နန်းကိုရေးသားခဲ့ရာ မှန်နန်းရေး သားသူရာဇဝင်ဆရာတို့က စစ်ရှုံး၍ဇာတိသွေး၊ ဇာတိမာန် မြန်မာတို့ကျ ဆုံးခဲ့ရသည်ကို အဖတ်ဆယ်ရန် မှန်နန်းရာဇဝင်၌ တကောင်းအကြောင်း ကို တမင်လီဆယ်၍ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်ဟုဆိုကာ မြန်မာ ရာဇဝင်ကို အနော်ရထာမှစ၍ရေးခဲ့ကြ၏။

အင်္ဂလိပ်တို့သည် မြန်မာရာဇဝင်အားရေးသားကြရာတွင် ဥရောပတိုက်သားဖြစ်သော ယင်းတို့အား အထင်ကြီးစေရန်နှင့် မြန်မာတို့ မိမိတို့ကိုယ် မိမိတို့ အထင်သေးအားငယ်စေရန် ရည်ရွယ်ချက်များနှင့်သာ ရေးသားခဲ့ကြ၏။ မြန်မာရာဇဝင်၊ မြန်မာ့ကျမ်းဂန်စာပေတို့က မည်ကဲ့သို့ ပင်ဆိုစေကာမူ ယင်းတို့ပယ်လိုသည့်ကိစ္စများကို ပယ်ကြသည်။

အိန္ဒိယပင္စိညာဉ်ခံအဖွဲ့(အိုင် စီ အက်စ်)ဝင်တစ်ဦးဖြစ်သူ ဟာဗေး သည် မြန်မာရာဇဝင်တစ်စောင်ကို မြန်မာသုတေသနအသင်းက နှစ်ပေါင်း များစွာစုဆောင်းထားသော အချက်အလက်များကို ကိုးကားရေးသားထား သည်ဟု ဆိုသော်လည်း ထိုရာဇဝင်၏ရည်ရွယ်ချက်မှာ ဥရောပတိုက်သား များကိုအထင်ကြီးစေရန်သာ ဖြစ်၏။ ရာဇဝင်ရေးသားရာတွင် ကိုလိုနီနယ် ချဲ့မျက်နှာဖြူသမိုင်းရေးဆရာတို့သည် မြန်မာရာဇဝင်၊ မြန်မာအမှတ် အသား၊ မြန်မာကျောက်စာများက မည်သို့ပင်ဆိုစေကာမူ တရုတ်အမှတ် အသား၊ ကုလားအမှတ်အသား၊ ယိုးဒယားအမှတ်အသား၊ ဥရောပတိုက် အမှတ်အသားတို့နှင့်မကိုက်ညီလျှင် မြန်မာအဆိုကို တစ်ချက်တည်းနှင့်ပယ် သည်။ မြန်မာစာ မြန်မာအမှတ်အသားတို့ကို နှိမ့်ချကာ ပယ်သည်။

မြန်မာရာဇဝင်ကိုရေးသားရာတွင် မြန်မာမှတစ်ပါး အခြားသူများ၏ အပြော အဆိုအမှတ်အသားများဆိုပါက တစ်ဆင့်စကားကြားရုံမျှနှင့် စစ်ဆေးကြည့် ရှု လေ့လာမှုမရှိဘဲ အခိုင်အမာလက်ခံကာ အတည်ပြုရေးသားကြ၏။

တကောင်းရာဇဝင်ကိုလည်း ဖော်ပြပါအတိုင်း မှန်နန်းရာဇဝင် ဆရာကြီးတို့ ကြံဖန်လီဆယ်ရေးသားသလို ဆိုကြပြောကြရေးသားကြပြီး ထိုအယူအဆကိုကောလိပ်ကျောင်းနှင့် ဟိုက်စကူးကျောင်းများတွင်ပို့ချ သင်ကြားစေခဲ့၏။ ကိုလိုနီနယ်ချဲ့တို့ပြေးမှပင် ထိုသို့သောသင်ကြားမှုသည် ရပ်ဆိုင်း၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဆရာကြီးဇေယျက အတွဲ-၁၊ အမှတ်၂ ဒီဇင်ဘာလ- ၁၉၅၂ ခုနှစ်ထုတ် မြဝတီမဂ္ဂဇင်းတွင် မှန်နန်းဟူသော ဆောင်းပါးကိုရေးသားရာတွင် -

**အမှန်အားဖြင့်ကား မြန်မာရာဇဝင်များကို မြန်မာမင်းအမှု တော်ထမ်း မှူးမတ်သေနာပတိစသည်တို့က စီရင်ရေးသားကြ သော်လည်း ရာဇဝင်ဆရာကြီးတို့၏ရည်ရွယ်ချက်မှာ 'မင်းလို လိုက် မင်းကြိုက်'ဆိုသကဲ့သို့ မင်းကောင်း၊ မင်းဆိုးမရွေး မင်း ဆိုသမျှအမွှမ်းတင်ခဲ့ကြခြင်းမရှိချေ၊ ကောင်းလျှင်ချီးကျူးခဲ့ကြ သည်။ မကောင်းလျှင်ရှုတ်ချခဲ့ကြသည်။ တရုတ်ပြေး၊ ကုလား ကျဟူသောအမည်များပင် ပေးခဲ့ကြသည်။ မြန်မာပညာရှိများ က ရာဇဝင်ကျမ်း၊ ရာဇဝင်သမိုင်းအဖြစ်သာမဟုတ်၊ နောင်လာ နောင်သားတို့အတွက် ဥပဒေများ(ဝါ) သင်ခန်းစာများဖြစ်ပါ စေဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ကြခြင်း ဖြစ်သည်။**

ဟု ဖော်ပြခဲ့၏။ ထို့ပြင်ဆက်၍ ဆရာကြီးဇေယျက

"ဘကြီးတော်ဘုရား လက်ထက် ဘုရင့်အမိန့်တော်ဖြင့် စီရင်ရေး သားသော မှန်နန်းရာဇဝင်တော်ကြီးခေါ် ပဌမ မဟာရာဇဝင်တော်ကြီး နိဒါန်း၌ပင်

ဤသို့ပြုစုသုတ်သင်စီရင်သောအချင်းအရာဖြင့်ဖြစ်သော ဤရာဇဝင်ကျမ်းသည် မင်းစကား၊ အမတ်စကား၊ စစ်သည်စကား၊ သူခိုးသူပုန်စကား စသောစကားများနှိုက်၊ အကယ်၍ကား မှီ၏ရှင့်၊ ထိုသို့မင်းစကားစသည်နှိုက်၊ မှီငြားသော်လည်း အကြင်ကြောင့်ထိုရာဇဝင်ကိုနာခံကုန်သော သူတို့အား ကံသာဥစ္စာရှိသည်ဟု သိရသော ကမ္မဿကတာဉာဏ်သည် လည်းကောင်း၊ ကြားနာရသဖြင့်ပွားသော သုတမယအစရှိသော ဉာဏ်သည် လည်းကောင်း၊ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောကဇ္ဇပွားများခြင်းသည် လည်းကောင်း ဖြစ်ပါလတ္တံ့။ ထိုသို့သော သူဝင်လျက်လည်း၊ ကုန်ခြင်း၊ ပျက်ခြင်းသို့ရောက်ရတုံသေး၏ဟူ၍ ကောင်းစွာပညာဖြင့်ရှာကုန်သောသူတို့အား ကမ္မဋ္ဌာန်းသည်လည်း ဖြစ်ပါလတ္တံ့။”

ဟူ၍ရည်ရွယ်ချက်ကို ကျမ်းဦးကပင် ပြဆိုခဲ့ပေသည်။ စင်စစ်အားဖြင့် မြန်မာပညာရှိတို့ရေးသားခဲ့သော ရာဇဝင်ကျမ်းများမှာမင်းဧရာဇ်တို့ကို အမွှမ်းတင်ရန်မဟုတ်ဘဲ ၄င်းတို့ကို ဆုံးမရန်သာဖြစ်ပေသည်။ ဤသို့ဖြစ်ကြောင်း ရာဇဝင်ကျမ်းများကပင် တိုင်းနိုင်ငံကို တရားသဖြင့်အုပ်ချုပ်သောမင်းတို့သည် အသက်ရှည်သည်။ ဘုန်းကြီးသည်။ လူအပေါင်းတို့၏ ယုံကြည်လေးစားခြင်းကို ခံရသည်။ တရားလက်လွှတ် အုပ်ချုပ်သူတို့ကား ဘုန်းမကြီး၊ အသက်မရှည်၊ ပြည်သူပြည်သားတို့၏ သုတ်သင်ပယ်ရှားခြင်းကိုခံရသည်ဟု မငဲ့မညှာဆိုခဲ့ခြင်းဖြင့် မှန်ကြောင်း ထင်ရှားပေသည်။

မှန်နန်းအစရှိသော ရာဇဝင်တော်ကြီးများကို ရှင်ဘုရင်များကအရေးခိုင်း၍ ရှင်ဘုရင့်အကြိုက်လိုက်၍ရေးရသည်။ ရှင်ဘုရင့်ဓားကိုကြောက်၍ ဟုတ်ရာ မှန်ရာကိုမရေးဝံ့ကြဟု အချို့က ဆိုကြသည်မှာအဆိုပါရာဇဝင်တော်ကြီးများကို ကိုယ်တိုင်က ဟုတ်ဟုတ်ငြားငြားဖတ်ရှုလေ့လာခြင်းမရှိ။ မြန်မာလူမျိုးတို့ အုပ်ချုပ်ပုံဥပဒေစည်းကျမ်းကို နားမလည်၊ နယ်ချဲ့တို့သွတ်သွင်းခဲ့သောအထင်မှား အမြင်မှားဖြင့် ရော်ရမ်း၍ဆိုကြခြင်းမျှသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့မူကား ဤရာဇဝင်ကြီးများကို ၎င်းတို့ကဆိုတိုင်း ဟုတ်လှ၊ မှန်လှပြီဟု မဆိုလိုချေ။ ထိုခေတ်က ဆရာကြီးများတွေ့ကြုံဆီးမှီး သမျှ ရေးသားသွားကြခြင်းသာဖြစ်၍ ခုနှစ်သက္ကရာဇ်၌ ၎င်းအမည်နာမ၌ လည်းကောင်း၊ အရေအတွက်၌ လည်းကောင်း၊ လိုတန်သရွေ့လိုလျက် လွဲတန်သရွေ့လွဲကြမည်ပင် ဖြစ်လေသည်။ ရာဇဝင်ဆိုသည်မှာ တခေတ် ထက်တခေတ် နောက်ထပ်ရရှိသော ဗဟုသုတများနှင့် ညှိနှိုင်းပြင်ဆင်၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ကြရမြဲ ဖြစ်ချေသည်။ သို့သော် မြန်မာရာဇဝင်ကြီးများ၏အမှားမှာ ရာဇဝင်သဘောပျက်လောက်အောင်ဖြစ် သော အမှားမျိုးမဟုတ်။

မှန်နန်းရာဇဝင်ကြီး၏အမှားများကို ယခုနှစ်ပေါင်း ၁၀၀ ကျော် တိုင်အောင် နောက်ဆရာတို့ ဆယ်ပုံ ပုံ၍ တစ်ပုံမပြင်နိုင်ကြသေးချေ။” ဟု ဆရာကြီးဇေယျက ရေးသားခဲ့သည်။

အမှန်စင်စစ် မြန်မာတို့၏ ဇာတိသွေးဇာတိမာန်ကို ချိုးနှိမ်လိုသော စိတ်ဖြင့် မြန်မာ့သမိုင်းအားလီဆယ်ရေးသားသူတို့သည် ကိုလိုနီမျက်နှာဖြူ သမိုင်းရေးဆရာတို့ပင် ဖြစ်၏။ ကိုလိုနီအင်္ဂလိပ်နယ်ချဲ့သမိုင်းတို့သည် သမိုင်းမျက်နှာစာတွင်သာမက အဖက်ဖက်သောမျက်နှာစာတို့တွင် မြန်မာ တို့၏ ဇာတိသွေးဇာတိမာန်ကို ချိုးနှိမ်ခဲ့ကြသူများဖြစ်၏။

ပဲခူးမြို့တွင် ယခုမြို့လယ်ရှိ သွန်းဘုရားကြီးတည်ရှိရာ နေရာသည် အလောင်းမင်းတရားကြီး၏ အောင်မြေနေရာဖြစ်၏။ အင်္ဂလိပ်တို့အုပ်စိုး ချိန်တိုင် မြန်မာအများအပြားအောင်မြေလာ၍နင်းကြရာ အင်္ဂလိပ်တို့ သည် ကောက်ကျစ်စဉ်းလဲစွာဖြင့် ထိုနေရာကို ဆေးရုံနေရာအဖြစ်ရွေးချယ် ၍ ထိုနေရာ၌ ရင်ခွဲရုံဆောက်ရန် စီစဉ်ခဲ့ကြ၏။ ထိုအခါ ပဲခူးသူ ပဲခူးသား တို့သည် အလောင်းမင်းတရားကြီး၏ အောင်မြေတွင်ရင်ခွဲရုံတော့ အဆောက်မခံဟု စည်းရုံးကာ ကြေးများကိုအမြန်စုဆောင်း၍ ဘုရားပုံတော် အမြန်သွန်းကာ သွန်းဘုရားကြီးကို တည်ထားကိုးကွယ်သောအခါတွင်မှ အင်္ဂလိပ်တို့သည် ဆေးရုံနေရာကိုကျုံးအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြ၏။

အလားတူပင် ရွှေဘိုရှိအလောင်းမင်းတရားကြီး၏နန်းတော်နေရာတွင် အင်္ဂလိပ်တို့က အကျဉ်းထောင်ဆောက်ခဲ့၏။ ထိုနေရာတွင် မိန်းမအကျဉ်းထောင်ကို ဖွင့်လှစ်ထားရှိခြင်းဖြင့် ဘုံ၊ နန်း၊ ပြာသဒ်တို့ဖြင့် တစ်ခါက မြန်မာတို့ကြီးကျယ်မြင့်မြတ်ထည်ဝါခဲ့ပုံသည် ပျောက်ဆုံးကာ အနိဋ္ဌာရုံအကျဉ်းစခန်းဘဝ ရောက်ရ၏။

မန္တလေးနန်းတော်ကြီးသည်ကျုံးမြို့ရိုး၊ ပစ္စင်၊ ပြအိုးတို့ဖြင့် အစဉ်ထာဝရ ဇာတိသွေးဇာတိမာန် နိုးကြားနေသောနေရာကြီး ဖြစ်သည်။ အင်္ဂလိပ်တို့သည် မြန်မာတို့၏ ဇာတိမာန်နိုးကြားမှုကို မရှုစိမ့်ဖြင့် နန်းတော်ကြီးအား အလွန်အရုပ်ဆိုးအကျည်းတန်စေရန် ငွေကြေးအများအပြားအကုန်အကျခံ၍ မီးရထားလမ်းကြီးကို မြို့ရိုးကြီးအားဖြတ်ဖောက်ကာ တည်ဆောက်ခဲ့၏။ အခြားနေရာမှရထားလမ်းဖောက်လုပ်ပါက ယခုလောက်ပင်ကုန်ကျစရိတ်မရှိနိုင်ဘဲ အခြားနေရာမှ ရထားလမ်းဖောက်လျှင် ရပါလျက် နန်းတော်ကြီးအားဖြတ်၍ မီးရထားလမ်းဖောက်မှုသည် အင်္ဂလိပ်တို့၏ တမင်လုပ်ကြံမှုသက်သက်သာ ဖြစ်၏။

အင်္ဂလိပ်တို့သည် ထိုသို့လီဆယ်လုပ်ကြံမှုမျိုးကို မြန်မာရာဇဝင်နှင့်သမိုင်းကိုရေးရာတွင်လည်း ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခဲ့ကြ၏။ မြန်မာ့သမိုင်းကို အင်္ဂလိပ်တို့ လီဆယ်ရေးသားမှုနှင့်ပတ်သက်၍ ဆရာကြီးဇေယျကပင် အထက်ပါဆောင်းပါးတွင် -

"မြန်မာရာဇဝင်ကို မြန်မာတို့ အထင်လွဲအောင်ပြုခဲ့သူများကား မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူစိုးမိုးအုပ်ချုပ်ခဲ့သော နယ်ချဲ့များဖြစ်လေသည်။ နယ်ချဲ့တို့ မြန်မာနိုင်ငံကို စိုးပိုင်သောအခါမှုကား မြန်မာလူမျိုးတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ အထင်သေး၍ ၎င်းတို့ကိုသာ အထင်ကြီးလာစေရန်အရေး ပေါ်ပေါက်လာလေသည်။ သို့ဖြစ်စေရန်အတွက် မြန်မာတို့သည် ၎င်းတို့၏အထွဋ်အထိပ်ဖြစ်သော ရှင်ဘုရင်များနှင့်ရာဇဝင်များကို အထင်သေးလာအောင် ပြုလုပ်ရန် နယ်ချဲ့တို့၏တာဝန် ဖြစ်လာလေသည်။

ဤလုပ်ငန်းကိုရှေးဦးဆောင်ရွက်သူကား ၁၈၅၂ ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက်၊ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် မြန်မာတို့အရေးရှုံးနိမ့်၍ မြန်မာနိုင်ငံအောက်ပိုင်းကို နယ်ချဲ့တို့သိမ်းယူပြီးနောက် မကြာမီပင် ဗြိတိသျှဘားမား သုံးနိုင်ငံမဟာဝန် ရှင်တော်မင်းကြီးဖြစ်လာသူ **ဆာအာသာဖယ်ရာ** ဖြစ်လေသည်။

ဆာအာသာဖယ်ရာသည် မြန်မာရာဇဝင်များကိုလေ့လာပြီးနောက် မြန်မာရာဇဝင်တစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ၁၈၈၃ ခုနှစ်တွင်ထုတ်ဝေလေသည်။ ထိုရာဇဝင်ကိုမြန်မာနိုင်ငံရင်းနှင့် ပဲခူး၊ တောင်ငူ၊ တနင်္သာရီ၊ ရခိုင်တို့ပါဝင်သော မြန်မာရာဇဝင်ဟုမှည့်ခေါ်၍ အမည်၌ပင် တိုင်းရင်းသားအချင်းချင်းသွေးကွဲအောင် မှည့်ထားခဲ့လေသည်။ သို့သော် ဆာအာသာဖယ်ရာသည် အထက်မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ရောက်ဖူး၏။ မြန်မာများကို သခင်ဘဝနှင့် မြင်ဖူးသူဖြစ်သောကြောင့် များစွာရှုတ်ချ၍ မရေးနိုင်ခဲ့ချေ။ ၎င်းနောက် နယ်ချဲ့တို့ရေးသားခဲ့ကြသော ရာဇဝင်များနှင့် နှိုင်းစာလျှင် ဖယ်ရာရာဇဝင်မှာ အတော်ပင်ကောင်းလေသည်။

မြန်မာရာဇဝင်ဖျက်ပွဲ၌ ဒုတိယတိုက်ပွဲဝင်သူမှာ ရန်ကုန်ကောလိပ်သိပ္ပံကျောင်းတွင် ပါဠိပါမောက္ခကြီးပြုလုပ်သွားသူ **ဂျိမ်းစ်ဂရေး** ဆိုသူဖြစ်လေသည်။ ၎င်းက အလောင်းဘုရားဆက် ရာဇဝင်ကိုရေးသားသည်။ အလောင်းဘုရားမှစ၍ ကုန်းဘောင်ဆယ့်တစ်ဆက်လုံးတစ်ယောက်မျှမကောင်းအောင် ရေးသားသွားလေသည်။ ဂျိမ်းစ်ဂရေးရာဇဝင်ကို ဖတ်ကြည့်လျှင် နှစ်ပေါင်း ၁၅၀ ကျော်သော ကုန်းဘောင်ဆက်ကြီးတစ်ဆက်လုံးမှာ နန်းလုပွဲ၊ လူသတ်ပွဲ၊ မတရားနှိပ်စက်ပွဲများနှင့် သွေးချောင်းစီးနေသည်ဟု ထင်ရလေသည်။

ထို့နောက် ပညာမင်းကြီး**ကုတ်**က ရာဇဝင်တစ်စောင် ရေးသားပြန်လေသည်။ ဂရေး၏ရာဇဝင်မှာ ကုန်းဘောင်ဆယ့်တစ်ဆက်ကိုသာရည်ရွယ်ခဲ့သည်။ ကုတ်ရာဇဝင်မူကား မြန်မာရာဇဝင်တစ်ခုလုံးကိုပင် ရည်ရွယ်ရေး

သားလေသည်။ မြန်မာလိုပြန်၍ ကျောင်းသားကလေးများခေါင်းထဲသို့ အတင်းသွတ်သွင်းပေးဦးမည်ဟု ကြုံပြန်လေသည်။ သို့သော် ထိုအချိန်တွင် မြန်မာအမျိုးသားများနိုးကြားထကြွနေပြီဖြစ်၍ မြန်မာများက ဂရေးရာဇဝင် ကဲ့သို့ ငုံ့၍မနေတော့ဘဲ ဝိုင်းဝန်းဆူပူလိုက်ကြသဖြင့် ဂရေးရာဇဝင် လောက်မအောင်မြင်ဘဲ မသိမသာ ပြန်လည်ရုပ်သိမ်းလိုက်ရလေသည်။

၎င်းနောက် ရန်ကုန်ဂေဇက်တိုက်ပိုင်ရှင် **စတီးဝပ်** ရေးသားသော "ဘားမားသရှူးသည် ဆင်ကျူရီးစ်"ခေါ် ရာဇဝင်တစ်စောင်ပေါ်ပေါက်လာ လေသည်။ ၎င်းမှာ မြန်မာများအတွက် မရည်ရွယ်ဘဲ မြန်မာပြည်ကို အလည်အပတ်လာကြသော ဥရောပတိုက်သားများနှင့် မြန်မာပြည် အကြောင်း တော်ရုံ၊ လျော်ရုံပေ့ါပေ့ါသိလိုကြသော ဥရောပတိုက်သားများ အတွက် ရည်ရွယ်လေသည်။ ၎င်းရာဇဝင်မှာ တော်တော် ဆင်ဆင်ခြင်ခြင် ရှိသော်လည်း ဂရေးရာဇဝင်၊ ကုတ်ရာဇဝင်တို့နှင့် မခြားလှချေ။ ဘိလပ် တွင် နှစ်ကြိမ်ရိုက်ရသော်လည်း မြန်မာပြည်၌မူကား လူကြိုက်မများချေ"ဟု ရေးသားခဲ့ပါသည်။

ထိုကဲ့သို့နယ်ချဲ့သမိုင်းရေးဆရာတို့က မြန်မာ့သမိုင်းကိုလွဲမှားစွာ လုပ်ကြံရေးသားခဲ့သော်လည်း အရှေ့တိုင်းရာဇဝင်ကို စေ့စပ်စွာလေ့လာခဲ့ သော ဥရောပတိုက်တွင် ထင်ရှားသည့်သမိုင်းပညာရှင်ဒေါက်တာ **လောင်** က မြန်မာရာဇဝင်များသည် မှန်ကန်သည်ဟုယူဆသည်။ ၎င်းတို့၏ ကောင်းမကောင်းကို အထူးချဲ့ထွင်ရေးသားနေရန်မလိုဟု မှတ်ချက်ချခဲ့ဖူး ၏။

မြန်မာရာဇဝင်ကိုအထူးလေ့လာခဲ့သူ ဂျာမန်ရာဇဝင်ပါမောက္ခ ဆရာကြီး **လက်ဆင်း**က မြန်မာတို့မှာ မြန်မာရာဇဝင်သာမဟုတ်ဘဲ ပဲခူး၊ ဇင်းမယ်၊ လဘောင်းနှင့်အနီးအနားရှိနယ်ပယ်များ၏ ရာဇဝင်များလည်း ပါဝင်သော ကျမ်းများလည်းရှိသည်။ ထိုရာဇဝင်ကျမ်းကြီးများတွင် ကျမ်းပြု ဆရာတို့က မိမိတို့ရာဇဝင်အကြောင်း အကောင်းချည်းသာမဟုတ်ဘဲ

မကောင်းသောအကြောင်းများကိုလည်း ရေးသားထားသဖြင့် ၎င်းတို့ကို အမှန်ဟု ယုံကြည်ဘွယ်ရာသာ ရှိပေသည်။ ရာဇဝင်ပါ စကားများကို ၎င်းတို့၏ ကမ္ပည်းကျောက်စာများကလည်း မှန်ကန်ကြောင်း ထောက်ခံလျက်ရှိ၏ဟု ရေးသားခဲ့သည်။

# အခန်း(၆)
# တကောင်းလွင်ပြင်ကိုဗြိတိသျှတို့အငြိုးထားခြင်း

အမှန်စင်စစ် မြန်မာ့သမိုင်း၊ မြန်မာ့ရာဇဝင်ကို မြန်မာတို့ဖတ်ရှုရင်းဖြင့် မိမိတို့ရာဇဝင်ကို မိမိတို့ အထင်သေးအမြင်သေး ဖြစ်ရုံသာမက ဇာတိသွေးဇာတိမာန်ပျက်သုဉ်းအောင်လည်း လီဆယ်ရေးသားသူတို့သည် ဗြိတိသျှကိုလိုနီသမိုင်းရေးဆရာများသာ ဖြစ်သည်။ ဗြိတိသျှကိုလိုနီသမိုင်းရေးဆရာတို့သည် မြန်မာရာဇဝင်ကိုသာမက တကောင်းသမိုင်း တကောင်းအဖြစ်သနစ်များကိုပါ သိမ်ဖျင်းအောင်ရေးခဲ့ရုံသာမက ယင်းတို့လက်ထက်တွင် တကောင်းကိုလည်း ရွာသိမ်ရွာငယ်ဇနပုဒ်ဘဝသို့ရောက်ရှိအောင် လုပ်ဆောင်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ် စစ်နှစ်ကြိမ်ပြုပြီး ၁၈၈၅ ခုနှစ် ဇန်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကိုဗြိတိသျှ အင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်



**ကပ္ပတိန်ဘွန်း၏ဂူကို ကြံ့ညှပ်သင်္ချိုင်းတွင်သုတေသီတို့ လေ့လာနေကြစဉ်**

ပြီးဖြစ်ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်က ဗြိတိသျှဘုရင်မ ဝိတိုရိယကိုယ်စား ကြေညာကာ မြန်မာနိုင်ငံကို အပြီးအပိုင်သိမ်းယူခဲ့၏။ ထိုကဲ့သို့ သိမ်းပိုက်လိုက်လျှင်သိမ်းပိုက်ခြင်း ကချင်၊ ကယား၊ ချင်း၊ ရှမ်းတောင်တန်းကြီးများရှိ တိုင်းရင်းသားပြည်သူများက လည်းကောင်း၊ မြေထဲ၊ သရက်၊

ဆင်ပေါင်ဝဲ၊ မင်းဘူး၊ မကွေး၊ နတ်မောက်၊ တောင်တွင်း၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ဆည်စသည့် မြန်မာပြည်အလယ်ပိုင်းမှ ပြည်သူတို့ကလည်းကောင်း ဧရာဝတီမြစ်ဝကျွန်း ပေါ်၊ ရခိုင်နှင့်တနင်္သာရီတိုင်းတို့မှလည်းကောင်း အင်္ဂလိပ်တို့အား လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ရာ-၁၈၉၇ ခုနှစ်တိုင် တိုင်းရင်းသားပြည်သူတို့ ၏ခုခံစစ်ကို အင်္ဂလိပ်တို့သည် အမြစ်ပြတ်အောင် ဆောင်ရွက်နိုင်စွမ်းမရှိ ဘဲရှိခဲ့၏။

၁၈၉၇ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် ဘာသာ ရေး အခြေခံအသင်းအဖွဲ့များ ပေါ်လာ၏။ ၁၈၉၇ ခုနှစ်တွင် မော်လမြိုင် သာသနာရေးအသင်း၊ မြင်းခြံဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးဗုဒ္ဓဘာ သာနုဂ္ဂဟအသင်းတို့ ပေါ်ပေါက်ခဲ့၏။ ပခုက္ကူတွင်လည်း အလားတူအ သင်းများပေါ်ခဲ့၏။ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းပေါ်ခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ရန်ကုန်ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းချုပ်ပေါ်လာခဲ့၍ ၁၉၂၀ ပြည့်နှစ်တွင် ဂျီစီဘီအေ အသင်းကြီး ပေါ်ပေါက်လာခဲ့၏။ တိုင်းရင်းသားပြည်သူတို့သည် ၁၈၀၅ မှသည် ၁၉၀၀ ပြည့်နှစ်ဝန်းကျင်အထိ လက်နက်စွဲကိုင်တိုက်ခဲ့ကြပြီး၊ ၁၉၀၀ ပြည့်ကျော် ကာလများတွင် ထိုကဲ့သို့ ဘာသာရေးအခြေခံအသင်းအဖွဲ့များ ဖွဲ့စည်းကာ အင်္ဂလိပ်တို့အား-

**သခင်မျိုးဟေ့ ဒို့ဗမာ**

**သာကီဝင်မျိုးဟေ့ ဒို့ဗမာ**

အစရှိသော ကြွေးကြော်သံများကို စတင်ကြွေးကြော်ကာ ဆက်လက်တိုက် ပွဲဝင်ခဲ့ကြ၏။ သခင်မျိုးဟေ့ ဒို့ဗမာဆိုသောစကားရပ်တွင် မြန်မာတို့သည် သခင်မျိုးဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားနှင့် ဆွေမျိုးတော်စပ်သူများ ဖြစ်သည်။ အင်္ဂလိပ်လူမျိုးများသည် မိစ္ဆာဒိဋ္ဌိများ ဖြစ်သည်။ မိစ္ဆာတို့ထံတွင် မြန်မာတို့ က ကျွန်ခံရန်မလိုဟူသော အတွေးအမြင်များပေါ်ပေါက်ခဲ့သည်မှစ၍ ပြည် သူတို့၏ မျိုးချစ်စိတ်နိုင်ငံချစ်စိတ်များ တက်ကြွနိုးကြားလာကာ

# တကောင်း အဘိရာဇာ
# တို့ဗမာ သာကီဝင်မျိုးဟာမို့
# မညှိုးဂုဏ်တေဇာ

ဟူသော အမျိုးသားသီချင်းများကို ရေးစပ်သီဆိုလာသည်အထိ အမျိုးသားစိတ်များနိုးကြားလာခဲ့၏။ သကျသာကီနွယ်ဖြစ်သော အဘိရာဇာသည် ဘုရားမပွင့်မီသင်္ကာရာဇ်ကပင် တကောင်းသို့ရောက်ရှိလာပြီး ဒေသခံပြည်သူများနှင့် ရောယှက်ဖွဲ့စည်းကာ တကောင်းကို တည်ထောင်လာခဲ့ခြင်းဖြစ်သည်။ မြန်မာတို့သည် မှန်ကင်းအစစ်ဖြစ်ပါလျက် ထင်းအဖြစ်မခံဟု အမျိုးသားစိတ်များ တအုံနွေးနွေးထက်မျက်နိုးကြားလာခဲ့၏။ ကိုလိုနီအင်္ဂလိပ်တို့သည် မြန်မာတို့မျိုးချစ်စိတ်ထက်သန်လာမည်ကို မလိုလား။ ထို့ကြောင့် နိုးကြားလာသောမျိုးချစ်စိတ်ကို ချိုးနှိမ်နိုင်စိတ်သောအငှာ သကျသာကီနွယ်ဟူသောစကား၊ အဘိရာဇာဆိုသောစကား၊ တကောင်းဆိုသော အမည်တို့ကို ရာဇဝင်သမိုင်းစာမျက်နှာတို့မှ ဖယ်ရှားရန် စတင်ကြိုးစားခဲ့ကြ၏။

ထိုအချိန်မှစ၍ ကိုလိုနီသမိုင်းရေးဆရာတို့သည် မြန်မာရာဇဝင်သမိုင်းကျမ်းအဆူဆူတွင် တကောင်းအဘိရာဇာနှင့်ပတ်သက်၍ဖော်ပြထားခြင်းမရှိ။ အေဒီ ၁၈၂၉ တွင် ရေးသားသော မှန်နန်းရာဇဝင်တွင်မှ တကောင်းအကြောင်းပါရှိခြင်းသည် အေဒီ-၁၈၂၄-၂၆ တွင် ပထမအင်္ဂလိပ် မြန်မာစစ်ပွဲတွင် မြန်မာတို့အရေးနိမ့်ရသည်ကို အဖတ်ဆယ်ရန် မြန်မာတို့သည် ဗုဒ္ဓနှင့်ဆွေမျိုးတော်စပ်သည်။ သကျသာကီနွယ်များဖြစ်သည်ဟု မှန်နန်းရာဇဝင်ဆရာတို့ လုပ်ကြံဖန်တီးခြင်းဖြစ်၍ တကောင်းဆိုသောဇာတ်လမ်းသည် ယုတ္တိမတန်ဟုဆိုကာ တကောင်းကို မြန်မာရာဇဝင်မှ ဖယ်ရှား၍ မြန်မာရာဇဝင်ကို အနော်ရထာမှ စခဲ့ပါ၏။

အခန်း(၁) နှင့် (၂)တွင်ဖော်ပြထားသည့်အတိုင်း မြန်မာသမိုင်းကို အမှန်တကယ်လီဆယ်လုပ်ကြံရေးသားသူတို့သည် ဗြိတိသျှကိုလိုနီ

သမိုင်းရေးဆရာများသာ ဖြစ်ပါ၏။ မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရေးသားသူတို့တွင် မုံရွေးဆရာတော်ဘုရားကြီးနှင့် သော်ကပင် ဆရာတော်ကြီးတို့ကိုယ်တိုင်ပါဝင်လျက် မြန်မာပညာရှိ ပုဏ္ဏားပညာရှိများ ပါဝင်ရေးသားသော မြန်မာရာဇဝင်ကျမ်းဖြစ်၍ မှန်နန်းပါအချက်အလက်များသည် ယုံမှားသံသယရှိစရာမလိုဟု ဆရာကြီးဇေယျပြောကြားသကဲ့သို့ နှောင်းလူများသည် နှစ်ပေါင်း-၁၀၀ ကျော်ကြာသည့်တိုင် မှန်နန်းရာဇဝင်၏အမှားများကိုဆယ်ပုံလျှင် တစ်ပုံမျှပင်မပြင်ဆင်နိုင်ကြသည်မှာအမှန်ဖြစ်ပါ၏။ မြန်မာသမိုင်းကို အနော်ရထာလက်ထက်မှစခဲ့ခြင်းသည် ကိုလိုနီသမိုင်းဆရာတို့၏စနစ်တကျ မြန်မာတို့၏ဇာတိသွေးဇာတိမာန်ကို ရိုက်ချိုးခြင်းဖြစ်ပါ၏။ အင်္ဂလိပ်သမိုင်းရေးဆရာတို့သည် မိမိတို့၏လီဆယ်ရေးသားမှုကို မြန်မာတို့ လီဆယ်မှုဖြစ်အောင်ပြောင်းပြန်ဆိုခဲ့ကြ၏။ အနော်ရထာလက်ထက်တွင်မှ မြန်မာ့သမိုင်းစတင်သည်ဟုဆိုပါက မြန်မာသမိုင်းသည် လွန်ခဲ့သောအနှစ်-၉၇၀ ကမှ စတင်သည့်သဘော သက်ရောက်ခဲ့ပါ၏။

သို့သော်လည်း 'သာကီဝင်မျိုးဟေ့ ဒို့ဗမာ'ဆိုသောစိတ်သည် မြန်မာတို့ရင်တွင်း၌ ပိုမိုခိုင်မာ၍လာသည်။ ထိုကြွေးကြော်သံသည် အင်္ဂလိပ်တို့၏ကိုလိုနီအုပ်ချုပ်ရေးကို အခြေမှစ၍ ကိုင်လှုပ်လာနိုင်၏။ မြန်မာတို့သည် နောက်ပိုင်း၌ မိမိတို့၏အမည်ရှေ့ သခင်ဟူ၍ တပ်ခေါ်ခဲ့ကြ၏။ ထို့ကြောင့် ကိုလိုနီနယ်ချဲ့သမားတို့သည် မြန်မာအစတကောင်းကဟူသော စကားရပ်ကို စတင်ဖျက်ဆီးတော့သည်။ နယ်ချဲ့သမားတို့သည် မြန်မာဆိုသောစကားကိုရော တကောင်းဆိုသောစကားရပ်ကိုပါ ဖျက်ဆီးခဲ့၏။

တကောင်းဆိုသောစကားရပ်အား ဖျက်ဆီးခြေမှုန်းရာတွင် ဗြိတိသျှနယ်ချဲ့တို့အား မြတောင်၊ တကောင်း၊ ကြံညှပ်ဒေသများမှ ခုခံတိုက်ခိုက်ခြင်း၊ ထိုဒေသမှပြည်သူတို့က ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၏ ကိုလိုနီဆန့်ကျင်တိုက်ခိုက်ရေးတိုက်ပွဲများတွင် ပါဝင်ခဲ့ခြင်းကြောင့်လည်း တကောင်းဗဟိုပြုသော ယင်းဒေသကိုအပြီးထား၍ ဖျက်ဆီးခဲ့ခြင်းဖြစ်ပါ၏။

## မြတောင်

မြတောင်ဝန်နှင့် မလည်ဝန်တို့သည် ဝန်းသိုစော်ဘွားကြီးနှင့်ရင်းနှီးသူများဖြစ်ကြသည်။ မြတောင်ဝန်၏လက်ရုံး ဗိုလ်သိန်းကို ဝန်းသိုစော်ဘွားကြီးက မြတောင်ဝန်ထံမှ တောင်းယူ၍ ဝန်းသိုတပ်တွင်အရာအထူးပေးထား၏။ ထို့ကြောင့် မြတောင်ကို အင်္ဂလိပ်တို့က အပြိုးရှိ၏။

## ကြံ့ညှပ်

ကြံ့ညှပ်ဒေသကိုအခြေခံ၍အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်သူတို့မှာ ဝန်းသိုစော်ဘွားကြီးနှင့် မင်းသားမောင်မှတ်တို့ ဖြစ်သည်။ ၁၈၈၆ ခုနှစ်၊ စက်တင်ဘာလထုတ် စတိတ်မင်းသတင်းစာတွင် ထိုအခါက ကြံ့ညှပ်နှင့်မလည်အခြေအနေတို့ကို ဖော်ပြပေးခဲ့၏။ မြစ်စဉ်တစ်လျှောက်ရွာများ ဝန်းသိုစော်ဘွားကြီးနှင့် မင်းသားမောင်မှတ်တို့၏ လက်တွင်ခိုလုံကြသည်။ အင်္ဂလိပ်စစ်တပ်ကြံ့ညှပ်သို့ရောက်ရှိသောအခါ ကြံ့ညှပ်မြို့တကောင်းတစ်ဖက်ကမ်းတွင် လူသူစုရုံး၍ **"ဗြိတိသျှသစ္စာခံသူသည် သစ္စာဖောက်၊ သစ္စာဖောက်သူများနှင့် ယင်းတို့၏မြို့ရွာများကို ဖျက်ဆီးပစ်မည်။"** မင်းသားမောင်မှတ်၏ကြေငြာချက်ကို စိုက်ထူကာ အင်္ဂလိပ်စစ်တပ်ကိုကြိုဆိုခဲ့ကြ၏။ ပိုင်အိုးနီးယားသတင်းစာတွင်လည်း ဝန်းသိုစော်ဘွားကြီးနှင့် မင်းသားမောင်မှတ်တို့သည် ဗြိတိသျှတို့၏အဓိကရန်သူများ ဖြစ်ကြောင်းဖော်ပြထား၏။ ၁၈၈၇ ခုနှစ်ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဝန်းသိုစော်ဘွားကြီး၏တပ်များသည် အင်္ဂလိပ်စစ်တပ်ရှမ်းပြည်သို့မတက်နိုင်ရန် သပိတ်ကျင်းမှ ခုခံခဲ့ကြ၏။

၁၈၈၇ ခုနှစ်တွင်ပင် ဗြိတိသျှတို့၏ အမှတ် ၆ ရှေ့တန်းပန်ချပ်တပ်သည် ကြံ့ညှပ်တွင် တပ်စွဲထား၏။ ယင်းတပ်ကို ဂျင်နရယ်ဗွန်း Vangham ကဦးဆောင်သည်။ ကြံ့ညှပ်သူကြီးဦးဖိုးရသည် ဗွန်းနှင့်သူ့တပ်အား တိုက်ခိုက်ရာ ၁၈၈၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၆ ရက်နေ့တွင်



**ကြံ့ညှပ်ရှိကပ္ပတိန်ဘွန်း၏သင်္ချိုင်းဂူ**

ဗွန်းတိုက်ပွဲတွင် ကျဆုံးသွားသည်။ ဗွန်းကျဆုံးခြင်းသည် အင်္ဂလိပ်တို့အား အရှက်ရစေခဲ့၏။ ဗြိတိသျှစစ်တပ်သည်သူကြီးဦးဖိုးရနှင့် နယ်ခံ့ဆန့်ကျင်ရေးသမားတို့အား မရအရ ဖမ်းဆီးကာ သတ်ပစ်ခဲ့ကြ၏။ ကြံ့ညှပ်သူကြီးဦးဖိုးရသည် ဝန်းသိုစော်ဘွားကြီးနှင့်မူလကပင် အဆက်အ

သွယ်ရှိသူများ ဖြစ်သည်။ ဂျင်နရယ်ဗွန်း၏သင်္ချိုင်းဂူအမှတ်အသားသည် ယနေ့ထက်တိုင် ကြံ့ညှပ်ရွာ တောင်သင်္ချိုင်းတွင်ရှိနေဆဲ ဖြစ်သည်။ ဂျင်နရယ်ဗွန်းကို ၁၈၅၀ ခုနှစ်တွင် ဖွားမြင်၍ ၁၈၇၁ ခုနှစ်တွင် စစ်တပ်ထဲသို့ဝင်၏။ အိန္ဒိယနိုင်ငံအနှံ့အပြားတွင် စစ်မှုထမ်းခဲ့၍ ၁၈၈၆ ခုနှစ်တွင် ကြံ့ညှပ်ဒေသသို့ရောက်ရှိကာ ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူခဲ့ရသူဖြစ်၍ အသက် ၃၆ နှစ်တွင် သူကြီးဦးဖိုးရနှင့်အပေါင်းအပါတော်လှန်ရေးသမားတို့၏လက်ချက်ဖြင့် ကျဆုံးရသူဖြစ်သည်။

၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တွင် ကင်းတပ် ၁၀၀ ခန့်ချခဲ့သည်။ မန်လည်၊ စွန်တောင်၊ မလည်၊ မြတောင်၊ ကြံ့ညှပ်ဒေသများပါဝင်ခဲ့၏။ သို့သော် ၁၈၈၆ ခုနှစ်အထိ ဗြိတိသျှတို့သည် ထိုဒေသကြီးကို မိမိရရအုပ်စိုးနိုင်ခြင်းမရှိခဲ့။

ဗြိတိသျှစစ်ဗိုလ်တစ်ယောက်အား အသေတိုက်ခဲ့သော ဤဒေသကြီးကို ဗြိတိသျှတို့ အငြိုးကြီးခဲ့၏။ ထိုဒေသသည် ဝန်းသိုစော်ဘွားကြီး၏ခုခံရေး၊ ဆန့်ကျင်ရေးနယ်မြေဖြစ်သောကြောင့်လည်း ဗြိတိသျှတို့သည် ထိုဒေသကိုကြောက်ရွံ့ခဲ့သည်။ ထိုသို့ရှိရာမှ တကောင်း၊ ဆင်ညှပ်ကုန်း၊ ကြံ့ညှပ်ဒေသသည် မြန်မာတို့၏ အဦးအမွှန်ဒေသ၊ မြန်မာတို့၏ အစ၊ အဘိရာဇာသကျသာကီဝင်မင်းတို့ ထီးနန်းစိုက်ထူနေထိုင်ခဲ့ရာဒေသဖြစ်သည်ဟု ဆိုသောအခါ မြန်မာတို့၏အောင်မြေဒေသ၊ မြန်မာတို့၏နန်းတော်ရာ၊ မြို့ရိုးကျုံးစသည်တို့ကို မဖွယ်မရာစီရင်မှုပြုသော ဗြိတိသျှတို့သည် တကောင်းလွင်ပြင်ဒေသကြီးကိုလည်းအငြိုးဖွဲ့ကာ ဖျက်ဆီးခဲ့ပါ၏။

# အခန်း(၇)
# ကိုလိုနီသမားတို့ တကောင်းကို သေးသိမ်အောင်ဆောင်ရွက်ခြင်း

တကောင်းသည် မြန်မာတို့၏ အဦးအမွန်မြို့ကြီး ဖြစ်သည်။ တကောင်းသည် သံသာရပူရ၊ ရဋ္ဌပူရ၊ သယ်သာရဋ္ဌ၊ ဟတ္ထိနပူရ၊ ပဉ္စာလ၊ သင်းတွဲးစသည်ဖြင့် ကျော်ကြားထင်ရှားခဲ့သော ကြက်ပံ့မကျစည်ကားသော မြို့ကြီးဖြစ်ခဲ့သောကြောင့် တကောင်းမြို့ကို တကောင်းရာဇဝင်တွင်

**မင်းဝံတောင်ရိုး၊ မင်းတို့အစစ်**
**ပယ်လှစ်ရန်မျိုး၊ သတိုးအာဓိ**
**ကပိလနွယ်လာ၊ သံသာရပူရ**
**ယထသင်းတွဲ၊ ဆင့်ကဲထပ်လောင်း**
**မြို့တကောင်းဟု၊ သောင်းလေးမည်ရ**
**ယင်းဌာနတွင် . . . . . . . . .**

ဟူ၍ တကောင်းမြို့ကြီးကိုရေးသားဖွဲ့ဆိုခဲ့၏။

တကောင်းနှင့်ပတ်သက်၍ ဆရာပွားနှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်၍ မြန်မာသုတေသနအသင်းမှ ထုတ်ဝေသောဦးကုလားမဟာ ရာဇဝင်ကြီးစာမျက်နှာ ၁၁၂ တွင် -

**'. . . . သတိုးတိုင်းရ၏လက်ထက် ရတနာမိုးလေးကြိမ်ရွာ၏။ သတိုးရွှေနန်းရှင်လက်ထက် ရတနာမိုးနှစ်ကြိမ်ရွာ၏. '**

ဟုဖော်ပြပါရှိသည်။ ယင်းအဆိုနှင့်ပတ်သက်၍ အောက်ခြေမှတ်စုတွင် ဤကား ပုဂံသမိုင်းဟောင်းတကောင်းရာဇဝင် ရခိုင်ရာဇဝင်တို့နှင့် အညီ ထုတ်ဆိုတည်သွင်းသော စကားစုဟု ဖော်ပြထားသည်။

ထို့ပြင် ဦးကုလားမဟာရာဇဝင်ကြီးစာမျက်နှာ ၁၀၉ တွင်ပင်-

**'သာသနာသက္ကရာဇ်(၂၀)နှစ်ဆယ်ရောက်သောအခါ မြန်မာတို့ တိုင်းဖြစ်သော တကောင်းပြည်ကြီးကို အစိုးရသော ဆင်ဖြူ ဆင်နီ၊ ဆင်နက်တို့၏ အရှင်ဖြစ်တော်မူသော တကောင်းမင်းကြီး အနိစ္စရောက်တော်မူ၍ သားတော်အိမ်ရှေ့ သတိုးမဟာရာဇာ(သတိုး ၁၇ ဆက်မြောက်)သတိုးမင်းကြီးနန်းတက်တော်မူ၏'**

ဟုဖော်ပြပါရှိ၏။ တကောင်းနိုင်ငံတော်ကြီးသည် သာသနာသက္ကရာဇ် ၂၀ ကပင် ဆင်ဖြူ ဆင်နီ၊ ဆင်နက်တို့ဖြင့် ကြီးကျယ်ခမ်းနားစွာ တည်ရှိကြောင်း ဖော်ပြချက်ဖြစ်ပါ၏။

တကောင်းမင်းနှစ်ဆက် စိုးစံပြီးသော် သရေခေတ္တရာနိုင်ငံတော်ကြီး ပေါ်ပေါက်လာခဲ့၏။ သရေခေတ္တရာပျက်သုဉ်းပြီးသောအခါ ပုဂံပေါ်ပေါက်လာခဲ့သည်။ သရေခေတ္တရာနှင့်ပုဂံကောင်းစားစဉ်ကလည်း တကောင်း လုံးဝပျက်သုဉ်းသွားခြင်းမဟုတ်။ မြို့ပြအင်္ဂါရပ်များနှင့် စည်ပင်နေသောမြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နေဆဲဖြစ်၏။ တကောင်းတွင် ယနေ့တိုင် ထင်ရှားစွာတည်ရှိနေသော တကောင်းရွှေစည်းခုံစေတီတော်ကြီးသည် အမိကခိုင်မာသော သက်သေသာဓကတစ်ရပ် ဖြစ်ပါ၏။

## အညာပုဂံမှရွှေစည်းခုံ

တကောင်းရွှေစည်းခုံစေတီတော်ကြီးမှာ တစ်ဖက်လျှင် အောက်ခြေအလျားပေ- ၁၈၀ခန့်ရှိသည့် ပစ္စယာခံကြီးမားသောစေတီတော်ကြီးတစ်ဆူ ဖြစ်သည်။ အဆိုအရ အညာပုဂံ ရွှေစည်းခုံစေတီတော်သည် သုံးထပ်တည်ထားသည့်စေတီ ဖြစ်သည်။ အတွင်းပိုင်းအကျဆုံး စေတီတော်မှာ အိန္ဒိယနိုင်ငံဆန်ချီထူပါပုံမျိုးဖြစ်သည်ကို တွေ့မြင်ခဲ့ကြရသည်ဟု ဆိုသည်။ ရွှေစည်းခုံစေတီတော်၏ တောင်ဘက် မြေအောက်၌ ပေ-၂၀ ခန့်ရှိပြီး သရဖူဆောင်း၍ လက်မောင်းရင်းနှင့် လက်ကောက်ဝတ်၌ လက်ကြပ်တန်ဆာများဖြင့် ကနေသည့်ဟန်ကျောက်ရုပ်ကြီးတစ်ခုပေါ် ထွက်လာခဲ့ဖူးသည်။ မသိနားမလည်ကြ၍ ထိုကျောက်ရုပ်ကြီးမှာ ကုလားပုံသာဖြစ်သည်ဟုဆို၍ ထုခြေဖျက်ဆီးကာတစ်စစီဖြစ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိခဲ့သည့်ပုဂ္ဂိုလ်များက ဆိုသည်။ ရွှေစည်းခုံစေတီတော်ကြီးမှ အနော်ရထာမင်းကိုယ်တိုင် မိမိလက်ဖြင့် ပြုလုပ်ပူဇော်သော အုတ်ခွက်ဘုရားများစွာကို တွေ့ရှိပူဇော်ရသည်။ တကောင်းသည် ပုဂံခေတ်ကောင်းစားစဉ်နှင့် ပုဂံမတိုင်မီကာလများကပင် တကောင်းမြို့ပြနိုင်ငံသည် တည်ရှိ၍ ရှေးဟောင်းအိန္ဒိယယဉ်ကျေးမှုပုံစံများတည်ရှိခဲ့ကြောင်း မှန်းဆရသည်။ ထို့ကြောင့် အစဉ်မပြတ်တည်ရှိခဲ့ပြီဖြစ်သော ရှေးဟောင်းမြို့နိုင်ငံကို အနော်ရထာမင်းလက်ထက်တွင် ပိုမိုစည်ကားတောင့်တင်းသည့် မြို့ကြီးအသွင် တည်ဆောက်ပေးခဲ့ခြင်းကြောင့် အညာပုဂံဟုပင်ဒေသခံတို့က မျိုးရိုးအစဉ်အဆက်မပြတ် လက်ဆင့်ကမ်းပြောကြားလာခဲ့ခြင်း ဖြစ်သည်။ တကောင်းသည် ပုဂံထက် ရှေးကျကြောင်း တွက်ဆနိုင်သည်။ တကောင်းမြို့သည် အနော်ရထာမင်းလက်ထက်သို့ ရောက်သောအခါတွင်မှ မြောက်ပိုင်းကျူးကျော်မှုများကြောင့် စစ်ရေးအရတည်ဆောက်ခဲ့ရသည့်ခံမြို့(၄၃)မြို့အပါအဝင် မြို့တစ်မြို့မျှသာဖြစ်သည်ဟုဆိုခြင်းမှာ မမှန်ကန်၊ တကောင်းအားစစ်ရေးသက်သက်မျှသာဆိုလျှင် အနော်ရထာမင်းသည် ရွှေစည်းခုံစေတီတော်၊

လေးမျက်နှာဘုရားကဲ့သို့ စေတီပုထိုးကြီးများကို တကောင်းမြို့၌ တည်ဆောက်စရာအကြောင်းမရှိ။ ထို့ထက် ပိုမိုလေးနက်သော အကြောင်းအရာများရှိသည်မှာအမှန် ဖြစ်ပါ၏။ အမှတ်(၁)မြို့ဟောင်းငယ်ကိုသာ လေ့လာကြည့်ရှု၍ပြောလျှင် ထိုသို့အဖြေထွက်မည် ဖြစ်သော်လည်း တကောင်းရွှေစည်းခုံအုတ်ခွက်၊ စဥ့်ခွက်များကိုအခြေခံ၍ ပြောဆိုကြမည်ဆိုပါက စည်ကားသောလူမှုအဖွဲ့အစည်းတစ်ရပ်မရှိပါဘဲနှင့် ဤမျှကြီးမားသောစေတီတော်ကြီးကို(စစ်ရေးသက်သက်မျှသာဆိုလျှင်) အနော်ရထာမင်းကြီးသည် အကြောင်းမဲ့တည်လုပ်ခဲ့မည်မဟုတ် ဟု ယူဆရသည်။ အနော်ရထာမင်းကြီးတည်လုပ်ခဲ့သည့်ခံမြို့-၄၃ မြို့အနက် တကောင်းသည် အထူးခြား၊ အလေးနက်ဆုံးမြို့အဖြစ် တွေးရှိကာ တည်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏အုပ်ချုပ်ရေးအရ စနစ်တကျဖြိုဖျက်ခဲ့ခြင်းကြောင့် တကောင်းသည် ဖရိုဖရဲဖြစ်ရသည်။

## တကောင်းနှင့်ပုဂံ

ဤရာဇဝင်ကျမ်းအဆူဆူလာ ရေးသားချက်များနှင့် မြန်မာတို့နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲမှတ်မှတ်သားသားပြောဆိုခဲ့ကြသော မောင်ပေါက်ကျိုင်း၊ မောင်တင့်တယ်၊ ပျူစောထီး၊ စူဠာသမ္ဘဝ မဟာသမ္ဘဝတို့အကြောင်းများနှင့် တကောင်းမြို့တွင် အနော်ရထာမင်းလက်ထက်က တည်ထားခဲ့သော ရွှေစည်းခုံစေတီတော်ကြီးတို့နှင့်ပတ်သက်၍ ဆင်ခြင်တွေးဆရ သော် တကောင်းနှင့်ပုဂံသည် ဧကန်ဧကခိုင်မာသော ဆက်သွယ်မှုရှိသည် ဟု ယူဆရသည်။ ဆက်သွယ်ရာတွင် တကောင်းကအစောအဦးရှိ၍ ပုဂံက နောက်ကျသည်။ အရိမဒ္ဒနပူရ၌ ပုဂံရွှေစည်းခုံရှိသလို တကောင်းတွင် တကောင်းရွှေစည်းခုံရှိ၏။ အရိမဒ္ဒနတွင်ပုဂံရှိသလို တကောင်းတွင်လည်း အညာပုဂံရှိသည်။ ပုဂံဆိုသော အမည်သည် ပျူများမိမိတို့ တစ်ကြိမ်က တကောင်းတွင် အသုံးပြုခဲ့သော ပျူဂါမ အမည်ကိုပင် ဆက်လက်အသုံး

ပြုပြန်သည်။ မိမိတို့၏မူရင်းအရပ်ဒေသ၏ အမည်နာမများကို သေသည် အထိစွဲမြဲတတ်ကြသည်မှာ လူ့သဘာဝပင် ဖြစ်သည်။ တကောင်းရွှေစည်းခုံ သည် မူလ အိန္ဒိယမှ ဆန်ချီထူပါပုံစေတီတော်ရှိ၍ ပုဂံထက်စောနိုင်၏။ နောင်တကောင်းသားတို့ ပုဂံကို ရောက်ရှိကြီးပွားကာ ရွှေစည်းခုံစေတီ တော်ကြီးကို တည်ပြီးသောအခါ မိမိတို့၏ ဘိုးဘွားများနေထိုင်ရာဒေသ တကောင်းတွင်လည်း အလားတူကုသိုလ်ကောင်းမှုပြုလိုစိတ် ဖြစ်ကြသည်။

ရန်ကုန်သို့ရောက်ရှိလာသူများကောင်းစားလျှင် မိမိတို့ဇာတိရပ် ရွာသို့ပြန်၍ အလှူဒါနပြုကြသည့်နည်းအတိုင်း ပုဂံသားတို့သည် တကောင်းသို့ပြန်၍ ကုသိုလ်ပြုရာ မူရင်းဆန်ချီထူပါပုံစေတီတော်ကို ငုံ၍ ရွှေစည်းခုံစေတီတော်ကြီးကို တည်ကြသည်ဟု ယူဆစရာရှိပါ၏။ ရွှေစည်းခုံ သည် တကောင်းကပုဂံထက်စောကြောင်းသက်သေသာဓက ဖြစ်ပါ၏။

နေရာထိုင်ခင်းအသစ်တွင် နေထိုင်ကြသူတို့သည် ဒုက္ခရောက် လျှင်သော် လည်းကောင်း၊ ကြွယ်ဝချမ်းသာလျှင်သော် လည်းကောင်း၊ နေရာဟောင်းမှဘိုးဘွားမိဘတို့ကို ဘယ်သောအခါမှမမေ့ကြ။ ပုဂံသားတို့ ချမ်းသာကောင်းစားချိန် ရွှေစည်းခုံကိုအညာပုဂံတွင် ပြန်တည်ခဲ့သလို ပုဂံသားတို့ ဒုက္ခကြီးငါးရပ်နှင့်ကြုံတွေ့သောအခါ တကောင်းမှပျူစောထီး ကလာရောက်၍ အန္တရာယ်များကိုရှင်းပေးခြင်းသည် တကောင်းနှင့်ပုဂံ အဆက်အဆံရှိကြောင်းကို ပြဆိုပါ၏။ ဘာအဆက်အဆံမှမရှိဘဲ ပျူစော ထီးသည် တကောင်းမှပုဂံသို့လာရောက် ကူညီစရာအကြောင်းမရှိ။ တကောင်းမှာလာ၍ ကူရသည်ဟူသောအချက်သည် ပုဂံထက်သာလွန်မှု ရှိကြောင်းကို ပြဆိုသည့်အချက်တစ်ချက် ဖြစ်ပါ၏။

တစ်ဖန်ပုဂံသားတို့သည် မောင်တင့်တယ် မင်းမဟာဂီရိနတ်ကို အလွယ်တကူလက်ခံကိုးကွယ်ခြင်းမှာ အကြောင်းမဲ့မဟုတ်။ လူတို့သည် မိမိကဝတ်ပြုကိုးကွယ်ရမည့်ကိစ္စတွင် မိမိထက်မသာလွန်ဘဲ ကိုးကွယ်မှုပြုရိုး

ထုံးစံရှိသည်မဟုတ်။ မင်းမဟာဂီရိနတ်သည် မိမိတို့အစဉ်အဆက်ဘိုးဘွား တို့နေထိုင်ရာတကောင်းမှလာသောကြောင့် အလွယ်လက်ခံကိုးကွယ်ခြင်း ဖြစ်သည်။ မောင်တင့်တယ်အား ကိုးကွယ်ခြင်း၏အခြားအကြောင်းတစ်ရပ် မှာ မောင်တင့်တယ်သည် မြန်မာ့သံခေတ်ကိုဦးဆောင်ခဲ့သူတစ်ဦးဖြစ် သည်။ သံခေတ်သည် ပုဂံမြို့ကြီးကိုစည်ပင်ထွန်းကားစေခဲ့သောကြောင့် ကျေးဇူးတရားကို သိတတ်ကိုးကွယ်မှုတစ်ရပ်လည်း ဖြစ်နိုင်သည်။

## ပုဂံပျက်သုဉ်းပြီးနောက်တကောင်း

ပုဂံခေတ်ပျက်သုဉ်းပြီးသည့်အခါ တကောင်းသည် ရှေးယခင် ကကဲ့သို့ စည်ပင်ခြင်းမရှိသော်လည်း မြန်မာ့လူနေမှုတည်ရှိခဲ့ကြောင်း ၁၃၆၄ (အေဒီ) နှစ်ထိုး ကျောက်စာအရသိရှိရသည်။ သက္ကရာဇ် ၇၁၆၊ မိဂသီနှစ်၊ ပြာသိုလဆန်း ၅ ရက်ကြာသပတေးနေ့ထိုးသော တကောင်း ရွှေစည်းခုံဘုရားကြီးအနီးမှ ရရှိသည့်ကျောက်စာတွင် -

**"သိန်ကပတိယ် ဆင်ဖြူရှင်မောင်နှံ့ လက်ယှက်တွယ်လျက် ရှုယ်နန်တက်သော၊ သဟေတေ၀မင်း၏ မွေ သတိုဝ်မင်းတကောင်း ပြည်ကိုင် အစိုင်မူသောအခါ၊ ပင်သတိုဝ်ယောက်ဖလက်ျာ. . . . မင်း ရှုကျောင်ကုဝ်မူသော". .**

စသည်ဖြင့်ဖော်ပြထားရာ ပင်းယခေတ်ထိုးကျောက်စာဖြစ်ပြီး သိန်က ပတိယ်(သိခ်ပတေ့) ဆင်ဖြူရှင်ဆိုသည်မှာ မြန်မာမင်းကြီးဖြစ်ပြီး သတိုဝ် မင်းက တကောင်းပြည်ကို အစိုးရကြောင်း၊ ၄င်း၏အဘိုးမှာလည်း သဟေ တေ၀မင်းဖြစ်ကြောင်း သိရှိရသည်။ မြန်မာ့လက်အောက်ခံ မင်းငယ်တစ် ပါးဟု ယူဆရပါသည်။ နောက်ပိုင်း မြန်မာမင်းများလက်ထက်တွင် မြို့စား၊ စော်ဘွား၊ မြို့ဝန်၊ မြို့စားမင်းသမီး၊ ရွာစားစသည်ဖြင့် အုပ်ချုပ်မှုအစဉ် မပြတ်တည်ရှိ၍ စည်ကားခဲ့ကြောင်းတွေ့ရပါသည်။

# နှောင်းခေတ်တကောင်းအုပ်ချုပ်မှုမှတ်တမ်း

| ခရစ်နှစ် | အုပ်ချုပ်သူအမည် | အုပ်ချုပ်ရေးအဆင့် |
|---|---|---|
| ပုဂံခေတ် | -- | မြို့သူကြီး |
| အေဒီ(၁၁-၁၃)ရာစု | သတိုဝ်းမင်း | ဟောတောဝမင်း၏မြေး |
| အေဒီ ၁၃၆၄ | သတိုဝ်းမင်း | ဟောတောဝမင်း၏မြေး |
| အေဒီ ၁၄၁၂ | ငနောက်ဆံ | မြို့စား |
| အေဒီ၁၄၇၆ | မိုးညှင်းမြို့စား | |
| အေဒီ ၁၅၅၂ | မဟာဓမ္မရာဇဂုရု (ဗေဒင်တတ်ပုဏ္ဏား) | ရွာစား |
| အေဒီ ၁၅၈၇ စက်တင်ဘာ ၁၈ | -- | မိုးမိတ်စော်ဘွား |
| အေဒီ ၁၆၀၇ | -- | မြို့စား |
| အေဒီ ၁၇၇၈ | နေမျိုးလက်ျာသီဟ | မြို့စား |
| အေဒီ ၁၇၈၂ | -- | မိုးမိတ်စော်ဘွား |
| အေဒီ ၁၈၄၆ | -- | မြို့ဝန် |
| အေဒီ ၁၈၆၀-၁၈၇၅ | သီရိသုမင်္ဂလာဒေဝီ | မြို့စားမင်းသမီး |
| အေဒီ ၁၈၇၆ | ဦးတေနောင် | လေးမြို့ဝန် |
| အေဒီ ၁၈၇၉ | ဦးဝိုင်း | သီးခြားမြို့ဝန် |
| အေဒီ ၁၈၈၅ | ဦးဖေ (မင်းလှမင်းထင်သမန္တစည်သူ) | ခြောက်မြို့ဝန် |

(ဒေါ်အေးအေးသင်းပြုစုသည့် "ဧရာဝတီအထက်မြစ်စဉ်မြို့ရွာများ၏ အခန်းကဏ္ဍ"မဟာဝိဇ္ဇာစာတမ်းမှ)

## ရှာသိမ်ရှာငယ်တကောင်းအဖြစ်သို့

ဗြိတိသျှတို့သည် တကောင်းကိုသမိုင်းထဲမှ ထုတ်ပစ်ခဲ့ရုံသာမက တကောင်းမြို့ကြီးကို ရွာသိမ်ရွာငယ်အဖြစ်သို့ ရောက်ရှိအောင်ပါဆောင်ရွက်ခဲ့၏။ ကုန်းဘောင်ခေတ်တွင် တကောင်း၊ မြတောင်၊ ကြံညှပ်၊ ဟသ်ာမော် အစရှိသောမြို့များသည် သီးခြားမြို့စား၊ မင်းသား၊ မင်းသမီးများ အုပ်ချုပ်သောမြို့များ ဖြစ်၏။ သို့မဟုတ် လေးမြို့ဝန်၊ ငါးမြို့ဝန် ခန့်ထားအုပ်ချုပ်သောမြို့များ ဖြစ်သည်။ ဗြိတိသျှတို့ ဧရာဝတီမြစ်အထက် မြစ်စဉ်မြို့များ၏ အုပ်ချုပ်ရေးကိုစတင်သော မှတ်တမ်းများအရ မြစ်စဉ်တစ်လျှောက်တွင် ဗြိတိသျှစစ်စခန်း ၃၀ ခန့်ချထားခဲ့၏။ တကောင်းမြို့၏ အောက်မိုင်-၂၀ ကြံညှပ်မြို့တွင် ပန်ဂျပ်တပ်မဟာ ၆ ကို ချထား၏။ တကောင်းသည်ရာဇဝင်အစဉ်အလာအရသာမက ထိုစဉ်အခါက ဝန်းသိုစော်ဘွားကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုဒေသလည်းဖြစ်၍ ဗြိတိသျှတို့ မျက်မုန်းကျိုးသောဒေသဖြစ်ခဲ့၏။

ဗြိတိသျှတို့သည် မိမိတို့အုပ်ချုပ်ရေးအတော်အတန် ကြွနေ့ရလာသောအခါ ကြံညှပ်၊ တကောင်း၊ ဟသ်ာမော်အစရှိသော မြို့များကို ရွာသူကြီးအုပ်ချုပ်သော ဇနပုဒ်အဖြစ်သို့ လျှော့ချခဲ့၏။ ဤသည်မှာ မြန်မာတို့၏ ဇာတိသွေးဇာတိမာန်ကို တမင်ချိုးနှိမ်ခြင်းဖြစ်၏။ ထိုဒေသများကို အုပ်ချုပ်သူအင်္ဂလိပ်တို့က ရန်ငြိုးရန်စလည်းထားရှိသောကြောင့် အချို့သောဒေသခံများ မိမိတို့ဒေသများကို စွန့်ခွာခဲ့ကြသောအခါ ထိုဒေသတွင်လူနေကြဲလာကာ နောက်ဆုံးရွာပျက်အဆင့်သို့ရောက်ရှိခဲ့ကြ၏။

သီပေါမင်းလက်ထက်က မြတောင်ဝန်လက်အောက်တွင် မြို့သူကြီးအဆင့်ရှိခဲ့သော တကောင်းသည်လည်း ဗြိတိသျှအုပ်စိုးမှုအောက်တွင် တံငါရွာ ရွာသိမ်ရွာငယ်ဘဝသို့ ရောက်ခဲ့ရ၏။

## တကောင်းမြို့အုပ်ချုပ်သူများ၊ မင်းတုန်းမှ ဗြိတိသျှခေတ်အကူးအပြောင်းအထိ

(ဒေါ်အေးအေးသင်း-မဟာဝိဇ္ဇာစာတမ်းမှ)

| ခုနှစ် | အုပ်ချုပ်သူအမည် | အဆင့် |
|---|---|---|
| AD ၁၈၅၉<br>မင်းတုန်းမင်းလက်ထက် | ဦးရွှေဦး | ငါးမြို့ဝန်လက်အောက်<br>မြို့သူကြီး |
| AD ၁၈၇၀-၁၈၈၀ | ဦးလူကြီး | ဝန်းသိုစော်ဘွားနှင့်<br>ပူးပေါင်းခဲ့သူမြို့သူကြီး |
| AD ၁၈၈၅<br>ဗြိတိသျှအုပ်ချုပ်ရေးစချိန် | မောင်ကျေး | သူကြီး(လာဘ်စားမှုဖြင့်<br>ထောင်ကျ) |
| ၁၈၈၇ နောက်ပိုင်း | မောင်ပိုက် | သူကြီး (ရွှေဘို<br>ကြေးနန်းရုံးစာရေး) |

ဗြိတိသျှတို့အုပ်ချုပ်ချိန်တွင် ဗြိတိသျှတို့က မျက်နှာသာမပေး၍ တကောင်းမြို့ရှိမြို့ခံလူများ အခြားဒေသများသို့ ပြောင်းရွှေ့သွားကြ၏။ ထိုအခါ ရှေးအခါက ကြက်ပျံမကျစည်ကားခဲ့သော တကောင်း၊ ကြံညှပ်ဒေသသည် ကျီးနှင့် ဖုတ်ဖုတ်ဆိုသကဲ့သို့ ခြောက်ကပ်လာကာ တကောင်းသည် အိမ်ခြေ ၃၀ မျှသာရှိတော့၏။ အိမ်ခြေ ၃၀ မျှသာရှိသော ရွာငယ်၏ ဘေးပတ်ဝန်းကျင်တစ်ခွင်တပြင်တွင် ခြုံနွယ်ပိတ်ပေါင်းများသာမက သစ်တောကြီးများဖုံးလွှမ်းကာ ရှေးအခါက တကောင်းသည် မင်းနေပြည်တော်ကြီးဖြစ်ခဲ့သည်ဆိုသောအချက်မှာ ဒဏ္ဍာရီသဖွယ်သာဖြစ်ခဲ့တော့သည်။ ဗြိတိသျှတို့သည် တကောင်းကိုဒဏ္ဍာရီထဲသို့ ပို့ခဲ့ကြသူများဖြစ်၏။ ဗြိတိသျှတို့ အုပ်ချုပ်ရေးအခြေကျလာသောအခါ တကောင်းသားတို့သည်

အင်းနှင့် တံငါလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကြောင်းပြုလာကြပြီး မန်ကျည်းကုန်း၊ ဆင်ညှပ်ကုန်း၊ ဖုန်ကုန်းအစရှိသော အနီးအနားမှရွာများသည်လည်း အိမ်ခြေ ၂၀ ထက်မပိုပဲ သစ်ခုတ်၊ ဝါးခုတ်၍သာအသက်မွေးကြ၏။ ဗြိတိသျှတို့သည် အိမ်ခြေ ၂၀-၃၀ မျှသာရှိတော့သော ရွာငယ်ဇနပုဒ်နေ ရွာသူရွာသားများအချင်းချင်း မတည့်အောင်လည်း သွေးခွဲခဲ့ကြ၏။ ဗြိတိသျှတို့၏သွေးခွဲမှုကြောင့် တစ်ရွာနှင့်တစ်ရွာလည်း မတည့်ကြ။ ဒေသခံလူကြီးသူမများ၏ပြောကြားချက်အရ တစ်ရွာနှင့်တစ်ရွာမတည့်ကြသောကြောင့် တကောင်းရွာသားများက မန်ကျည်းကုန်း၊ ဆင်ညှပ်ကုန်းရွာသားများအား အိုးတစ်လုံးနှင့် ဖျာတစ်ချပ်သာရှိသော သူများအဖြစ်-

**အိုးတစ်လုံး ဖျာတစ်ချပ်**
**မန်ကျည်းကုန်း ဆင်ညှပ်**

ဟု စာချိုးကြလေလျှင် ဆင်ညှပ်ကုန်းသားတို့ကလည်း တကောင်းသားတို့ကို-

**နီနီဝါဝါ၊ ဝတ်လို့လာ**
**ငါးထွေဖိုးလား၊ လိပ်ဖိုးလား**

ဟု ဆိုကြသည်ဟု ဆို၏။ တကောင်းသားများကို ငါးရှာ၊ ဖားရှာ၊ လိပ်ရှာ၍ ကြွားကြွားဝါဝါ ဝတ်စားလာသူများအဖြစ် ဆိုကြခြင်း ဖြစ်သည်။

တကောင်းရွှေစည်းခုံစေတီတော်ကြီး ပတ်ဝန်းကျင်မှာလည်း တောကြီးမြက်မည်းဖြစ်ကာ နွယ်ပင်များပင်လျှင် တိုင်လုံးခန့်ရှိလာ၍ ဘယ်သူမှ မသွားရဲသောဒေသကြီး ဖြစ်လာခဲ့၏။ တကောင်းပတ်ဝန်းကျင်တစ်ခုလုံး တောဖုံးကာရွာသိမ်ရွာငယ်ဘဝသို့ ရောက်ရှိသောအခါမှ ဗြိတိသျှ အာဏာပိုင်တို့သည် မြန်မာအစတကောင်းက ဆိုတာဒါပဲလား ဟု ရန်ကုန်ပညာတတ်အသိုင်းအဝိုင်းကို မြင်စေသောအခါ ဗြိတိသျှတို့ ပြောသမျှ ယုံကြည်ကြ၏။ တကောင်းပတ်ဝန်းကျင်၏ လူနေမှုအဆင့်ကို ကြည့်၍

ရန်ကုန်ပညာတတ်အသိုင်းအဝိုင်းက တကောင်းဆိုတာ ပုဂံခေတ်လက်အောက်ခံမြို့တစ်မြို့အဖြစ်သာ ကျေကျေနပ်နပ်လက်ခံလာခံကြ၏။ စောဒကတတက်သူ နည်းခဲ့သည်။

## မျိုးချစ်သမိုင်းဆရာများ

တကောင်းကိုအင်္ဂလိပ်တို့ကမည်သို့ပင် မျက်မာန်ရှနှိပ်ကွပ်စေကာမူ **"မြန်မာအစ တကောင်းက'**ဟု မြန်မာတို့ ဆိုရိုးကိုမြန်မာတို့ မမေ့ပျောက်ခဲ့ကြ။ "မြန်မာနိုင်ငံတွင် တကောင်းမင်းဆက် စတင်တည်ထောင်သည့်ခေတ်သည် မြန်မာနိုင်ငံ၏အစ ဖြစ်သည်။ တကောင်းကို BC ၆ ရာစုခန့်ကပင် မြို့ရွာတည်ထောင်နေထိုင်ခဲ့ကြသည်။ သင်းတွဲခေါ် တကောင်းပြည်ကိုတည်ထောင်သည့်အချိန်က မြန်မာနိုင်ငံအထက်ပိုင်းတွင် အရှေ့ဘက်၌ ပျူ အနောက်ဘက်၌ ကမ်းယံ၊ မြောက်ဘက်တွင် သက် ဧရာဝတီ၊ စစ်တောင်း၊ သံလျင်မြစ်ဝှမ်းတို့တွင် မွန်လူမျိုးများရှိနေကြသည်။ တကောင်းသို့ မဇ္ဈိမမှလာရောက်သော အဘိရာဇာမင်းဆက်တွင် ပထမမင်းဆက် ၃၃ ဆက်နှင့် ဒုတိယမင်းဆက် ၁၇ ဆက်စုစုပေါင်း မင်းဆက် ၅၀ အုပ်စိုးခဲ့ကြသည်"ဟု မျိုးချစ်သမိုင်းဆရာအစဉ်အဆက် မြန်မာရာဇဝင်ကျမ်းကြီး ကျမ်းငယ်များတွင်လည်း မပြောင်းလဲဘဲဆက်လက်ရေးသားခဲ့ကြ၏။

## အိမ်နီးချင်းနိုင်ငံကျမ်းများအဆို

"ရှေးဟောင်းဗုဒ္ဓဇာတကများ၊ ဂျိန်းဘာသာဝတ္ထုများ၊ ရာမယနအစရှိသော အိန္ဒိယကျမ်းများတွင် မြန်မာနိုင်ငံကို ကျောက်စိမ်း၊ ဘော်နှင့်ရွှေထွက်ရာအရပ်အဖြစ် လည်းကောင်း၊ ကုန်သွယ်ရန်အလို့ငှာ သင်္ဘောများလွှင့်သွားရာ အရှေ့ဒေသများတွင်ပါဝင်သည့်နိုင်ငံအဖြစ်လည်းကောင်းဆက်လက်ရေးသားဖော်ပြကြကြောင်း အခြေပြမြန်မာနိုင်ငံရေး

သမိုင်း စာမျက်နှာ ၁၄၅ တွင်ဆို၏။ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံသားတို့က အစဉ်အလာအားဖြင့် ဗရမာဒေရှ(ဝါ)ပရမဒေသ(ဝါ) ဗြဟ္မာဒေသ ဟုခေါ်ကြသည်။ BC ၂၈ မှစ၍ ယူနန်နှင့် အထက်မြန်မာနိုင်ငံကိုဖြတ်၍ အိန္ဒိယအရှေ့ဘက်တိုင်းတွင် တရုတ်ပြည်နှင့် ကုန်သွယ်ရေးလမ်းကြောင်း ရှိသည်။ ယခုတကောင်းတစ်နေရာတည်း မဟုတ်ဘဲတကောင်းအနီးအနား ပတ်ဝန်းကျင်တွင် ဟတ္ထိပူရမည်သောထီးနန်းမြို့ပြအသစ် တည်ရှိသည်” စသည်ဖြင့် ရေးသားချက်များကို ဆက်လက်ရေးသားမြဲ ရေးသားခဲ့ကြ၏။

## မှန်နန်းမတိုင်မီကတကောင်း

တကယ်တော့ ကိုလိုနီသမိုင်းဆရာတို့ပြောသလို မှန်နန်းကရေးသားတော့မှ မြန်မာတို့သည် တကောင်းကိုအလေးထားခဲ့သည် မဟုတ်။ မှန်နန်းမရေးသားမီ ၄၃၇ နှစ်တွင် မင်းကြီးစွာစော်ကဲသည် ရေကြောင်းဖြင့် တကောင်းသို့ ခမ်းနားသိုက်မြိုက်စွာချီတက်ခဲ့ရာ မင်းကြီးစွာ၏ ခရီးကို “မင်းချင်းလေ. . . ”အစချီဖေါင်ငင်အန်ချင်းရေးသားခဲ့ပါ၏။ တစ်ဖန် မှန်နန်းမရေးသားမီ နှစ်ပေါင်း ၄၂၀ ကလည်း မွန်ဘုရင်ရာဇာဓိရာဇ်သည် ဟံသာဝတီမှ ဧရာဝတီမြစ်ကြောင်းအတိုင်း တကောင်းအထိ သွားခဲ့သော သာဓကရှိပါ၏။ တကောင်းသည် ရွာသိမ်ရွာငယ်ဇနပုဒ်ဖြစ်ပါက မင်းကြီးစွာနှင့် ရာဇဓိရာဇ်ကဲ့သို့သောဘုရင်များသည် တကူးတကသွားရောက်ကြမည်မဟုတ်။ သွားရောက်စရာအကြောင်းမရှိပေ။ တကောင်းတွင် တစ်ခုခုတော့ရှိနေပါမည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီးဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကို စုစည်းတည်ထောင်ချိန်တွင် ဧရာဝတီအထက်မြစ်စဉ်မြို့ရွာများနှင့် ရှမ်းပြည်တလွှားဒေသများသို့ ချီတက်တော်မူစဉ် တကောင်းမြို့တွင် ယာယီနန်းစိုက်တပ်မ

ချကာ အောင်စေတီကိုတည်တော်မူခဲ့၍ အောင်မြေနင်းခဲ့၏။ တကောင်းတွင် အလောင်းမင်းတရားကြီး အောင်စေတီတည်ထားခဲ့ခြင်းမှာ တစ်ခါက တကောင်းမြို့ကြီးသည် မြန်မာ့ဦးစွန်းဖြစ်ခဲ့ရသည်ကို အသိအမှတ်ပြု၍ အောင်ပွဲခံရန်ရည်သန်စိတ်ဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်တို့သည် တကောင်းနှင့်ပတ်သက်၍ မည်သို့ပင်ဇာတိသွေး ဇာတိမာန်ကိုချိုးနှိမ်ခဲ့ပါသော်လည်း မြန်မာတို့သည် တကောင်းကို မမေ့စတမ်းတည်း။

# အခန်း(၈)
# ချေင်းထဲကတကောင်း

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဘုရင်သည်တိုင်းနိုင်ငံပြည်သူနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ကိုယ်စားပြုသူဖြစ်၏။ ဘုရင်သည် အလွန့် အလွန်ပင် အရေးကြီးသည်။ ဥပမာအင်္ဂလိပ်တို့သည် သီပေါဘုရင်အားနန်းချလိုက်ရုံမျှနှင့် တိုင်းပြည်ပါဆုံးရ၏။ ဤသည်မှာ ဘုရင်သည် အချုပ်အခြာအာဏာ၊ နိုင်ငံနှင့်ပြည်သူတို့ ကိုယ်စားပြုတည်ရှိခြင်းကြောင့် ဖြစ်၏။ ဘုရင်ဆုံးရှုံးလျှင် တိုင်းနိုင်ငံပါ ဆုံးရှုံးရသည်။ ထို့ကြောင့် ဘုရင်များတွင် အခြားသောတာဝန်များအပြင် အိမ်ရှေ့မင်းရွေးချယ်မှု တာဝန်၊ ထီးရိုက်နန်းရာဆက်ခံမည့်သူကို စနစ်တကျရွေးချယ်ရသည့် တာဝန်ရှိ၏။ ကျန်စစ်မင်းသား မင်းကြီးကိုကြည့်ပါက ထီးမွေနန်းရာဆက်ခံမည့်သူကို စနစ်တကျရွေးချယ်မှုပြုသည်။ အလောင်းစည်သူမင်းသည် မိမိအရိုက်အရာဆက်ခံမည့်သူကိုစနစ်တကျ ရွေးချယ်မှုကြိုတင်စီမံမှုမရှိ၍ တိုင်းပြည်နိုင်ငံရေး ပြည်သူနှင့်မိမိပါဒုက္ခရောက်ရ၏။ ဘုရင်များသည်

အရိုက်အရာဆက်ခံမည့်သူကို ကလေးဘဝထဲက ပြုစုကြရ၏။ ချင်းများသည် ဘုရင့်သား၊ ဘုရင့်သမီးတို့အား ငယ်စဉ်ပုခက်တွင်းမှစ၍ ချော့သိပ်သော သင်ကြားစာ၊ သီချင်းများဖြစ်၏။ ထိုချင်းများဖြင့် 'အမောင် . . . အမောင်သည် . . . . မဟာသမတမင်းမှစ၍ တန်ခိုးလက် ရုံး ပြည့်စုံသော မင်းရိုးမှ ဆင်းသက်လာသူ ဖြစ်သည်။ မောင်တို့မျိုးရိုးသည် သာကီဝင်မျိုး ဖြစ်သည်။ မောင့်ဖခင်ပိုင်ဆိုင်သော နိုင်ငံတော်သည် အရှေ့လားသော် စိမ့်တိုင်း၊ တောင်သို့လားသော် သမုဒ္ဒရာတိုင် ရှိ၏။ မောင်တို့ မျိုးရိုးစဉ်ဆက်သည် တရားနှင့်အညီအုပ်စိုးခဲ့သောမျိုးရိုးဖြစ်၍ မောင့်ဘိုးဘေးတော်သူတို့သည် ယိုးဒယား၊ ဇင်းမယ်၊ အာသံနှင့်မဏိပူရတို့ အောင်နိုင်ခဲ့သူတည်း"စသည်ဖြင့် ရွတ်ဆို ချော့သိပ်ကြ၏။ ထို့ကြောင့် ချင်းတို့သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဇာတိသွေးဇာတိမာန်ကို ပြုစုပျိုးထောင်သော အရေးကြီးသည့် ရာဇဝံသ တေးကဗျာများ ဖြစ်၏။

မြန်မာတို့၏ ဇာတိသွေးဇာတိမာန်ကို ပြုစုသော စာစုများဖြစ်သည်။ ထိုမျှအရေးကြီးသော ချင်းစာများတွင် တကောင်းမပါဝင်ပါက မပြီးပေ၊ မြန်မာသမိုင်းအစဉ်အလာကို မဟာသမတမင်းနှင့် တကောင်းမှ စကြသည်ချည်း ဖြစ်ပါ၏။

မြန်မာ့သမိုင်းတွင် ချင်းများစွာ ရှိပါ၏။
ယင်းတို့မှာ -

ပလိပ်စားချင်း
ရခိုင်မင်းသမီးချင်း
သခင်ထွေးချင်း
မင်းတရားရွှေထီးချင်း
မင်းတရားရွှေထီးနားတော်သွင်းချင်း
မင်းတရားမယ်တော်ချင်း
နတ်ရှင်မယ်တော်ချင်း
မဟာဥပရာဇာချင်း

မင်းရဲကျော်စွာစုန်ချောင်း
သခင်ကြီးချောင်း
ယိုးဒယားမိဖုရားချောင်း
မင်းရဲနရာချောင်း
မင်းရဲဒိဗ္ဗချောင်း

စသည်ဖြင့်ချောင်းများရှိရာ -

**တပင်ရွှေထီးချောင်းတွင်**

တရားဓမ္မအာသောကနှင့် ရင့်လှသမ္ဘာဝ
ဒုဋ္ဌာဂါမဏိ၊ ဘုန်းရှိမကြွင်း
ထွန်းဝင်းစက်ရောင်၊ လုံ့ပုံ့ဆောင်ထား
ဒွတ္တပေါင်မင်းမြတ်၊ ပျူစောထွက်တို့ . . .

ဟု ပါရှိ၏။ အမောင်သည် အခြားသူမဟုတ် လုံ့ပုံ့ကိုပိုင်စိုးသော ဒွတ္တပေါင် မင်းမြတ်၊ ပျူစောထီးမင်းတို့၏မျိုးရိုးတည်းဟု တကောင်းကိုအမွှမ်းတင်၍ ချောင်းကို သီဖွဲ့မှုဖြစ်ပါ၏။

**တစ်ဖန် သခင်ကြီးချောင်းတွင်**

မဟာသမ္မတ၊ မန္ဓာတ်စသား၊
သကျရှစ်သောင်း၊ တလျှဉ်နှောင်းတုံ၊
တကောင်းသတိုး၊ အုပ်စိုးနန်းမြေ
ခြောက်ဆက်နေပြီး၊ သရေခေတ္တရာ
တည်လာရှေ့ဆောင် ဒွတ္တပေါင်တို့၊
မရိမဒ္ဒနိုက်၊ သတ်စရန်မီး
ပျူစောထီးကား . . . ဟုပါရှိ၏။

သကျသာကီဝင်ရှစ်သောင်းအနွယ်တို့က တကောင်းသို့ရောက်ရှိလာပြီး နောက် သရေခေတ္တရာ၊ အရိမဒ္ဒနာအစရှိသည်တို့တိုင် ဆက်နွယ်ပြီးလာခဲ့ သည်မှာ မောင်အထိပင်ဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်၏။

## ဘုရင့်နှမတော်ချောင်းတွင်

မဟာသမ္မတ၊ ပဝရမှ
သကျရှစ်သောင်း နှောင်းကားပျူမင်း၊
စဥ့်မယွင်းတည့် . . .

ဟု ပါရှိသည်။

## ပလိပ်စားချောင်းတွင်

မဇ္ဈေတိုက်မှ၊ ထွက်စိုက်ရာဟောင်း၊
လေးကြိမ်လောင်းသား၊ တကောင်းထောင်ထား၊
နရဖျားက၊ ဆက်ပွားစီးလျက်
နန်းစဥ်စိုးနေ၊ သတိုးရွှေဟု၊
မြို့တေထွန်းဝင်း၊ ထိုသည့်မင်းလျှင်
ဆောက်နှင်းယောက္ခ၊ အိမ်ရှေ့ရကား၊
ပြည်မရန်မီး၊ တောဝက်ကြီးကို
ဖမ်းဆီးတုံ့လှည့်၊ သတ်လေတည့်သည်၊
စုံပြည့်တည့်မနှေး၊ လက်နက်ပေးနှင့်

ဟု ပါရှိ၏။

## မင်းတရားမယ်တော်ချောင်း အပုဒ် ၄၆ တွင်

ရှင့်သရန်းငူး၊ ငစဥ့်ကူးကံ၊
ပွဲဦးပွဲနှောင်း၊ လက်နက်ပေါင်း၍
တကောင်းမလယ်၊ ရှမ်းပြည်ဝေးရပ်
ကြံညှပ်မြတောင်၊ နှံ့အောင်ဖွေရှာ၊
ကမ်းသီတာနှင့် ကသာဝန်းပတ်၊
ဆော်ခတ်စဥ့်မောင်း

ဟူ၍ ရေးသားထားသည်ကို တွေ့ရပါ၏။

ကမ်းသီတာမြို့အမည်ပါရှိသည်ကို မှတ်သားဘွယ်ရာရှိ၏။

မြန်မာလူ့အဖွဲ့အစည်းတွင် တိုင်းပြည်အုပ်ချုပ်မည့်သူ၏ စိတ်ဓာတ်ကို မျိုးချစ်စိတ်ရှင်သန်အောင်ပြုစုပျိုးထောင်ပေးသော အစဉ်အလာသည် ယင်းရာဇဝံသခြင်းရာ ချေင်းများတွင် တကောင်းပါရှိခြင်းသည် တစ်ကြိမ်တစ်ခါက တကောင်းဆိုသောမြို့ပြကြီး တကယ်ရှိခဲ့သည်ကို ရည်ညွှန်းရေးသားခြင်း မည်၏။ ဇနပုဒ်တမျှသာရှိသော တကောင်းဆိုပါက ချေင်းတွင်ထည့်သွင်း၍ ရေးသားမည်မဟုတ်ပါ။

ချေင်းများအနက် အဟောင်းဆုံးချေင်းဖြစ်သော အဒူမင်းညို၏ ရခိုင်မင်းသမီး ချေင်းအပိုဒ်- ၇ တွင်

သားပုမြေးချယ်၊ စဉ်တကယ်တွင်
ငါးဆယ့်လေးဆောင် ဖြူရောင်ထွန်းလွန်၊
ကျိန်းခန်းကန်မှ၊ ဘေးမွန်ကြီးစွာ
ကံရာဇာလျှင်၊ ပဉ္စနာရီ၊
နတ်ဒေဝီနှင့်၊ တိမ်ဆီမိုးဆောင်း
တောင်ကျောက်ပန်းတောင်း၊ နတ်တန်ဆောင်း၌

ဟု ပါရှိသည်။

**ရာဇဝံသတေးကဗျာတွင်ကား**

ဒေဝဒဟ၊ ကပိလနန်းတည်၊ ကောလိယတွင်မည်
သုံးရွှေပြည်ပျက်က၊ ကောလိယနေရှိန်တွင်
သားရန်နိမ်၊ ဘုန်းသစ်တောက်ပ
မင်းအဘိရာဇာငယ်၊ မဇ္ဈိမဒေသ
ဝန်းကိုးရာမဏ္ဍလမှ၊ သက်ဿမည်သာ
သင်းတွဲပြည်၊ တကောင်းသို့ ပြောင်းခဲ့၍
မြို့သစ်တည်လာ၊ ထိုမင်း၏ သည်းချာ
ကံရာဇာနှောင်း၊ မွေးတဲ့ ရင်သွေးတော်၊
ဇမ္ဗူဒီပါ မင်းသည်းချာ . . . .

စသည်ဖြင့် သာကီဝင်မင်းမျိုးအဘိရာဇာသည် မဇ္ဈိမဒေသကိုစုန်၍ သင်းတွဲ၊ တကောင်းသို့ရောက်ရှိကာ မြို့ပြပြည်ရွာထောင်စိုးစံကြောင်း ဖော်ပြထားပါ၏။

မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)က သူ၏တကောင်းရှေးပြည်စာအုပ်တွင် တကောင်းနှင့်ပတ်သက်၍

မော်လမြိုင်တောင်ပေါက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သံဃမဟာနာယက၊ ဝဇီယာဓိက မကာပါမောက္ခ ဘဒ္ဒန္တစက္ကပါလက အောက်ပါအတိုင်း ရေးသားခဲ့သည်ကို ဖော်ပြထားသည်။

"သကျဝံသသာကီနွယ်နှင့် မြန်မာစကားအချင်းချင်း နီးကပ်လျက်ရှိကြောင်း၊ ၎င်းတို့ ကိုးကွယ်ဆည်းကပ်ရာ ဘာသာအယူနှင့် ငါတို့မြန်မာလူမျိုးများ ဘာသာအယူ ဗုဒ္ဓဘာသာချင်းထပ်တူရှိသည်ကို ငါတို့ကိုယ်တိုင်သိရှိရခြင်းအားဖြင့်လည်းကောင်း၊ နေပါလ်နိုင်ငံကပိလဝတ်ပြည်မှ ငါတို့မြန်မာနိုင်ငံ အညာပဉ္စာတကောင်းစသော ပြည်များသို့ ကုန်းကြောင်းခြေလျင်လွယ်ကူစွာနှင့် သွားလာပေါက်ရောက်နေသော တောကြီး၊ တောင်ကြီး၊ ပင်လယ်ကြီးများ မရှိသဖြင့် ကုန်းကြောင်းခြေလျင်လွယ်ကူစွာနှင့်သွားလာပေါက်ရောက်နိုင်သော အခြေအနေကို ငါတို့ကိုယ်တိုင်မြေပုံများ၌ ကြည့်ရှု၊ ငါတို့ကျောင်းတိုက်အတွင်းရှိ နေဝါရီလူမျိုးများနှင့် နှီးနှောမေးမြန်း၍ သိရှိရခြင်းအားဖြင့် လည်းကောင်း၊ ငါတို့ မြန်မာများသည် သာကီဝင်အမျိုးအနွယ်အဆက်မှ ဆင်းသက်၍လာခဲ့သော လူမျိုးများဖြစ်ကြောင်း ကောင်းစွာ မှတ်တမ်းတင်၍ စီရင်ရေးသားထားခဲ့ကြပေသော ရာဇဝင်ကျော်၊ မဟာရာဇဝင်တော်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်အသစ်၊ မှန်နန်းရာဇဝင်တော်ကြီးစသော ရာဇဝင်ရေးရှေ့ဆရာကြီးများ၏ ကတိဟာသစကားကို ယုံမှားမဖက်လေးနက်ခိုင်ခန့်စွာ ယုံကြည်မှတ်သားထိုက်ကြပေသည်။ မှတ်ကြလေ" ဟုပါရှိ၏။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ရွှေကျင်နိကာယ ဒုတိယဥက္ကဋ္ဌကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသက ရတနာ ဂုဏ်ရည်ကျမ်းစာမျက်နှာ ၃၁၅ တွင်-

'ကပိလဝတ်နေပြည်တော်ကား ယခုအခါ အိန္ဒိယမြောက်ပိုင်း၊ နီပေါလ်နယ်အတွင်းမှာ ရှိ၏။ ဟိမဝန္တာနှင့် တော်တော်နီးသတဲ့၊ ထိုစဉ်က ကပိလဝတ်နေပြည်တော်ကို သုဒ္ဓေါဒနမဟာရာဇာသည် မာယာဒေဝီ၊ ဂေါတမီဟူသော ညီမတော်နှစ်ပါးကို သိမ်းပိုက်၍ စိုးစံတော်မူလေသည်။ ကမ္ဘာ ဦးကမင်းမျိုးအစဉ်အဆက်မှ ဆင်းသက်လာခဲ့သော သာကီဝင်မင်းမျိုးဖြစ် ၍၊ အမျိုးအားဖြင့် အမြတ်ဆုံးဟု ထင်ရှားကျော်စောလေသည်။ မြန်မာများကလည်း ထိုသာကီဝင်မင်းမျိုးနှင့် အဆက်အနွယ်တူသည်ဟု ရာဇဝင်က ယူရုံသာမက လူပုံပန်းနှင့်အချို့စကားလုံးများသည် ခပ်ဆင်ဆင်ဖြစ်ပုံကို ထောက်၍ ယုံမှားမရှိသင့်'ဟု ရေးသားထား၏။

## အခန်း(၉)
## မြန်မာအစကျောက်ဆည်က

ကိုလိုနီနယ်ချဲ့သမားတို့သည် မြန်မာသမိုင်းအားအမြင်မှားဖြင့် ရေးသားခဲ့ကြသည်။ **"မြန်မာအစတကောင်းက"**ကဟူသော အယူအဆသည် မြန်မာတို့၏ မျိုးချစ်စိတ်ကို အစဉ်ထာဝရအညွန့်တလူလူရှိခဲ့သောကြောင့် မြန်မာမျိုးချစ်စိတ်ကိုချိုးနှိမ်ရန် တကောင်းကိုသေးသိမ်အောင်ဆောင်ရွက်၏။ မြန်မာသမိုင်းမှ တကောင်းဆိုင်ရာဖြစ်ရပ်များကို ပုံပြင်များဒဏ္ဍာရီများဟု သဘောထားကာ တကောင်းကိုပယ်၍ မြန်မာသမိုင်းကို အနော်ရထာလက်ထက်တွင်မှ စခဲ့ကြ၏။

သို့သော်လည်းမြန်မာတို့သည် တကောင်းကိုမမေ့ပျောက်ခဲ့ကြသည် မဟုတ်။ မမေ့ပျောက်ရုံသာမက မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင်

**"သခင်မျိုးဟေ့ ဒို့ဗမာ**
**သာကီဝင်မျိုးဟေ့ ဒို့ဗမာ"**

ဆိုသော ကြွေးကြော်သံများကိုကြွေးကြော်လာကြသောအခါ ယင်းတို့သည် တကောင်းကို ဒဏ္ဍာရီထဲသို့ဆွဲသွင်းရုံသာမက မြန်မာကိုပါ မြန်မာ့သမိုင်းမှ ဖျောက်ဖျက်ရန် စတင်ကြိုးစားခဲ့ပါ၏။

ထိုမှဆက်၍ ကိုလိုနီနယ်ချဲ့သမားတို့သည် **"မြန်မာအစကျောက်ဆည်က"**က ဟူသောအယူအဆကို ရဲရဲတင်းတင်းသွတ်သွင်းလာခဲ့ကြပါ၏။ မြန်မာအစကျောက်ဆည်ကဆိုသော အယူအဆသည် မြန်မာတို့ လွန်ခဲ့သောနှစ်ပေါင်း-၈၀၀ ခန့်ကမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည်ဆိုသော အယူအဆဖြစ်ပါ၏။ ထိုအယူအဆကို စတင်ခဲ့သူသည် ရန်ကုန်တက္ကသိုလ်အရှေ့ဖျားတိုင်း ရာဇဝင်ပေါမောက္ခဆရာကြီး ဂျီအိတ်ချ်လုစ် ဖြစ်၏။

ဆရာကြီးလုစ်က ၁၉၃၁ ခုနှစ်တွင် ပုဂံဆက်အောက်မြန်မာနိုင်ငံပထဝီဝင်ဟူသော အကြောင်းကို ပြောကြားရာတွင် ပုဂံခေတ်မြို့ရွာများ၏ တည်နေပုံကို၊ ကျောက်စာများမှပေါ်ထွက်လာသည့်အတိုင်း ဖော်ပြပြီးနောက်

'မြန်မာတို့၏ ဖြစ်ကောင်းဖြစ်မည့် ရင်းမြစ်၊ သူတို့၏နန်းစောပြည်နှင့် အဆက်အသွယ် သူတို့၏မြောက်ပိုင်းရှမ်းပြည်မှ မြန်မာပြည်မြေလွတ်လွင်ပြင်များအတွင်းသို့ကန္တာရုံးသက်နှင့် စကောလူမျိုးတို့ဖြတ်သန်းကာ ဝင်ရောက်လာဟန်ရှိသည်ကို စဉ်းစားဆင်ခြင်သော် မြစ်သားတစ်ဆယ့်တစ်ခရိုင်ခေါ် မြစ်သား(ဝါ)ကျောက်ဆည်နယ်သည် မြန်မာတို့၏ မြန်မာပြည်အတွင်း ရှေးဦးနေထိုင်ခဲ့ရာဒေသဖြစ်သည်"ဟုပြောကြား၏။ ဤ ထင်မြင်ချက်သည် အတွေးသက်သက်သာပါဝင်သည်ကို သင်တို့သိမြင်ပေမည်။ ဤယူဆချက်အားလုံး မှားကောင်းမှားပေမည်။ သို့ရာတွင် တကယ်အချက်အလက်တို့နှင့် ထို့ထက်ပြည့်စုံစွာကိုက်ညီသည့်ယူဆချက်ကို ကျွန်ုပ်ဖြင့်ရှာ၍မတွေ့ပါ'ဟူသောစကားဖြင့် နိဂုံးချုပ်ထားပါ၏။ ထိုအချက်က မြန်မာအစ ကျောက်ဆည်မြစ်သားလွင်ပြင်ကဆိုသောအချက်ကို သွေးတိုးစမ်း၍ ချပြခဲ့ခြင်း ဖြစ်ပါ၏။ ပထမအကြိမ်သွေးတိုးစမ်းပြီးနောက် ၁၉၄၀

ပြည့်နှစ်သို့ရောက်သောအခါ ပါမောက္ခဆရာကြီး လုစ်က Economic Life of the Early Burma ဆိုသောခေါင်းစဉ်ဖြင့် မြန်မာတို့၏စီးပွားရေးဘဝကို ဟောပြောရာတွင် -

**“မြေပြန့်လွင်ပြင်တွင် မြန်မာတို့ရှေးဦးစွာ နေထိုင်ခဲ့ရာဒေသသည် ကျောက်ဆည်နယ်ဒေသဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိ”**ဟု ကြေညာပါတော့၏။

ကျောက်ဆည်တွင် မြန်မာမဝင်လာမီက မွန်တို့၏ဒေသဖြစ်သည်။ မြန်မာတို့ဝင်ရောက်လာပြီးနောက် ထိုဒေသတွင် မြန်မာများနှင့် မကြာမီပြည့်လျှံလာပြီး မြန်မာတို့သည် ကျောက်ဆည်မှတောင်၊ မြောက်၊ အနောက်သို့ ယပ်တောင်သဖွယ်ကားပြန့် ထွက်ကာသွားသည်ဟု ဆက်၍ဆို၏။

ဤသို့ဖြင့် **မြန်မာအစ ကျောက်ဆည်မြစ်သားက** ဆိုသောအယူအဆသည် စတင်ပေါ်ပေါက်လာ၏။ မြန်မာအစ ကျောက်ဆည်က ဟူသော ပါမောက္ခဆရာကြီးလုစ်၏ အယူအဆကို မြန်မာပညာရှိကြီး ဦးဖိုးလတ်သည် စတင်၍ ကြားသိလျှင်သိခြင်း လက်မခံဘဲ တုန့်ပြန်မှုပြုခဲ့၏။ ဆရာကြီးဦးဖိုးလတ်သည် ကျောက်ဆည်လွင်ပြင်သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ခါ ဆရာကြီးလုစ်၏ ပြောကြားချက်တွင်ပါဝင်သောမွန်ရွာများကို လေ့လာသည်။ လေ့လာပြီးသောအခါ ကျောက်ဆည်ရှိမွန်ရွာများကို ရှေးအစဉ်အဆက်တည်းကရှိခဲ့သော ရွာများမဟုတ်ဘဲ အခြားဒေသတို့မှ ပြောင်းရွှေ့လာကြသော ရွာများဖြစ်ကြောင်း ဦးဖိုးလတ်ကဆရာကြီးလုစ်ထံ စာရေး၍ အကြောင်းကြား၏။

ထို့နောက် ဆရာကြီး ဦးဖိုးလတ်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်စဉ် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က ပုဂံတွင်ကျင်းပသော ပုဂံရက်သတ္တပါတ်သုတေသနပွဲတွင် မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကို တရားဝင် ကန့်ကွက်သည်။ ဆရာကြီးဦးဖိုးလတ်က ပုဂံရက်သတ္တပတ် သု

တေသနပွဲ၌ ရှေးဟောင်းယဉ်ကျေးမှုများနှင့် ယဉ်ကျေးမှုတည်နေရာဌာနများဟောကြားချက်တွင် ပါမောက္ခဆရာကြီးလှစ်၏အဆိုနှင့် ပတ်သက်၍

"မြန်မာလူမျိုးတို့သည် မြောက်ဖက်မှဆင်းသက်လာပြီးနောက်၊ မြန်မာပြည်မြောက်ပိုင်းတွင် ကတူးလူမျိုးတို့ လွှမ်းမိုးကြီးစိုးနေခြင်းကြောင့် ဧရာဝတီမြစ်အတွင်းသို့ဆင်းသက်ခြင်းမပြုနိုင်ဘဲ ရှမ်းပြည်ကုန်းပြင်မြင့်ကြီး တစ်လျှောက်တောင်များကို ဖြတ်ကျော်သွားပြီးလျှင် ကျောက်ဆည်နယ်သို့ ရောက်မှပင်တောင်ပေါ်မှ မြေနိမ့်အရပ်သို့ ဆင်းသက်လာကြသည်။ ကျောက်ဆည်နယ်မှသာလျှင် မြန်မာပြည်အရပ်ရပ်သို့ ယပ်တောင်သဖွယ် ဖြာထွက်သွားကြသည်ဟူသော အယူအဆသည် ယုတ္တိမလုံလောက်။ သဘာဝဓမ္မနှင့်ဆန့်ကျင်သည်ဟု ယူဆရန်ရှိသည်။ လွန်စွာ ယဉ်ကျေးမှုအဆင့်အတန်း တန်ခိုးကြီးလျက်ရှိသော ပျူလူမျိုးတို့ကိုပင် လွှမ်းမိုးသွားနိုင်သော မြန်မာတို့သည် ပျူလူမျိုးတို့ကဲ့သို့ ယဉ်ကျေးမှုလည်းမရှိ၊ တိုင်းနိုင်ငံတည်ထောင်ထားမှုလည်းမရှိသော ကတူးလူမျိုးတို့ကို ကြောက်ရွံ့သဖြင့် ဧရာဝတီမြစ်ဝှမ်းအတွင်းသို့ မဆင်းသက်နိုင်ဘဲ ရှောင်သွားရသည်ဆိုသည်မှာ ယုတ္တိမတန်လှချေ"ဟု ဟောပြောခဲ့၏။

(ပုဂံရက်သတ္တပတ်စာတမ်း စာမျက်နှာ ၂၃)

ထိုသို့ ကန့်ကွက်မှုရှိသော်လည်း ပါမောက္ခဆရာကြီးလှစ်၏ မြန်မာအစ ကျောက်ဆည်က ဟူသောအယူအဆသည် ပိုမိုခိုင်မာလာပြီး၊ ၁၉၆၆ ခုနှစ်က ပထမအကြိမ်ရိုက်နှိပ်သော မြန်မာစွယ်စုံကျမ်းအတွဲ၁၀၊ စာမျက်နှာ ၂၃၄ မြန်မာနိုင်ငံသမိုင်းဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြရာတွင်ပင်

"ခရစ်နှစ်အေဒီ ၈၀၀ လောက်တွင် မြန်မာနှင့် မြန်မာအနွယ်ဝင်တို့သည် သံလွင်မြစ်ကြောင်းကိုလိုက်၍ ကျောက်ဆည်မြို့အရှေ့တောင်ဖက်ရှိ နတ်ထိပ်တောင်ကြားလမ်းမှ မြန်မာတို့ဝင်ရောက်လာသောအခါ သက်နှင့် ကဒူးတို့သည် မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ တကောင်းပြည်၌ လည်းကောင်း၊ ရှေးရခိုင်တို့သည် မြောက်အရပ်ရှိဝေသော

လီပြည်၌ လည်းကောင်း၊ မွန်တို့သည် တောင်ဘက်ပင်လယ်ကမ်းခြေရှိ သထုံပြည်၌ လည်းကောင်း၊ ပျူတို့သည် ယခုခေတ်ပြည်မြို့၏ အရှေ့ဖက် မှော်ဇာရွာတည်အရပ်ရှိ သရေခေတ္တရာပြည်၌လည်းကောင်း နေထိုင်လျက် ရှိကြပြီး”ဟု ဖော်ပြခဲ့၏။

ပါမောက္ခလုစ်၏အသိုင်းအဝိုင်းသည် ရန်ကုန်တက္ကသိုလ်နှင့် ပညာတတ်နယ်ပယ်တွင် အလွန်မှ သြဇာကြီးလှကား မြန်မာအစကျောက် ဆည်ကဟူသော အယူအဆသည် တက္ကသိုလ်ပညာတတ်အသိုင်းအဝိုင်း တွင် ပိုမို၍ အခိုင်အမာဖြစ်လာ၏။ ထိုအယူအဆကို လက်ခံမှခေတ်မီသည့် သဘော ရန်ကုန်တက္ကသိုလ်အသိုင်းအဝိုင်းတွင် ဝင်ဆန့်သည့်သဘောပင် ရှိလာ ၏။ ထိုသို့ဖြစ်လာရုံသာမက၊ တက္ကသိုလ် ခေတ်ပညာတတ် အသိုင်းအဝိုင်း မှထုတ်ဝေသော ဂျာနယ် သုတေသနစာတမ်း၊ စာအုပ်များတွင် မြန်မာအစ ကျောက်ဆည်ကကို အတည်ပြုပြောလာကြ၏။ ထိုမျှသာမက စာပေဗိမာန် ထုတ် ပြည်ထောင်စုသမိုင်းပုံပြင်များ ကျောင်းသုံးစာအုပ်နယ်ပယ်တွင် ပါ နတ်ထိပ်တောင်ကြားမှ မြန်မာတို့မြင်း များနှင့် ဝင်ရောက်လာပုံပန်းချီများ နှင့် ဖော်ပြလာကြသည်။

ဆက်လက်၍ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လဆန်းတွင် ရန်ကုန် တက္ကသိုလ် မြန်မာနိုင်ငံ သုတေသနအသင်းမှ ကြီးမှူး၍ဟောပြောပွဲတစ်ရပ် ကျင်းပရာ ထိုဟောပြောပွဲတွင် ဝတ်လုံတော်ရ ဒေါက်တာဘဟန်က မြန်မာ အစကျောက်ဆည်ကဟူသော ပါမောက္ခလုစ်၏အယူအဆကို ဟောပြော တင်ပြ၍ မြန်မာအစတကောင်းက အယူအဆကိုပယ်၏။

ထိုစဉ်က ဒေါက်တာဘဟန်၏ဟောပြောချက်ကို သတင်းစာ ဆရာကြီး ဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာမှနေ၍ -

**‘မြန်မာအစ ယူဆချက်အသစ်နှင့် အဟောင်းဘယ်ဟာ က မှန်သည်ဟု ဆွေးနွေးခြင်းမျိုးမဟုတ်ဘဲ မျက်မမြင်ပုဏ္ဏား ၆ ယောက်ကဲ့သို့တစ်စွန်းတစ်စကိုယ်တွေ့မှုဖြင့် အတည်မပြုသင့်၊ မစ္စတာ လုစ်နှင့်တပည့်များသည်။ နိုင်ငံခြားသားများ၏ ထင်မြင်ယူဆချက်ကို**

**ပိုမို၍ အကိုးအကားပြုလွန်းသည် မြန်မာအစတကောင်းက ဆိုသော အစဉ်အလာအဆိုအမိန့်ကို လေ့လာရန် လိုသေးသည်။ တကောင်းနေရာဟောင်းကိုပင် မတူးဖော်ရသေး၍ သုတေသနပြုရန်ရှိနေပါလျက် အမျိုးသားရာဇဝင်ကို မိမိတို့သဘောမျှဖြင့် တီထွင်အတည်မပြုသင့်’** ဟု ရေးသားခဲ့ပါ၏။

**မြန်မာအစ ကျောက်ဆည်က** ဟူသော ပါမောက္ခဆရာကြီးလှစ်၏အယူအဆကို လက်မခံလိုသူတို့က ဦးသိန်းဖေမြင့်၏ ဝေဖန်မှုကို ဝမ်းသာအားရကောင်းချီး ပြုကြပါ၏။ မြန်မာအစတကောင်းက အယူအဆအား ကောင်းချီးပြုသူတို့က **မြန်မာအစတကောင်းက** ဟူသော အယူအဆကို ဆရာကြီးဦးဖိုးလတ်အား ဟောကြားပေးပါရန် တောင်းဆိုလာကြသောအခါ ဆရာကြီးဦးဖိုးလတ်က ဟောတော့ဟောလိုသည်။ သို့သော် နေရာခန်းမဆောင်မရှိသည့်အတွက် အခက်အခဲရှိသည်ဟုဆို၏။ ထိုအခါ ဆရာကြီး ဒဂုန်ဦးလှဘေက ဆရာကြီးဦးဖိုးလတ်ဟောပြောမည် ဆိုပါက ဗိုလ်တထောင်ရာမကရိသျှနပိဋကတ်တိုက်ခန်းမဆောင်တွင် ဟောပြောရန် စီစဉ်ပေးမည်ဟုဆို၏။ ဦးသိန်းဖေမြင့်က သဘာပတိလုပ်ပေးမည် ဟု လက်ခံသည်။ ထိုဟောပြောပွဲတွင် ပရိတ်သတ်နှင့်ဆရာကြီးဦးဖိုးလတ် အား မိတ်ဆက်ပေးရန် ပါမောက္ခဦးအေးမောင်နှင့်ဦးထွန်းဖေ(ထွန်းနေ့စဉ်) တို့က တာဝန်ယူ၏။ ယင်းအခမ်းအနားဖြစ်မြောက်စေရန်နှင့် ယင်းဟောပြောချက်အား စာအုပ်ဖြစ်မြောက်ရန်ကြိုးပမ်းမှုတွင် သတင်းစာဆရာကြီး ဦးသိန်းမောင်၊ မြန်မာစာပေ ပညာရှင်ကြီးဦးအုန်းရွှေတို့လည်း ပါဝင်ကြသည်။

သို့သော် မိုးကာလဖြစ်နေ၍ ဟောပြောပွဲကို ၁၉၆၅ ခု၊ စက်တင်ဘာလ(၈)ရက်နေ့သို့ရွှေ့ဆိုင်းလိုက်စဉ် ဆရာကြီးဦးဖိုးလတ်သည် ရုတ်တရက်ကွယ်လွန်သွား၏။ ဆရာကြီးဦးဖိုးလတ်သည် မြန်မာအစတကောင်းက အယူအဆနှင့်ပတ်သက်၍ စာမျက်နှာ ၃၀ မျှ စာတမ်းရေး

သားပြုစုပြီးဖြစ်သဖြင့် ထိုစာတမ်းကိုပုံနှိပ်ထုတ်ဝေ၏။ ဆရာကြီးဒဂုံဦးလှဖေသည် ဆရာကြီးဦးဖိုးလတ်၏ မြန်မာအစ The Origin and Advent of THE BURMESE RACE ဟူသောစာအုပ်ကို ၁၉၆၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါ၏။ ဆရာကြီး ဒဂုန်ဦးလှဘေက ထိုစာအုပ်တွင် အမှာစာ နိဒါန်းကိုလည်း ရေးသည်။

ပါမောက္ခ ဆရာကြီးလုစ်က မြန်မာအစကျောက်ဆည်ကဟူသော အယူအဆကို ဖော်ပြရာတွင် -

ကျောက်ဆည်နယ်သည် မွန်တို့၏ဒေသ ဖြစ်သည်။ ကျောက်ဆည်ခရိုင်စဉ့်ကိုင်မြို့နယ်တွင် ခံမြူး(ဝါ) ခံလူး၊ တလိုင်းရွာမ၊ အဲ့ဗျစသော မွန်လူမျိုးတို့နေထိုင်သောရွာများ ယနေ့တိုင်ရှိနေသည်ဟူသောအချက်သည် အဓိကအချက်တစ်ရပ်အနေနှင့် ပါဝင်၏။

ထိုအချက်ကို ဆရာကြီးဦးဖိုးလတ်က ဆရာကြီးလုစ်ပြောကြားသောရွာများ၌ နေထိုင်ကြသောရွာသူရွာသားတို့သည် ထိုဒေသတွင် ဘိုးစဉ်ဘောင်ဆက်နေလာကြသူများ မဟုတ်။ သူတို့သည် အချို့မြင်းခြံမှ အချို့သည်ပုဂံမှပြောင်းရွှေ့လာကြသော ရှေးမွန်သုံ့ပန်းများ ဖြစ်သည်။ အဲဗျရွာသားများဆိုလျှင် အလောင်းဘုရားလက်ထက်က သာယာဝတီနယ်မှသုံ့ပန်းအဖြစ်ခေါ်ဆောင်လာသူများဖြစ်ကြောင်း မြန်မာအစ စာအုပ်တွင် ရေးသားထား၏။ (မြန်မာအစ စာမျက်နှာ ၁၆-၁၇)

ထို့ပြင် ဆရာကြီးဦးဖိုးလတ်က **မြန်မာအစ** စာတမ်းတွင် **မြန်မာအစ**ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ ယခုထက်များစွာပိုမိုကျယ်ပြန့်ပြည့်စုံစွာ၊ မြန်မာ၊ နန်းစော၊ တရုတ်တို့၏ မှတ်တမ်းမှစာများနှင့် အခြားတိဗက် မြန်မာလူမျိုးတို့၏နောက်ကြောင်း သမိုင်းရာဇဝင်တို့ကိုပါလေ့လာစုံစမ်းပြီးလျှင် မြေအောက်သို့လည်း တူးဆွရှာဖွေ သုတေသနပြုပြီးနောက်မှသာ တကယ်သေချာခိုင်မာ ယုံကြည်အားကိုးလောက်သောအဖြေကို ရှာနိုင်မည်ဖြစ်ကြောင်း ကျွန်တော်တင်ပြအပ်ပါသည်။

ဤသို့အဖြေမှန်ကို မရမီအတွင်း "မြန်မာအစ ကျောက်ဆည်က" ဟူသော ပါမောက္ခလူစ်၏အယူနှင့် ထိုအယူ၏အခြံအရံများဖြစ်သော သရေခေတ္တရာပြည်ကြီးကို စကောကရင်တို့ တိုက်ခိုက်ဖျက်ဆီးပစ်သည်။ ကျန်စစ်သားမှ အနော်ရထာမင်း၏သား၊ မြန်မာမဟုတ်၊ ကျောက်ဆည်နယ်သားမွန်ဖြစ်သည်။ အလောင်းစည်သူမင်းသည် မြန်မာအစစ်မဟုတ်။ မွန်-မြန်မာကပြားဖြစ်သည်ဟူသော ယုတ္တိမပြည့်စုံမခိုင်လုံသည့် အယူအဆများကို ကျောင်းသုံး၊ ပြည်သူသုံးလက်စွဲ စာစောင်စာအုပ်တို့တွင် မထည့်သွင်းသေးဘဲ ချန်လှပ်ထားမှသာသင့်လိမ့်မည်ဟု ကျွန်တော်ယူဆသတိပေးလိုပါသတည်း"ဟူ၍ ဖော်ပြပါရှိ၏။ (မြန်မာအစ စာမျက်နှာနှာ ၃၈)

သို့သော်လည်း ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေသောဆရာ နတ်မောက်ဘုန်းကျော်၏'ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စုများ'စာအုပ် စာမျက်နှာ ၁၁ တွင် မြန်မာတို့သည်-

'မြင်းများကိုစီးနင်းလျက် နတ်ထိပ်တောင်ကြားလမ်းအတိုင်းဝင်လာကြပြီးလျှင် ကျောက်ဆည်နယ်သို့ ရောက်ရှိလာခဲ့ကြ၏။ ထိုဒေသတွင်ရှိနှင့်ပြီးသော မွန်တို့နှင့် ရောနှောကာ ခရိုင် ၁၁ ခုဖွဲ့၍ နေထိုင်ကြ၏။ ကာလကသော် လူဦးရေတိုးပွားလာပြီး မြေသစ်ကို ရှာကြပြန်သည်။ အချို့တို့သည် တောင်တွင်း နတ်မောက်အရပ်သို့ ပြောင်း၍ နေထိုင်ကြ၍ အချို့လည်း ဧရာဝတီမြစ်ကိုကူး၍ စလင်းချောင်း၊ မုန်းချောင်းရှိရာဒေသသို့သွားကြသည်။ အချို့လည်း ပုဂံသို့သွားကြသည်'ဟုရေးထားခဲ့၏။

ကန့်ကွက်မှုများကြားမှပင် မြန်မာအစ ကျောက်ဆည်မြစ်သားက အယူအဆသည် ၁၉၆၇ ခုနှစ်တိုင် ပို၍ ပို၍ ခိုင်မာမှုရှိလာ၏။

ဆရာကြီး ဦးဖိုးလတ်က မြေအောက်သို့လည်း တူးဆွရှာဖွေသုတေသနလုပ်ပြီး တကယ်သေချာခိုင်မာယုံကြည် အားကိုးလောက်သော အဖြေကို ရှာဖွေရန် အကြံပေးခဲ့၏။

## နောက်ဆုံးမှဝင်ရောက်သူများအဖြစ်သို့

**မြန်မာအစကျောက်ဆည်က** ဟူသော အယူအဆအရဆိုလျှင် မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ နောက်ဆုံးဝင်လာကြသူများ ဖြစ်ပြီး စွယ်စုံကျမ်းအတွဲ ၁၀ တွင် ဖော်ပြထားသည့်အတိုင်း ခရစ်နှစ် ၈၀၀ လောက်ကမှ ဝင်ရောက်လာသူများဟု ယူဆဘွယ်ရာဖြစ်ခဲ့ရ၏။

**မြန်မာအစတကောင်းက** ဟူသော အယူအဆအရဆိုလျှင် မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ လွန်ခဲ့သော နှစ်ပေါင်း-၃၃၀၀ ကျော်ကပင် ဝင်ရောက်အခြေတကျနေထိုင်သည်ဟု ဆိုရာရောက်ပါ၏။ မြန်မာအစတကောင်းကဟူသော အယူအဆအရဆိုလျှင် မြန်မာတို့သည် ရှေးပဝေသဏီကပင် မြန်မာနိုင်ငံတွင်ရှိနေကြပြီး အခြားတိုင်းရင်းသားများနှင့် မရှိအတူ ရှိအတူ အေးအတူပူအမျှနေထိုင်ကြသော လူမျိုးများဖြစ်သည်ဟု အဓိပ္ပာယ်ရ၏။

လွန်ခဲ့သော ခရစ်နှစ် ၈၀၀ ခန့်ကမှ ကျောက်ဆည် နတ်ထိပ်တောင်ကြားမှ ဆင်းလာပြီး မြန်မာတစ်နိုင်ငံလုံးတွင် ယပ်တောင်လိုဖြန့်ကျက်နေထိုင်သည်ဟူသော အယူအဆသည် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးတို့ကို သွေးခွဲရာကျပြီး မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့အလွန်နောက်ကျစွာဖြင့် ဝင်ရောက်လာကြသူများ ဖြစ်သည်။ အင်္ဂလိပ်တို့ကလည်း လွန်ခဲ့သော အနှစ် ၂၀၀ က မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများ ဖြစ်သည်။ မြန်မာတို့ကဲ့သို့ပင် ဝင်ရောက်ခွင့်ရှိသည်ဟူသော ကောက်ချက်ကို စတင်ကောက်ချက်ချတော့သည့်ဘဝသို့ ရောက်ရှိခြင်းနှင့်အတူ မြန်မာသည် သမိုင်းထဲမှထွက်ခွာပေးရတော့မည့် အခြေအနေသို့ ရောက်ရှိသွားပါတော့၏။ မြန်မာအစကျောက်ဆည်က အယူအဆကြောင့် တကောင်းသည် ပုံပြင်ဒဏ္ဍာရီထဲသို့ ရောက်ခဲ့ရသည့်နည်းတူ မြန်မာသည်လည်း သမိုင်းစာအုပ်အပြင်ဘက်သို့ ထွက်ပေးခဲ့ရသောဘဝသို့ ရောက်သည်။ ပါမောက္ခဆရာကြီးလုစ်၏ ဩဇာတိက္ကမသည် အလွန်ကြီးရကာ

မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆသည် မြန်မာရာဇဝင်သမိုင်းစာမျက်နှာများတွင် ၂၀၀၀ ပြည့်နှစ်ကာလတိုင် လွှမ်းမိုး ၍ နေခဲ့ပါ၏။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ်ထုတ်ဝေသော **အနော်ရထာအရင်က မြန်မာနိုင်ငံ** စာအုပ်တွင် သမိုင်းသုတေသီ ဗိုလ်မှူးဘရှင်က မြန်မာအစ ကျောက်ဆည်ကဟူသော အယူအဆကို ယုံယုံကြည်ကြည်နှင့်ပင် ဆက်လက်စွဲကိုင်တင်ပြခဲ့၏။

ထိုစာအုပ်ကို ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ်ထုတ်ဝေသည်။ အင်းဝစာပေတိုက်မှ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လတွင် တတိယအကြိမ်ထုတ်ဝေရာ တတိယအကြိမ်ထုတ်စာအုပ်အပိုင်း ၅၊ မြန်မာများဝင်ရောက်ခဲ့ပုံအခန်း၊ စာမျက်နှာ - ၁၁၇၊ ၁၁၈တို့၌-

**'ကချင်ပြည်နယ်တွင်းရောက်နေခဲ့သော ရှေးဦးမြန်မာတို့သည် ထိုပြည်နယ်အတွင်း အဘယ်ကြောင့် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မြေပြန့်သို့မဆင်းခဲ့သနည်းဟုမေးရန်ရှိ၏။ အမှန်စင်စစ်သူတို့သည် ဧရာဝတီမြစ်ကိုဖြတ်ကူးကာ တောင်ဘက်သို့ ရွှေ့ပြောင်းရန်ကြိုးစားခဲ့ကြဟန်တူ၏။ သို့သော် ထိုစဉ်က ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်စပ်ကြားတွင် သက်တို့ကြီးစိုးနေသော တကောင်းနိုင်ငံရှိနေခဲ့၍ ရှေးဦးမြန်မာများ ဤဘက်မှ မြေပြန့်ဆီသို့ မထိုးဖောက်နိုင်ဘဲ ရှေးဦးဆုံးရွှေ့လာခဲ့သူတို့သည် ဧရာဝတီမြစ်ကျဉ်းတွင် မွန်များအဖြစ်ဖြင့် ရပ်တန့်ခဲ့ကြခြင်း ဖြစ်သည်။ တောတောင်ရေမြေ အခြေအနေကလည်း ခက်ခဲလှသည်။ သို့ဖြစ်၍ တပိန်၊ ရွှေလီမြစ်ကြောင်းများ၊ ယင်းတို့မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းလမ်းကို မလိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုရပါမည်။ ဤသို့သော အခြေအနေတွင် ရှေးဟောင်းမြန်မာတို့ အတွက် ခရီးလမ်းလည်း လွယ်ကူအဟန့်အတားလည်း နည်းပါးသော မြေလွတ်ဒေသမြောက်ပိုင်းနှင့် မြေပြန့်ဆက်ရာ ကျောက်ဆည်ခရိုင်လောက်ဆီမှ မြေပြန့်သို့ ဝင်ရန်သာရှိတော့သည်'**ဟု ရေးသားထားပါ၏။

အထက်ပါရေးသားချက်တွင် တကောင်းနိုင်ငံကြီးတည်ရှိခဲ့သည် ဆိုသော အချက်ကိုကား လက်ခံရေးသားထားသည်ကို တွေ့ရှိရပါ၏။

ထို့ကြောင့် မြန်မာအစကျောက်ဆည်ကဟူသော အယူအဆနှင့် မြန်မာအစတကောင်းဟူသော အယူအဆနှစ်ရပ်မှ နှစ်ပေါင်းများစွာ လိပ်ခဲ တည်းလည်းသာရှိခဲ့သည်။

# အခန်း(၁၀)
# အခြေပြမြန်မာနိုင်ငံရေးသမိုင်းပါ တကောင်း

'မြန်မာအစ တကောင်းက'နှင့် 'မြန်မာအစ ကျောက်ဆည်က'အယူအဆသည် မြန်မာ့သမိုင်းမျက်နှာတွင်ဖော်ပြပါအတိုင်း လိပ်ခဲတည်းလည်းရှိနေရာ မြန်မာအစကျောက်ဆည်ကအယူအဆကပို၍ အားကောင်းခဲ့သည်။

သို့သော် ၁၉၇၀ ပြည့်နှစ်၌ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်ထွက်ပေါ်လာသောအခါ ထိုစာအုပ်က မြန်မာအစတကောင်းကဘက်သို့လည်းမလိုက် မြန်မာအစကျောက်ဆည်ကကိုလည်း လက်မခံဘဲကြားချ၍ ရေးသားကာတွေ့ရှိသော အချက်အလက်များကိုသာ တင်ပြခဲ့၏။ ယင်းစာအုပ်ကို ပြုစုသူများထဲတွင် ခေတ်ပညာတတ် ဦးအောင်သန်း (မန္တလေး)၊ ဦးတင်မြတ်သိန်းစသူတို့ ပါဝင်၏။ ဤအချိန်ကစ၍ 'မြန်မာအစကျောက်ဆည်က'ဟူသော အယူအဆ ယခင် အသာစီးရနေရာမှ

သူမသာ ကိုယ်မသာဘဝသို့ စတင် ရောက်ရှိလာ၏။ မြန်မာအစ တကောင်းကနှင့် မြန်မာအစကျောက်ဆည်ကဟူသော အယူအဆနှင့် ပတ်သက်၍ အခြေပြုမြန်မာ နိုင်ငံရေးသမိုင်းက အောက်ပါအတိုင်း ရေးသား ခဲ့ပါ၏။

**မှန်နန်းရာဇဝင်ကြီးတွင်**"အာဒိစ္စဝံသ သာကီယအနွယ်တော် လျှင် အမွန်ရှိသောမြန်မာမင်းတို့၏ တည်ရင်းအစ ပထမဖြစ်သော တကောင်းပြည်ကြီးကို အစမူသဖြင့် ထိုထိုသော ပြည်ထောင်ထီးဆောင်း မင်းအပေါင်းတို့၏ အနွယ်အလာ သာသနာတော်မြတ်၏ အမြစ်အခြေ မွေတော်ခာတ်တော်စသော အလုံးစုံသောမြန်မာမင်းတို့ အကြောင်းအရာ ကို ဆိုပေအံ့" ဟူ၍ ရေးသားဖွင့်ဆိုခဲ့သည်။

မှန်နန်းရာဇဝင်ထက်စောသော အင်းဝခေတ် တနင်္ဂနွေမင်း လက်ထက်**ဦးကုလားရေး မဟာရာဇဝင်ကြီး**တွင်လည်း သရေခေတ္တရာ ပြည်ဖြစ်သော အကြောင်းပြဆိုခန်းအစပိုင်း၌". . . သာသနာတော် သက္ကရာဇ် ၂၀ ရောက်သောအခါ **မြန်မာတို့တိုင်းဖြစ်သော တကောင်း ပြည်ကြီးကို အစိုးရသောတကောင်းမင်းကြီးသည်** အနိစ္စရောက်တော် မူ၍ သားတော်အိမ်ရှေ့ သတိုးမဟာရာဇာ(သတိုး ၁၇ ဆက်မြောက်) သတိုးမင်းကြီးနန်းတက်တော်မူ၏"ဟူ၍ တကောင်းမျိုးရိုးမှ သရေခေတ္တရာ မင်းဆက်ကို ဆက်စပ်၍ ပြဆိုထားခဲ့ပေသည်။

ထို့အပြင် ယင်းခေတ်ရေးသားသည်ဟု ခန့်မှန်းကြသော **ဇာတာတော်ပုံရာဇဝင်**၌လည်း "ငါတို့မြန်မာပြည်တွင် တကောင်းသည် ဘုရားဖြစ်တော်မမူမီ အနှစ် ၃၀၀ က စသတည်း. . . "ဟူ၍ ထိုစာအုပ် မြန်မာရာဇဝင်ကဏ္ဍအစ၌ဖော်ပြကာ တကောင်းမင်းဆက်ကို သရေ ခေတ္တရာမင်းဆက်နှင့် ဆက်စပ်၍ ပြသထားသည်။

ကုန်းဘောင်ခေတ်အမရပူရမြို့တည် နန်းတည်မင်း ဘိုးတော် ဘုရားလက်ထက်၌ ၁၁၇၁ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် မဂဓတိုင်းနေယတိရဟန်းတို့ထံမှ ကာသိပုဏ္ဏားတို့သည် သက္ကဋဘာသာ

ဒေဝနာဂရီအက္ခရာရေး ပဗောစေန္ဒြောဒယမည်သော **ဂေါတမပူရာဏ်ကျမ်း**ကို ဆက်သလာကြသည်။ ဂေါတမဘုရား၏ ဆွေတော်မျိုးတော်များ နေထိုင်သော ကောလိယပြည်နှင့် ပဉ္စာလရာဇ်မင်းတို့ စစ်ခင်းကြရာမှ ကောလိယမင်း စစ်ရှုံးကြောင်း၊ ထိုအခါ စကြဝံသအနွယ်ဖြစ်သော မင်းမျိုးတို့သည် ပျက်စီး၍ အရပ်တစ်ပါးသို့ ပြေးသွားကြကြောင်း၊ အချို့မင်းမျိုးတို့သည် ဝက်တိုင်း၊ အချို့မှာ လက်ာကျွန်း စသည်တို့သို့ ရောက်ကြောင်း၊ ကပိလဝတ်မင်းသည် တောတောင်ကြီးသော မောရင်တောင်ထွတ်သို့ သွားကြောင်း၊ မောရင်ဆိုသည်မှာ မြန်မာပြည် ချင်းတွင်းမြစ်ခေါ်သော သလ္လာဝတီမြစ်ညာကလေးစော်ဘွား၊ သောင်သွပ်စော်ဘွားတို့ပိုင် နယ်ဖြစ်ကြောင်း၊ မောရင်မှ တကောင်းသို့ ပြောင်းရွှေ့တည်ထောင်ကြောင်းဖြင့် မြန်မာပညာရှိတစ်ဦးက ဆိုသည်။ ထို မင်းလက်ထက်၌ပင် ထင်ရှားသော စာဆိုဝက်မစွတ်နဝဒေးကလည်း ဣသျှံဂူမော်ကွန်း၌ "‥ ရှေးဥပဒေ၊ ပါဠိပြေဂါထာ၊ ပရာသယ၊ ဆရာပြသား၊ သက္ကဋနက်၊ ပူရာဏ်တွက်ကို၊ လျောက်ဆက်ကျူးချီ၊ ကုံးရစ်သီပိမ့်၊ ‥ ‥"ဟူ၍ ဘိုးတော်လက်ထက်ရောက်ရှိလာသော် ပရာသယဆရာရေးသည့် သက္ကဋဘာသာရေး ပူရာဏ်ကိုညွှန်းကာ"အပြားသုံးအင်၊ သာကီဝင်တွင်၊ မောရင်ရောက်၊ မြောက်သည့်အာဒိ၊ အဘိရာဇာ၊ ထိုအခါဝယ်၊ အညာသင်းတွဲ၊ ပြည်ထဲစိုးဆောင်၊ ပုဂံထောင်ရှင့်၊ ညီနောင်နှစ်ပါး၊ သားလည်ပွင့်လျှာ၊ ကံရာဇာဟု"ဟူ၍ ရေးသားထားခြင်းသည် လည်းကောင်း၊ သရေခေတ္တရာမင်းဆက်ကိုပြသည့် အခန်း၌လည်း‥ "ထက်ပြည်ထိုခါ၊ သညာနန်းရိုး၊ တကောင်းစိုးသား၊ သတိုးမင်းကြီး"ဟူ၍ ဖော်ပြရေးသားထားချက်သည် လည်းကောင်း၊ တကောင်းအရပ်၌ သကျသာကီဝင်မင်းများ လာရောက် စိုးမိုးနေထိုင်သွားကြောင်းကို ဖော်ပြထားခြင်း ဖြစ်သည်။

**တကောင်းဒေသတွင် ခတ္တိယသကျသာကီဝင်တို့ လာရောက်အခြေကျနေထိုင်မှုကို ခိုင်မာစေသောအချက်မှာ တကောင်းနှင့်တစ်ဆက်တည်းသာကီဝင် ကံရာဇာကြီးတို့ ရောက်ရှိမြို့ပြတည်**

**ထောင်သော၊ ရခိုင်တွင် ခုနှစ်သက္ကရာဇ်အသုံးအနှုန်းကို အိန္ဒိယပြည်၊ မြန်မာပြည်မှာကဲ့သို့ သာသနာသက္ကရာဇ်ကိုမသုံးပဲ ဘိုးတော် အဥ္စန မင်းကြီး၏အဥ္စနသက္ကရာဇ်ကို ၁၃၃၂ ခုနှစ်(အေဒီ ၆၄၀ အထိ) ဆက် လက်သုံးစွဲနေခဲ့သောအချက်ပင် ဖြစ်သည်။**

ဤသို့ ရှေးရာဇဝင်မော်ကွန်းတို့တွင် တကောင်းအရပ်ပတ်ဝန်း ကျင်၌ သာကီဝင်များနေထိုင်အုပ်စိုးခဲ့ကြောင်း ပြဆိုခဲ့ကြသဖြင့် **မြန်မာ အစ တကောင်းက** ဟူ၍ ခိုင်ခိုင်မာမာယူဆလာကြခြင်း ဖြစ်ပေသည်။ သုတေသီများအနက် **မြန်မာအစတကောင်းက** ဟူသော အဆိုကိုထောက် ခံသူများရှိပေသည် ....................................................................

**မြန်မာအစ တကောင်းက**ဟူသောအယူအဆကို ဒဏ္ဍာရီဆန် သည်ဟူ၍ငြင်းပယ်လျက် **မြန်မာအစ ကျောက်ဆည်က**ဟူသော အယူအဆကို ခေတ်သစ်သုတေသီအချို့က ပြောင်းလဲတင်ပြကြသည်။

ယင်းသုတေသီတို့က မြန်မာလူမျိုးတို့ မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ ရောက်ရှိအခြေချနေထိုင်သောဒေသမှာ တကောင်းမဟုတ်၊ ကျောက်ဆည်အရပ်ဖြစ်သည်ဟု အခိုင်အမာယူဆကြသည်။

အဆိုပါသုတေသီတို့၏အလိုအရ တိဗက်- မြန်မာလူမျိုးနွယ် ဟုခေါ်သည့်လူများသည် ရှေးအခါက တရုတ်ပြည်အနောက်မြောက်နှင့် တိဗက်ပြည်၏အရှေ့မြောက်ဘက်တွင်ရှိသော ကန်စုနယ် ယခုမြို့တော် လန်ချောင်း၏ တောင်ဘက် မိုင် ၅၀ ခန့်ရှည်လျားသော တောင်မြစ်ဝှမ်း တွင် နေထိုင်ခဲ့ကြကြောင်း၊ ထိုလူမျိုးတို့သည် ဘီစီ ၂၀၀၀ ခန့်ကပင် ကျောက်ချောခေတ် ယဉ်ကျေးမှုအဆင့်အတန်း ရှိခဲ့ကြောင်း၊ တရုတ် မှတ် တမ်းများ၏အလိုအရ ထိုသူတို့ကို ချီအင်ဟုခေါ်ကြောင်း၊ ချီအင်တို့သည် တရုတ်တို့၏ ထာဝစဉ်တိုက်ခိုက်ခြင်းကိုခံရသဖြင့် တောင်ဘက်သို့ တစ်စ တစ်စ တိမ်းရှောင်သွားကြလျက် တိဗက်အရှေ့မြောက်ရှိ မြစ်ဝါ၏မြစ်ဖျားခံ ရာအရပ်နှင့် **ကိုကိုနော**အရပ်တို့တွင် နေခဲ့ကြကြောင်း၊ ဘီစီ ၁၀၀၀ တွင်

တရုတ်ပြည် ချင်မင်းဆက်လက်ထက်တရုတ်တို့ လာရောက်တိုက်ခိုက် ပြန်သဖြင့် တောင်ဘက်အရပ်သို့ ထပ်မံ ရွှေ့ပြောင်းလာကြသည်။

ထိုသုတေသီများက မြန်မာလူမျိုးတို့နှင့်ပတ်သက်၍ ရေးသား ထားသော အထောက်အထားများကို တရုတ်မှတ်တမ်းများမှ ထုတ်နှုတ်ပြ ကြသည်။ အေဒီ-၈၆၃ ခုနှစ် ဖန်ချိုရေးသော **နန်းစောရာဇဝင်**တွင် ပရိုတို ဘားမင်းခေါ် မြန်မာဟု ခေါ်တွင်မည့်သူများအကြောင်းကို ဖော်ပြပါရှိ သည်ဟု ဆိုသည်။

ထိုမှတ်တမ်းအရ အေဒီ-၉ ရာစု ပတ်ဝန်းကျင်တွင် **ယုန်ချန်** ဒေသတဝိုက်၌ မြန်မာဟုခေါ်တွင်မည့် ပရိုတိုဘားမင်းများနေထိုင်ခဲ့ကြ သည်။ ထိုဒေသမှာ မြောက်ဘက်တွင်မေခ၊ အရှေ့ဘက်တွင် မဲခေါင်မြစ် နှင့် တောင်ဘက်တွင် သိန္နီစသည်တို့ခြံရံနေသည့်ဒေသ ဖြစ်သည်။ ထို ဒေသရှိ ပရိုတိုဘားမင်းများက မိမိတို့အရှင်သခင်ကို **မင်း** သို့မဟုတ် **မင်းစော**ဟု ခေါ်ကြောင်းဖြင့်ခေတ်သစ်သုတေသီတို့က ပြန်လည်ဖော်ပြ ထားကြသည်။ တစ်ဖန် ပရိုတိုဘားမင်းတို့နေထိုင်ရာ ဝန်းကျင်တွင်ရှိသော **နန်းစော** လူမျိုးတို့သည် အေဒီ ၇၁၃ အလွန်၌ **မင်းစော**တို့ကို တိုက် ခိုက်ခြင်း၊ တစ်ဖန်-၈ ရာစုအလယ်၌လည်း နန်းစောမင်း **ကောလောဖန်**က အာသံ၊ တိဗက်နှင့် မြန်မာပြည်မြောက်ဖျားဒေသများကို တိုက်ခိုက်ခြင်းနှင့် ကောလောဖန်၏ မြေးဖြစ်သူ **ယီမိုယွန်က** အေဒီ ၇၉၄ ခုနှစ်တွင် **မင်း** လူမျိုးတို့ကို တိုက်ခိုက်ခြင်းစသည်တို့ကြောင့် နန်းစောတို့ အမျိုးမျိုးသော ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ပရိုတိုဘားမင်းတို့သည် တောင်ဘက် မြေပြန့်လွင်ပြင်သို့ ပြေးဝင်ခိုလှုံရန်သာ ရှိတော့သည်။ ထိုစဉ်က ရှမ်းပြည် နယ်မြောက်ပိုင်းသည် ပျူတို့၏ပိုင်နက်နယ် ဖြစ်သည်။ နန်းစောတို့သည် ပျူမြို့ တော်ကိုဖျက်ပြီးနောက် သုံ့ပန်း ၃၀၀၀ ကို ဖမ်းဆီးကာ ယူနန်ဖူနယ်တွင် နေရာချပေးခဲ့ကြသည်။ တစ်ဖန် နောက်သုံးနှစ်ကြာလျှင် နန်းစောတို့သည် အောက်ဗမာပြည်ရှိ မွန်တို့၏မြို့တော်ဟု ထင်ရသော မိချဲန်ကိုတိုက်ခိုက်ကြ

ပြန်သည်။ ဤသို့မြန်မာပြည်အတွင်း၌ ပျူနှင့်မွန်တို့ အတိုက်အခိုက်ခံရမှု ကြောင့် နေရာလပ်ဖြစ်သွားသည့် **ကျောက်ဆည်ဒေသ**သို့ မြန်မာဟုခေါ် တွင်မည့်သူများက ဝင်ရောက်နေရာယူလိုက်ခြင်း ဖြစ်သည်။ ယင်းတို့ ဝင်လာပုံမှာ နန်းစောမှ ထွက်ပြေးတိမ်းရှောင်လာရင်း သီပေါတွင် နမ်တူမြစ်ကို ဖြတ်ကာ ရပ်စောက်နှင့် ရှာင်မြေပြန့်များမှတစ်ဆင့် နတ်ထိပ်တောင်ကြားမှ မြင်းများဖြင့် ဝင်ရောက်လာကြသည်ဟု ဆိုလေသည်။ ယင်းသို့ဖြင့် ကျောက်ဆည်လွင်ပြင်မှ မြန်မာပြည်အလယ်ပိုင်းသို့ ပျံ့နှံ့ရောက်ရှိသွားသည်ဟု ယူဆကြသည်။

ဤသည်တို့အား "မြန်မာအစကျောက်ဆည်က"ဟူသော ခေတ်သစ်သုတေသီတို့၏ အယူအဆဖြစ်ပေသည်။

မြန်မာတို့သည် နတ်ထိပ်တောင်ကြားမှ မြင်းများဖြင့်ဝင်ရောက်လာသည်ဟု အထက်တွင်ဆိုထားသည် ထိုသို့ဆိုလျှင် မြန်မာတို့သည် မြင်းကျွမ်းကျင်သူများ ဖြစ်ရပေမည်။

သို့ရာတွင် မြန်မာရာဇဝင်အထောက်အထားများအရမူကား ထိုသို့ မဟုတ်ချေ။ ပုဂံခေတ် ပျက်သုဉ်းစေရန် ဦးတည်သော ငဆောင်ချမ်း မွန်ဂို-မြန်မာ တိုက်ပွဲတွင် မြန်မာတို့သည် ဆင်တပ်ဖြင့်မွန်ဂို ကျူးကျော်သူများကို ခုခံတိုက်ခိုက်ခဲ့ကြ၏။ ဟံသာဝတီဧကရာဇ်နိုင်ငံတော်ခေတ် တပင်ရွှေထီး၊ ဘုရင့်နောင်တို့၏တပ်မတော်တွင် ဆင်တပ်သည် အင်အားအကြီးဆုံး ဖြစ်၏။ ထို့ပြင် ရာဇဝင်ကြီးတို့က မြန်မာတို့ကား ဆင်ကိုကျွမ်း၍ ရှမ်းတို့က မြင်းကျွမ်းကာ မွန်တို့မူ လှေကိုကျွမ်းကျင်သူများ ဖြစ်သည်ဟု ဆိုထားပေ၏။ မြန်မာရာဇဝင်အဆိုများကို ထောက်ရှုပါလျှင် နတ်ထိပ်တောင်ကြားမှ မြန်မာတို့မြင်းများဖြင့် ဆင်းလာသူများဖြစ်သည်ဟူသော အဆိုအမိန့် အားနည်းသည်မှာ ထင်ရှားပေသည်။

ပဒေသရာဇ်ခေတ်လယ်သည် အပြောင်းအလဲအလွန်နှေးလှ၏။ ဤသည်မှာ ကမ္ဘာအနှံ့အပြားဖြစ်၍ အထူးသဖြင့် အာရှတိုက်တစ်ဝန်းတွင် ပို၍နှေးကွေး၏။ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးတို့တွင် အပြောင်းအလဲ

နွေးကွေးလှသော ပဒေသရာဇ်ခေတ်လယ် ၉ ရာစုမှ ၁၃-၁၄ ရာစု(နှစ်ပေါင်း ၄၀၀ ခန့်)အတွင်း လူမျိုးတစ်မျိုးလုံး၏ ကျွမ်းကျင်မှုအပြောင်းအလဲ ဤမျှမြန်ဆန်သည်မှာ မဖြစ်နိုင်၊ အလေးအနက်စဉ်းစားဖွယ် ဖြစ်ပေသည်။

ဤအယူအဆတွင် အဆိုပါ သုတေသီတို့သည် ရှေးမြန်မာရာဇဝင်သမိုင်းများပါ အချက်အလက်များကို လုံးဝပယ်လျက် သုတေသနပြုကြခြင်းဖြစ်သည်။ ယင်းတို့၏အယူအဆကိုကြည့်လျှင် မြန်မာတို့သည် ပုဂံခေတ်ဦးဟု ခေါ်ဆိုရမည်ဖြစ်သော အေဒီ ၉ ရာစုအခါကာလမှသာလျှင် မြန်မာပြည်အတွင်းသို့ ရောက်ရှိလာသည်ဟူ၍ အဓိပ္ပာယ်ရရှိသည်။

မြန်မာလူမျိုးတို့ဝင်ရောက်လာပုံနှင့် ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ **မြန်မာအစ တကောင်းက** နှင့် **မြန်မာအစ ကျောက်ဆည်က**ဟူသော ခေတ်သစ်သုတေသီများအချင်းချင်း အမြင်မတူဘဲ ကွဲလွဲနေလေသည်။ “မြန်မာအစ တကောင်းက”ဟူသော အယူအဆမှ မြန်မာတို့သည် ကျောက်ချောခေတ်နှင့်ကြေးခေတ်မှ သံခေတ်သို့ အကူးအပြောင်းကာလကတည်းက ရောက်ရှိနေထိုင် မြို့ပြတည်ထောင်ခဲ့သော လူမျိုးဖြစ်သည်ဟူသော အယူအဆ ဖြစ်သည်။ မြန်မာအစကျောက်ဆည်က ဟူသော အယူအဆမှာကား မြန်မာတို့သည် အေဒီ-၉ ရာစုအတွင်း ခေတ်လယ်ပဒေသရာဇ်စနစ် ထွန်းကားနေသောအခါမှသာ ရောက်ရှိနေထိုင်သူများဖြစ်သည်ဟူသော အယူအဆ ဖြစ်သည်။

## အခန်း(၁၁)
## တကောင်းအားလေ့လာခြင်း

အင်္ဂလိပ်တို့က တကောင်းကို မည်သို့ပင်သိမ်ငယ်အောင်ကြံဆောင်ခဲ့ကြစေကာမူ မြန်မာတို့နှင့် မြန်မာတို့အပေါ်သံယောဇဉ်ရှိကြသောပညာရှင်များသည် တကောင်းကိုမမေ့ကြချေ။ ရှေးဟောင်းသုတေသနပညာရှင်များကလည်း တကောင်းဆိုသော ရုပ်ပုံလွှာသည် သူတို့၏နှလုံးသားတွင် အမြဲသိမ်းဆည်းထားခဲ့ကြ၏။

၁၉၀၄ ခုနှစ်တွင် ကျောက်စာဝန်ဟောင်း မစ္စတာတော်စိန်ခိုသည် တကောင်းသို့ ခက်ခက်ခဲခဲရောက်ရှိခဲ့၏။ ၁၉၂၃ ခုနှစ်နှင့် ၁၉၃၀ ခုနှစ်များတွင် ကျောက်စာဝန်ဦးမြသည် ကွင်းဆင်းလေ့လာရင်းတကောင်းသို့ရောက်၏။ ၁၉၁၆ ခုနှစ်တွင် တကောင်းနှင့်အညာပုဂံမြို့ဟောင်းမှ အနော်ရထာခေတ်ဆိုင်ရာ အုတ်ခွက်များတွေ့ရှိထားကြောင်း ရန်ကုန်မြို့ ဆာအာသာဖယ်ရာပြတိုက်တွင် ခင်းကျင်းပြသခဲ့၏။ ၁၉၆၀ ပြည့်နှစ်တွင် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန် ဦးဖိုးလတ်နှင့်အဖွဲ့ တကောင်းသို့ ရောက်ရှိခဲ့ပြီး မြစ်ရိုးတလျှောက်ရှိ ခက်သင်၊ မလည်၊ ကြံညှပ်၊ ထီးချိုင့်၊

ရွှေဂူ၊ ကောင်းတုံ၊ ငဆောင်ချမ်းဒေသများသို့လည်း သွားရောက်လေ့လာခဲ့ကြ၏။ ၁၉၆၉ ခုနှစ်တွင် ရှေးဟောင်းသုတေသနမှ သုတေသနဝန်ထောက် ဦးမြင့်အောင်နှင့်အဖွဲ့သည် တကောင်းမြို့အား တူးဖော်ရန် ပဏာမ ကွင်းဆင်းလေ့လာမှု ပြုခဲ့၏။ ၁၉၆၇-၆၈ နှင့် ၁၉၆၈-၆၉ ဘဏ္ဍာရေးနှစ်များတွင် ကုန်းပေါင်း ၁၂ ကုန်းကို နှစ်ကြိမ်မျှတူးဖော်ခဲ့ကြ၏။ ပထမအကြိမ်တူးဖော်မှုကို သုတေသနဝန်ထောက် ဦးစိန်မောင်ဦးနှင့်အဖွဲ့က ပြုလုပ်ခဲ့၍ ဒုတိယအကြိမ်တူးဖော်မှုကို ဦးသန်းဆွေနှင့်အဖွဲ့က ပြုလုပ်ခဲ့၏။ ၁၉၉၃-၉၄ ခုနှစ်များတွင် တကောင်းကို နှစ်ကြိမ်ထပ်တူးခဲ့၏။ ထိုသို့ တူးဖော်ရာတွင် ရွှေပြားဖောင်းကြွဆင်းတုတော်တစ်ဆူကို တူးဖော်ရရှိခဲ့သည်။ တစ်ဖန် ၁၉၉၇-၉၈ တွင် ပဉ္စမအကြိမ် တူးခဲ့သည်။ ၁၉၉၈ နှင့် ၁၉၉၉ ခုနှစ်တို့တွင် ဆဋ္ဌမအကြိမ်တူးဖော်ခဲ့သည်။ တကောင်းမြို့ကို ရှေးဟောင်းသုတေသနမှအကြိမ်ကြီးခြောက်ကြိမ်နှင့် အကြိမ်ငယ်ပေါင်း ၁၆ ခါလောက်အထိတူးဖော်ခဲ့၏။ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ သမိုင်း အဖွဲ့မှလည်း ၂၆-၁-၉၇ မှ ၅-၂-၉၇ တိုင် ဆရာကြီး ဒေါက်တာသန်းထွန်း ခေါင်းဆောင်ပါဝင်လျက်-၁၁ ဦးအဖွဲ့က တကောင်း သို့ ကွင်းဆင်းသုတေသနပြုခဲ့၏။

မြန်မာနိုင်ငံသမိုင်းအဖွဲ့သည် ထပ်မံလေ့လာမှုများလည်း ပြုလုပ်ကာ အစီရင်ခံစာများလည်း ထွက်ရှိပါသည်။ တကောင်းမြို့အားလေ့လာခဲ့ကြရာတွင် မြို့ဟောင်းနေရာသုံးနေရာ တွေ့ရှိခဲ့သည်။

## တူးဖော်၍တွေ့ရသောတကောင်း

မြို့ဟောင်း အမှတ် (၁) သည် မြောက်လတ္တီတွဒ် ၂၃° ၃၀ မိနစ်၊ ၁၀ စက္ကန့်မှ ၂၃° ၃၀ မိနစ်၊ ၃၀ စက္ကန့် အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၀၀မိနစ် ၄၀စက္ကန့်မှ ၉၆°၊ ၀၁ မိနစ် ၅ စက္ကန့်အကြားတည်ရှိ၍ အလျား-၈၈၀ကိုက်၊ အနံ-၄၄၀ကိုက်ခန့်ရှိပြီး ဘဲဥပုံအလျားရှည်မြို့ဝန်းဖြစ်ကာ၊ ဧက ၈၀ခန့်ကျယ်ဝန်းသော မြို့နေရာဖြစ်၏။

မြို့ဟောင်းအမှတ်-၂သည် မြောက်လတ္တီတွဒ် ၂၃° ၂၉ မိနစ်၊ ၂၈ စက္ကန့်မှ ၂၃° ၃၀ မိနစ်၊ ၁၃ စက္ကန့် အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆° ၀၀ မိနစ်၊ ၄၀ စက္ကန့်မှ ၉၆° ၀၁ မိနစ်၊ ၅ စက္ကန့်အကြား တည်ရှိကြောင်း တောင်မြောက်အလျား ၁၃၅၀ ကိုက်၊ အရှေ့အနောက် အနံ ၇၈၀ ကိုက်ခန့်ရှိ၍ ဧက ၂၁၀ ခန့် ကျယ်ဝန်းသည်။ ကျုံးအကျယ်ပေ-၄၀ခန့် တွေ့ရပြီး အနောက်ဘက် ဧရာဝတီမြစ်ကမ်းတစ်လျှောက်၌ မြို့ရိုးနှင့် ကျုံး ဧရာဝတီမြစ်အတွင်းသို့ ပြိုကျသွားပြီးဖြစ်၍ မတွေ့ရတော့ပေ။

မြို့ဟောင်းအမှတ်-၃သည် မြောက်လတ္တီတွဒ် ၂၃° ၂၉ မိနစ်၊ ၁၁ စက္ကန့်မှ ၂၃° ၃၀ မိနစ်၊ ၂၈ စက္ကန့်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၆° ၀၀ မိနစ်၊ ၄ စက္ကန့်မှ ၉၆° ၀၁ မိနစ်၊ ၁၀ စက္ကန့်အကြား တည်ရှိသည် ယင်းမြို့ဟောင်းသည် အမှတ်-၁-၂ မြို့ရိုးများအပါအဝင် တောင်မြောက် ၂၆၄၀ ကိုက်နှင့် အရှေ့အနောက် အနံ-၉၉၀ ကိုက်ခန့်ရှိပြီး ဧက-၅၄၀ ခန့် ကျယ်ဝန်းသည်။ မြို့ရိုးနှင့် ကျုံးမှာပေါ်လွင်ထင်ရှားခြင်းမရှိသော်လည်း ယခုအခါ ယင်းဒေသတစ်ခုလုံးကို ရှေးဟောင်းနယ်မြေအဖြစ် သတ်မှတ်ထားရှိရန် ယဉ်ကျေးမှုဝန်ကြီးမှ ဆောင်ရွက်လျက်ရှိသည်။

ထိုမြို့ရိုး-၃ခုအနက်မှ အမှတ်-၂မြို့ဟောင်းကို ဒေသခံပြည်သူတို့က'အညာပုဂံ'ဟု အစဉ်အဆက်ခေါ်ဆိုလာခဲ့သည့်မြို့ဟောင်းကြီး ဖြစ်သည်။ ထို မြို့ဟောင်းကြီးအတွင်း အရှေ့မြောက်ဘက်တွင် ရွှေစည်းခုံအမည်ရှိ စေတီတော်ကြီး တည်ရှိသည်။ ထို ရွှေစည်းခုံစေတီတော်ကြီးကို တကောင်းမင်းဆက်မှ သတိုးမဟာရာဇာတည်သည်ဟု မြန်မာကျမ်းအဆူအဆူက ဆို၏။ ထူးခြားချက်မှာ အညာပုဂံ၏ရွှေစည်းခုံနှင့် အရိမဒ္ဒနပူရ(ပုဂံ)၏ ညောင်ဦးရွှေစည်းခုံတို့၏ တူညီချက်ပင် ဖြစ်သည်။ တကောင်းမြို့ရှိ အညာပုဂံအုပ်ချပ်များကိုလေ့လာရာတွင် ပုဂံခေတ်ပြိုင်လက်ရာအုတ်ချပ်များဖြစ်ကြောင်း တွေ့ရသည်။

သို့ရာတွင် တကောင်း ရွှေစည်းခုံဘုရားကြီးအနီး(ယခုချမ်းသာကြီးကျောင်းမြောက်ဘက်)တွင် ရှစ်မြောင့်ပုံစေတီပန္နက်အုတ်ခုံကြီးသည်

အလျား ၂၀၀ ပေ နှင့် အနံ ၁၀၀ ပေခန့်ရှိရာ ၄င်းမှ အချို့သောအုတ်ချပ်များသည် ခရစ်နှစ်-၁၁ရာစုပုဂံခေတ်မတိုင်မီ ပျူမြို့ဟောင်းများတွင် တွေ့လေ့ရှိတတ်သည့် လက်ရေးစင်းပါ အုတ်ချပ်များဖြစ်ကြောင်း တွေ့ရသည်။ မြို့ဟောင်းအမှတ်-၂ အညာပုဂံအတွင်း အချို့သောအုတ်ကုန်းများ၌လည်း လက်ရေးစင်းပါပျူအုတ်ချပ်များကို တွေ့ရှိရသည်။ လက်ရေးအစင်းရာပါ အုတ်ချပ်များသည် ပျူအုတ်ချပ်များ ဖြစ်သည်။

ရှေးတကောင်းရာဇဝင်၌ တကောင်းမြို့ကြီးအနီး၌ ပျူဂါမဟူသော ပျူရွာရှိခဲ့ကြောင်း၊ ပျူဂါမ- ပျူဂါမ်၊ ပူကမ်-ပုဂံဟု ခေါ်ဆိုခဲ့ကြသည်ဟုဆို၏။ အနော်ရထာမင်းမှ အရိမဒ္ဒနပူရကိုတည်ထောင်သည့်အခါ ပြည်သူပြည်သားတို့က အရိမဒ္ဒနပူရ ဟု မခေါ်ဆိုပဲ တကောင်းဒေသ၌ ဘိုးဘေး၊ ဘီဘင်အစဉ်အဆက် မိမိတို့နေထိုင်ခဲ့ရာ အမည်အခေါ်အတိုင်း မြို့သစ် ရွာသစ်တည်ရာတွင် ပုဂံဟုပင် ခေါ်ဆိုခဲ့ကြမည်ဟု မှန်းဆရသည်။ အနော်ရထာမင်းသည် တကောင်းကိုပြန်လည်ပြုစု၍ မြို့တည်ထောင်သောအခါ ဧရာဝတီမြစ်အောက်ပိုင်းအကြေအရပ်ရှိ အရိမဒ္ဒနပူရမြို့တော်ကို ပုဂံဟုပင်ခေါ်ဆို၍ မြစ်ညာတွင်ရှိသော မူလပုဂံကို **အညာပုဂံ**ဟုပင် ခေါ်ဆိုခဲ့ကြခြင်း ဖြစ်နိုင်သည်ဟု အချို့ကဆိုကြ၏။ တစ်နည်းဆိုသော် တကောင်းသည် အရိမဒ္ဒနပူရ(ပုဂံ)ကဲ့သို့ပင် စည်ကားသိုက်မြိုက်ခဲ့သည့်မြို့ကြီးဖြစ်မည်ဟု စဉ်းစားဖွယ်ရာ ဖြစ်သည်။ မြို့ရွာတည်ဆောက်သည့်အခါ ရှေးယခင်က ရှိခဲ့ပြီးဖြစ်သော အုတ်ချပ်ကောင်းများကိုလည်း လိုအပ်သလို ပြန်လည်အသုံးပြုခဲ့ကြမည်သာဖြစ်ရာ အညာပုဂံအတွင်း လူနေကုန်းရာများ၌ ပုဂံခေတ်လက်ရာနှင့်ရောနေသောရှေး ပျူအုတ်ကြီးများကို တွေ့မြင်နေရခြင်းဖြစ်ရာ ပုဂံမတည်ထောင်မီကပင် တကောင်းဒေသ၌ မြို့ရွာတည်ထောင်ခဲ့သည်ဟု မှတ်သားဘွယ်ရာရရှိသည်။ အညာပုဂံမြို့ဟောင်းအတွင်း ယခုရွှေမြင်တင်စေတီတော်နေရာ၌ ဘုရားပျက်အုတ်ကုန်းတစ်ခုရှိခဲ့ရာ ထိုကုန်းရာကို စေတီတော်အဖြစ် ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခဲ့ရာ သက္ကရာဇ် ၁၄၄ တန်ဆောင်မုန်း ရက်စွဲပါသည့် ငွေချပ်ကို

တွေ့ရှိခဲ့သည်။ ယင်းကို ဌာပနာတိုက်အတွင်း ပြန်လည်ထည့်သွင်းခဲ့သည်။ မူလပန္နက်အတိုင်း (ရှစ်မြှောင့်ပုံ)ဂန္ဓကုဋီခံ၍ ရွှေမြင်တင်ဘွဲ့အမည်ဖြင့် စေတီတော်တည်လုပ်ခဲ့သည်။ ယင်း ကမ္ပည်းမှတ်တမ်းကျောက်ပြားကို ရွှေမြင်တင်ကျောင်းဆရာတော်ဦးစန္ဒာသီရိမှ ယနေ့တိုင် သိမ်းဆည်းထားရှိပါသည်။ ထိုငွေပြားသက္ကရာဇ်အရ ထိုရှစ်မြှောင့်စေတီသည် အနော်ရထာမင်းနန်းမတက်မီနှစ်ပေါင်း-၂၆၂ ခန့် (အေဒီ-၇၈၂ ခုနှစ်)က တည်ထားခဲ့ကြောင်း တွေ့သိရသည်။ ထိုအထောက်အထားအရ အညာပုဂံမြို့ဟောင်းသည် အနော်ရထာမတိုင်မီ နှစ်ပေါင်း-၂၆၀ ကျော်က ပင်တည်ရှိခဲ့ပြီးဖြစ်မည်ဟု ယူဆခဲ့ကြသည်။

ထိုပြင် ရွှေစည်းခုံစေတီတော်ကြီး၏အနောက်ဘက် ချမ်းသာကြီးကျောင်းတောင်ဘက်တောင်ကုန်းပေါ်၌ စေတီငယ်တစ်ဆူတည်ထားသည်။ စင်စစ် ထိုတောင်ကုန်းမှာ စေတီတော်ကြီးတစ်ခုပြိုပျက်ခဲ့ရာမှ တောင်ကုန်းသဖွယ်ဖြစ်ခဲ့ရကြောင်း သိမီလိုက်သည့်သက်ကြီးစကားများ အရသိရှိရပါသည်။ ထို့ကြောင့် အညာပုဂံမြို့ဟောင်းအတွင်း၌ပင် ကြီးမားသော စေတီတော်များတည်ထားခဲ့ခြင်းမှာ မြို့၏စည်ကားမှု၊ လူ့အဖွဲ့အစည်း ကြီးမားမှုကိုဖော်ပြနေခြင်း ဖြစ်သည်။

## လေးမျက်နှာဘုရား

ရွှေစည်းခုံစေတီတော်၏ရှေ့ဘက်ကပ်လျက် ယခင်ကကြီးမားသော တောင်ကုန်းတစ်ခု ရှိခဲ့သည်။ ၂၀၀၃ ခုနှစ် နှစ်ဦးပိုင်းတွင် ထိုတောင်ကုန်းကို မြေညှိပြုပြင်ခဲ့ကြရာမှ အပေါ်ယံမြေထုများ ပြိုကျကာ အရပ်လေးမျက်နှာ၌ ကြီးမားသောအုတ်ဖြင့်တည်ဆောက်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီး-၄ဆူနှင့် လှိုဏ်ခံဂန္ဓကုဋိတိုက်ကြီး ပေါ်ထွက်လာပါသည်။ ထိုလေးမျက်နှာ ဘုရားကြီးမှ ပါဠိအက္ခရာဖြင့်ရေးထိုးသည့် “ဧသောဘဂဝါ မဟာရာဇာ သိရီအနိရုဒ္ဓဒေဝေနကတော ဝိမုတ္တံသတ တ္တေနေဝါတိ”

ဂါထာကို မြေဖုတ်ချပ်ပြားပေါ်တွင် တွေ့ရှိရပြီး အနော်ရထာမင်းကြီးကိုယ်တိုင် တည်လုပ်ခဲ့ကြောင်း သိရှိရသည်။

## တကောင်းသည်ခံမြို့သက်သက်မျှသာမဟုတ်

မြန်မာအစကျောက်ဆည်က ဆိုသည့်အယူအဆကို ကိုင်စွဲကြသည့် ပညာရှင်များပြောဆိုလေ့ရှိကြသည်မှာ တကောင်းမြို့သည် အနော်ရထာမင်းလက်ထက်မြောက်ပိုင်း ကျူးကျော်မှုများကြောင့် စစ်ရေးအရ တည်ဆောက်ခဲ့ရသည့်ခံမြို့-၄၃မြို့ အပါအဝင် မြို့တစ်မြို့မျှသာ ဖြစ်သည်ဟု ဆိုကြပါသည်။ စစ်ရေးသက်သက်မျှသာဆိုလျှင် အနော်ရထာမင်းသည် အဘယ့်ကြောင့် **ရွှေစည်းခုံ၊ လေးမျက်နှာကဲ့သို့ စေတီပုထိုးကြီးများကို တကောင်းမြို့၌ တည်ဆောက်ခဲ့ပါသနည်းဆိုသည်ကို စဉ်းစားဘွယ်ရာဖြစ်သည်။** အမှတ်-၁ မြို့ဟောင်းငယ်ကိုသာ လေ့လာကြည့်ရှု၍ပြောလျှင် ထိုသို့ အဖြေထွက်မည်ဖြစ်သော်လည်း တကောင်းရွှေစည်းခုံအုတ်ခွက်၊ စဉ့်ခွက်များကိုအခြေခံ၍ ပြောဆိုကြမည်ဆိုပါက စည်ကားသောလူမှုအဖွဲ့အစည်းတစ်ရပ်မရှိပါပဲနှင့် ဤမျှကြီးမားသော စေတီတော်ကြီးကို (စစ်ရေးသက်သက်မျှသာဆိုလျှင်) အနော်ရထာမင်းကြီးသည် အကြောင်းမဲ့တည်ထောင်ခဲ့မည်မဟုတ်ဟု ယူဆရသည်။ အနော်ရထာမင်းကြီးတည်ထောင်ခဲ့သည့်ခံမြို့-၄၃မြို့အနက် တကောင်းသည်အထူးခြား၊ အလေးနက်ဆုံးမြို့အဖြစ်တွေးရှိကာ တည်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ စနစ်တကျဖြိုဖျက်ခဲ့ခြင်းကြောင့် တကောင်းသည် ဖရိုဖရဲဖြစ်ရသည်။ ကိုလိုနီခေတ်တကောင်းရွာသိမ်ရွာငယ်လေးကိုကြည့်ကာ "တကောင်းဆိုတာ ခံတပ်မြို့လေးပါ"ဟု အလွယ်တကူကောက်ချက်ချရန် မသင့်သောအခြေသို့ ရောက်ရှိခဲ့ပြီဖြစ်ပါ၏။

## နန်းစောတို့ဖျက်ဆီးခဲ့သောမြောက်ပိုင်းကမြို့

**ခရစ်နှစ်-၁၀၄၄ မတိုင်မီ၊ အေဒီ-၈၃၂ တွင် မြန်မာပြည်မြောက်ပိုင်းမြို့ကြီးကို နန်းစောတို့ကတိုက်ခိုက်ခဲ့ကြကြောင်း ရှေးဟောင်းတရုတ်မှတ်တမ်းများက ဆိုပါသည်။** ထိုမြို့ကြီးကို ဟန်လင်းမြို့ဟောင်းဖြစ်မည်ဟု သုတေသီတို့က ယူဆခဲ့ကြသည်။ သို့သော် ထိုစဉ်က တကောင်းဒေသမှ ပုဂံမတိုင်မီအထောက်အထားများ ရှာဖွေမတွေ့ရသေးချိန်ဖြစ်၍ ထိုသို့ ယူဆခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က နန်းစောတို့ တိုက်၍ ပျက်သုဉ်းခဲ့ရသောမြို့ကြီးသည် ဟန်လင်းမဟုတ်၊ တကောင်းမြို့ကြီးပင် ဖြစ်ဟန်တူသည်။ အနော်ရထာမင်းကြီးတက်လာသည့်အခါ ရှေးယခင်က မြန်မာမြို့ကြီးကိုပင်ပြန်လည်ပြုစုခဲ့ဟန်ရှိပါသည်။ တကောင်းမြို့သည် မြောက်ပိုင်းကျူးကျော်သူများ၏ စစ်ရေးလမ်းကြောင်းပေါ်တွင် အဓိကတည်ရှိသည့် မြို့ကြီးဖြစ်၍- ၁၂၈၄ ခုနှစ် မွန်ဂိုကျူးကျော်သူများကလည်း ထိုလမ်းကြောင်းအတိုင်းပင် ဝင်ရောက်လာခဲ့ကြောင်း တွေ့ရသဖြင့် အေဒီ-၈၃၂ နန်းစောတို့ဖျက်ဆီးခဲ့ကြသော မြောက်ပိုင်းမြို့တော်ဆိုသည်မှာ တကောင်းဖြစ်ဖွယ်ရှိသည်။ ၂၀၀၁-၂၀၀၃ ခုနှစ် ရှေးဟောင်းသုတေသနတူးဖော်တွေ့ရှိမှုအရ ဆင်ညှပ်ကုန်းဒေသတွင် အေဒီ-၅ ရာစု -၇ ရာစုခေတ်ပြိုင် ကြီးမားသော မြို့ရိုးကြီးတည်ဆောက်ထားခဲ့သည့် အကြွင်းအကျန်များကို တွေ့ရှိခဲ့ရာ တကောင်းမြို့ဟောင်းသည် ထိုမြောက်ပိုင်းမြို့ကြီးပင်ဖြစ်ကြောင်း သက်သေခံနေသကဲ့သို့ ရှိ၏။ ဟန်လင်းနှင့် ခေတ်ပြိုင်မြို့ဟောင်းသာဖြစ်ပါက ရေကြောင်းစစ်ရေးလမ်းပေါက်အရ တကောင်းမြို့ကြီးသည် ဟန်လင်းထက်အရင် ရန်သူနှင့်ထိပ်တိုက်ရင်ဆိုင်ရဖွယ် ရှိပါသည်။ ရှေးပဝေသဏီက တည်လာခဲ့သည့် တကောင်းမြို့ကြီးသည် ရန်သူ၏ဖျက်ဆီးမှုကြောင့် ပျက်သုဉ်းခဲ့ရသည့်အဖြစ်ကို မြန်မာတို့အနေဖြင့် နှစ်-၃၀၀ခန့်တိုင်အောင် အလွယ်တကူမေ့ပျောက်နိုင်ခဲ့ကြမည်မဟုတ်ချေ။ ပုဂံဒေသတွင် မွန်မြန်မာတို့ စုစည်းမိလာခဲ့ကြသည့်အခါ

အနော်အရထာမင်းကြီးသည် အရိမဒ္ဒနပူရနည်းတူ တကောင်းမြို့ဟောင်းကြီးကိုလည်း စေတီ၊ ဂူကျောင်းကြီးများကြီးမာစွာ တည်လုပ်ခြင်းဖြင့် မြန်မာ့လူနေမှုကို ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။ ထို့ကြောင့် မြန်မာတို့၏ ပါးစပ်ရာဇဝင် ရှေးဟောင်းဒဏ္ဍာရီပုံပြင်များသည် ပြောကောင်းရုံသက်သက်မဟုတ်ဘဲ ထိုခေတ်လူ့အဖွဲ့အစည်း၏ သမိုင်းဖြစ်ရပ်တစ်စိတ်တစ်ဒေသကိုပါ ထည့်သွင်းတန်ဆာဆင်ကြသည်ကို သုတေသီတို့ အလေးထားခဲ့ကြခြင်း ဖြစ်သည်။ ပုဂံခေတ်တွင် မြန်မာတို့ အင်အားပြန်လည်တောင့်တင်းလာသောအခါ မြန်မာ့ရှေးဦးမြို့ဟောင်းတကောင်းမြို့တော်သည် နှောင်းပိုင်းမြန်မာမင်းဆက်တို့၏ လက်ထက်များတွင်လည်း အုပ်ချုပ်မှုမပျက် တည်တံ့လာခဲ့ကြောင်း တွေ့ရပေသည်။

ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိမှုများအရ ပုဂံခေတ်ပြိုင်တကောင်းမြို့ဟောင်းကြီးတွင် ဗုဒ္ဓဘာသာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာလုပ်ငန်းများ ထွန်းကားခဲ့ပြီး စည်ပင်ဖွံ့ဖြိုးခဲ့ကြောင်း တွေ့ရှိပါသည်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း ဥယျာဉ်ခြံမြေလုပ်ငန်း၊ ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းဘဲ၊ ပန်းပု၊ ပန်းတမော့၊ ကျောက်ဆစ်လုပ်ငန်း၊ သံချက်လုပ်ငန်း၊ အိုးလုပ်ငန်း၊ ပန်းရံ လက်သမား၊ အုတ်ဖုတ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြောင်း သိရှိရသည်။

ပုဂံခေတ်ကုန်ဆုံးချိန် ခရစ်နှစ်-၁၂၈၃ ဒီဇင်ဘာ-၃ ရက်တွင် မြောက်ပိုင်း မွန်ဂိုကျူးကျော်မှုများ စတင်လာခဲ့သည်။ ထိုနေ့တွင် မွန်ဂိုဧကရာဇ်ကူဗလိုင်ခန်၏ တပ်များသည် မြန်မာ့ရှေ့တန်းစခန်းဖြစ်သော ငဆောင်ချမ်းကိုသိမ်းယူ၍ ထိုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကောင်းစင်ခံတပ်ကို သိမ်းယူခဲ့သည်။ ထိုအချိန်တွင် တကောင်းမြို့သည် မြန်မာပြည်မြောက်ပိုင်းတွင်အင်အားတောင့်တင်း၍ ပုဂံသို့ချီရာ စစ်ရေးလမ်းကြောင်းပေါ်တွင် အဓိကကျသော ခံတပ်မြို့ကြီးဖြစ်ခဲ့၍“ယဂန်တေဂင်” ဦးဆောင်သော မွန်ဂိုတပ်များသည် **အေဒီ၁၂၈၄၊ ဇန်နဝါရီတွင် တကောင်းမြို့အား တိုက်ခိုက်သိမ်းယူခဲ့ကြောင်း၊ သမိုင်းမှတ်တမ်းများက ဆိုပါသည်။** တကောင်းမြို့ကြီး

ကျဆုံးသွားရခြင်းသည် မြန်မာပြည်မြောက်ပိုင်းတစ်ခုလုံး ရန်သူလက်သို့ ကျရောက်သွားရခြင်းပင် ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်းနယ်များကို “ကျန်မိယင်န်”အမည်ဖြင့် မွန်ဂိုအင်ပါယာလက်အောက်ခံပြည်နယ်တစ်ခု အဖြစ် ကြေညာခဲ့သည်။ မွန်ဂိုအင်ပါယာလက်အောက် မြန်မာ့ရှေးဦးမြို့ ဟောင်း တကောင်းမြို့ကြီးတွင် မြန်မာ့လူနေမှုပုံစံပျက်ပြားခဲ့ရပြီး ရှေးယခင် က ရှိနှင့်ပြီးဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များသည်လည်း ရန်သူ့လက် ချက်ဖြင့် ပျက်စီးဆုံးရှုံးခဲ့ကြရမည်မှာ သေချာသလောက် ဖြစ်ပါသည်။

# အခန်း(၁၂)
# ဒေါက်တာဖူးရာ၏အစီရင်ခံစာ

တကောင်းနှင့်ပတ်သက်၍ ဖော်ပြပါအတိုင်း ရာဇဝင်ကျမ်းကြီး ကျမ်းငယ်တို့တွင် တိုင်းပြည်အုပ်စိုးသူမင်းတို့၏ အမည်များကိုသာ အစဉ်အဆက်ဖော်ပြခဲ့သည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသည်တို့နှင့် ပတ်သက်၍ မှတ်မှတ်သားသား ဖော်ပြထားခြင်းမရှိ။ တကောင်းတွင် ရှေးအခါကပင် ပျူအရိုးများ၊ ပျူလက်ရာပစ္စည်းအစအနများ မကြာခဏတွေ့ရှိရသော်လည်း မြန်မာ့သမိုင်းကို အင်္ဂလိပ်တို့က အနော်ရထာတွင်စ၍ တကောင်းကို ဒဏ္ဍာရီထဲသို့ သွတ်သွင်းခဲ့ခြင်းနှင့် မြန်မာအစကျောက်ဆည်က အယူအဆတို့ကြောင့် အစဉ်အဆက်အားဖြင့် တကောင်းကို သမိုင်းရာဇဝင်ရှိရာဒေသဟု ဘယ်သူမှမတွေးဝံ့ပဲရှိခဲ့၏။

တကောင်းကို ပထမဆုံးသမိုင်းထဲသို့ ထည့်သွင်းခဲ့သူသည် အိန္ဒိယပြည် ကျောက်စာဝန်ဟောင်းဒေါက်တာဖူးရာ Dr. Fuher ဖြစ်သည်။ ဒေါက်တာဖူးရာသည် ဂျာမန်လူမျိုး သုတေသနပညာရှင် ဖြစ်သည်။

ဒေါက်တာဖူးရာက -

ဂုတ္တစိုးစံနှစ် ၁၀၈ (ဝါ) အေဒီ ၄၁၆

ဂုတ္တစိုးစံနှစ် ၁၆၃ (ဝါ) အေဒီ ၄၁၈ နှင့်

သက္ကစိုးစံနှစ် ၅၃၂ (ဝါ) အေဒီ ၆၁၀

ရက်စွဲများထိုးထားသော ကျောက်စာများကို တကောင်းနှင့် ပုဂံဂူဆိပ်ဘုရား ပရဝုဏ်အတွင်းမှတွေ့ရှိခဲ့သည်ဟု J.G Scott နှင့် J.P Hardiman တို့ ပြုစုသော Gazetteer of upper Burma and the Shan States Rangoon, Govt: Printing 1900pt. 1 Vol II, p.186,193 တို့၌ ဖော်ပြခဲ့၏။

ဒေါက်တာဖူးရာ၏ကျောက်စာနှင့်ပတ်သက်၍ အခြေပြမြန်မာ နိုင်ငံရေးသမိုင်းတွင်-

'ဂုတ္တစိုးစံနှစ် ၁၆၃ ထိုးကျောက်စာတွင် အရိမဒ္ဒနာပူရပြည့်ရှင် **သုဂတ** သို့မဟုတ် **ရုဒရသေန** က ဂူဘုရားကျောင်း တည်ခြင်း ကို ဖော်ပြထား၏။

သက္ကစိုးစံနှစ် ၅၃၂ ထိုးကျောက်စာ၌ ဧရာဝတီမြစ် ကမ်းပေါ်တွင် တည်ထောင်ထားသော ဟတ္ထိနပူရပြည်သားများ ဖြစ်သော **ဗောဓိဝါမန်**နှင့် **ဓမ္မဒါသ**တွဲ့မည်ရှိ သကျသာကီဝင် ရဟန်းတော်နှစ်ပါးက အရိမဒ္ဒနာပူရပြည့်ရှင် **အာဒိစ္စသေနဘု ရင်လက်ထက်အသောကရာမ** ကျောင်းသို့ သကျမုနိဘုရား ရုပ်တုတော်တစ်ဆူ လှူဒါန်းခြင်းကို ဖော်ပြထား၏။ ကျောက်စာ နှစ်ချပ်စလုံး သက္ကဋဘာသာဖြင့်ရေးထိုးထားသည်ဟု ဆို၏။

ဂုတ္တစိုးစံနှစ် ၁၀၈(ဝါ) အေဒီ ၄၁၆ ထိုးကျောက်စာကား ထူးခြား၏။ **ဧရာဝတီမြစ်ကမ်း**တွင် တည်ရှိသော **ဗရမာဒေသ (ဝါ) ပြဟ္မာဒေသဟတ္ထိနပူရပြည့်ရှင်မဟာရာဇာဓိရာဇာ ဇေယျပါလ**က ထိုးထားသောကျောက်စာဖြစ်၍ ကျောက်စာထိုး ခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာရဟန်းတော် **မဟာကဿပ**

ဝိဟာရကျောင်းတော်ကြီးတွင် ဘိက္ခုများကို ဆွမ်းလုပ်ကျွေးစေရန် အလို့ငှာ လည်းကောင်း၊ ကျောင်းတော်အနီးအနားရှိ ထူပါစေတီများတွင် ဆီမီးထွန်းညှိရန်အလို့ငှာ လည်းကောင်း အရိယာသင်္ဃာတော်များကို မြေနှင့် အသပြာလှူဒါန်းခြင်းကို သက္ကဋ္ဌဘာသာဖြင့် ဖော်ပြထားသည်။ ထိုကျောက်စာ၏ထူးခြားချက်ကား ဂင်္ဂါမြစ်ကမ်းပေါ်တွင် တည်ရှိခဲ့သောဟတ္ထိနပူရမှ ဂေါပါလသည် **မလစ္ဆမျိုး**နှင့် အဆက်မပြတ်စစ်ဖြစ်ပွားပြီးနောက် မူလနေရင်းဌာနကို စွန့်ခွာလာကာ ဧရာဝတီမြစ်ကမ်းတွင် ဟတ္ထိနပူရပြည်သစ်ကို ထီးနန်းမြို့ပြတည်ထောင်ကြောင်းအပြင် စန္ဒဝံသမင်းဆက်ငါးဆက်(လမ်မင်းမျိုး)ဂေါပါလ၊ စန္ဒရပါလ၊ ဒွေးပါလ၊ ဗိမပါလ၊ ဇေယျပါလမင်းများအမည်ကိုလည်း ဆက်လက်၍ဖော်ပြထားခြင်း ဖြစ်သည်။

ဟတ္ထိနပူရကို အေဒီ-၃၀၀ တွင် တည်ထောင်သည်ဟု ခန့်မှန်းရသည်။ မဟာရာဇာဓိရာဇာ ဇေယျပါလဘုရင်က သူ၏ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ဘုရင်များ၏အမည်ကို ဖော်ပြထားကာ ကျောက်စာထိုးထားခြင်း ဖြစ်၏။

ထို့ပြင် ဂုတ္တခေတ်ဟန်ဖြင့် သက္ကဋ္ဌပုံဝတ္ထုများကို ဖော်ပြသောအုတ်ခွက်များကိုလည်း တွေ့သေး၏။ ဂုတ္တခေတ်ဟန် သက္ကဋ္ဌဘာသာဖြင့်ရေးထားပြီး ဗုဒ္ဓပုံတော်များပါရှိသော အုတ်ပိုင်းများတွေ့ရှိရ၍ ထိုအုတ်အပိုင်းအစများ၏သက်တမ်းကို နှစ်ပေါင်း-၁၇၀၀ ကျော်ဟု ခန့်မှန်းရသည်။ သက္ကဋ္ဌဘာသာဖြင့် ရေးသားထားသောဒင်္ဂါးများလည်း တကောင်းကြံညှပ်မှ ရသေးသည်။'
စသည်ဖြင့် ဖော်ပြပါရှိ၏။

ဒေါက်တာဖူးရာ၏အစီရင်ခံစာတွင် ဗုဒ္ဓဝါဒလွှမ်းမိုးသော ဤဟတ္ထိနပူရ(တကောင်း)မြို့ကြီး၏ မြောက်မြားလှစွာသော အပျက်အစီးအကြွင်းအကျန်များသည် အဆိုပါဒေသ၏ တောနက်ကြီးအတွင်း၌ နစ်မြုပ်လျက်

ရှိပြီး ယင်းကို တူးဖော်လျှင် မဖွိုမသား ဗိသုကာပညာရှင်တို့၏လက်ရာများကို တွေ့ရှိနိုင်မည်ဟုလည်း အစီရင်ခံခဲ့သည်။ ထိုကဲ့သို့ဒေါက်တာဖူးရာက တိတိလင်းလင်းရေးသားခဲ့သော်လည်း ဒေါက်တာဖူးရာ၏ ရေးသားချက်များနှင့်ပတ်သက်၍ မြန်မာပြည်ဆိုင်ရာ ကျောက်စာဝန်ဟောင်း ဒူရွိုင်ဇယ် Chas. Duroiselleက ပယ်ခဲ့လေသည်။ ယင်း၏ ပယ်ပုံမှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"အဆိုပါ သက္ကဋကျောက်စာကြီးနှင့်ပတ်သက်သည့် ဒဏ္ဍာရီကို ကျွန်ုပ်တို့အနေဖြင့် တစ်ကြိမ်တည်းနှင့် အပြီးအပြတ်ချေဖျက်ပယ်ချပါတော့မည်။ ယင်းသက္ကဋကျောက်စာမှာ မည်သည့်အခါကမှမရှိခဲ့ဘူးပါ။ စိတ်ကူးကောင်းကောင်းဖြင့် လုပ်ကြံလီဆယ်ထားချက်သာ ဖြစ်သည်။

(....I must take this opportunity for exploding once for all, the myth of a large stone slab with a Sankrit record in the Gupta alphabet of Samvat 108, or A.D 416 .... This Sankrit inscription has never existed; it is the figment of a vivid imagination. c. Duroiselle, Report of the archaeogical Survey, Burma, 1920-21, p.21, Note.4)

". . . မြန်မာနိုင်ငံအတွင်း ခရီးလှည့်လည်ခဲ့စဉ်က ဒေါက်တာဖူးရာအနေဖြင့် လုံးလုံးလျားလျားလုပ်ကြံခဲ့သည့် ကျောက်စာဖြစ်ချေသည်။ ဤခရီးစဉ်နှင့်ပတ်သက်၍ သူ၏ရေးသားချက်ကို ၁၈၉၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ဗုဒ္ဓဖွားတော်မူရာအရပ်ကို တွေ့ရပြီဟုဆိုကာ အကြောင်းခြင်းရာများကို ဖော်ပြ၍ အမျိုးမျိုးတွက်ချက်ပြပြီးလျှင် အလွဲလွဲအမှားမှားထုတ်ဖော်ပြောကြားခဲ့သူမှာလည်း ဒေါက်တာဖူးရာပင် ဖြစ်သည်။ . . ဖူးရာ၏ ဤလုပ်ဆောင်ချက်များအပေါ်တွင် အကောင်းဆုံးပေးထားကြသည့် ကောက်ချက်ကား သူ၏ဉာဏ်အားသည် ဆုတ်ယုတ်ခဲ့လေပြီဟူ၍ပင် ဖြစ်သည်။"

ဗုဒ္ဓဖွားတော်မူရာနှင့်ပတ်သက်၍ ယနေ့တိုင် အိန္ဒိယနိုင်ငံတွင် နှစ်နေရာဖြစ်နေဆဲ ဖြစ်သည်။

".... This Sankrit Inscription has never existed, but was invented in toto by Dr. Fuhrer a tour he made in Burma, his note on this tour being published in 1894; it is he also who worngly gave out, very circumstancially that he had found the birth-place of thd Buddha .. The best construction that has been put on these doings of Fuhrer is that his mind was weakening (op. cit. A List of Inscriptions found in Burma,pt. 1. Rangoon, Supdt. Govt; Printing, 1921, Preface ii. Note 1) "

ယင်းကျောက်စာနှင့်ပတ်သက်၍ G.E : Harvey က-

"ကံမကောင်းအကြောင်းမလှသဖြင့် ဤအဖိုးတန်ကျောက်စာကို မည်သည့်အခါကမှ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ချေ။ ဖူးရာ၏ ဝန်ထမ်းမှတ်တမ်းကို ထောက်ထား၍ ထိုကျောက်စာဖော်ထုတ်နိုင်ရေးမှာ အထူးလိုအပ်လှပေသည်" (....... Unfortunately this precious-slab has never been produced, and in view of Fuhrer's service record its production is essential, Op. cit. History of Burma, p.310 note)ဟု မှတ်ချက်ပြုခဲ့သည်။

တစ်ဖန် ယင်းကျောက်စာများနှင့်ပတ်သက်၍ သမိုင်းပညာရှင် ဗိုလ်မှူး ဘရှင်က -

" ၁၈၉၄ ခုနှစ်ပတ်လည်တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ ငြိမ်းချမ်းရေးမရှိသေး။ နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်၍ ဗြိတိသျှတို့အတွက် လုံခြုံမှုမရှိသေးသောကာလ ဖြစ်သည်။ ဤကာလတွင် ဖူးရားသည် မြန်မာနိုင်ငံအလယ်ပိုင်းနေရာများသို့ ရောက်ခဲ့သည်ဟု ဆိုသည်။ . . . လုံခြုံမှုမရှိသည့်ထိုဒေသသို့ ကတိုက်ကရိုက်သွားရောက်ကြည့်ရှုခဲ့သော ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးသည် မည်မျှ လေ့လာမှတ်သားနိုင်

မည်ကို စဉ်းစားဖွယ်ရာ ဖြစ်သည်။ . . . ဖူးရားသည် ထိုကျောက်စာတို့ကို တဒင်္ဂသာလေ့လာခွင့်ရှိခဲ့သည်ဟု ထင်သည်။ ထိုခေတ်က ကျောက်စာလေ့လာမှုပညာမှာ ယခုခေတ်လောက်တိုးတက်ခြင်းမရှိဟု ဆိုရမည်". . . (မြန်မာနိုင်ငံသမိုင်းကော်မရှင်၊ ရုံးတွင်းပေးစာ၊ စာအမှတ် ၆၉/တွေ၅၅(ခ)၊ နေ့စွဲ၊ ၁၉၆၉ ခု ဒီဇင်ဘာလ ၁၉ ရက် တွင် ရေးသားထားခဲ့ပါ၏။ ထိုစာတွင်ပင် ဗိုလ်မှူးဘရှင်က-

" . . . ထိုမှတပါး ဂူဆိပ်ဘုရားကို ပုဂံတွင် ယနေ့တိုင် ရှာမတွေ့သေးပါ။ ထိုကျောက်စာနှစ်ချပ်ကိုလည်း ရှာမတွေ့သေးပါ"ဟု ဆက်လက်ဖော်ပြထားပါ၏။

မလစ္ဆများဆိုသည်မှာ မွန်ဂိုနွယ် တောင်ပေါ်သား Kirata Highlanders များဟု R.C Majumder နှင့် Dr. R.M. Munshi တို့ တည်းဖြတ်သော The History and Culture of Indian people Vol II. The Insperial Unity p.57 တွင် ဆိုသည်ဟု အခြေပြုမြန်မာနိုင်ငံရေးသမိုင်းက ရှာဖွေတင်ပြထား၏။ **ဤအချက်သည် သာကီဝင်အနွယ်များသည် အိန္ဒိယနိုင်ငံဇာတိသားများမဟုတ်၊ မွန်ဂိုနွယ်များဖြစ်သည်။ ယင်းတို့သည် မြန်မာနိုင်ငံအားဖြတ်၍ ရေကြည်ရာမြက်နုရာ အိန္ဒိယနီပေါနိုင်ငံများရှိ မဇ္ဈိမဒေသသို့ ရောက်ရှိသွားသည်ဆိုသော အဆိုနှင့်တူညီသည်ကို သတိပြုရန် ရှိပါ၏။**

ဗိုလ်မှူးဘရှင်က ပုဂံဂူဆိပ်ဘုရားကို ပုဂံတွင်သွားရောက်ရှာဖွေမှုသည် မှားယွင်းမှုတစ်ရပ် ဖြစ်ပါ၏။ ပုဂံဂူဆိပ်ဘုရားသည် တကောင်းတွင်ရှိပါသည်။ တကောင်း၌ တကောင်းနှင့် အညာပုဂံဟူ၍ ရှိသည်။ တကောင်းနှင့် အညာပုဂံအစပ် ပုဂံဘက်တွင် သချိုင်းတစ်ခုရှိရာ ထိုသချိုင်းတွင်ဂူများရှိသည်။ ထိုဂူများသည် ဧရာဝတီမြစ်ဆိပ်ကမ်းသို့ ဆင်းရာနေရာတွင်လည်းရှိသောကြောင့် ဆိပ်ကမ်းအနီးရှိ သချိုင်းဂူများအနီးတွင်ရှိသောဘုရားကို **ဂူဆိပ်ဘုရား**ဟု ခေါ်ကြ၏။ ထိုဘုရားသည် တကောင်းနှင့်အညာပုဂံရှိသည့်အနက် အညာပုဂံဘက်တွင်ရှိသောကြောင့် ပုဂံဂူဆိပ်ဘုရားဟုခေါ်ဆိုခဲ့

ကြခြင်းဖြစ်၏။ ထိုနေရာသည် ယခုတိုင် တကောင်းတွင်ရှိဆဲ ဖြစ်၏။ ဖူးရာတွေ့ရှိသော ကျောက်စာများနှင့်ပတ်သက်၍ ဒူရွိုင်ဇယ်က -

". . . ထိုနည်းတူစွာပင် သက္ကဋကျောက်စာဟုဆိုသော ကျောက်စာနှစ်ချပ်ကို ပုဂံကူဆိပ်ဘုရားပရိဝုဏ်အတွင်း၌ တွေ့ရှိရသည်ဟု ဆို၏။ ပထမကျောက်စာမှာ အေဒီ ၄၈၁ ဟုပြပြီးလျှင် အခြားတစ်ခုမှာ အေဒီ ၆၁၀ ဟုပြထားပေသည်။ ထိုကျောက်စာများနှင့်ပတ်သက်သည့် သတင်းမှားများကို ဆာဂျော့စကော့မည်သည့်နေရာမှ ရရှိသည်မှာ မရှင်းလင်းပေ။ (...Similarly the two alledged Sanskrit inscriptions said to be lying in the court-yard of the Kuzeit Pagoda at Pagan; the first dated A.D 481, and the other A.D. 610. It is not very clear where Sir. G. Scott.... got this erroneous information. (C. Durioiselle, Report of the Archaeological Survey, Burma (Myanmar), 19200-2 p. 21,n4 )

ဟု ရေးသားကာ ဖူးရာရေးသားချက်ကို အငြိုးကြီးစွာဖြင့် ဆက်၍ပယ်ခဲ့၏။

သို့သော် အခြေပြမြန်မာနိုင်ငံရေးသမိုင်းကို ပြုစုသူတို့က

"ဒေါက်တာဖူးရာဖော်ပြခဲ့သော အထက်မြန်မာပြည် ဂေဇက်တီးယားတွင် တကောင်းမှ သက္ကဋကျောက်စာနှင့်ပတ်သက်၍ လည်းကောင်း၊ ဒေါက်တာဖူးရားနှင့် ပတ်သက်၍ လည်းကောင်း အထက်ပါအတိုင်း ပညာရှင်များက မှတ်ချက်ပေးထားကြသည်။ မည်သို့ပင်ဖြစ်စေ ဖူးရာသည် ၁၈၉၄ ခုနှစ်နောက်ပိုင်းတွင် အိန္ဒိယပြည်ရှေးဟောင်းသုတေသနတိုးတက်မှုအစီရင်ခံစာများကို ၁၈၉၈ ခုနှစ်တိုင်အောင် နှစ်စဉ်ရေးသားတင်သွင်းခဲ့သည်။ ထိုမှတပါး ဒေါက်တာဖူးရားရေးသားသော အခြားစာပေများကို အိန္ဒိယသမိုင်းပညာရှင်များကလည်း မိမိတို့ရေးသားပြုစုသော စာပေများတွင် ယုံယုံကြည်ကြည်ပင် ကိုးကားအသုံးပြုကြောင်းမှတ်သားရပေသည်။ ဥပမာ- V.A Smith ရေး The Early History of India London Oxford clarendon press 4th cdn; 1962 နှင့် E.J. Rapson



**အညာပုဂံရေဆိပ်တွင်အလျား-၃ပေခွဲ၊ အနံ-၂ပေခွဲခန့်ရှိ ကျောက်ချပ်ပေါ်တွင် အဝတ်လျှော်ခဲ့ဖူးသည်ဆိုသော ဒေါ်ပြုံးကြည်**

တည်းဖြတ်သော The Cambridge History of India, Vol.I အစရှိသည့်စာအုပ်များ ဖြစ်သည်။ ထို့ကြောင့် ဒူရွိုင်ဇယ်က စိတ်မနှံ့သူအဖြစ်ပင် သတ်မှတ်ပြောဆို၍ ဖူးရာတင်ပြသော တကောင်းကျောက်စာများကိုပယ်ချခဲ့သော်လည်း အခြေပြမြန်မာနိုင်ငံရေးသမိုင်းရေးသားပြုစုသူတို့က'ဖူးရာသည်-၁၈၉၈ ခုနှစ်တိုင် အစီရင်ခံစာများကို ဆက်လက်ရေးသားခဲ့သည်။ အိန္ဒိယနိုင်ငံပညာရှင်များကလည်း ဖူးရာ၏အစီရင်ခံစာများကို ဆက်လက် လက်ခံနေသဖြင့် ဒူရွိုင်ဇယ်ပြောသကဲ့သို့ စိတ်မနှံ့သူအဖြစ်အထိ မဖြစ်တန်ရာ၊ သို့သော် ထိုကျောက်စာများ တကယ်ရှိမရှိဆိုသောအချက်ကို ဆက်လက် သုတေသနပြုဘွယ်ရာရှိသည်'ဟုရေးသားခဲ့ပါ၏။

အမှန်တကယ်လည်း ကံမကောင်း အကြောင်းမလှခဲ့ရသည်မှာ ယနေ့ထက်တိုင် ဒေါက်တာဖူးရာ၏ကျောက်စာများကို မတွေ့ခဲ့ရခြင်း ဖြစ်ပါ၏။

သို့သော် တကောင်းတွင် သက်ကြီးရွယ်အိုများအား မေးမြန်းစုံစမ်းချက်အရ အသက် ၇၀ အရွယ်ရှိ တကောင်းမြို့ အမှတ်-၇ ရပ်ကွက်မှ ဒေါ်ပြုံးကြည်က "အသက်-၂၀ ကျော်အရွယ်က မိမိတို့အဝတ်လျှော်နေသော ဧရာဝတီမြစ်ကမ်းမှ ၃ ပေခွဲ၊ အနံ-၂ ပေခွဲခန့် ကျောက်ချပ်ကြီးတစ်ချပ်ကြီးကို တစ်ခါတွင် သူငယ်ချင်းများနှင့်အတူ ဝါးထိုးစိုက်၍ လှန်ကြည့်ကြရာ မှောက်ခုံဖြစ်နေသော တစ်ဘက်မျက်နှာပြင်တွင် မြန်မာစာ၊ ပါဠိစာမဟုတ်သည့် စာလုံးများရေးသားထားသည်ကို တွေ့ရကြောင်း၊ ဘုရားမှ ပစ္စည်း သို့မဟုတ် သချိုင်းမှ ပစ္စည်းဖြစ်လိမ့်မည်ဟု ယူဆကြလျက် ၎င်းနေရာ၌ပင် ပြန်ချပြီး အဝတ်လျှော်မြဲလျှော်နေခဲ့ကြကြောင်း" ပြောကြားခဲ့ရာ ထိုနေရာကို တူးဖော်မှု ဆက်လက်ပြုလုပ်ကြရမည် ဖြစ်ပါ၏။ အမေဒေါ်ပြုံးကြည်တို့ ဝါးထိုးစိုက်၍ကြည့်ခဲ့သော ကျောက်ချပ်သည် ဒေါက်တာဖူးရာ တွေ့ရှိခဲ့သော ဂူဆိပ်ဘုရားအနီးမှ ကျောက်ချပ်ဖြစ်နိုင်ရာ၏။

## ဟတ္ထိနပူရ

အထက်မြန်မာပြည်ဂဇက်တီးယား အပိုင်း- ၁ အတွဲ -၂ စာမျက်နှာ-၁၉၃ တွင် ဒေါက်တာဖူးရာက ဗုဒ္ဓဝါဒလွှမ်းမိုးသော ဤဟတ္ထိနပူရ တကောင်းမြို့ကြီး၏ မြောက်မြားလှစွာသော အပျက်အစီးအကြွင်းအကျန်များသည် အဆိုပါဒေသ၏ တောနက်ကြီးအတွင်း၌ နစ်မြုပ်လျက်ရှိပြီး ယင်းကို တူးဖော်လျှင်. . . .

ဟူ၍ ရေးသားထားရှိ၏။ ဤနေရာတွင် **ဟတ္ထိနပူရ**ဆိုသော အသုံးကို သုံးခဲ့သည်။ **အခြေပြမြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ** စာမျက်နှာ ၁၄၀ ၌ အထက်မြန်မာပြည်ဂဇက်တီးယားတွင် ဖော်ပြထားချက်များ အဖြစ် ဖော်ပြရာတွင် "ဂုတ္တစိုးစံ နှစ် ၁၀၈ (ဝါ) အေဒီ ၄၁၆၊ ဂုတ္တစိုးစံနှစ် ၁၆၃(ဝါ)အေဒီ ၄၈၁နှင့် သက္ကစိုးစံနှစ် ၅၃၂ (ဝါ) အေဒီ ၆၁၀ ရက်စွဲထိုးထားသော ကျောက်စာများကို တကောင်းနှင့် ပုဂံဂူဆိပ်ဘုရားပရဝုဏ်

အတွင်းမှ ကျောက်စာပညာရှင်များက တွေ့ရှိခဲ့သည်။ ထိုကျောက်စာများတွင်-

- ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသော ဟတ္ထိနပူရ်ပြည်သားများဖြစ်သော. . .
- ဧရာဝတီမြစ်ကမ်းတွင်တည်ရှိသော ဗရမာဒေသ(ဝ) ပြဟ္မာဒေသ၊ ဟတ္ထိနပူရပြည်ရှင် မဟာရာဇာဓိရာဇာ. .

ဟူ၍ ပါရှိကြောင်းရေးသားထားပြီး **"ယခု တကောင်းတစ်နေရာတည်းတွင် မဟုတ်ဘဲ တကောင်းအနီးအနားပတ်ဝန်းကျင်တွင် ဟတ္ထိနပူရမည်သော ထီးနန်းမြို့ပြအသစ်တည်ရှိခြင်းလည်း ဖြစ်နိုင်သည်"**ဟု ရေးသား၏။ ဤအချက်သည် စိတ်ဝင်စားစရာကောင်းသော အချက်ဖြစ်၏။ တကောင်းဆင်ညှပ်ကုန်းဒေသသည် ယခုတိုင်ဆင်ပေါသော ဒေသဖြစ်၏။ တွင်းသင်းမဟာရာဇဝင်သစ်တွင် **'တကောင်းပြည်ကြီးကို အစိုးရသော ဆင်ဖြူ ဆင်နီတို့၏ အရှင်တကောင်းမင်းကြီးနန်းတက်၏"**ဟု ဖော်ပြထား၏။ ဤတွင် ဆင်ဖြူ ဆင်နီတို့၏အရှင် တကောင်းမင်းကြီးဟူသော ရေးသားချက်ပါရှိ၏။

ပုဂံမင်းလက်ထက်တွင် တကောင်းတောင်ပေါ်မှ ဆင်ဖြူတော်ဖမ်းဆီးရမိကြောင်း ဒုတိယမဟာရာဇဝင်တော်ကြီးက ဆို၏။ မင်းတုန်းမင်းနှင့် ဝိတိုရိယဘုရင်မကြီးလက်ထက်တို့တွင်လည်း တကောင်းတောင်ပေါ်မှ ဆင်ဖြူတော်တစ်စီးစီ ဖမ်းဆီးရမိသည်။ တကောင်းအနီးအနားတစ်ဝိုက်သည် ဆင်ပေါ၍ဆင်ကျုံးများတည်ကာ အစဉ်အဆက် ဆင်ဖမ်းရာဒေသဖြစ်၏။ တကောင်းမြို့ ဆင်ညှပ်ကုန်းဒေသသည် ဆင်များကြော့ဖမ်းရာဆင်များ ကျက်စားရာဒေသဖြစ်သောကြောင့် ဟတ္ထိနပူရတကောင်းဆိုသည်မှာ ယခု ဆင်ညှပ်ကုန်းဒေသပေပဲလားဟု စဉ်းစားဘွယ်ရာ ဖြစ်ပါ၏။

စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာကျမ်းတွင် "ရွာမကျည်းကျပ်၊ မြို့ကြံညှပ်၊ သင်းခွပ်ဆိုသည့်ရွာ"ဟု ဖော်ပြသည်။ ဆင်ညှပ်ကုန်းသည် သင်းခွပ်၊ ဆင်းခွပ်၊ ဆင်ကွပ်၊ ဆင်ညှပ်အမည်ဖြင့် ထင်ရှားခဲ့ကြောင်းစာပေ

မှတ်တမ်းများအရ သိရသည်။ ကွပ်ခြင်းနှင့် ညှပ်ခြင်းသည်အဓိပ္ပာယ်တူ၏။ ဆင်ညှပ်ကုန်းတွင် ယခုအခါ မြို့ရိုးပန္နက်ခုံအုတ်စီနေရာများ တွေ့ရှိထားရာ ထိုနေရာသည် တစ်ချိန်က အရိမဒ္ဒနာပူ(ပုဂံ)၊ သရေခေတ္တရာ (ပြည်)တို့ နည်းအတူ ဟတ္ထိနပူရ(တကောင်း)မြို့ကြီးတည်ရှိရာ နေရာလေးပဲလားဟု လည်း တွေးထင်စရာရှိပါ၏။ တကောင်းနှင့်ပတ်သက်၍ မြန်မာစာပေရေး ရာတွင် ဖော်ပြချက်များကို မဖော်ပြတော့ပါ။

# အခန်း(၁၃)
# မြန်မာတို့ပုခုံးပေါ်ရောက်လာသော သမိုင်းကြွေးတာဝန်

ဗြိတိသျှကိုလိုနီနယ်ချဲ့သမိုင်းရေးဆရာများသည် ဖော်ပြပါအတိုင်း-

(က) မြန်မာရာဇဝင်သမိုင်းကို အနော်ရထာမင်းလက်ထက်တွင်မှ စတင်ခဲ့၍ အနော်ရထာမတိုင်မီက မြန်မာသမိုင်းကို ဒဏ္ဍာရီထဲ၊ ပုံပြင်ထဲသို့ ထည့်ခဲ့ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာသမိုင်းသည် ထို့ထက်မကရှည်လျားသော သမိုင်းအစဉ်အလာရှိကြောင်း သမိုင်းသက်သေပြရန် လိုအပ်၏။

( ခ ) ကိုလိုနီနယ်ချဲ့သမား သမိုင်းဆရာတို့ရေးသားချက်များသည် မြန်မာတို့အတွက် မိမိကိုယ်မိမိ အထင်သေးအမြင်သေးရန် မြန်မာမင်းအဆက်ဆက်သည် ဆုတ်ယုတ်သူများအဖြစ် ရေးသား၍ အင်္ဂလိပ်နှင့်ဥရောပတိုက်သားတို့အား အထင်ကြီးအောင်ရေးသားချက်များနှင့် ပတ်သက်၍ ယင်းရေးသားချက်များသည် မှား

ကြောင်း သက်သေပြရန်လိုအပ်သည်။ ထို့အပြင် မြန်မာရာဇဝင် သမိုင်းလာဇာတိသွေးဇာတိမာန်တက်ကြွစရာ သမိုင်းဖြစ်ရပ်များ ကို ဖော်ထုတ်ရန် လိုအပ်သည်။

( ဂ ) မြန်မာအစတကောင်းကဆိုသော မြန်မာအစဉ်အလာအား ဖြင့် မှတ်သားခဲ့သော ဖြစ်ရပ်အမှန် တကောင်းသည် ဒဏ္ဍာရီ မဟုတ်ကြောင်း၊ တကယ်ပင် တကောင်းမြို့ကြီးတည်ရှိခဲ့သည်ကို သက်သေပြရန် လိုအပ်သည်။

(ဃ) တစ်ချိန်တည်းမှာပင် မြန်မာအစကျောက်ဆည်က ဟူသော အယူအဆဖြင့် မြန်မာတို့သည် လွန်ခဲ့သော ရှစ်ရာစုလောက် ကမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသူများအဖြစ် ရေးသား ချက်သည် မှားယွင်းကြောင်း မမှန်ကန်ကြောင်းသက်သေပြရန် လိုအပ်သည်။

(င) ထို့ပြင် ကိုလိုနီမျက်နှာဖြူသမိုင်းရေးဆရာတို့၏ အယူအဆ ဖြစ်သော မြန်မာရာဇဝင်၊ မြန်မာအမှတ်အသား၊ မြန်မာကျောက် စာများက မည်သို့ပင်ဆိုစေကာမူ တရုတ်အမှတ်အသား၊ ကုလား အမှတ်အသား၊ ယိုးဒယားအမှတ်အသား၊ ဥရောပတိုက်သားတို့ ၏ အမှတ်အသားတို့နှင့် မကိုက်ညီလျှင် မြန်မာအဆိုကို တစ်ချက် တည်းပယ်သည်ဆိုသော အယူအဆကို ပယ်ချ၍ မြန်မာ့သမိုင်း ကို မြန်မာမြေပေါ်မြေအောက် အထောက်အထား၊ မြန်မာစာပေ ကျမ်းဂန် အဆိုအမိန့် အထောက်အထားများနှင့် မြန်မာသမိုင်း မြန်မာရာဇဝင်ကို မှတ်တမ်းတင်ရန် လိုအပ်၏။ ဤစာအုပ်တွင် ဆက်လက်တင်ပြမည့်အယူအဆတို့မှာ မြန်မာမြေပေါ်မှ မြန်မာ တို့လက်တွေ့ တွေ့ရှိသော မျက်မြင်အ ထောက်အထားများသာ ဖြစ်သည်။ ကိုလိုနီမျက်နှာဖြူ သမိုင်းရေးဆရာတိုင်းသည် ယင်းတို့ ၏ မြန်မာ့သမိုင်းအားရေးသားချက်တွင် မိမိတို့၏ ကိုလိုနီစနစ် ပိုမိုခိုင်မြဲစေရန်ဟူသော ရည်ရွယ်ချက်ကို အခြေခံ၍-

(က) အင်္ဂလိပ်လူမျိုး အင်္ဂလိပ်အုပ်စိုးသူများနှင့် ဥရောပတိုက်သား များအားအထင်ကြီးစေရန်

(ခ) မြန်မာတို့၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဇာတိသွေးဇာတိမာန်ကို ချိုးနှိမ်၍ မိမိတို့၏ ကိုလိုနီစနစ်အုပ်ချုပ်မှုသက်တမ်း ပိုမိုကြာရှည်စေရန် ရည်သန်၍ ရေးသားသောကြောင့် ကိုလိုနီမျက်နှာဖြူသမိုင်းရေးဆရာများ၏ ရေးသားချက်ဟူသမျှကို သံသယကြီးစွာဖြင့် ကြည့်ရှုလေ့လာရမည် ဖြစ်၏။ အလားတူ ကိုလိုနီမျက်နှာဖြူ သမိုင်းရေးဆရာတို့၏ အနွယ်များ၏ သမိုင်းဆိုင်ရာ ရေးသားချက်များကိုလည်း အလွယ်နှင့် မယုံကြည်ကြရန် လိုအပ်ပါ၏။

လွတ်လပ်ရေးရရှိပြီးသောအခါ ယင်းစိတ်ဓာတ်ဖြင့်ပင် မြန်မာတို့သည် ကိုလိုနီသမိုင်းဆရာတို့ရေးသားသော မြန်မာ့သမိုင်းစာအုပ်များကို ကျောင်းသုံးစာအုပ်အဖြစ်မှ ရုပ်သိမ်းခဲ့သည်။ ဤအချက်သည် ကိုလိုနီသမိုင်းရေးဆရာတို့၏ ရေးသားချက်များကို လူငယ်စာသင်သားတို့အား ပို့ချရန်မသင့်လျော်ဟု အခိုင်အမာယုံကြည်၍ ဖယ်ရှားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်သယ်မျက်နှာဖြူ ကိုလိုနီသမိုင်းရေးဆရာတို့နှင့် ယင်းတို့၏လက်ရာများကို ဖယ်ရှားခဲ့သည့်နည်းတူ ယင်းတို့၏တပည့်အနွယ်များ၏ ရေးသားချက်များကိုလည်း သံသယကြီးစွာဖြင့် ကြည့်ရှု၍ သံသယရှိကပယ်ရန် လိုအပ်သည်။

လွတ်လပ်ရေးရပြီးကာလတွင် မျက်နှာဖြူသမိုင်းရေးဆရာတို့၏ ရာဇဝင်ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ကို ဖယ်ရှားပြီး ခေတ်သစ်မြန်မာ ရာဇဝင်များကို မြန်မာတို့ ရေးသားလာခဲ့ကြသည်။ အမျိုးသားပညာဝန် ဦးဖိုးကျားရာဇဝင်အကျဉ်း၊ မော်လမြိုင်မြို့အရှင်မဟာဗုဒ္ဓဃောသဟိုက် စကူးတိုင်းရင်းသားတန်းမြင့်ကျောင်းဆရာကြီးဟောင်း ဦးဘသန်း(ဘီအေ)၏ မြန်မာရာဇဝင်အစရှိသော ရာဇဝင်များသည် လွတ်လပ်ရေးရရှိပြီးနောက် မြန်မာလူမျိုးတို့ကိုယ်တိုင်ရေးသော မြန်မာရာဇဝင်များဖြစ်ပါ၏။

ထိုကဲ့သို့ မြန်မာ့သမိုင်းကို မြန်မာသက်သေအထောက်အထားတို့ဖြင့် ခိုင်ခိုင်မာမာရေးသားခဲ့သည်များထဲတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီက ပြုစုသော အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်သည်လည်း အပါအဝင် ဖြစ်ခဲ့ပါ၏။

မြန်မာတို့သည် မြန်မာ့သမိုင်း မြန်မာ့ရာဇဝင်ကို အမှန်အကန်ဖြစ်အောင် မြေပေါ်မြေအောက် သက်သေခံအထောက်အထားများကို နှံ့စပ်အောင် ရှာဖွေခဲ့ကြ၏။ လွတ်လပ်ရေးရရှိပြီးနောက် သမိုင်းခြေရာအမျိုးမျိုးကို ကောက်ခဲ့ကြရာတွင် တကောင်းလွင်ပြင်နှင့် ကျောက်ဆည်လွင်ပြင်ကိုလည်း မေ့မထားဘဲ တကောင်းကိုလည်းကောင်း၊ ကျောက်ဆည်ကိုလည်းကောင်း ရှာဖွေခဲ့ကြသည်။

တကောင်းအားရှာဖွေခဲ့ရာတွင် အချို့သော သမိုင်းသုတေသနနှင့် ရှေးဟောင်းပညာရှင်များသည် ကိုလိုနီသမိုင်းရေးဆရာတို့၏ ရေးသားချက်များ ကိုကိုလိုနီခေတ်ကပင် သံသယရှိခဲ့ကြပါသည်။ လွတ်လပ်ရေးရရှိလျှင် ရရှိခြင်း သုတေသီတို့သည် မြန်မာ့သမိုင်းဆိုင်ရာ၊ ရှေးဟောင်းဆိုင်ရာအချက်အလက်များ မိမိတို့တတ်စွမ်းသမျှ ဖော်ထုတ်ခဲ့ကြ၏။ ထိုသို့ ဖော်ထုတ်မှုများအနက် စမုံမြစ်ဝှမ်းသုတေသနသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

# အခန်း(၁၄)
# စမုံမြစ်ဝှမ်းသုတေသန

မြန်မာအစကျောက်ဆည်က ဟူသော အယူအဆကို စတင်ထူထောင်ခဲ့သူ ဆရာကြီးလှစ်သည် နတ်ထိပ်တောင်ကြားကို မရောက်ဘူးခဲ့ပါ။ တကယ်တော့ နတ်ထိပ်တောင်ကြားသည် အလွန်မတ်စောက်၍ မြင်းများနှင့်ဆင်းသက်၍မရရှိနိုင်သောနေရာ ဖြစ်သည်။ သို့သော် ဆရာကြီးလှစ်၏ တပည့်များသည် ဆရာကြီးချွတ်ယွင်းမှုကို ဖာထေးလိုသောသဘောဖြင့် မြန်မာတို့သည် ကျောက်ဆည်လွင်ပြင်သို့ မြင်းများ၊ လားကဲ့သို့သော သတ္တဝါများဖြင့် ခက်ခက်ခဲခဲဆင်းလာခဲ့ကြသည်ဟု ပြင်ဆင်ရေးသားရာ တပည့်များက ဆရာကြီးအားကာကွယ်သောအခါတွင်မှ မြန်မာတို့သည် မြန်မာနိုင်ငံအတွင်းသို့ လားစီး၍ဝင်ရောက်လာသော ဘဝသို့ရောက်ရှိခဲ့ပါတော့၏။

မြန်မာတို့သည် မြန်မာအစကျောက်ဆည်က ဟူသော စိတ်မှန်းနှင့် ဆရာကြီးလှစ်ပြောဆိုခဲ့သော အဆိုကို သက်သေပြနိုင်ရန် ကျောက်

ဆည်လွှင်ပြင်အား လေ့လာခြင်းနှင့်အတူ စမုံမြစ်ဝှမ်းတစ်ခုလုံးကို လေ့လာခဲ့ကြသည်။

စမုံမြစ်သည် ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခု ဖြစ်သည်။ မန္တလေးတိုင်းအတွင်း၌ တည်ရှိ၍ ရမည်းသင်းမြို့နယ်အတွင်းမှ စတင်မြစ်ဖျားခံကာ ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့တို့ကို ဖြတ်သန်းစီးဆင်းနေသော မြစ် တစ်မြစ်ဖြစ်၏။ စမုံသည် ရှမ်းရိုးမတောင်ခြေ၏အနောက်ဘက်လွင်ပြင်မှကပ်၍ ထူးခြားစွာတောင်မှမြောက်သို့ စီးဆင်းလာပြီးတံတားဦးမြို့နယ်အစပ် ကြောင်ပန်းကုံးရွာအနီးတွင် ပန်းလောင်းမြစ်ထဲသို့ စီးဝင်၏။

စမုံမြစ်အတွင်းသို့ မြို့လှချောင်း၊ လယ်ဖြူချောင်း၊ ရွှေစားချောင်း၊ ချောင်းမကြီးချောင်း၊ ချောင်းကောက်ချောင်း၊ သင်ပုန်းချောင်း၊ ညောင်အုပ်ချောင်း၊ အောင်သာချောင်း၊ ကဘိုချောင်းစသော ချောင်းများက အနောက်ဘက်မှ စီးဝင်ကြသည်။ ထိုချောင်းများ၏နံဘေးတွင် မြို့လှ၊ ရွာထင်ကုန်း၊ ကုက္ကိုခါးလှ၊ မြင်းဦးလှည့်၊ ညောင်ရမ်းစသော ကျေးရွာများ တည်ရှိကြ၏။

စမုံမြစ်ဝှမ်းဒေသသည် တောင်မြောက်လတ္တီတွဒ်-၂၀ ံ- ၂၀ မိနစ်မှ ၂၁ ံ - ၄၀မိနစ်အထိ၊ အရှေ့အနောက်လောင်ဂျီကျု-၉၆ ံ- ၄၀ မိနစ် မှ ၉၆ ံ- ၂၀ မိနစ်အထိ ကျယ်ဝန်းသောဒေသကြီး ဖြစ်ပေသည်။ စမုံမြစ်ဝှမ်းဒေသရှိ ပျော်ဘွယ်မြို့နယ်အတွင်းမှ ဘိန္နကမြို့၊ ရွာထင်ကုန်း၊ ထုံးဘို၊ အေးသာယာ၊ သောဥဏ်၊ ကြို့ကုန်း၊ ကုက္ကိုကုန်း စသော ရွာများသည် ရမည်းသင်းမြို့နယ်မှ တောင်ကြီးမြို့နှင့် မြို့လှ၊ ဝမ်းတွင်းမြို့နယ်မှ ကြွက်ကန်၊ လျော်ပင်၊ ဘုလုကုန်း၊ ကုက္ကိုခါးရွာများ၊ မလှိုင်မြို့နယ်တွင်းမှ မြင်းဦးလှည့်၊ မြို့ကုန်း၊ နှောကန် စသောရွာများတွင် ရှေးဟောင်းလူနေမှုအထောက်အထားများ တွေ့ရှိရတတ်ကြောင်း ဒေသခံပြည်သူတို့ကသတင်းပေးမှုများရှိလာခဲ့၏။ ထို့ကြောင့် ရှေးဟောင်းသုတေသနဌာနသည် -

(က) မြစ်သားမြို့နယ်မှ မိုင်းမော(ပင်လယ်)မြို့ဟောင်း

(ခ) ပျော်ဘွယ်မြို့နယ်မှဘိန္နကမြို့ဟောင်းတို့ကို တူးဖော်ခဲ့ရာဟံ

လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများကဲ့သို့ ပျူမြို့ဟောင်းများဖြစ်သည်ကို တွေ့ရှိခဲ့ရ၏။

(ဂ) မလှိုင်မြို့နယ်မှ မြင်းဦးလှည့်

(ဃ) မလှိုင်မြို့နယ်မှ နှောကန်

(င) ဝမ်းတွင်းမြို့နယ်မှ ကုက္ကိုခါးလှ

(စ) ပျော်ဘွယ်မြို့နယ်မှ ရွာထင်ကုန်း

တို့တွင် စမ်းသပ်တူးဖော်ရာ 'ကြေးခေတ်'ယဉ်ကျေးမှု ထွန်းကားခဲ့ရာဒေသများဖြစ်ကြောင်း သိရှိအတည်ပြုပေးနိုင်ခဲ့သည်။

စမုံမြစ်နှင့် ယင်း၏ မြစ်လက်တက်ချောင်းငယ်များရှိရာ စမုံမြစ်ဝှမ်းဒေသမှ ကြေးခေတ်နှောင်းကာလနှင့် ပတ်သက်သော

(က) အိုး၊ စိမ်ရည်ဘူး၊ ကလပ်၊ ပေါင်းခံအိုးစသော မြေထည်အိုးအမျိုးမျိုး၊

(ခ) အချောသွေးထားသော အမင်းပါ ကျောက်ပုဆိန်အမျိုးမျိုး၊

(ဂ) လက်ကောက် ကျောက်ကွင်းမျိုးစုံ၊

(ဃ) အပြာရောင် ဖန်ဖြင့်ပြုလုပ်ထားသော ကျောက်ကွင်းပုံသဏ္ဍာန် ဖန်လက်ကောက်ကွင်းများ၊

(င) သလင်းဖြူ ခရမ်းစွဲ မဟူရာ၊ စေတီကျောက်၊ လိမ္မော်ရောင်၊ အစိမ်းရောင်နှင့် ကံ့ကူဆံ၊ ကျောက်ပုတီးစေ့မျိုးစုံ၊

(စ) ကြေးပုဆိန်သွား၊ ကြေးလှံ၊ အထူအပါးမျိုးစုံ၊

(ဆ) သပိတ်ပုံ၊ ဝါးကျည်တောက်ပုံ၊ အိုးပုံကြေးခွက်မျိုးစုံ၊

(ဇ) ကြေးခြူ ကြေးခလောက်၊ ကြေးဆည်းလည်းအရွယ်မျိုးစုံ၊

(ဈ) ခေါင်းပွ ကြေးလက်ကောက်နှင့် ကြေးခြေချင်းများ၊

(ည) အခေါင်းအလှဆင် ပန်းများဟု ယူဆရသော ကြေးခွက်ငယ်များ၊ ကြေးပန်းခက်များ၊ ကြေးအမျိုးသမီး ရုပ်ထုများ၊ ကြေးပြားများ၊

(ဋ) သံအသွားတွင် ကြေးရိုးတပ် နှစ်ဖက်သွားဓားများ၊

(၄) သံလုံသွား၊ တူရွင်း၊ တံစဉ်၊ ချွန်းစသည့် သံကိရိယာများ၊
(၅) ကြေးနန်းငယ်များကို အစည်းပြုလုပ်ထားသော ကြေးထုပ်များ

စသည်ဖြင့် ကြေးခေတ်နှောင်း၊ သံခေတ်ဦးနှင့်ဆိုင်သော ပစ္စည်းများကို များစွာ တွေ့ရှိရပေသည်။

ထိုမျှသာမက စမုံမြစ်ဝှမ်းတစ်လျှောက်မှ ကျေးရွာဒေသများတွင် ကျောက်လက်နက်၊ ကြေးလက်နက်၊ သံလက်နက်များ ပူးတွဲတွေ့ရှိရပြန်သည်။

စမုံမြစ်ဝှမ်းယဉ်ကျေးမှုသည် လက်ရှိတူးဖော်တွေ့ရှိမှုအစီရင်ခံစာများအရ ကြေးခေတ်နှောင်းပိုင်း၊ ကြေးခေတ်မှသံခေတ်သို့ကူးပြောင်းစကြားကာလ၏ ယဉ်ကျေးမှုပစ္စည်းများဖြစ်သည်ဟု အခိုင်အမာသိရှိပြီး ဖြစ်၏။

စမုံမြစ်ဝှမ်းဒေသသည် ကြေးခေတ်တွင်မှ ယဉ်ကျေးမှု စတင်ထွန်းကားခဲ့ခြင်း မဟုတ်။ ထို မြစ်ဝှမ်းဒေသတစ်လျှောက်၌ ကျောက်ခေတ်ယဉ်ကျေးမှုထွန်းကားသော နေရာများလည်းရှိ၏။ ယင်းတို့မှာ ပျော်ဘွယ်မြို့နယ် ပင်သောင်၊ မြောက်မီးကုန်း၊ မိုးကောင်းနှင့် တံတားဦးမြို့နယ်မှ ကဘိုတို့ ဖြစ်၏။ ကြေးခေတ်ထွန်းကားသောနေရာများနှင့် သံခေတ် သို့မဟုတ် ပျူခေတ်ထွန်းကားသောနေရာများမှာ ပျော်ဘွယ်မြို့နယ်ရှိ ဘိန္နကမြို့ဟောင်းနှင့် မြစ်သားမြို့နယ် မိုင်းမောရွာအနီးမှ ပင်လယ်မြို့ဟောင်းတို့ ဖြစ်သည်။ စမုံမြစ်ဝှမ်းဒေသကြီးသည် ကျောက်ခေတ်မှ ပျူခေတ်အထိ သာမက ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်းခေတ်တိုင်အောင်ပင် သမိုင်းစဉ်တစ်လျှောက် လူနေမှု အစဉ်အဆက်ရှိခဲ့သောဒေသကြီး ဖြစ်ပေသည်။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ တစ်ဆက်တည်းရှိခဲ့သော စမုံမြစ်ဝှမ်းဒေသတွင်တွေ့ရှိရသည့် အိုးများသည် ကြေးခေတ်သန့်သန့်ဖြစ်သော ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာမှ ကြိုးဆိုင်းထားသော ကွင်းနှင့် ခွာပါသည့်အိုးပုံစံများအပြင် ကျောက်ခေတ်သစ်နှောင်းပိုင်း မန္တ



**ပျူခေတ်အား သံယောဇဉ်ကြီးစွာဖြင့်ရှာဖွေဖော်ထုတ်ခဲ့သူ**
**ဆရာကြီး ဦးမောင်မောင်တင်**

လေးတိုင်းအမရပူရတောင်သမန်အင်းစောင်းတွင် တွေ့ရှိရသော ကလပ် အရှည်ပါ ခွက်များကိုပါ ပူးတွဲတွေ့ရှိရသည်။

ဟံလင်းကြီးမြို့ဟောင်းမှ တူးဖော်ရရှိသောလေးခွက်တွဲ ဆီမီးတိုင် ကလပ် ပုံစံများကိုလည်း နှစ်ခွက်တွဲ၊ သုံးခွက်တွဲ၊ လေးခွက်တွဲစသည်ဖြင့်

ပုံစံအမျိုးမျိုး တွေ့ရှိရသည်။ ပန်းကန်ပြားပုံကလပ်အိုးအပြင် အလုံးပုံ ကလပ်အိုးများကိုလည်း ပြုလုပ်လေ့ရှိသည်။

ထို့ပြင် ကြေးခေတ်ကိုယ်ပိုင်ဟန်ဖြစ်သော ထောင့်ချိုး ပခုံးစောင်းပါအိုးနှင့် ဆလင်ဒါပုံမြေခွက်များကိုလည်း ကြေးခွက်ဟန်ကိုအတုယူ၍ မြေဖြင့် ပြုလုပ်ကြသည်။ အထူးခြားဆုံးမှာ ဝါးဆစ်ပိတ်ဘူးသဏ္ဌာန်ထိပ်တွင် အပေါက်ငယ်တစ်ခုပါသော ယခုခေတ် ( BEER CAN ) သဏ္ဌာန် စိမ်ရည်သိုလှောင်အိုးများပင် ဖြစ်သည်။ အပုစားအရွယ်၊ အလတ်စားအရွယ်၊ အကြီးစားအရွယ်စသည်ဖြင့် အရွယ်မျိုးစုံတွေ့ရှိရသည်။

တွေ့ရှိရသောအိုးများ၏ ၃၀ ရာခိုင်နှုန်းမှာ အဖုံးပါပြီး အဖုံးသည် ဘောင်စောက်ပုံ၊ ပန်းကန်ပြားပုံ၊ သံပုရာခြမ်းပုံ ပုံမျိုးစုံ ဖြစ်သည်။ အချို့အိုးအဖုံးများတွင် လက်ကိုင်ကိုင်းပါ၍ အချို့လက်ကိုင်ကိုင်းကို ဆင်ရုပ်၊ ဝက်ရုပ်၊ နွားရုပ်စသည့် တိရစ္ဆာန်ပုံများဖြင့် ပြုလုပ်ထားသည်။ အိုးတွင် လက်ခတ်ဖြင့် အခြယ်အလှယ်အဆင်ခတ်လုပ်မှုမရှိသလောက် ဖြစ်သော်လည်း လျှော်ပင်ရွာမှမြူအိုးတစ်လုံးတွင်မူ ရာဇမတ်ကွက်အဆင်များ ရိုက်နှိပ်ထားသည်ကို တွေ့ရသည်။ လျှော်ပင်ရွာမှ အဝကျယ်သောမြူအိုးနှင့် မြင်းဦးလှည့်မှကလပ်အိုးအခြေတို့တွင် အိန္ဒိယမြစ်ဝှမ်းယဉ်ကျေးမှုအိုးများမှာကဲ့သို့ အမှတ်အသားရေးခြစ်ထားသော ရေးစာများပါရှိသည်ဟု တမ္ပဝတီဦးဝင်းမောင်က သူ၏စာတမ်းတွင် အကျယ်တဝင့် ဖော်ပြခဲ့သည်။

ကြေးခေတ်နှောင်း ယဉ်ကျေးမှုဒေသဖြစ်သော်လည်း အချို့သောသူတို့မှာ ယခင်ခေတ်၏ယဉ်ကျေးမှုလက်ကျန် ကျောက်လက်နက်များကို ဆက်လက်သုံးစွဲနေကြဆဲပင် ဖြစ်သည်။ ထို့ကြောင့် တစ်ဖက်သွား၊ နှစ်ဖက်သွားနှင့် အမင်းပါပဲခွပ်၊ ပုဆိန်၊ ဆောက်စသော ကျောက်ချောလက်နက်များကိုလည်း ဤဒေသတစ်ဝိုက်တွင် ကြေးခေတ်နှောင်းပစ္စည်းများနှင့် ပူးတွဲတွေ့ရှိရသည်။

ထို့အတူပင် ကျောက်ခေတ်နှောင်းဒေသများ၌ တွေ့ရှိလေ့ ရှိသော ကျောက်လက်ကောက်ကွင်းRING STONEများကိုလည်း တွေ့ရှိ

ရသည်။ ကြေးခေတ်၏ ထူးခြားသောဝိသေသနည်းပညာတစ်ရပ်မှာ အဆို ပါကျောက်ကွင်းများနှင့် အရွယ်အစားရော၊ ပုံသဏ္ဍာန်ပါတူညီစွာပြုလုပ် ထားသည့် အပြာရောင်၊ စိမ်းပြာရောင်၊ အစိမ်းရောင် ဖန်လက်ကောက်ကွင်း GLASS RINGများ ဖြစ်သည်။ ဤအပြာရောင် ဖန်လက်ကောက်ကွင်း များကို ဟံလင်းမြို့ဟောင်းနှင့်စမုံဒေသမှလွဲ၍ အခြားနေရာများ၌ မတွေ့ရှိ ရပေ။

ဟံလင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသော ပျူခေတ်ယဉ်ကျေးမှု အထောက်အထားများတွင် ကျောက်ရောင်စုံပုတီးစေ့များသည်လည်း အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပျူခေတ်တွင်မှ ဤသို့သော စလင်း၊ ခရမ်းစွဲ၊ မဟူရာ၊ စေတီကျောက်၊ လိမ္မော်ရောင်ကျောက် CARNELIAN နှင့် အစိမ်းရောင်ကျောက်များကို စတင်လုပ်ဆောင်ကြသည် မဟုတ်။ ကြေးခေတ်ထွန်းကားစဉ် ကာလကပင် ဤပုတီးများကို စတင်လုပ် ဆောင်အသုံးပြုနေကြပြီ ဖြစ်သည်။ အချို့သော လိမ္မော်ရောင်ကျောက်နှင့် အနက်ဆိုးထားသော အင်ကြင်းကျောက်FOSSIL WOODတို့တွင် အဂ္ဂိရတ်နည်းဖြင့်အရောင်ချွတ်၍ အဖြူရောင်အဆင်များဖော်သည့် အတတ်ပညာကိုလည်း ဤကြေးခေတ်နှောင်းကာလတွင် စတင်စမ်းသပ်ပြု လုပ်နေကြပြီ ဖြစ်သည်။ ထို့ပြင် ကျောက်ခေတ်နှင့် ကြေးခေတ်ဦးကာလ တို့က ပြုလုပ်သုံးစွဲခဲ့သော ကန့်ကူကျောက်TALCပုံရှည်ပုတီးစေ့တောင့် များကိုလည်း အထက်ဖော်ပြပါ ပုတီးများနှင့်အတူ ပူးတွဲတွေ့ရှိရသည်။

ကျောက်ပုတီးစေ့များကဲ့သို့ပင် ကြိုးသီရန်အပေါက်ပါသော ဆင်ရုပ်၊ ကျားရုပ်၊ ငှက်ရုပ်၊ လူရုပ်၊ ဖားရုပ်၊ အိုး၊ ခရုသင်းပုံအရုပ် ပုတီး စေ့များကိုလည်း တွေ့ရှိရတတ်သည်။ အထူးသဖြင့် လိမ္မော်ရောင်ကျောက် ဖြင့်ပြုလုပ်ထားသော အလျား ၁၀ စင်တီမီတာ ဝန်းကျင်ရှိ ကျားငယ်ကို ပါးစပ်၌ကိုက်ချီထားဟန် ကျားရုပ်အကြီးစားများကို ဤစမုံမြစ်ဝှမ်းမှသာ ရရှိလေ့ရှိသည်။

## ကြေးလက်နက်များ

ကြေးပုဆိန်၊ ကြေးပဲခွပ်၊ ကြေးလှံ၊ ကြေးမြားသွားစသည့်တို့ကိုလည်း များစွာတွေ့ရှိရသည်။ ချင်းတွင်းမြစ်ရိုးရှိ ညောင်ကန်ကြေးခေတ်ဒေသတွင် တွေ့ရှိရသော ကြေးပုဆိန်များမှာအသွားသည် အဖျားဝိုက်၍ကြေးစည်နားကဲ့သို့ ချိတ်သောပုံသဏ္ဍာန်ရှိသော်လည်း စမုံမြစ်ဝှမ်းကြေးခေတ်နှောင်းပုဆိန်သွားများသည် ယခုခေတ်သံတူရွင်းကဲ့သို့ အသွားရှည်၍ အနားဖြောင့်ကြသည်။

## ကြေးခွက်များ

ကျောက်ခေတ်အခါကပင် လူသုံးအိုးအင်ခွက်ယောက်များအတွက် မြေကိုမီးဖုတ်၍ရသော အိုးအမျိုးမျိုးကို သုံးစွဲလာခဲ့ရာ ကြေးခေတ်တွင် ကြေးပြားခတ်လုပ်သောပညာ ထွန်းကားလာခဲ့၍ အိုးခွက်တို့ကို ကြေးဖြင့် ခတ်လုပ်သုံးစွဲလာကြသည်။ ထို့ကြောင့် မြေအိုးကို တုပပြုလုပ်သောအိုးပုံသဏ္ဍာန်များအပြင် လွယ်ကူသောပုံသစ်ကြေးခေတ်အိုးခွက်များကိုလည်း တွေ့ရသည်။

## ကြေးခြူ ကြေးခလောက်များ

ကြေးခေတ်တွင်ခတ်လုပ်သော ကြေးပညာရပ်အပြင် အရည်ကြို၍ ညှပ်ပုံတွင်းသို့ သွန်းလောင်းသော'ကြေးသွန်း'ပညာရပ်များလည်း ထွန်းကားလျက်ရှိရာ ကြေးလက်နက်များသွန်းလောင်းသည့်နည်းဖြင့် ခြူများ၊ ကြေးဆည်းလည်း၊ ကြေးခလောက်များကိုလည်း သွန်းလောင်းအသုံးပြုကြကြောင်း အထောက်အထားများ တွေ့ရှိရသည်။ အချို့သော ကြေးခလောတ်(ဆည်းလည်း)များတွင် ဂျီသြမေတြီ ပုံစံများအပြင် လူရုပ်၊ နွားရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်များကိုလည်း တစ်ကြောင်းဆွဲပုံဖြင့် အကြွဖော်၍ အလှဆင်ထားကြသည်။ ဆည်းလည်းများသည် အချို့၌ ရိုက်ခတ်၍ အသံမြည်စေသောကြောင့် အတွင်း၌ (အဆံ)မပါရှိကြသော်လည်း အချို့ကိုမူ လှုပ်ယမ်း၍

အတွင်းမှ အသံမြည်စေရန် အဆံများပါရှိသည်။ ဆည်းလည်းများကိုလည်း ကြေးလက်နက်များနည်းတူ အဝတ်ဖြင့်ပတ်၍ မြှုပ်နှံသဂြိုဟ်ရာတွင် ထည့်သွင်းသောကြောင့် အချို့သောခလောက်များတွင် အဝတ်စရာများကပ်လျက် တွေ့ရှိရသည်။

## ကြေးပန်းခက်နှင့် ကြေးရုပ်များ

အချို့သောအရိုးစုတို့တွင် အရိုးစု၏ဘေးနှစ်ဖက်နှင့် ခေါင်းရင်း၊ ခြေရင်းပိုင်းတို့၌'က'နှင့် 'ယ'တွဲထားသော ပန်းခက်ပုံသဏ္ဌာန်ကြေးပြားများကို ထောင်လျက် အနေအထားဖြင့် တွေ့ရှိရသည်။ အချို့လည်း ဘောင်အတွင်း၌ ဤပန်းအဆင်ကိုပင် နှစ်ခုတွဲ၊ လေးခုတွဲစသည်ဖြင့် အတွဲလိုက်ထုလုပ်ထားသည်။ ယင်းတို့သည် ဆွေးမြေ့သွားပြီဖြစ်သော သစ်သားအခေါင်းကို အလှဆင်သော ကြေးပန်းခက်များပင် ဖြစ်နိုင်သည်။ ထိုပန်းခက်တို့၏ ထောင့်စွန်းတိုင်းတွင် သစ်သားကိုကပ်ရိုက်ရန် 'သံပေါက်ရာ'များပါရှိသည်။ ဟံလင်းနှင့် သရေခေတ္တရာမှ တွေ့ရှိသော ရွှေအုံစာတုံးပုံများတွင် သိရီဝစ္ဆ၊ ဘဒ္ဒပိဌ၊ ခရုသင်းပုံများနှင့်အတူ ဆက်လက်သုံးစွဲခဲ့သည်။ ဤသို့သော ကြေးပန်းခက်များကို မလှိုင်မြို့နယ် မြင်းဦးလှည့်ရွာ၊ ပျော်ဘွယ်မြို့နယ် ရွာတင်ကုန်းရွာ၊ သာစည်မြို့နယ် ညောင်ရမ်းကျေးရွာနှင့်ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှရွာတို့၌ တွေ့ရှိခဲ့သည်။

အရိုးစုများ၏အပေါ်၌ ဝါးခမောက်သဏ္ဌာန်ကြေးခွက်အဝိုင်းကလေးများအရေအတွက်များစွာ တွေ့ရှိရသည်။ ကြေးခွက်တို့၏ နှုတ်ခမ်းတွင် အပေါက်ရာများပါရှိသောကြောင့် လည်းကောင်း၊ အရိုးစုတစ်စုတွင် ကြေးခွက်(၃၀)ခန့် တစ်စုတည်းတွေ့ရှိရသောကြောင့် လည်းကောင်း ဤကြေးခွက်ငယ်များသည် အခေါင်းဖုံးအဝတ်အစကို အပ်ချည်ဖြင့်ချုပ်ကပ်၍ အလှဆင်ထားသော ယခုခေတ်ဘုန်းကြီးပျံတလားဖုံးမှ ရွှေချည်ထိုးကဲ့သို့ အခေါင်းဖုံးအဝတ်၏အဆင်တန်ဆာများ ဖြစ်နိုင်သည်။



**စမုံမြစ်ဝှမ်းမှတွေ့ရှိရသောကြေးလှံ၊ ကြေးဓါးနှင့် ဖန်ပြားကွင်းများ**

အချို့ဒေသများတွင် ဤကြေးခွက်ငယ်လေးများနှင့် အရိုးစုအကြား၌ ကြေးအမျိုးသမီးရုပ်ထုများပါရှိသည်ကိုလည်း တွေ့ရဖူးသည်။ ထိုအမျိုးသမီးပုံတွင် လက်မပါရှိပေ။ ခေါင်းတွင်လည်း မျက်လုံး၊ ပါးစပ်၊ နှာ ခေါင်း ပီပြင်စွာဖော်မထားဘဲ ရင်သားနှင့်ဝမ်းဗိုက်နေရာကိုသာ အထူး

အသားပေး၍ ဖောင်းကြွပြုလုပ်ထားပြီး ကျန်ကိုယ်ပိုင်း၊ ခြေထောက်ပိုင်းများမှာ အစက်အပြောက်များ၊ အနားကွပ်ထားသော ကြေးပြားမျှသာ ဖြစ်သည်။

တစ်ရုပ်ချင်းပုံများရှိသကဲ့သို့ အမျိုးသမီးနှစ်ရုပ်တွဲ၊ သုံးရုပ်တွဲပုံများလည်းရှိသည်။ ထိုပုံများသည် ပြန်လည်မွေးဖွားခြင်း REINCARNATION အတွက်ရည်မှန်းထုလုပ်ထားသော အမိနတ်သမီး MOTHER GODDESSပုံများ ဖြစ်နိုင်ပါသည်။

ဤအမိနတ်သမီးပုံကြေးပြားရုပ်ထုများကို မလှိုင်၊ မြင်းဦးလှည့်ကျေးရွာ၊ ဝမ်းတွင်း ကုက္ကိုခါးလှရွာနှင့် သာစည်ညောင်ရမ်းကျေးရွာများမှ ရရှိဖူးသည်။

## ကြေးနန်းအထုပ်၊ ကြေးထုပ်

အရိုးစုများ၏ လက်ဖဝါးအတွင်း၌ သေးငယ်သော ကြေးနန်းကြိုးငယ်အတိုများကို အစည်းပြုလုပ်ထားသော 'ကြေးထုပ်'များကို အမြဲတွေ့ရှိရတတ်သည်။ ဤဓလေ့မှာ စမုံမြစ်ဝှမ်းယဉ်ကျေးမှု၏ ထူးခြားသောဓလေ့ပင်ဖြစ်သည်။

ကြေးထုပ်များ ထည့်သွင်းရခြင်းအကြောင်းမှာ သေဆုံးသူ၏အသက်ကို မှတ်ပေးထားခြင်း ဖြစ်နိုင်ပေသည်။ ကြေးချောင်းအစည်းတစ်စည်းကို တစ်နှစ်ဟု ယူဆလျှင် ကြေးထုပ်တစ်ထုပ်တွင် ကြေးချောင်းအစည်းပေါင်း ၁၅ စည်းမှ ၆၀ ခန့်အတွင်း တွေ့ရှိရတတ်သည်။ ရွာခံလူများကလည်း ကြေးထုပ်သည် သေဆုံးသူ၏ အသက်အမှတ်အသားဖြစ်သည်ဟု အစဉ်အလာပြောဆိုခဲ့ကြသည်။ ကြေးထုပ်အရွယ်သည် အသေးဆုံး ၂ စင်တီမီတာမှ အကြီးဆုံး ၈ စင်တီမီတာခန့်အထိ အရွယ်အစားမျိုးစုံတွေ့ရတတ်သည်။

## ပေါင်းခံအိုး

ပေါင်းခံအိုး ဆိုသည်မှာ စိမ်ရည်၊ အရက်စသည်များကို မီးဖြင့် အငွေ့ပျံစေ၍ ပေါင်းခံရယူသော ကိရိယာဖြစ်သည်။ ထိုကိရိယာတွင်

(၁) စိမ်ရည်ကိုအပူပေး၍ အငွေ့ပျံစေသောအိုး၊

(၂) ပေါင်းခံရည် ခံယူသောခွက်နှင့်

(၃) ရေအေးအိုး တို့ ပါဝင်သည်။

(၁) နှင့် (၃)တို့သည် သာမာန်အိုးလုံးများသာဖြစ်၍ သိသာထင်ရှားမှု မရှိသော်လည်း (၂)မှာမူ ကလပ်ပါသော ပန်းကန်ပြားတွင် ခနောက်သုံးခုကို တပ်ဆပ်ထားသည့်အတွက် ထင်ရှားသိသာသည်။ ခနောက်သည် အခေါင်းပွဖြစ်ပြီး ခနောက်ထိပ်တွင် အငွေ့ထွက်ရန် အပေါက်ငယ်များ ပါရှိသည်။




**ပေါင်းခံအိုးပုံ**

ပေါင်းခံခွက်(၂)ကို စိမ်ရည်အိုး၏အဖုံးအဖြစ်အသုံးပြု၍ ခေါင်းခံခွက်ထိပ်တွင် ရေအေးအိုးတင်ထားသည်။ အငွေ့ပျံလာသော စိမ်ရည်များသည် ခနောက်သုံးခုမှထွက်ပြီး ရေအေးအိုး၏ဖင်ကိုထိကာ အရည်ဖြစ်၍ ဆင်းလာကာ ခေါင်းခံခွက်၌ စုမိပေသည်။

ဤသို့ပေါင်းခံအိုးမျိုးကို စမုံမြစ်ဝှမ်း၌ ကုက္ကိုခါးလှတစ်ရွာမှသာ ရရှိခဲ့ဖူးသည်။ သို့သော်လည်း အခြားသော ကြေးခေတ်ဒေသများဖြစ်ကြသည့် ဘုတလင်မြို့နယ်မှ ညောင်ကန်၊ ဝမ်းတွင်းမြို့နယ်မှ ဘုလုကုန်း၊ မုံရွာမြို့နယ်ကျောက္ကာ၊ ပုဂံညောင်ဦးမြို့နယ်မှလက်ပန်ခြေပေါ်၊ အမရပူရမြို့နယ်မှတောင်သမန်အင်း၊ ကနီမြို့နယ်မှမုတ္တော၊ ဝက်လက်မြို့နယ်မှဟံလင်းတို့၌လည်း တွေ့ရှိပေသည်။

အထက်ပါအကြောင်းအရာများကို ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဦးဝင်းမောင်(တမ္ပဝတီ)နှင့် မန္တလေးမြန်မာ့ဗိသုကာပညာရှင်များအဖွဲ့က အကြိမ်ကြိမ်ကွင်းဆင်းသုတေသနပြုခဲ့သော အချက်များဖြစ်၏။ ထိုအကြောင်းအရာများကို ဦးဝင်းမောင်(တမ္ပဝတီ)က စာတမ်းရေးသားဖတ်ကြား၍ ယင်းစာတမ်းကို ဆောင်းပါးပြုလုပ်ကာ မြဝတီရွှေရတုအထူးထုတ် အတွဲ-၂ စာစောင်တွင်လည်း ထည့်သွင်းဖော်ပြခဲ့ပါ၏။

ဤတွေ့ရှိချက်သည် အရေးကြီးသော တွေ့ရှိချက် ဖြစ်သည်။

ဤသုတေသနပြုတွေ့ရှိချက်၏ **အဓိကအကြောင်းအရာမှာ ကျောက်ဆည်မြစ်သားလွင်ပြင်အပါအဝင် စမုံမြစ်ဝှမ်းဒေသတွင် ကျောက်ခေတ်လူသားများနှင့် ပျူအကြိုလူသားများ PRO-PYU ရှေးဦးပျူအနွယ်များနေခဲ့သည်ဟူသော ကောက်ချက်ကို အခိုင်အမာချနိုင်ပါ၏။ ရှေးဦးပျူများနေထိုင်နေစဉ် ကျောက်ခေတ်ပစ္စည်းများကိုလည်း ဆက်သုံးနေမှုများရှိ၍ ကျောက်ခေတ်နှောင်းလူသားတို့နှင့် အကြိုပျူလူသားများသည် အတူပင်ဖြစ်ကြလေမလားဟုလည်း တွေးတောဘွယ် ရရှိပါ၏။ အကြိုပျူလူသားတို့သည် မြန်မာများဖြစ်ကြ၍**

**တကောင်းသို့ ဝင်ရောက်လာကြသူများကို ဗမာဟူ၍ခွဲခြားသတ်မှတ်နိုင်ဘွယ်ရာရှိသည်။**

**ကျောက်ဆည်နှင့် မြစ်သားလွင်ပြင်ပါရှိသော စမုံမြစ်ဝှမ်းဒေတွင် အကြိုပျူများနေထိုင်ရာ ဒေသကြီးဖြစ်သည်ဆိုသောအချက်သည် ဤဒေသ၌ ပျူများနေထိုင်ခဲ့ကြမည် ပျူယဉ်ကျေးမှု ထွန်းကားခဲ့လေဦးမည်ဆိုသော အချက်ကို အထောက်အကူပြုသည်။ ထိုအချက်သည် ဆရာကြီးလုစ်၏ မြန်မာအစကျောက်ဆည်ကဟူသော အယူအဆကို ရစရာမရှိအောင် အားနည်းသွားစေခဲ့ပါ၏။**

ထို့ပြင် ဆရာကြီးဦးမောင်မောင်တင်နှင့် ဦးဝင်းမောင်(တမ္ပဝတီ) တို့၏ စမုံမြစ်ဝှမ်းသုတေသနပြုချက်က စမုံမြစ်ဝှမ်း၌ ကြေးခေတ်အခိုင်အမာထွန်းကားခဲ့သည်ဆိုသော သက်သေပြနိုင်ခဲ့ပါ၏။ ဤအချက်ကလည်း သမိုင်းဆိုင်ရာအရေးကြီးသော အချက်တစ်ချက်ဖြစ်ပါ၏။

ကမ္ဘာတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်နှောင်း၊ ကြေးခေတ် သံခေတ်ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာခဲ့ရာ မြန်မာနိုင်ငံတွင် ကြေးခေတ်အထောက်အထားများရှားပါးခဲ့၍ မြန်မာ့သမိုင်းတွင် ကြေးခေတ်မရှိ၊ ကျောက်ခေတ်မှ သံခေတ်သို့ကူးခဲ့သည်ဟူသော အယူအဆကို စမုံမြစ်ဝှမ်းကြေးခေတ်ဆိုင်ရာ ပစ္စည်းတွေ့ရှိမှုများက ယင်းအချက်ကိုပယ်ဖျက်နိုင်ခဲ့ပါ၏။ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာမှ သချိုင်းတစ်ခုကိုဖော်ထုတ်နိုင်မှုကလည်း မြန်မာနိုင်ငံတွင် ကြေးခေတ်ထွန်းကားခဲ့ကြောင်းအဓိက သက်သေအထောက်အထားဖြစ်ပါ၏။ ထိုအထောက်အထားကို စမုံမြစ်ဝှမ်းကြေးခေတ်ဆိုင်ရာပစ္စည်းတွေ့ရှိမှုက ပိုမိုခိုင်မာစေခဲ့ပါ၏။

# အခန်း(၁၅)
# ပင်လယ်မြို့ဟောင်းတွေ့ရှိခြင်း

မြန်မာရာဇဝင်၊ မြန်မာအမှတ်အသား မြန်မာကျောက်စာများက မည်သို့ပင်ဆိုစေ တရုတ်အမှတ်အသား၊ ကုလားအမှတ်အသား၊ ယိုးဒယား အမှတ်အသားနှင့် ဥရောပတိုက်အမှတ်အသားတို့နှင့် မကိုက်ညီလျှင် မြန်မာအဆိုကို တစ်ချက်တည်းနှင့်ပယ်သည်ဆိုသော ကိုလိုနီမျက်နှာဖြူ သမိုင်းရေးဆရာတို့၏ သမိုင်းဆိုင်ရာအမြင်ကို စမုံမြစ်ဝှမ်း သုတေသန ပြုချက်က အလဲထိုးခဲ့ခြင်းဖြစ်ပါ၏။ မြန်မာသမိုင်းသည် မြန်မာမြေပေါ် တွင်ဖြစ်ခဲ့ရာ မြန်မာတို့မြေသည် အမှန်အကန်ဆုံးသက်သေပင် ဖြစ်သည်။ မြတ်စွာဘုရားသည် မိမိပြုခဲ့ဖူးသော ကုသိုလ်များကို မဟာပထဝီမြေ ကြီးတွင် တိုင်တည်သကဲ့သို့ မြန်မာရာဇဝင်သမိုင်းကို မြန်မာ့မြေကြီးပေါ် တွင် တိုင်တည်ဖော်ထုတ်မှုသည် အမှန်ကန်ဆုံး ဖြစ်ပါ၏။

မြန်မာအစကျောက်ဆည်က အယူအဆသည် မှားယွင်းကြောင်း မြန်မာအစတကောင်းက သာမက မြန်မာအစ မြန်မာကဟူသော အယူ အဆကို မြန်မာမြေပေါ် မြန်မာမြေအောက်အထောက်အထားများနှင့်ပင်

ခိုင်မာစွာသက်သေပြလာနိုင်ပြီ ဖြစ်၏။ စမုံမြစ်ဝှမ်းမှထိုကဲ့သို့ ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်အထောက်အထားများ ပျူခေတ်ကြို အထောက်အထားများရရှိသည်ဟု ဆိုသောအခါ မြန်မာ့သမိုင်းနှင့် ရှေးဟောင်းသုတေသီတို့သည် အလွန်အမင်းအားတက်ကာ ကျောက်ဆည်နှင့်မြစ်သားလွင်ပြင်ကို ဆက်လက်လေ့လာခဲ့ကြပါ၏။ စမုံမြစ်ဝှမ်းလေ့လာမှုကို-၁၉၇၀ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြ ခြင်းဖြစ်၏။

၁၉၇၆ ခုနှစ်သို့ရောက်သောအခါ သစ်တောမင်းကြီး ဦးအောင်မြင့်၊ ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၊ ပါတီဌာနချုပ်မှ မြန်မာအခြေပြနိုင်ငံရေးသမိုင်းပြုစုရာတွင် ပါဝင်ခဲ့သော သုတေသနအရာရှိ ဦးတင်မြတ်သိန်း၊ ဦးဝင်းမောင်(တမ္ပဝတီ)၊ ပြတိုက်မှူးဦးဝင်းမောင်တို့ပါဝင်သော လေ့လာရေးပညာရှင်များအဖွဲ့သည် မန္တလေးတိုင်း၊ မြစ်သားခရိုင်၊ မိုင်းမောရွာအနီးရှိ ရှေးဟောင်းမြန်မာမှတ်တမ်းများပါ ပင်လယ်မြို့ဟောင်းကိုဖော် ထုတ်နိုင်ကြသည်။ ပင်လယ်မြို့ဟောင်းအားတွေ့ရှိမှုနောက်ပိုင်း၌ သမိုင်းသုတေသီဆရာကြီး ဒေါက်တာသန်းထွန်းက THE FORGOTTEN CITY OF OLD BURMA ဆိုသောဆောင်းပါးကို WORKING PEOPLE'S DAILY နေ့စဉ်သတင်းစာတွင် ရေးသား၍ ဆရာကြီးဒေါက်တာလုစ်၏အယူအဆကို ထောက်ခံကာ မိုင်းမောရွာအနီးမှ ပင်လယ်မြို့ဟောင်းကြီးသည် မွန်မြို့ကြီးဖြစ်သည်ဟု အခန်းဆက်ဆောင်းပါးနှစ်စောင်ရေးခဲ့သည်။ ထိုသို့ဆိုလျှင် ပါမောက္ခဆရာကြီးလုစ် အယူအဆမှန်ကန်သည့်သဘောသို့ သက်ရောက်ခဲ့၏။

## မြနဒီမှ ပျူကျောက်စာချပ်

သို့သော်လည်း ၁၉၇၈ ခုနှစ်၌ ပင်လယ်မြို့ဟောင်း၏အရှေ့ ၄ မိုင်ခန့်အကွာ "မြနဒီ"ကျေးရွာမှ ပျူခေတ်အက္ခရာကို သုံး၍ ပျူဘာသာဖြင့် ရေးထိုးထားသော ပျူကျောက်စာကြီးကို တွေ့ရှိပြီးသည့်နောက်တွင် 'ပင်လယ်မြို့'ကြီး အပါအဝင်ကျောက်ဆည်လွင်ပြင်ဒေသသည် မွန်မဟုတ်၊

သရေခေတ္တရာနှင့် ခေတ်ပြိုင်ဖြစ်သော ရှေးဦးပျူမြို့တော်ကြီးသာ ဖြစ်ကြောင်း ထင်ရှားသွားသည်။ ထို့အပြင် မန္တလေးရှေးဟောင်းသုတေသနဌာနမှလည်း ဦးစိန်မောင်ဦး ဦးစီး၍ ပင်လယ်(မိုင်းမော)မြို့ဟောင်းကြီးကို လေးကြိမ်မျှတူးဖော်လေ့လာရာတွင် ခရစ်နှစ်မပေါ်မီ ဘီစီ-၃ ရာစုနှင့် ၈ ရာစုကြားတည်ရှိခဲ့သော ပျူမြို့ဟောင်းကြီးဖြစ်သည်ဟု အတည်ပြုခဲ့သည်။

ထို့ကြောင့် "မြန်မာအစ ကျောက်ဆည်က"အယူအဆတွင် အဓိကဖြစ်သော **"အေဒီ ၈ ရာစုလောက်တွင် မြန်မာများသည် နတ်ထိပ်တောင်ကြားအတိုင်း ရှမ်းကုန်းပြင်မြင့်မှ မြေပြန့်သို့ဆင်းသက်ပြီး မွန်တို့၏ကျောက်ဆည်ဒေသကို သိမ်းပိုက်ခဲ့သည်။"**ဆိုသည့် အချက်မှာ မဟုတ်မမှန်ကြောင်းသက်သေခံ အထောက်အထားစ၍ရရှိခဲ့၏။

ထို့အပြင် ကျောက်ဆည်လွင်ပြင်ရှိ လယ်တွင်း ၁၁ ခရိုင်အနက်မှ ကျေးရွာအများစု၏အမည်များသည်"မွန်အမည်"များသာ ဖြစ်သည်ဆိုသည့်အချက်ကိုလည်း မွန်အမည်မဟုတ်၊ ရှေးဟောင်းမြန်မာအမည်များသာဖြစ်သည်ကို ဆရာကြီးဦးမောင်မောင်တင်၏ ၈၄ နှစ်မြောက်မွေးနေ့၌ ဖတ်ကြားခဲ့သော "လယ်တွင်း ၁၁ ခရိုင်" စာတမ်းကြောင့် ရှင်းလင်းသွားခဲ့၏။ လယ်တွင်း ၁၁ ခရိုင်စာတမ်းကို တင်သွင်းသူမှာ ဦးဝင်းမောင် (တမ္ပဝတီ)ဖြစ်ပါသည်။

ကျွန်တော်သည် ၂၀၀၃ ခုနှစ်မေလ ၂၁ ရက်နေ့က ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော အနော်ရထာမင်းကြီး၏နန်းတော်နေရာ တူးဖော်ရေးနှင့် နန်းတော်တည်ဆောက်ရေးကိစ္စများကို လေ့လာရန် မန္တလေးမှ ပုဂံသို့သွားရောက်ခဲ့ပါ၏။

ပုဂံသို့ နံနက်(၈း၀၀)နာရီလောက်တွင် ရောက်ရှိပါ၏။

ပုဂံတွင် အနော်ရထာမင်းနန်းတော်ရာ တူးဖော်နေသောကြောင့်လည်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များ အစုံအလင် ရောက်ရှိနေကြ၏။ ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ်

ဦးညွန့်ဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးအောင်နိုင်မြင့်၊ ဦးမိုးကျော်ကျော်၊ ဦးသိန်းလွင်တို့အပြင် ပုဂံပြတိုက်မှူးကြီး ဦးဝိုင်းတို့နှင့်လည်း တွေ့ရှိရသည်။ ရောက်ရှိသောနေ့တွင် အနော်ရထာနန်းတော်ရာတူးဖော်သည့်နေရာအား တစ်မနက်လေ့လာပြီးနောက် နေ့လည်ခင်းတွင် ပြတိုက်မှူးကြီးအား မေတ္တာရပ်ခံကာ ပုဂံပြတိုက်တွင် တစ်နေကုန်လေ့လာနေခဲ့သည်။ ထိုနေ့က ကျွန်တော်သည် ပုဂံခေတ်စာပေပြခန်း၌ အချိန်ယူ၍ လေ့လာခဲ့၏။ ပုဂံခေတ်စာပေပြခန်းတွင် ပါဠိ-ပျူ၊ မွန်၊ မြန်မာလေးဘာသာဖြင့် ရေးထိုးထားသော မြစေတီကျောက်စာကိုပြသထား၏။ နဘေးနံရံတွင် မူလစာလုံးပေါင်းစကားပြေအတိုင်း ဆီလျော်အောင် ဘာသာပြန်ရေးထား၏။ မြန်မာရှေးဟောင်းအက္ခရာသမိုင်းများကိုလည်း ပြသထား၏။ မော်ဇာခင်ဘကုန်းမှ ရရှိသောရွှေပေလွှာများမှ ပါဠိစာနှင့် အခြား အေဒီ-၅ ရာစု၊ -၆ ရာစုထိ အက္ခရာများကိုပြသထား၍အေးအေးဆေးဆေးလေ့လာရ၍ မှတ်သားစရာများစုံလင်လှပါ၏။ ထို့ပြင် မြန်မာအက္ခရာဗျည်း၊ သရနှင့် ဂဏန်းတို့ကို ဇယားကားချပ်များနှင့် သီးခြားပြသထား၏။

ပျူခေတ်၊ ပုဂံခေတ်တို့တွင် စာပေအရေးအသား မည်၍ မည်မျှထွန်းကားခဲ့ပုံ၊ မည်သည့်ပစ္စည်းများနှင့် စာရေးသားခဲ့ပုံများကိုလည်း ပြသထား၏။ ပုဂံခေတ်စာပေပြခန်းတွင် ကျန်စစ်သားမင်းကြီး၏နန်းတည် ရှေးမွန်ကျောက်စာနှင့် အမိန့်တော်ပြန်တမ်း၊ မွန်ကျောက်စာတို့ကိုလည်း မြန်မာဘာသာနှင့် ယှဉ်၍ပြသထားပါ၏။

မြစေတီကျောက်စာသည် မြန်မာစာပေအရလည်းကောင်း မြန်မာ့သမိုင်းအထောက်အထားအရလည်းကောင်း အလွန်အရေးကြီး၊ အဖိုးတန်သောကျောက်စာ ဖြစ်ပါ၏။ မြစေတီကျောက်စာကို ရာဇကုမာရ်မင်းသားသည် အေဒီ ၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့ခြင်းဖြစ်၏။

ဤစာတမ်းကိုရေးသားနေချိန်သည် ကျွန်တော်ပုဂံပြတိုက်တွင် ရောက်ရှိနေသော-၂၀၀၃ခုနှစ်မှစ၍ ပြန်ပြောင်းရေတွက်လာလျှင် မြစေတီ

ကျောက်စာကို မြန်မာစာဖြင့် ရေးထိုးထားခဲ့သည်မှာ နှစ်ပေါင်း ၈၉၀ မျှပင် ရှိခဲ့ပြီးဖြစ်သည် မြစေတီကျောက်စာတွင် မြန်မာစာသည် ဝါကျပီပြင်စွာ ဖွဲ့ဆိုရေးသားလျက်ရှိပြီ ဖြစ်၏။ မြန်မာစာသည် နေ့ချင်းပြီး ဖြစ်လာသည် မဟုတ်။ ဝါကျအဆင့်သို့မရောက်မီ မြန်မာအက္ခရာပေါ်ပေါက်ရဦးမည် ဖြစ်၏။ အက္ခရာဘဝသို့ မရောက်မီမြန်မာစကားရှိရဦးမည်ဖြစ်ရာ မြန်မာစကားနှင့် မြန်မာစာသည် လွန်ခဲ့သော အနှစ် ၁၂၀၀ ကျော် ၁၅၀၀ ခန့်ကပင် မြန်မာနိုင်ငံ၌ ရှိနေပြီဟု ယူဆရပါ၏။

ထိုသို့ဆိုလျှင် မြန်မာလူမျိုးသည်လည်း မြန်မာစကားမြန်မာ အက္ခရာ မြန်မာဝါကျရှိစဉ်ကပင် မြန်မာနိုင်ငံ၌ရှိနေမည် ဖြစ်ပါသည်။ မြန်မာအက္ခရာများသည် တရုတ်ပြည်ဘက်ကလာရောက်သည်မဟုတ်။ အိန္ဒိယမှရောက်ရှိခြင်းဖြစ်ရာ မြန်မာတို့သည် တရုတ်ပြည်အာရှတိုက် အလယ်ပိုင်းမှလာသည့်တိုင် မြန်မာနိုင်ငံသို့ရောက်ရှိသောအခါတွင်မှ အက္ခရာတီထွင်ရေးသား၍ မြန်မာစာပေကို ပြုစုခြင်းဖြစ်သောကြောင့် ဆရာကြီးလူစ်၏မြန်မာများမြင်းစီး၍ နတ်ထိပ်တောင်ကြားမှ လွန်ခဲ့သော ရှစ်ရာစုခန့်ကမှ ဆင်းလာသည်ဆိုသောအဆိုကို မြစေတီကျောက် နှင့်ပင် အပြီးပယ်နိုင်ပါ၏။

ဆရာကြီးလူစ်ပြောသော မြန်မာတို့မြင်းများနှင့် ကျောက်ဆည် လွင်ပြင်သို့မဆင်းလာမီအချိန်ကပင် ပုဂံတွင် မြန်မာစာရောက်ရှိနေပြီဖြစ် ၏။ မြန်မာတို့သည် မြန်မာစာကို အရင်ပို့ထားပြီးနောက်မှ လူများလိုက် လာသည်မှာ မဖြစ်တန်သောကိစ္စဖြစ်၍ မြစေတီကျောက်စာအထောက် အထားမျှနှင့်ပင် ဆရာကြီးလူစ်၏ မြန်မာအစကျောက်ဆည်က အဆိုကို ပယ်အပ်ကြောင်း တင်ပြရပါ၏။

# အခန်း(၁၆)
# တကောင်းနှင့်ပတ်ဝန်းကျင်အား ကွင်းဆင်းလေ့လာချက်

၁၉၉၃ ခုဧပြီလ ၁၀ ရက်နေ့က တကောင်းမှ တွေ့ရှိရသော ရွှေပြားဖောင်းကြွဆင်းထုတော်ကို မန္တလေးမြနန်းစံကျော်ရွှေနန်းတော်ကြီးသို့ရောက်ရှိလာသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသို့တင်ပြရာတွင် နိုင်ငံတော်အကြီးအကဲက ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)အား ပျူသမိုင်းသစ်စာတမ်းတစောင်ရေးသားရန် တာဝန်ပေးခဲ့သည်။ ထိုတာဝန်ကိုထမ်းဆောင်ရင်း ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် တမ္ပဝတီဦးဝင်းမောင်တို့သည် မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းအတွင်းရှိ ပျူယဉ်ကျေးမှုထွန်းကားရာဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွား၍ လေ့လာခဲ့ရာယင်းအဖွဲ့သည် ၁၂-၃-၁၉၉၇ မှ ၁၇-၃-၁၉၉၇ နေ့အထိ သပိတ်ကျင်း၊ တကောင်း၊ တံငယ်၊ ဆင်ညှပ်ကုန်း၊ ဝဲကြီး၊ ပုတီးဖြူ ကြံညှပ်၊ မလည် စသောတကောင်းပတ်ဝန်းကျင်နှင့် ဧရာဝတီမြစ်

ကမ်းတစ်လျှောက်ကျေးရွာများသို့ သုတေသနပြုခဲ့ရာ တကောင်းလွင်ပြင်မှ ကျောက်လက်နက်ပစ္စည်းများ၊ ကြေးလက်နက်၊ ကြေးထည်၊ သံထည် ပစ္စည်းများ၊ သံခေတ်သံချက်ဖိုကြီးများ၊ ပျူခေတ်လက်စင်းရာပါသော အုတ်ချပ်များ၊ ပျူခေတ်ပုတီးစေ့ကြီးငယ်များကို တွေ့ရှိခဲ့ကြသည်။ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် တမ္ပဝတီဦးဝင်းမောင်တို့၏ တကောင်းမြို့ဟောင်းနှင့်ပတ်ဝန်းကျင်ကျေးရွာများ ကွင်းဆင်းလေ့လာ မှုမှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

## တကောင်း

တကောင်းမြို့ဟောင်းတွင် မြို့ရိုးသုံးခုရှိ၏။ ယင်းတို့မှာ

(က) ဧရာဝတီမြစ်နှင့် တလားဝချောင်းကမ်းပါးရှိ ငါးကြင်းရုပ်ပုံ သဏ္ဍာန်မြို့ရိုး၊

(ခ) လက်ရှိတကောင်းမြို့ဟောင်း၏ တောင်ဘက်ရှိ အညာပုဂံမြို့ ဟောင်း(ခေါ်)စတုဂံပုံမြို့ရိုးနှင့်

(ဂ) ဖော်ပြပါ မြို့ရိုးမြို့ရာ ၂ ကွက်လုံးကို အပြင်မှ ခြုံငုံထားသော အရှေ့ဘက်မှအလျှား ၂ မိုင်ကျော်ရှိ စက်ဝိုင်းခြမ်းပုံမြို့ရိုးကြီး တို့ ဖြစ်ကြသည်။

ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပင်လယ်(မိုင်းမောရွာအနီး) စသော ရှေးပျူမြို့ဟောင်းများတွင်တွေ့ရတတ်သော အုတ်ချပ်များကို အထက်ဖော်ပြပါ တကောင်းမြို့ရိုးသုံးခုလုံးတွင် အသေးစိတ်ရှာဖွေလေ့လာ ကြသည်။ အပြင်ဆုံးမြို့ရိုးမှ လက်စင်းရာပါသောအုတ်ချပ်များ မတွေ့ရှိခဲ့ရပါ။ မြောက်ဘက်ဆုံး ငါးကြင်းရုပ်ပုံမြို့ရိုးတောင်ဘက်အထွက်မှ ဝလုံး- ပုံလက်ရေးပါသော အုတ်ချပ်အချို့ တွေ့ရှိရပါသည်။ ဤအမှတ် အသားများကို ပုဂံရှိ ရှေးကျသော စေတီဘုရားအချို့နှင့် ပင်းယမြို့ ဟောင်းမြို့ရိုးတို့မှလည်း တွေ့ရှိခဲ့ဖူးပါသည်။ သို့သော် ၁၀ ရာစုခန့်ဟုသာ ခန့်မှန်းရပါသည်။ ပျူမြို့ဟောင်းများတွင် အများဆုံးတွေ့ရှိတတ်သော



အုတ်ချပ်၏ အစွန်းတွင်အနံ့လိုက် လက်စင်းရာတစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးကြောင်းစသည်ဖြင့်ပါရှိသော အုတ်ချပ်များကို အညာပုဂံမြို့ဟောင်း အတွင်း ရွှေစည်းခုံစေတီတော်ကြီး၏ အနောက်မြောက်ဘက်ရှိ ချမ်းသာကြီး ကျောင်း၊ အရှေ့ပတ်ဝန်းကျင်တွင် တွေ့ရှိခဲ့ရပါသည်။ ထိုနေရာတွင် မူလကရှစ်မြှောက်၊ ပန္နက်ပုံ၊ စေတီတစ်ဆူရှိခဲ့သည်။ ယခု ထိုနေရာကို မြေညှိလိုက်၍ ကျန်ရှိသောအုတ်ကျိုးအုတ်ပဲ့များအတွင်းမှ တွေ့ရှိခဲ့ရခြင်း ဖြစ်ပါသည်။

ချမ်းသာကြီးကျောင်း၏ တောင်ဘက်တွင် ၁၉၉၆ ခုနှစ်က ပြန်လည်ပြုပြင်ခဲ့သော စေတီအသစ်တစ်ဆူရှိပါသည်။ ထိုစေတီကို ပြုပြင်ရန် အုတ်ကျိုးများဖယ်ရှားစဉ်က ရှေးဟောင်းစေတီငယ်တစ်ဆူကို ငုံ၍ တည်ထားသော နှစ်ထပ်စေတီဖြစ်ကြောင်း၊ တကောင်းမြို့ ရ. ဝ. တ ရုံးရှိ မှတ်တမ်းဓာတ်ပုံများအရ သိသည်။ ထိုဓာတ်ပုံများအရ အတွင်းစေတီ တော်၏ခေါင်းလောင်းတွင် ရင်ဖွဲ့ခါးစည်း၌ ပုဂံလောကနန္ဒာစေတီတော်မှာ ကဲ့သို့ မှန်ကူပုံစိန်ထောင်ရှစ်ခုပါရှိသည်ကို တွေ့ရှိရပြီး ထိုအမွှန်းအ ပြောက်များကိုလည်း အင်္ဂတေဖြင့်ဖော်ထားသည်မဟုတ်ဘဲ မူလအုတ်ရိုးစီ ခဲ့စဉ်ကပင် အတွန့်၊ အကွေ့၊ အချိုးများပါသော“ပုံစံအုတ်”များဖြင့် စံနစ် ကျစွာ စီထားခဲ့ခြင်း ဖြစ်ပါသည်။ ဤအုတ်စီမှု စံနစ်များကို သရေခေတ္တရာ၊ မှော်ဇာမြို့ဟောင်း “မသီးကျ”ကုန်းနှင့် မိုင်းမောရွာအနီးမှ ပင်လယ်မြို့ ဟောင်း“လက်နက်တိုက်”ကုန်းတို့တွင် တွေ့ရှိနိုင်ရာ ပျူခေတ်အုတ်စီမှု စနစ်ဟု ယူဆနိုင်သည်။

## ဆင်ညှပ်ကုန်း

ဆင်ညှပ်ကုန်းကျေးရွာသည် တကောင်းမြို့ဟောင်း၏ တောင် ဘက် ၆ မိုင်ခန့်အကွာ၊ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပါ သည်။ လွန်ခဲ့သောအနှစ် ၂၀ ခန့်ကပင် ထိုကျေးရွာတဝိုက်သို့ အမဲပစ်ရန်



**ဆင်ညှပ်ကုန်းကျေးရွာမှတွေ့ရှိရသောမြေပုတီးစေ့များ**

သွားရောက်ခဲ့သော မန္တလေးပြတိုက်မှ ဦးဝင်းမောင်နှင့် မသုံးလုံး ဦးစိန်ဝင်းတို့က အရိုးအိုးများတွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

ဆင်ညှပ်ကုန်းရွာလယ်ပိုင်းရှိ ဦးသာကျော်၏ကုန်းတွင် အရိုးနှင့်ပြာများကို အချင်း ၂ ပေ ၆ လက်မအရွယ်ရှိ အိုးကြီးတွင်ထည့်သွင်းမြှပ်နှံခဲ့ပြီး ထိုအိုးကြီးအပြင်မှ ရေတကောင်းပုံအိုးငယ်များ၊ မြေပုတီးစေ့များ၊ သံလုံ့သွားနှင့် ကြေးဇွန်းများကိုဝိုင်းရံ၍ထားသည် အရိုးအိုးတစ်လုံးကိုရရှိခဲ့ပါသည်။ ထိုပစ္စည်းများနှင့်အတူ လက်စင်းရာပါသောအုတ်ခဲနှစ်ခဲလည်းအတူတွေ့ရှိခဲ့ရပါသည်။ ယခင်အခါများကလည်း ဤကုန်းမှပင် သံဓားကြီးများ၊ ကြေးချိန်ခွင်ဘောင်များ၊ ကျောက်စိမ်းရောင်ဆင်ရုပ်ပုတီးစေ့များကိုပိုင်ရှင်ဦးသာကျော်တွေ့ရှိခဲ့ရဖူးသည်။ အလားတူအရိုးအိုးကို ဆင်ညှပ်ကုန်း၌ ရွာဝင်ပေါက်သမဝါယမအနီး၊ ဦးနက်ပေါ်၏ဝိုင်းအတွင်း၌လည်းကောင်း၊ ရွာအရှေ့လမ်း ဦးအောင်ဖြိုး၏လမ်းကြား၌ လည်းကောင်း၊ ရွာမြောက်ပိုင်းဦးကျော်၏ အခင်းအတွင်း၌ လည်းကောင်း၊ ဆင်ညှပ်ကုန်းရွာ၏ တောင်ဘက်-၂ မိုင်ခန့်အကွာ "ဝဲကြီးသရက်ချောင်း"တွင်လည်းကောင်း တွေ့ရသည်။

## ပုတီးဖြူ

ပုတီးဖြူကျေးရွာသည် သပိတ်ကျင်းနှင့် တကောင်းအကြား ခရီးတဝက်ရှိ"ကြံညှပ်"ရွာ၏ မြောက်ဘက် ၂ မိုင်ကျော်အကွာ ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ပုတီးဖြူရွာတဝိုက်မှ ကြေးလက်နက်များတွေ့ရှိရပြီး၊ ရွာမြောက်ဘက်တစ်မိုင်ခန့်အကွာ လမ်းဘေးမြေနီကျင်းတွင် "ပုဂံငကျွဲဆေးအိုး" ခေါ်သော အလွန်ကြီးမားသည့် မြေဆေးတံကြီးတစ်ခု မြေမြှပ်လျှက်ရှိကြောင်း အရပ်သတင်းများကြားသိရ၍ ဤပုတီးဖြူကျေးရွာသို့ ဝင်ရောက်လေ့လာကြခြင်း ဖြစ်ပါသည်။ "ငကျွဲဆေးအိုး"ဆိုသည်မှာ သံချက်ဖိုဟောင်းကြီးပင် ဖြစ်သည်။ အဝ ၅ ပေ ၆ လက်မခန့် အမြင့် ၃ ပေခန့်ရှိ မြေနီဖိုအတွင်း "သံကျောက်"များ



ထည့်၍ ဘေးထင်းထိုးပေါက်မှ မီးထိုးလျှင် သံများအရည်ပျော်၍ သံရည်များ အောက်သို့ကျရောက်ပြီး သံစေ့ငယ်များအဖြစ် ရရှိနိုင်သည်။ ထိုသံစေ့ငယ်များကိုစုပေါင်း၍ကျိုမှ "သံထွေခဲ" များ ရရှိသည်။ ဖို၏ နှုတ်ခမ်းဝတလျှောက်တွင် အနီရောင်သံချော်ခဲများကို ယခုတိုင်တွေ့မြင်နိုင်သည်။ အလားတူသံဖိုများကို ပုတီးဖြူရွာနှင့် ကြံညှပ်ရွာအကြား ကြံခင်းများအလယ်တွင် လေးဖိုတွေ့ရှိခဲ့ရသည်။ သုံးဖိုမှာ အပေါ်ပိုင်းများ ပျက်စီးပြီး ပန္နက်ရာမျှသာ မြင်တွေ့နိုင်တော့သည်။ တစ်ဖိုမှာမူ မီးထိုးပေါက် နှုတ်ခမ်းများ ထွန်စက်ထိုးမိ၍ ပွဲသွားပြီဖြစ်သော်လည်း ဖိုဝအနည်းငယ် ကျန်ရှိသည်။ ပုတီးဖြူရွာရှေးဟောင်းသံဖိုကြီး၏ မြောက်ဘက် ၃ ဖာလုံ ကျော်ကျော်ခန့်၌ ကြံညှပ်၊ တကောင်းလမ်းသည် မြေနီကျင်းတစ်နေရာသို့ ဖြတ်သွားသည်။ ထိုနေရာတဝိုက်၌ လမ်းဘေးတွင် အိုးခြမ်းကွဲငယ်များကို နေရာအနှံတွေ့ရှိရသည်။ ယခင်က အရိုးအိုးများတန်းစီ၍ရှိခဲ့ရာ၊ ယခုမူ အိုးခြမ်းကွဲငယ်များအဖြစ်သာ ရှိတော့သည်ဟု ဒေသခံတို့က ဆိုကြ၏။ ဘေးမှမြေနီသည် အလွန်စေး၍မာကြောပြီး မြုပ်နှံခဲ့သော အိုးအမျိုးအစားမှာ သဲများ၍မြေသားပွပြီး ပါးလွှာသောကြောင့် အိုးကောင်းဟူ၍မတွေ့မြင်ရပဲရှိသည်။

ဤနေရာတဝိုက်မှ ရှေးဟောင်းပျူပုတီးစေ့မျိုးစုံနှင့် ကြေးလက်နက်ကြေးမိုးကြိုးသွားများ မကြာခဏတွေ့ရှိရတတ်သည်ဟု ဆို၏။ ထိုနေရာမှရသော ကြေးလက်နက်တစ်ခုကို တကောင်းမြို့ရွှေမြင်တင်ဆရာတော်ထံတွင် တွေ့ရှိခဲ့ရပါသည်။ အိုးခြမ်းကွဲများအကြား ဝိုင်းဝန်း၍ရှာဖွေကြရာ တစ်နာရီအတွင်း၌ ပုတီးစေ့မျိုးစုံ၊ အရွယ်အကြီးအသေး ၉၀ ကျော်ခန့် တွေ့ရှိခဲ့ပါသည်။

ရှေးဟောင်းပျူပုတီးအမျိုးအစားများဖြစ်ပြီး လိမ္မော်ရောင်တွင် အဖြူဒီဇိုင်းပါ ပုတီးစေ့အနက်ကျား၊ ဗုံတိုပုတီးစေ့၊ အစိမ်းရောင်ကျောက်ပုတီးစေ့နှင့်နီလာပုတီးစေ့၊ နီလာဆွဲသီးငယ်များပင် ပါဝင်သည်။ ဤပုတီးစေ့

အမျိုးအစားများမှာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တူးဖော်မှုနှင့် ထိုဒေသတစ်ဝိုက်မှ "မြေပေါ်တွေ့" ပစ္စည်းများနှင့် ပုံစံတူပင်ဖြစ်ရာ ပျူပုတီးစေ့များဟုသတ်မှတ်နိုင်ပါသည်။ ထို့ကြောင့် ပုတီးဖြူရွာမြေနီကျင်းသည် အရိုးအိုးများမြှပ်နှံရာ ပျူသင်္ချိုင်းရာတစ်ခု ဖြစ်နိုင်သည်။

## ကြံညှပ်

ယခုလက်ရှိ ကြံညှပ်ရွာမှာ ရွာသစ်ဖြစ်၍ ကြံညှပ်ရွာဟောင်းကုန်းမှာ ရွာ၏မြောက်ဘက်တွင် ကပ်လျှက်ရှိသည်။ ထိုရွာဟောင်းကုန်းမှ အခင်းပါသော ကျောက်လက်နက်နှစ်ခု အခင်းမဲ့ကျောက်လက်နက် ၅ ခုနှင့် မြေပုတီးစေ့နှစ်လုံးတို့ကို ကြံညှပ်ရွာ ဆရာဦးတင်ဝင်းဦး စုဆောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။ ထို့ပြင် ကြံညှပ်ရွာ၏တောင်ပိုင်း ရေဆိပ်အနီးရှိ ဦးပု၏တဲဝန်းကျင်တွင် ရှေးဟောင်းသံဖိုကြီး ၇ ဖို ရှိနေပေသည်။ ထိုသံဖိုကြီးတို့၏ဖိုဝသည် ပုတီးဖြူရွာ၌တွေ့ခဲ့ရသော သံဖိုကြီးများအတိုင်း ဖြစ်သည်။ အချို့မှာ မြေတွင်း၌နှစ်မြှပ်နေပြီး အချို့မှာကမ်းပါး ရေတိုက်စား၍ လည်းကောင်း၊ ရေလှိုင်းရိုက်ခတ်မှုဒဏ်ကြောင့် လည်းကောင်း၊ နှုတ်ခမ်းများပဲ့၍ ကြေကွဲစပြုနေပြီ ဖြစ်ပါသည်။

## သုံးသပ်ချက်

ဤခရီးစဉ်မှတွေ့ရှိချက်များနှင့် ပတ်သက်၍ သုံးသပ်ရပါလျှင် တကောင်း မြို့ဟောင်း၌ လက်စင်းရာပါသောအုတ်ချပ်များ တွေ့ရှိရပြီး တကောင်း၏အောက်ဘက်ရှိကျေးရွာအချို့တွင်သာ အရိုးအိုးများ၊ ကြေးလက်နက်များ၊ သံလက်နက်များ၊ ပုတီးစေ့မျိုးစုံနှင့် ရှေးဟောင်းသံဖိုတို့ တွေ့ရှိခဲ့ရသည်။ တကောင်းပေါ်တွင် ပျူအထောက်အထားများစွာ မရှိလှသော်လည်း တကောင်းကိုအခြေခံ၍ ဖြစ်ထွန်းခဲ့သော ပတ်ဝန်းကျင်ကျေးရွာများ၌ ပျူအထောက်အထားများကို "မြေပေါ်တွေ့"ပစ္စည်းများအဖြစ် ကျေနပ်လက်ခံနိုင်ဖွယ်အဆင့်အထိ တွေ့ရသည်။ တကောင်းဝန်း



ကျင်၌ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်(ပျူခေတ်)ပစ္စည်းများ တွေ့ရှိရ၍ ထိုခေတ်များ တဆက်တည်းထွန်းကားခဲ့သည်ဟု ခန့်မှန်းရသည်။

ယခင်က ရှေးဟောင်းသုတေသနဌာနမှ တွေ့ရှိခဲ့သော ရုပ်တုတော်သုံးဆူပါကြေးဆင်းတုတော်၊ ရွှေပြားရုပ်ကြွဆင်းတုတော်နှင့် တကောင်းမြို့ဦးလှုထွန်းထံတွင်ရှိသော တကောင်းမြို့မှရရှိသည့် အချယ်အလှယ်ပါ အိုးငယ်နှစ်ခုတို့ကို (၁၁)ရာစုဟု သတ်မှတ်ခဲ့သည်များကိုလည်း ပြန်လည်ချင့်ချိန် စဉ်းစားသင့်ပါသည်။

အညာပုဂံမြို့ဟောင်း၏ မြို့ဝင်ပေါက်ပုံသဏ္ဍာန်သည် ပုဂံ၊ အင်းဝ၊ အမရပူရ၊ မန္တလေးမြို့ဝင်ပေါက်များထက် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပင်လယ်မြို့ဝင်ပေါက်များနှင့် ပို၍နီးစပ်သည်ကိုလည်း သတိပြုသင့်သည်။

အချုပ်ဆိုရသော် "မြန်မာအစ တကောင်းက" ဆိုသော မြန်မာ့အစဉ်အလာကို ထောက်ခံသည့် "မြေပေါ်တွေ့" ပျူအထောက်အထားအချို့ကို တွေ့ရှိထားပြီးဖြစ်ရာ၊ ထိုအထောက်အထားများကို အခြေခံ၍ စနစ်ကျသော တူးဖော်မှုဖြင့် တကောင်းယဉ်ကျေးမှု"အစစ်အမှန်"ကို ဖော်ထုတ်နိုင်ပါစေဟု ဆန္ဒပြုတင်ပြအပ်ပါသည်'ဟု ဦးဝင်းမောင်(တမ္ပဝတီ)စာတမ်းက ဆိုပါ၏။



# အခန်း(၁၇)
# ဆင်ညှပ်ကုန်းမှ ဧရာဝတီစာပေခရီး အထောက်အထား

မြန်မာအစတကောင်းကနှင့် ကျောက်ဆည်က ဝိဝါဒကွဲလွဲမှုတွင် ဧရာဝတီစာပေခရီးသည် တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့၏။ ဧရာဝတီစာပေခရီးကို ၁၉၉၈-ခု၊ မတ်လ ၁၆ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့တိုင် ၂၈ ရက်ကြာ မေခ မေလိခမြစ်ဆုံမှ ရန်ကုန်သို့ ရည်ရွယ်ချက်ပေါင်းများစွာဖြင့် သွားရောက်ခဲ့ကြသောခရီး ဖြစ်သည်။ ကုန်ကျငွေမှာ ထိုခေတ်အခါက ၁၀ သိန်းကျော်ရှိ၍ ပန်းမျိုးတစ်ရာစာပေမှ ငါးသိန်းနှင့် စာပေအဖွဲ့အစည်းများ၊ မိတ်ဆွေများနှင့် ဌာနဆိုင်ရာတို့မှ ကူညီငွေငါးသိန်း ရှိသည်။ ဧရာဝတီစာပေခရီးတွင် ပါဝင်ခဲ့သူ အဖွဲ့ဝင်ပေါင်း ၄၁ ဦး ရှိသည်။ ပါဝင်ကြသူများထဲတွင် ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)အပါအဝင် သမိုင်းကော်မရှင်မှ ဆရာကြီးဦးဆွဲ၊ ဦးအောင်မြတ်ကျော်၊ သမိုင်းသုတေသီ ဆရာသိန်းသန်းထွန်း၊ စာရေးဆရာ ဦးဌေးမောင်၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(အငြိမ်း

စား) စသူတို့လည်း ပါဝင်ခဲ့ကြ၏။ ဆရာကြီး ဒေါက်တာသန်းထွန်းမှာ ဧရာဝတီစာပေခရီးကို လိုက်ပါမည်ဟုစီစဉ်ပြီးကာမှ မလိုက်ဖြစ်ခဲ့ပါ။

ဧရာဝတီစာပေခရီးသည် ၂၇-၃-၁၉၉၈ ခုနှစ်နေ့တွင် ထီးချိုင့်သို့ ရောက်ရှိ၏။ ထီးချိုင့်သို့ရောက်ရှိသောအခါ ဆရာတော် ထီးချိုင့်နတ်စိုးဘဝနတ်ထံပျံလွန်တော်မူသော အခမ်းအနားနှင့် ကြုံကြိုက်၍ ဧရာဝတီစာပေခရီးအဖွဲ့ဝင်များထီးချိုင့်တွင် တစ်ညအိပ်ကြ၏။ ကျွန်တော်သည် ထီးချိုင့်တွင် ကျွန်တော်၏တပည့်ဖြစ်သူ ကိုမင်းဟန်နှင့်တွေ့၏။ ကိုမင်းဟန်သည် လူငယ်ရှေးဟောင်းသုတသနသမားတစ်ဦး ဖြစ်သည်။ ကျွန်တော်က သူ့အား ရှေးဟောင်းသုတေသနဘာသာရပ်ကို ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားရုံသာမက သမိုင်းသုတေသနဌာနတွင် အလုပ်အကိုင်ရရှိအောင် ရှာဖွေပေးခဲ့သူဖြစ်၏။ သို့သော်လည်း တစ်နေ့တွင် ကိုမင်းဟန်က သူသည် ရန်ကုန်မှ တစ်နေရာရာသို့သွားရမည်ဖြစ်ကြောင်း ပြောရာ ကျွန်တော်က၊ တစ်နေရာရာသွားမည်ဆိုပါက အခြားနေရာသို့ မသွားဘဲ၊ ဆွေမျိုး ညီမတော်သူလည်းရှိသည်ဆိုသော တကောင်းမှာသွားနေရန် တိုက်တွန်းခဲ့၏။ တကောင်းတွင် ရှေးဟောင်းသုတေသနအမြင်ရှိသူတစ်ဦး နှစ်ရှည်လများနေထိုင်ပါက ထိုအရပ်တွင် မုချ ထူးခြားမှုတွေ့နိုင်မည်ဟု ယူဆကာ ကိုမင်းဟန်အား တကောင်းသို့သွားနေရန် တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ နောင်တွင် ကိုမင်းဟန်သည် တကောင်းတွင် အရှင်ပဏ္ဍိတာနန္ဒအဖြစ်ရဟန်းဘောင်သို့ဝင်၍ တကောင်းမြို့တွင်နေကာ ရှေးဟောင်းလုပ်ငန်းများကို စိုက်လိုက်မတ်တတ်လုပ်ဆောင်ခဲ့၏။ ဦးဇင်းဦးမင်းဟန်၏ ကျေးဇူးကြောင့် တကောင်း၌ ပျူခေတ်ဆိုင်ရာအထောက်အထားများစွာ ရရှိခဲ့သည်။

## ဆင်ညှပ်ကုန်းမှသဲလွန်စ

ထီးချိုင့်ကိုရောက်၍ ဘုန်းကြီးပျံတွင် ကိုမင်းဟန်နှင့်တွေ့လျှင် သူက တကောင်းတွင် သူသည် ဆယ်တန်းကျောင်းသားများအား စာပြရင်း

တကောင်းဝန်းကျင်ကို သုတေသနပြုနေကြောင်း ပြော၏။ ထို့နောက် တကောင်းမြို့ဟောင်းမှ တောင်ဘက် ၆ မိုင်ခွဲအကွာတွင်ရှိသော နေရာတစ်ခုမှ အုတ်ခွက်ပစ္စည်းများ မိမိစုဆောင်းထားကြောင်း ပျူပစ္စည်းပျူအရိုးအိုးများဖြစ်နိုင်ကြောင်း ပြောကြား၏။ တကောင်းကို တူးခဲ့သည်မှာ အကြိမ်များစွာ ရှိခဲ့ပြီး၊ အနော်ရထာလက်ထက်-၁၁ရာစုကို မကျော်နိုင်ဘဲရှိရာမှ ဆင်ညှပ်ကုန်းမှပစ္စည်းသည် ဘယ်လိုပျူခေတ်ဖြစ်နိုင်မလဲဟု ကျွန်တော်က ကိုမင်းဟန်အားမေးရာ သူကဆင်ညှပ်ကုန်းဒေသကို မတူးဖော်ရသေးကြောင်း၊ ဆင်ညှပ်ကုန်းတွင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့သည် ပျူခေတ်သဲလွန်စများကို ရရှိနေကြောင်း၊ သို့သော် ယခုအပိုင်းအစပစ္စည်းများကို ဆရာကြီးနှင့် ဦးဝင်းမောင်မတွေ့ရသေးကြောင်း၊ သူတို့တွေ့ပါက ပျူပစ္စည်းဟုတ်၊ မဟုတ်ပို၍ ခိုင်မာမည်ဖြစ်ကြောင်း၊ သို့မဟုတ် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တွေ့ရှိလျှင်လည်း ထိုကိစ္စရှင်းသွားမည်ဖြစ်ကြောင်း ပြောပါသည်။ ထိုနေ့ညက ကျွန်တော်သည် ကိုမင်းဟန်ပြောပြသော ပျူခေတ်ပစ္စည်းများကို စိတ်ကူးနှင့် စဉ်းစားရင်း ပဒုမ္မာသင်္ဘောပေါ်တွင် တစ်ညလုံးအိပ်မပျော်နိုင်ပဲရှိ၏။ ကိုမင်းဟန်သည် ရှေးဟောင်းအတွေ့အကြုံရှိသူမို့ သူကပျူဟုဆိုပါက ဧရာဝတီစာပေခရီးသည် အဖိုးမဖြတ်နိုင်သော သဲလွန်စကို ဖော်ထုတ်နိုင်တော့မည် ဖြစ်၏။

၂၈-၃-၉၈ ခုနေ့တွင် ကျွန်တော်တို့က ထီးချိုင့်မှ တကောင်းသို့ နံနက် ရှစ်နာရီထွက်လာခဲ့ကြရာ တကောင်းသို့ နံနက် ၁၁ နာရီတွင်ရောက်၏။ ခရီးရောက်မဆိုက်ပင် တကောင်းမှ ဆင်ညှပ်ကုန်းသို့ထွက်ခဲ့ရာ ဆင်ညှပ်ကုန်းတွင် ပထမဆုံးတွေ့ရသော ပစ္စည်းမှာ ကျိုးခြင်းပဲ့ခြင်းလုံးဝမရှိသော အစင်းလက်ရာပါသည့် အုတ်တစ်ချပ်ပင် ဖြစ်ပါ၏။ ပျူအုတ်တစ်ချပ်ကိုတွေ့ရရုံမျှဖြင့် ကျွန်တော်ပျော်သွားရသည်။ ကျွန်တော်တို့သည် လှည်းတစ်စီးကို မေတ္တာရပ်ခံ၍ ဆင်ညှပ်မှ အရှေ့မြောက်ဘက်ရှိ သုံးမိုင်ခန့်ဝေးသော ဦးတင်ဝင်း၏လယ်တဲသို့ သွားကြ၏။ ထိုလယ်တဲတွင် ရှေး

ဟောင်း အုတ်ခွက်ပုံကြီးတစ်ပုံကို တွေ့ရ၏။ ထိုနေရာတွင် အုတ်ကျိုးပဲ့များနှင့် ပြည့်နှက်နေ၏။ ကျွန်တော်တို့သည် အုတ်ပုံကြီးအားဓာတ်ပုံရိုက်ပြီး အုတ်ခွက်အကျိုးများကို ရွေး၍ယူပြီး ထိုနေရာကို ခြံခတ်၍ထားရန် ထိုနေရာမှ အုတ်ခွက်ကျိုးများကို ရွှေ့ပြောင်းမပစ်ရန် ထိုနေရာတွင် သီးနှံမစိုက်ပျိုးရန် မှာကြားဆွေးနွေးပြီး ပြန်ခဲ့သည်။

ဦးတင်ဝင်းလယ်ထဲမှ အုတ်ခွက်အပိုင်းအစ-၃၀ ကျော်ကို ကျွန်တော်တို့ ယူလာခဲ့၏။ ထိုအုတ်ခွက်များကို ပျူခေတ်ပစ္စည်းများအဖြစ် လက်ခံသော်လည်း ဘာကြောင့်ပျူဟူ၍ ပြောနိုင်သည်ဆိုသောအချက်များနှင့် ပတ်သက်၍ကား အကျိုးအကြောင်းပြနိုင်ရန် လို၏။ ပညာရှင်များ လေ့လာသုံးသပ်ဝေဖန်မှုဆုံးဖြတ်ပေးရန် လိုအပ်၏။ တစ်ဖန် ထိုပစ္စည်းများကို အရိုးအိုးတွေလား၊ ဘာတွေလဲဆိုသော အချက်ကိုလည်း ကောက်ချက်မချနိုင်သေးဘဲ ရှိသည်။ မန္တလေးရောက်၍ ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) သဘော်ပေါ်သို့တက်လာမှ ထိုပစ္စည်းများတွေ့ရှိခဲ့ပုံမှအစ ရှင်းပြရာ ဆရာကြီးက“ဒါတွေကို ငွေတစ်သန်းနဲ့မလဲနိုင်ဘူး”ဟုပြောပါ၏။ ဆရာကြီးဦးမောင်မောင်တင်က “ငွေတစ်သန်းဆိုတာဒေါ်လာ တစ်သန်း ဒေါ်လာတစ်သန်း”ဟု ဆက်၍ ပြောသည်။ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)သည်၊ ဧရာဝတီစာပေခရီးကို မန္တလေးသို့ရောက်မှ သဘော်ပေါ်သို့ရောက်ရှိပူးပေါင်းခြင်း ဖြစ်၏။ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)သည် အရပ်က ပုပု၊ သူစိတ်ဝင်စားသော ပျူ အုတ်ခွက် အကျိုးအပဲ့များကို အလင်းရောင်ဖြင့် ယူကြည့်လိုက်၊ မတ်တပ်ရပ်လိုက်၊ ဆောင့်ဆောင့်ထိုင်ကြည့်လိုက်နှင့် ထိုပစ္စည်းများက ဆရာကြီးကို မည်မျှစိတ်လှုပ်ရှားစေသည်ကို သိသာလှပါသည်။

ကျွန်တော်တို့ ဆင်ညှပ်ကုန်း ဦးတင်ဝင်းလယ်တဲမှ ရရှိသောပစ္စည်းမှာ နှစ်မျိုးဖြစ်၏။ ထိုပစ္စည်းများကို ပဒုမ္မာသဘော်ပေါ်တွင် ဆရာကြီး ဦးမောင်မောင်တင်၊ ကျောက်စာမှင်စာပညာရှင် ဆရာကြီးဦးဆွဲ၊ ဦးအောင်မြတ်ကျော်၊ အငြိမ်းစားတိုင်းမင်းကြီး ဦးတင်ဦး၊ ဆရာဦးဌေး

မောင်၊ ဦးသိန်းသန်းထွန်းနှင့် အခြားဧရာဝတီစာပေခရီးသည်များ ပါဝင်လျက် ပဏ္ဏာမလေ့လာမှုကို ပြုခဲ့ကြ၏။ သို့သော် တိကျသော အဖြေမပေးနိုင်သေးပဲ နှိုင်းယှဉ်လေ့လာမှုများပြုရဦးမည်ဟုသာ ဆရာကြီးဦးမောင်မောင်တင်ကဆို၏။

ပုဂံသို့ရောက်ရှိသောအခါ ဆင်ညှပ်ကုန်းမှ အုတ်ခွက်များအကြောင်းကို ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) ပခုက္ကူမှ စာပေခရီးသည်အဖြစ် တက်ရောက်လာသော ဦးနန်းလှိုင် (ပုရိသ) ဦးဝင်းမောင် (တမ္ပဝတီ)တို့သည် ၁၉၉၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ညတွင် ဒုတိယ အကြိမ်ဆွေးနွေးခဲ့ကြ၏။

## အုတ်ခွက်များကို စတင်လေ့လာခြင်း

ထို့နောက် တမ္ပဝတီဦးဝင်းမောင် ရန်ကုန်မြို့သို့ လိုက်လာခဲ့ပြီး ဧရာဝတီစာပေခရီးဖြင့် ပါလာသော အုတ်ခွက်များကို ဆရာကြီး ဦးမောင်မောင်တင်နှင့်အတူ တိုင်းထွာခြင်း၊ အုတ်ခွက်နမူနာများကို ပုံစံရေးဆွဲခြင်းတို့ ပြုလုပ်၏။

အုတ်ခွက် နှစ်မျိုး နှစ်စားအနက် ပထမအုတ်ခွက်အမျိုးအစားမှာ အောက်ခြေအလျား ၂၃ စင်တီမီတာအမြင့် ၁၅ စင်တီမီတာရှိသော ကြာဖတ်ပုံ အုတ်ခွက်ဖြစ်၍၊ အခြေမှ အထက်သို့ အနည်းငယ်ဟိုက်၍ နေ၏။ ဗဟိုတည့်တည့်နှင့်ဘေးဘယ်ညာတို့၌ ရေဆင်းရန်မြောင်းငယ်များပါရှိပြီး အတွင်းသုံးမြှောင့်ပုံ ကနုတ်ပန်းကို ပုတီးတန်းနှင့် သုံးဘက်ဘောင်ခတ်ထားသည်။

ဒုတိယအုတ်ခွက်အမျိုးအစားမှာ အဝိုင်းပုံဖြစ်ပြီး၊ ဓမ္မစကြာပုံ သဏ္ဌာန် ပန်းကွဲဖော်ထားသည်။ ဗဟိုတွင် ပန်းတောင်းချက်မပါရှိပြီး ဘေး၌ တံကူလှည်းဘီးဘောင်ပါရှိသည်။ ထောက်တံ ၁၅ ချောင်းပါရှိသည့်အနက် အကြီးငါးချောင်းနှင့် ထိပ်တွင် အစက်များပါသော အငယ် ၁၀ ချောင်းတို့ ဖြစ်သည်။ အုတ်ခွက်အရွယ်အစားနှစ်မျိုးဖြစ်ပြီး အကြီးမှာ



## ဆင်ညှပ်ကုန်းအုတ်ခွက်ပုံ(၁)

အချင်း ၂၀ စင်တီမီတာရှိ၍၊ အငယ်မှာ အချင်း ၁၃ စင်တီမီတာ အသီးသီး ရှိကြသည်။

အုတ်ခွက်များ၏နောက်ကျော၌ အုတ်ခွက်မျက်နှာပြင်နှင့် ထောင့်မတ်ကျစွာ ပိုက်လုံးခြမ်းပုံသဏ္ဍာန် အဆက်ရာများရှိသည်။

ဧရာဝတီစာပေခရီးမှ သယ်ယူလာသော အုတ်ခွက်ပစ္စည်းများကို လေ့လာပြီး သတင်းအချက်အလက်ပိုမို ပြည့်စုံစေရန် ၁၉၉၉ ခု၊ အောက်တိုဘာလတွင် ဆရာကြီး ဦးမောင်မောင်တင်နှင့် ဦးဝင်းမောင်(တမ္ပဝတီ) တို့သည် ဆင်ညှပ်ကုန်းရွာ၊ ထိုပစ္စည်းများတွေ့ရှိရာ ကုန်းသို့ကွင်းဆင်း သွားရောက်လေ့လာခဲ့ကြ၏။

## အခြားပျူမြို့ကြီးများနှင့် နှိုင်းယှဉ်လေ့လာခြင်း

ထိုကုန်းမှာ ရှေးဟောင်းအဆောက်အဦးပျက်တစ်ခုဖြစ်ပြီး မြေပြင်အထက် ၆ ပေခန့် မို့မောက်လျက်ရှိသည်။ ကုန်းမှတွေ့ရှိရသော




**ဆင်ညှပ်ကုန်းအုတ်ခွက်ပုံ(၂)**

အုတ်ခဲတိုင်းတွင် ပျူလေ့ဟုပြောစမှတ်ပြုကြသော "လက်စင်းရာ"အရေးကြောင်းများပါရှိခဲ့သည်ကို ထပ်မံလေ့လာခွင့်ရခဲ့သည်။ အစင်းရာပါသော အုတ်များကပင် ထိုကုန်းသည် ၁၁ ရာစု အနော်ရထာမင်းကြီးလက်ထက်ထက် စောနိုင်ကြောင်း လမ်းစဖော်ပြလျက်ရှိသည်။

ထိုကုန်းကို ၂၀၀၀ ပြည့်နှစ်၌ ရှေးဟောင်းသုတေသန ဌာနမှ တူးဖော်ရာတွင် အလျားအနံ ၄၆ ပေ ပတ်လည်ရှိ စတုရန်းပုံအပြင် အုတ်ရိုးနှင့်အလျားအနံ ၂၀ ပေပတ်လည်ရှိ စတုရန်းပုံအတွင်းအုတ်ရိုးတို့ ပေါ်ထွက်လာခဲ့သည်။

အုတ်ရိုး၏အရှေ့တောင်ဘက်စွန်း၌ အလျား-၉ ပေ-၆ လက်မ ခန့်ရှိ လှေကားအိမ်တစ်ခုလည်း ပါရှိခဲ့ရာ၊ ထိုပန္နက်ပုံအဆောက်အအုံသည် ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှ ကေ-ကေ-ဂျီ-၄ ကုန်းအဆောက်အဦနှင့်ပုံသဏ္ဍာန်ချင်းရော၊ အရွယ်ပမာဏပါ တူညီမှုရှိနေပေသည်။ ထိုကုန်းအမှတ် -၄၏အပြင် အုတ်ရိုးမှာ-၄၇ပေ ပတ်လည်နှင့် အတွင်းအုတ်ရိုးမှာ-၂၄ ပေ

ပတ်လည်ရှိကြပြီး တောင်ဘက်မျက်နှာ၌-၁၁ပေ အလျားရှိသော လှေကားတစ်စင်း ပါရှိသည်။

ကုန်းနှစ်ခုစလုံးသည် တောင်၊ မြောက်တည့်တည့်တန်းလျှက် မရှိကြဘဲ၊ မြောက်တည့်တည့်မှ အရှေ့သို့-၇ ဒီကရီခန့် စောင်းနေကြပုံချင်း လည်း တူညီကြသည်။

ဤသို့ လှေကားပါရှိသော လေးထောင့်ပုံ ပန္နက်အဆောက်အဦ များကို သရေခေတ္တရာမြို့ဟောင်းတွင် မသီးကျကုန်း၊ ဗိဿနိုးမြို့ဟောင်း တွင် ကုန်းအမှတ်-၄-၆-၁၂-၁၄-၁၈နှင့် ၂၄ ဟန်လင်းကြီးမြို့ဟောင်းတွင် ကုန်းအမှတ်-၅-၁၂-၁၃ နှင့် ၁၅၊ မိုင်းမောရွာအနီးမှ ပင်လယ်မြို့ဟောင်း တွင် ကုန်းအမှတ်-၇ နှင့်-၈ ဟူ၍ ပျူမြို့ဟောင်းတိုင်း၌ တွေ့ရှိရတတ်ပေ သည်။



**ဆင်ညှပ်ကုန်းအုပ်ခွက်ပုံ(၃)**

ထိုကုန်းများပတ်ဝန်းကျင်မှ အရိုးအိုးများလည်း တွေ့ရှိလေ့ရှိရာ ဗိသနိုးကုန်း၊ အမှတ်-၁၂မှ အရိုးအိုး-၈၀ခန့်အထိ တွေ့ရှိခဲ့ရဘူးသည်။ ထို့ကြောင့် ဤပန္နက်ပုံအဆောက်အဦးများကို ပျူခေတ်တူးဖော်မှုမှတ်တမ်းများ၌ အရိုးအိုးမြုပ်နှံရာ အဆောက်အအုံလေ့လာမှုဟုမှတ်ယူဘွယ်ရာရှိ၏။

## ပျူလက်ရာများအဖြစ်

ထိုအုတ်ခွက်များမှာ အပြည့်အစုံရှိမည်ဆိုသော် အုတ်ခွက်နောက်မှ ပိုက်လုံးခြမ်းပုံများ ထောင့်မှန်ကျစွာ ဆက်စပ်လျှက်ရှိကြောင်းတွေ့ရှိမည်ဖြစ်ရာ၊ အချို့ရှာသားများက လေးခြမ်းစပ်၍ အရိုးအိုးပုံသဏ္ဍာန်ရှိသည်ဟူ၍ လည်းကောင်း၊ အချို့ပညာရှင်များကလည်း အပြင်အုတ်ရိုး၏ အမိုးအုတ်ကြွပ်အစွန်းများ ဖြစ်သည်ဟူ၍ လည်းကောင်း၊ အယူအဆများကွဲပြားခဲ့ကြသည်။ ထိုအုတ်ခြမ်းများ၏အသုံးပြုပုံအမှန်ကို သိရှိရန် ရှေးဟောင်းသုတေသနဌာနမှ ဤကုန်း သို့မဟုတ် အလားတူကုန်းတစ်ခုခုကို စနစ်တကျ ဆက်လက်တူးဖော်လေ့လာရဦးမည် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ တကောင်းမြို့အနီး ဆင်ညှပ်ကုန်းရွာထိပ်ကုန်းမှ ဧရာဝတီစာပေခရီးတွေ့ရှိရသော အုတ်ခွက်များ၊ ပိုက်လုံးခြမ်းများ၊ အုတ်ခဲများသည်-

(က) အုတ်ခဲတိုင်း၌ လက်စင်းရာပါရှိခြင်း၊

(ခ) ပန္နက်ပုံအားဖြင့် ဗိဿနိုးကုန်းအမှတ် ၄ နှင့် ပုံသဏ္ဍာန်တူညီခြင်း၊

(ဂ) အလားတူ အုတ်ခွက် (သို့မဟုတ်) အမိုးပြားများကို သရေခေတ္တရာမြို့ဟောင်းမှလည်း ရရှိခဲ့ဘူးခြင်းတို့က ထိုကုန်းသည် အေဒီ ၇ ရာစုဝန်းကျင်ကပင် တကောင်းမြို့အနီးတဝိုက်၌ တည်ရှိခဲ့သော ပျူခေတ်လက်ရာများဖြစ်နေသည်ကို မငြင်းသာအောင် သက်သေပြလျက် ရှိပေသည်။



**ပုံ - (၈)**

**ဆင်ညှပ်ရိုးမှ အဆောက်အဦးပန္နက်ပုံ**

“တကောင်းသည် အနော်ရထားမင်းကြီးလက်ထက် ၁၁ ရာစု ထက် မစောနိုင်ဆိုသော ယခင်ကအဆိုကို ဧရာဝတီစာပေခရီးအုတ်ခွက် တို့က ချေဖျက်၍ တကောင်း၏ပျူယဉ်ကျေးမှုသဲလွန်စကို ဖော်ထုတ်ပေး နိုင်ခဲ့သည်”ဟု ဦးဝင်းမောင်(တမ္ပဝတီ)ကို ဆင်ညှပ်ကုန်းအုတ်ခွက်များနှင့် ပတ်သက်၍ မှတ်ချက်ပေးပါ၏။

## ရှေးဟောင်းအဆုံးအဖြတ်

ရှေးဟောင်းသုတေသနဌာနသည် ၂၀၀၀ ပြည့်နှစ်တွင် ဆင်ညှပ် ကုန်းရွာအနီး ဖော်ပြပါ ဦးတင်ဝင်း၏ကုန်းကို တူးဖော်လေ့လာခဲ့ရာတွင် ထိုကုန်းမှ အမိုးမိုးရာတွင် သုံးစွဲသည်ဟု ယူဆရသော (အချို့ကလည်း အရိုးအိုး၏အပိုင်းအစများနှင့်တကွများဟု ပြောဆိုကြသည်) များစွာသော အုတ်ခွက်များ၊ အုတ်ပြွန်ခြမ်းများနှင့်တကွ ရှေးဟောင်းအဆောက်အဦး ပန္နက်ရာတစ်ခုကိုပါ တူးဖော်နိုင်ခဲ့သည်။ **ထိုရှေးဟောင်းအဆောက်အဦ သည် တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းမှ ကေ-ကေ-ဂျီ- ၄၊ အဆောက်အဦးနှင့် အရွယ်အစားရော၊ ပုံသဏ္ဌာန်ပါ တူညီမှုရှိ သောကြောင့် ရှေးဟောင်းသုတေသနဌာနမှ ဆင်ညှပ်ကုန်းယဉ်ကျေး မှုသည် ခရစ်နှစ် ၅ ရာစုမှ ၇ ရာစုအတွင်း ထွန်းကားစခဲ့သော လက်ရာဟု သတင်းထုတ်ပြန်ခဲ့သည်။**

ထို့ကြောင့် မြန်မာအစ တကောင်းက အယူအဆသည် ဒဏ္ဍာရီ မဟုတ် လက်တွေ့ဖြစ်ကြောင်း၊ ဧရာဝတီစာပေခရီးက သယ်ဆောင်လာ သော ဆင်ညှပ်ကုန်းရွာအုတ်ခွက်များက သက်သေပြခဲ့၏။ ဆရာကြီး ဦးဖိုး လတ် မြန်မာအစ စာတမ်းပါ မှတ်တမ်းအတိုင်း တကယ်သေချာ၊ ခိုင်မာ၊ ယုံကြည်၊ အားကိုးလောက်သော အဖြေကိုရှာဖွေတွေ့ရှိပြီဟု ဆိုရမည် ဖြစ်ပါ သည်။

ဧရာဝတီစာပေခရီးတွင် ဆရာကြီးလူ့စ်၏တပည့် ဆရာကြီးထံမှ ရှေးဟောင်းအမွေ၊ သမိုင်းအမွေရရှိခဲ့သော ဆရာဦးအောင်မြတ်ကျော်



**ဆင်ညှပ်ကုန်းနှင့် ဆင်တူသောသရေခေတ္တရာမြို့ဟောင်းမှ အုတ်ခွက်**

လည်း ပါဝင်ခဲ့သည်။ ဆရာကြီး ဦးအောင်မြတ်ကျော်က မြန်မာအစ ကျောက်ဆည်၊ မြစ်သားက အဆိုကို ဆန့်ကျင်၍ ဆွေးနွေးရေးသားမှုများ ရှိသည်ကို ဆရာကြီးလှစ်အား တင်ပြရာ ဆရာကြီးက 'ဆွေးနွေးကြပါစေ၊ ဆွေးနွေးပြီး တကယ့်အမှန်ပေါ်လာရင်လည်း ပြီးတာပေါ့'ဟု ပြန်လည်ပြော ကြားသည်ကို မှတ်သားထားခဲ့ကြောင်း ပြောပြသည်။ ဆရာကြီးလှစ်၏ ယင်းသဘောထားအရ ဆရာကြီးသည် မြန်မာအစ ကျောက်ဆည်က ဟူ သော အယူအဆကို ကျောက်ဆည်လွင်ပြင်အား မတူးဖော်ရ၊ တကောင်း ကိုလည်း မတူးရသေးမီ မိမိ၏ ထင်မြင်ယူဆချက်ကို ဖော်မှုဖြစ်သည်။

## သမိုင်းဆိုင်ရာအမြင်ဟူသည်

သမိုင်းဆိုင်ရာ အမြင်ဆိုသည်မှာ မိမိမျက်မှောက်ကာလ တွေ့မြင်ရသော အထောက်အထားများပေါ်တွင် သုံးသပ်မှတ်ချက်ပေး



**ပုံ - (၉) အရိုးကုန်းများ၏ မူလပုံစံ**
**အိန္ဒိယနိုင်ငံ - နာဂရဇုကုဏ္ဍရှိ စေတီတော်ငယ်ပုံစံ**

လေ့ရှိရာ အသစ်အထောက်အထားများတွေ့ရှိလာသောအခါ သမိုင်းဆိုင်ရာအမြင်သည် ပြောင်းလဲစမြဲပင် ဖြစ်သည်။

တစ်ခါက ဆရာကြီး လှစ်ကိုယ်တိုင် ကျစွာမင်းကြီး၏ဩဇာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်သာ ဩဇာကြီးမားခဲ့သည်၊ အနောက်ဖက်ကမ်းသို့ မရောက်ဟုဆိုခဲ့ဘူး၏။ သို့သော် လင်ကဘော၊ လမ်းရွာ၊ ဆိပ်ဖြူနှင့် တန့်ကြည်တောင်ခြေရင်း ပေါက်ရွာတို့တွင် ကျစွာမင်းကြီး ရေးထိုးထားသော ကျောက်စာများကို တွေ့ရှိသောအခါ ဆရာကြီးလှစ်သည် သူ၏ အယူအဆကို စွန့်လွှတ်ခဲ့၏။

# အခန်း(၁၈)
# ဆင်ညှပ်ကုန်းမှရရှိသည့်
# ပျူအရိုးအိုးများ

၁၈-၅-၂၀၀၃ နေ့နှင့် ၁၉-၅-၂၀၀၃ နေ့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၏ တကောင်းခရီးစဉ်သည် ပျူသမိုင်းနှင့် တကောင်းရာဇဝင်တို့အတွက် ကံကောင်းသောခရီးစဉ်ဟုပင် ဆိုနိုင်ပါ၏။ ထို ခရီးစဉ်တွင် ဝန်ကြီးနှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်၊ ဦးဝင်းမောင်(တမ္ပဝတီ)၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် စာရေးသူတို့ ပါဝင်ကြ၏။ ထိုနေ့က ရန်ကုန်မှ မန္တလေးသို့အလာ ပုဂံတွင်လေယာဉ်ပျက်သောကြောင့် ငါးနာရီနီးပါးမျှ စောင့်နေရသည်။ မန္တလေးသို့ နံနက် ၈ နာရီခွဲရောက်ရမည့် လေယာဉ်သည် နေ့လည် တစ်နာရီခွဲမှ ရောက်၏။ သို့သော်လည်း အချိန် အချည်းအနှီးကား မဖြစ်။ လေယာဉ်ပြင်နေစဉ်ကာလအတွင်း ကျွန်တော် တို့သည် အနော်ရထာနန်းတော်ရာ တူးဖော်နေသည့်နေရာသို့ သွားရောက်

လေ့လာခဲ့ကြ၏။ နံနက်စာကို ပုဂံရှေးဟောင်းရုံးတွင်ပင် စားကြသည်။ မန္တလေးသို့ရောက်တော့ ချက်ခြင်းပင်တကောင်းသို့ မော်တော်ကားများနှင့် ဆက်ထွက်ခဲ့ရာ တကောင်းသို့ ည ၇ နာရီခန့်တွင် ရောက်၏။ ထိုညတွင် ရန်ကုန်မှရောက်ရှိလာသောအဖွဲ့နှင့် ဒေသခံများဖြစ်ကြသော ကြံ့ညှပ်အစိုးရမူလတန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းဦး၊ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးလှမောင်တို့နှင့် တွေ့ဆုံကာ တကောင်းသမိုင်း တကောင်းရာဇဝင်၊ တကောင်းဖြစ်ရပ်များကို ဆွေးနွေးကြသည်။ ထိုနေ့ညက ၁၂ နာရီကျော်မှ စကားပွဲပြီးသည်။ ၁၉-၅-၂၀၀၃ ခုနေ့တွင် နံနက်စောစောထကာ၊ ရွှေစည်းခုံဘုရားကြီး၊ လေးမျက်နှာဘုရား၊ တရုတ်ခေါင်းတိုက်ဘုရားများသို့ ဝင်ရောက်ကြည်ညိုကြ၍ ထိုမှတစ်ဆင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှု၏။ ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် ပေါက်ကျိုင်းဘုရားနှင့် အလောင်းဘုရား၏ အောင်မြေဘုရားအကြားလမ်းမပေါ်တွင် နန်းတော်တိုင်ရာများကို တွေ့ရသည်။ ထို တိုင်ရာများကို ပုဂံအနော်ရထာမင်းကြီး၏ နန်းတော်ရာတွင်လည်း တစ်ပုံစံတည်းသောတိုင်ရာများကို ပုဂံတွင်တွေ့ရှိထားပြီး ဖြစ်သည်။

ထို့နောက် နံနက်-၉း၀၀နာရီတွင် ဝန်ကြီးနှင့်အဖွဲ့သည် စက်တပ်လှေနှစ်စင်းဖြင့် ဆင်ညှပ်ကုန်းသို့ ထွက်ခဲ့ကြ၏။ ဆင်ညှပ်ကုန်းသည် ဦးတင်ဝင်း၏ယာထဲမှ ပျူခေတ်အိမ်အမိုး၊ မြေဖုတ်ပစ္စည်းများနှင့် ပျူခေတ်ပန္နက်ပုံနေရာတွေ့ရှိထားသော အရပ်ဖြစ်၏။ အခြားပျူနှင့်ပတ်သက်သော မြေပေါ်အထောက်အထားအများအပြားလည်း အတော်အတန်တွေ့ရှိထားသော ရွာ ဖြစ်သည်။ ဟတ္ထိနပူရဆိုသောမြို့နေရာသည် ဤနေရာဖြစ်သည်ဟု ယူဆထားသောနေရာ ဖြစ်သည်။ ဆင်ညှပ်ကုန်းသို့ အရောက်တွင် တကောင်းဒေသတွင် ပထမဆုံးတွေ့ရှိရသော အရိုးအိုးအမှတ်(၁)နှင့်(၂)တို့ကို တွေ့ရှိခဲ့ရ၏။

ပျူအရိုးအိုးအမှတ်(၁)နှင့်(၂)ကို တကောင်း-ဆင်ညှပ်ကုန်းလမ်း ဆင်ညှပ်ကုန်းရွာ မြောက်ဘက်ပေါ်တော်မူကုန်း၊ မြောက်လတ္တီတွဒ် ၂၃



**အမှတ် (၁) အရိုးအိုးပုံ**

ဒီဂရီ ၂၇ မိနစ်၊ ၂၀. ၃ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ်၊ ၅၃ စက္ကန့် ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၄ ' မှ တွေ့ရှိရခြင်း ဖြစ်သည်။ ဆင်ညှပ်ကုန်းမှ ယခင်ကလည်း ဆရာကြီးဦးမောင်မောင်တင်နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့ ရေတကောင်းရရှိဖူးရာအရပ် ဖြစ်၏။

အမှတ်(၁)အရိုးအိုး၏လည်ရစ်တွင် စက်ဝိုင်း-၂၀ ပါရှိ၍ စက်ဝိုင်း-၂၀ အတွင်း၌ နွားရုပ်-၂၀ ပါရှိ၏။ နွားရုပ်၏အောက်ခြေတွင် ပျူဒင်္ဂါးအခြေတွင်ပါရှိသည့် နေမှအလင်းရောင်ထွက်ပုံအမှတ်အသားပါရှိ၏။

ထိုအိုး၏အမြင့်သည် ၃၀ စင်တီမီတာရှိ၍ အချင်း ၂၆ စင်တီမီတာရှိ၏။ အိုးထိပ်ဝအချင်း ၇. ၅ စင်တီမီတာ ရှိသည်။

(က) အလျား ၂၃ စင်တီမီတာနှင့် မှိန်းသွား၏ဗျက်အကျယ် ၂. ၇ စင်တီမီတာရှိသော သံမှိန်းတစ်လက်

(ခ) အလျား ၂၉ စင်တီမီတာနှင့် မှိန်းသွား၏ ဗျက်အကျယ် ၂. ၇ စင်တီမီတာရှိသော သံမှိန်းတစ်လက်(စုစုပေါင်းမှိန်းနှစ်လက်)

(ဂ) အမြင့် ၂ စင်တီမီတာနှင့် အချင်း ၂. ၅ စင်တီမီတာရှိလေးဆင့်သံဂွင်းလက်စွပ်တစ်ခု

(ဃ) မြေပုတီးစေ့တစ်လုံး

(င) အရိုးနှင့် မီးသွေးပြာများ တွေ့ရှိရ၏။

သေသူ၏အရိုးအိုးတွင် မှိန်းသွားနှစ်လက်ပါရှိသောကြောင့် ပျူအမျိုးသားတစ်ဦး၏ အရိုးအိုးဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ဤအရိုးအိုးသည် ကြေးခေတ်လွန်မြောက်၍ သံခေတ်သို့ရောက်ရှိခဲ့ပြီးကာလတွင် ကွယ်လွန်ရှာသော ပျူအရိုးအိုးတစ်ခုဟု တွေးဆနိုင်ဘွယ်ရှိပါ၏။

## အမှတ်(၂)အရိုးအိုး

အမှတ်(၂)အရိုးအိုးသည် အမှတ်(၁)အရိုးအိုးနှင့် အတူပူးတွဲတွေ့ရှိရပြီး ထိပ်ဝအကျယ် (၁၄)စင်တီမီတာ၊ အချင်း (၂၁) စင်တီမီတာ၊ အမြင့် (၃၀ )စင်တီမီတာနှင့် အောက်ခြေအလုံးဖြစ်သည်။ အမှတ် (၂) အိုးအတွင်းမှ အရိုးမီးသွေးနှင့်ပြာများမှအပ အခြားတစ်စုံတစ်ရာ မတွေ့ရပါ။



**အမှတ်-၂ အိုးပုံ**

အရိုးအိုးအမှတ်(၃) သည်တကောင်းမြို့လည်ခေါင်မှ တွေ့ရှိရသော ပျူအမျိုးသမီးတစ်ဦး၏ အရိုးအိုးဖြစ်ပြီး ယင်းအကြောင်းကို သီးခြားရေးသား ဖော်ပြထားပါသည်။

## အရိုးအိုးအမှတ်(၄)

ပျူအရိုးအိုးအမှတ်(၄)ကို အခြားအိုးအမှတ် (၅)နှင့်(၆)တို့နှင့် အတူ ဆင်ညှပ်ကုန်းဆိပ်ကမ်းမျှူး ဦးမြင့်သိန်းအိမ်ဝန်းဘေးမှ တွေ့ရှိရသော အရိုးအိုး ဖြစ်သည်။ အမှတ် (၄) အရိုးအိုးတွင် ဒီဇိုင်းအဆင်တန်ဆာမပါဘဲ ပြောင်ချော ဖြစ်သည်။ အိုးသားထူ၍ ကြီးမားသောအိုးတစ်ခုဖြစ်၏။ အိုးလည်ရစ်၏အထက်ပိုင်းမရှိတော့ပေ။ အချင်း ၂၆ စင်တီမီတာရှိ၍ ကျန်ရစ်သောအမြင့်မှာ ၂၅ စင်တီမီတာသာ ရှိ၏။ အိုးအတွင်းမှ တွေ့ရှိရသော အရိုးများခြင်း၊ အမျိုးသမီး အသုံးအဆောင်များတွေ့ရှိရခြင်းကြောင့် ယင်းအရိုးအိုးကို ပျူအမျိုးသမီးကြီးတစ်ဦး၏အရိုးအိုးဟု ခန့်မှန်းရပါ၏။ အိုးအမှတ် ၄ ၏အတွင်းမှ မြေနှင့်ပစ္စည်းများကိုလည်း ကျွန်တော်ပင် ထုတ်ယူရာ ယင်းအထဲမှ

(က) မြေပုတီးစေ့ ၄ လုံး
(ခ) အချင်း ၀.၈ စင်တီမီတာရှိ လိမ္မော်ရောင်ကာနေးလ်ရင်းကျောက်ပုတီးစေ့ နှစ်လုံး
(ဂ) အချင်း ၀.၅ စင်တီမီတာရှိခြောက်မြှောင့်ပါအဖြူနှင့် အနက်ကျား ကျောက်ပုတီးစေ့ တစ်လုံး
(ဃ) အချင်း ၀.၃ စင်တီမီတာရှိ ဘော်ပုတီးစေ့တစ်လုံး
(င) အချင်း ၀.၃ စင်တီမီတာရှိ ဆလင်ဒါပုံပုတီးစေ့တစ်လုံး ပါရှိသည်။

## အမှတ် (၅) နှင့်အမှတ် (၆)

အမှတ် (၅)အိုးသည် အချင်း ၁၃.၅ စင်တီမီတာ၊ အမြင့် ၂၁ စင်တီမီတာရှိ၍ ရေတကောင်းပုံအိုး ဖြစ်သည်။ အထက်နှုတ်ခမ်းဝအချင်း ၃.၅ စင်တီမီတာ ရှိသည်။ အောက်ခြေအချင်း ၈.၅ စင်တီမီတာ ရှိသည်။



**နေဝန်းထွက်ပုံပါရှိသည့် တကောင်းပျူအရိုးအိုးအမှတ် ၅**

အမှတ်(၆) အိုးသည် အချင်း ၁၄.၅ စင်တီမီတာအမြင့် ၂၃ စင်တီမီတာရှိပြီး ရေတကောင်းနှုတ်ခမ်းအလယ်ဖောင်းကြွနေရာအချင်း ၆.၅ စင်တီမီတာရှိသည် အမှတ် (၆)အိုးတွင် အဝိုင်းများပါရှိ၍ အဝိုင်းအလယ်တွင် နေထွက်နေပုံအမှတ်အသားပါရှိပြီး အဝိုင်း၏အနားတွင်

အစက်များပါရှိသည်။ ယင်းအိုးနှစ်လုံးစလုံးသည် အကောင်းပကတိဖြစ်၍ အိုးအတွင်းမှပစ္စည်းများကို အသေးစိတ်ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။

## အိုးအမှတ် (၇)အိုးများ

အိုးအမှတ်(၇)အိုးများကို တကောင်း၌ တစ်စုတဝေးတည်း တွေ့ရှိရခြင်း ဖြစ်၏။ အိုးစုစုပေါင်း ခြောက်လုံးပါရှိ၍ ယင်းတို့ကို အိုး(၇-က)၊ (၇-ခ)၊ (၇-ဂ)၊ (၇-ဃ)၊ (၇-င)နှင့် (၇-စ)အမည်ပေးထားသည်။ ယင်းတို့သည် ဆင်ညှပ်ကုန်း ဦးမြင့်သိန်းခြံမှတွေ့ရသောအိုးအမှတ် ၅-၆ တို့နှင့် ဆင်တူအရွယ်အစားအားဖြင့် ၅ နှင့် ၆ တို့ထက် အနည်းငယ်ပို၍ သေး၏။



**ပျူအရိုးအိုး (၇-က)၊ (၇-ခ)၊ (၇-ဂ)၊ (၇-ဃ)နှင့် (၇-င) တို့ကိုတွေ့ရစဉ်**

တွေ့ရှိသူမှာ အောင်တံခွန်ပညာရိပ်သာမှ ဆရာဦးအောင်ကျော် ဖြစ်သည်။ အမှတ်(၂)ရပ်ကွက် အောင်တံခွန်ပညာရိပ်သာအနီး ဧရာဝတီမြစ်ဆိပ်သို့ အဆင်းလှည်းလမ်းနံဘေးမှ-၂၀၀၃ခုနှစ်၊ ဇွန်လ-၂၉ ရက်နေ့က တွေ့ရှိခြင်း ဖြစ်သည်။ တွေ့ရှိရသောနေရာ၌ ထပ်မံလေ့လာသောအခါ အခြားကျိုးပဲ့ ကြေမွနေသော အိုးခြမ်းပဲ့များ၊ အရိုးအစအနများလည်း တွေ့ရ၍ ဤနေရာ တွင် ပျက်စီးသွားသော အခြားအိုးများလည်းရှိမည်ဟု ခန့်မှန်းရသည်။

ဆက်စပ်၍မရတော့သည့် ကျိုးကြေမွနေသောနေရာမှ အရိုးအစ အနနှင့်မြေသားများကို စစ်ဆေးကြည့်၍ ယင်းအထဲမှ မြေပုတီးစေ့ (၄)လုံး၊ ကြေးဇွန်း(ကျိုး) ၁ ချောင်း၊ သံခဲထိပ်ပိုင်းပြတ်(၁)ခု၊ သွားစွယ် (၁)ချောင်း၊ အရိုးနှင့်မီးသွေးစများကို တွေ့ရှိခဲ့ရပါသည်။ ယင်းတွေ့ရှိမှုအရ ထိုအိုးငယ် များသည်လည်း ပျူအရိုးအိုးများပင်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အောင်တံခွန်ပညာရိပ်သာဦးအောင်ကျော် အိုးငါးလုံးကို လေ့လာသည့် အခါ၊ ဆင်ညှပ်ကုန်း(နွားရုပ်ပုံပါ) အရိုးအိုးကဲ့သို့ပင် ဟသ်ာရုပ်နှင့် ပျူဒဂၤါး နေဝန်းထွက်ပုံ စသည်တို့ပါရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ဆင်ရုပ်နှင့် ဒေါင်းရုပ်ပုံပါဝင်သည့် အိုး(၂)လုံးကိုမူ ထိပ်ပိုင်းအနည်းငယ်ပွန်းပဲ့ရုံမှလွဲ၍ အကောင်း ပကတိနီးပါးတွေ့ရှိရပါသည်။ ကျန်အိုးငယ်များမှာ လက်ရာရိုး ရှင်းသည်။ အောင်တံခွန်ပညာရိပ်သာ ဦးအောင်ကျော်အိုးများကို ယခုအခါ သိမ်းဆည်းထားရှိပြီး အတွင်းမြေသားများကို အသေးစိတ်စစ်ဆေးလေ့လာ ခြင်း မရှိသေးပါ။

**အောင်တံခွန်ပညာရိပ်သာအိုးငယ်များ တိုင်းတာချက်ကို နှိုင်းယှဉ်မှတ် သားရာ အောက်ပါအတိုင်း တွေ့ရှိရသည်။**

| **အိုးအမှတ်စဉ်** | **ထိပ်ဝအကျယ်** | **အိုးအချင်း** | **အမြင့်** | **အောက်ခြေအချင်း** |
|---|---|---|---|---|
| ၇-က | 3.2 cm | 12 cm | 20 cm | 8 cm |
| ၇-ခ | 3.8 cm | 12 cm | 17 cm | 6 cm |
| ၇-ဂ | 3.8 cm | 13 cm | 20 cm | 7.5cm |



| | | | | |
|---|---|---|---|---|
| ၇-ဃ | 3.8 cm | 13 cm | 19 cm | 7.5 cm |
| ၇-င | 3.8 cm | ပျက် | ပျက် | 7.5 cm |
| ၇-စ | 3.8 cm | 11.5 cm | 17 cm | 6.5 cm |

**ဦးအောင်ကျော်တွေ့ရှိသော အရိုးအိုးအမှတ် ၇(ခ)**

အမှတ် (၇-က) အိုး၏ထူးခြားချက်မှာ အချင်း(1.9 cm) ရှိ စက်ဝိုင်းငယ် ၁၆ ခု အိုးပတ်လည်၌ ပါရှိပြီး ၄င်းစက်ဝိုင်းအတွင်း၌ ဆင်ရုပ်ပုံများပါ ဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမှတ်(၇-ခ) အိုး၏ထူးခြားချက်မှာ အချင်း(2 cm)ရှိ လေးထောင့်ပုံ တံဆိပ် ၁၄ ခုအိုးပတ်ပတ်လည်တွင်ပါရှိပြီး ၄င်းလေးထောင့်ပုံအတွင်း ၌ ဟသ်ာပုံများပါဝင်ကြောင်း တွေ့ရှိရပါသည်။ အမှတ်(၇-ဂ)(၇-ဃ)၊ (၇-င)အိုးငယ်များတွင်မူ ရိုးရှင်းသောအစင်းကြောင်းများသာ ပါဝင်ကြောင်း တွေ့ရပါသည်။ ၈. ၇. ၂၀၀၃ ရက်နေ့တွင် ဦးအောင်ကျော်နေရာမှ အိုးအမှတ်(၇-စ)ကို ထပ်မံတွေ့ရှိခဲ့ရသည်။ အမှတ်(၇-စ)အိုးမှာ အစင်းကြောင်းများပင် လုံးဝပါဝင်မှုမရှိဘဲ အရွယ်အစားအားဖြင့်လည်း သေးငယ်ပါသည်။ ယင်းနေရာတွင် အခြားဒီဇိုင်းပုံအိုးခြမ်းပဲ့များကို တွေ့ရှိလေ့ရှိရာ ယခုကဲ့သို့သော အိုးငယ်များကွဲကြေရာမှ ကျန်ရစ်သည့် အိုးခြမ်းပဲ့များဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ဖုန်ကုန်းမှ ပျူအရိုးအိုး (အမှတ်-၈)

တကယ်တော့ တကောင်းဒေသမှ ပျူအရိုးအိုးများကိုရှေးကလည်း ဒေသခံတို့ကတွေ့ခဲ့ကြသည်သာ ဖြစ်၏။ သို့သော်လည်း ပျူ အရိုးအိုးများမှန်းမသိ၍ မြေကြီးအောက်ကတွေ့ရှိသော အရိုးအိုးများကို ဆက်လက် ပစ်ထားကြခြင်း၊ မြေဖို့ ပစ်ခြင်းတို့ကြောင့် သက်ဆိုင်ရာတို့၏ လက်သို့ မရောက်ရှိဘဲပျက်စီးကုန်ကြခြင်း ဖြစ်၏။ သို့သော်လည်း ယခု တကောင်းနယ်မြေသို့ ဝင်ရောက်သောအခါ ရှေးဟောင်းသုတေသနမှ တာဝန်ရှိသူတို့က ပြည်သူလူထုအား ရှေးဟောင်းဆိုင်ရာနှင့် တကောင်းဆိုင်ရာ အသိပညာပေးမှုများပြုခဲ့ကြသည်။ ၂၀၀၃ ခုမေလ ၂၁ ရက်နေ့ လည် ဦးဝင်းမောင်(တမ္ပဝတီ)၊ ဦးလှကြီးမောင်မောင်နှင့် စာရေးသူတို့သည်



**အရှင်ပဏ္ဍိတာနန္ဒ(ဦးဇင်းဦးမင်းဟန်)တကောင်းပျူအရိုးအိုးများကို အမှတ်အသားပြုလုပ်နေစဉ်၊ တကောင်းကို ပျူတို့၏ ဒေသအဖြစ် ဖေါ်ထုတ်ရာတွင် အရှင်ပဏ္ဍိတာနန္ဒ၏ကျေးဇူးတရားသည် အလွန်မှကြီးလှပါသည်**

တကောင်း မ. ယ. က ရုံးခန်းမတွင် တကောင်းဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကိုကျင်းပခဲ့သည်။ ထိုကဲ့သို့ ပြည်သူလူထုအား အသိပေးပြီးသော နောက်ပိုင်းတွင် ပြည်သူတို့ကလည်း မိမိတို့တွေ့ရှိသော ရှေးဟောင်းပစ္စည်းများကို လာရောက်အပ်နှံကြသည်။ ဦးဇင်းဦးမင်းဟန်( အရှင်ပဏ္ဍိတာနန္ဒ)က

လည်း ယခုအခါ တကောင်းတွင် သီတင်းသုံး၍ တကောင်းရှေးဟောင်း ဒေသကြီးတစ်ခုလုံးကို ကြီးကြပ်ဖော်ထုတ်လျက်ရှိရာ တကောင်းရှေး ဟောင်းဒေသကြီး ယခုကဲ့သို့ထင်ပေါ်လာမှုတွင် အရှင်ပဏ္ဍိတာနန္ဒ၏ ကျေးဇူးကလည်းအလွန်မှကြီးလှပါ၏။

ဖုန်ကုန်းကျေးရွာသည် တကောင်းမြို့မှ ရှေ့တောင်ဘက်တစ်မိုင်ခန့် အကွာတွင်ရှိသော ကျေးရွာဖြစ်၏။ ဖုန်ကုန်းဆရာတော်အရှင် ဉာဏိသရသည် ကျောင်းတိုင်တူးရာမှ အိုးဆယ်လုံးခန့် တွေ့ရှိသည်။ သို့သော်လည်း အိုးတစ်လုံးသာအကောင်းပကတိရရှိပြီး အခြားအိုးများမှာ အကွဲအဖြစ်သာ ရရှိ၏။ အိုးအကွဲများမှရရှိသော ပစ္စည်းများနှင့် အကောင်းပကတိရရှိသောအိုးကို ဖုန်ကုန်းဆရာတော်မှ ရှေးဟောင်းသုတေသနသို့ အပ်နှံခဲ့သည်။

ဖုန်ကုန်းမှရရှိသော ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလျား ၂. ၃ စင်တီမီတာနှင့် အချင်း ၁. ၆ စင်တီမီတာ ရှိ ကြာဖူးပုံသဏ္ဍာန် ပယင်းကျောက်ဖြူ ပုတီး(၁)လုံး။

(ခ) အလျား၁. ၇ စင်တီမီတာနှင့် အချင်း ၁. ၇ စင်တီမီတာရှိ ခြောက်မြှောင့်ပုံ ပယင်းကျောက်ဖြူ ပုတီး(၁)လုံး။

(ဂ) အလျား၁. ၆၇ စင်တီမီတာနှင့် အချင်း ၀. ၄ စင်တီမီတာရှိ ခြောက်မြှောင့်ပုံ ပယင်းကျောက်ဖြူ ပုတီး(၁)လုံး။

(ဃ) အလျား၀. ၉ စင်တီမီတာနှင့် အချင်း ၁ စင်တီမီတာရှိ(အနီစင်း) ရိုးရိုး ကျောက်ပုတီးစေ့(၁)လုံး။

(င) အလျား ၀. ၇ စင်တီမီတာနှင့် အချင်း ၀. ၈ စင်တီမီတာ ရှိ ရိုးရိုးကျောက်ဖြူပုတီးစေ့(၁)လုံး။

(စ) အလျား ၀. ၆ စင်တီမီတာနှင့် အချင်း ၀. ၇ စင်တီမီတာရှိ ရိုးရိုးကျောက်ဖြူပုတီးစေ့(၁)လုံး။

(ဆ) အလျား၂. ၇ စင်တီမီတာနှင့် အချင်း ၁. ၇ စင်တီမီတာ တစ်မြှောင့် ခြင်းဗျက် အကျယ် ၀. ၅စင်တီမီတာရှိ ရှစ်မြှောင့်ချိုး။
(ဇ) ငှက်ပျောဖူးပုံလိမ္မော်ရောင် **ကာနေလီရင်း** ပုတီးစေ့(၂)လုံး။
(ဈ) အလျား၀. ၈ စင်တီမီတာနှင့် အချင်း ၀. ၇ စင်တီမီတာ ရှိ အနီရောင် **ကာနေလီရင်း** ပုတီးစေ့(၂)လုံး။
(ည) မြေပုတီးစေ့(၃)လုံး။
(ဋ) ပယင်းကျောက်ဖြူ ပုတီး(၃)လုံး
(ဌ) **ကာနေလီရင်း**(၃)လုံး၊
(ဍ) ရိုးရိုး ကျောက်ပုတီးစေ့(၃)လုံး၊
(ပ)မြေပုတီးစေ့(၃)လုံး ဖြစ်ပါသည်။

## ဖုန်ကုန်းဆရာတော်မှအပ်နှံသော သံထည်ပစ္စည်းများမှာ

အလျား ၁၀. ၅ စင်တီမီတာ/ ပြက် ၁. ၅ စင်တီမီတာရှိ ဓားဦးချွန်ပုံ သံလက်နက်(၁)ခု။

အလျား ၁၂. ၇ စင်တီမီတာ/ ပြက်အကျယ် ၀. ၈ စင်တီမီတာ ရှိ လှံချွန်ပုံ သံလက်နက် (၁)ခုတို့ ဖြစ်သည်။

ထို့ပြင် ဖုန်ကုန်းဆရာတော်ထံမှ ရွှေထည်ပစ္စည်းအချို့လည်း ရရှိရာ ယင်းတို့မှာ

-၀. ၅ စင်တီမီတာ အရွယ်ပတ်လည်ရှိသည့် လေးထောင့်ပုံရွှေပြား ချပ်ငယ် (၁)ခု နှင့်-၀. ၄ စင်တီမီတာအရွယ်ပတ်လည်ရှိသည့် လေးထောင့်ပုံ ရွှေပြားချပ်ငယ်(၁)ခု တို့ ဖြစ်သည်။

## ဒင်္ဂါးများ

ဖုန်ကုန်းကျေးရွာနယ်မြေမှ ပျူဒင်္ဂါးအချို့လည်း ရရှိသည်။ ထိုသို့ ဒင်္ဂါးတွေ့ရှိမှုသည် တကောင်းရှေးဟောင်းယဉ်ကျေးမှုလက္ခဏာအတွက် အရေးပါသော တွေ့ရှိမှုဖြစ်သည်။ ယခင်ဆင်ညှပ်ကုန်း ကျေးရွာနယ်မြေမှ ပျူဒင်္ဂါးဟုယူဆရန်ရှိသော ဒင်္ဂါးပုံတွေ့ရှိရသော်လည်း တစ်ဘက်တည်းသာပြည့်စုံစွာတွေ့ရှိရပြီး အခြားတစ်ဘက်မှာ ပွန်းပဲ့ပျက်စီးသွားပြီဖြစ်၍ ဒင်္ဂါးဟုဆိုနိုင်ရုံမျှသာရှိခဲ့ရာ ယခုတွေ့ရှိမှုသည် မျက်နှာနှစ်ဘက်စလုံး ပြည့်စုံစွာပါဝင်သည့်ဒင်္ဂါးကို တွေ့ရှိခဲ့ရခြင်း ဖြစ်၍ အဖိုးတန်သော တွေ့ရှိမှုဖြစ်ပါ၏။

ဖုန်းကုန်းဒင်္ဂါးသည်

- အချင်း ၄. ၃ စင်တီမီတာ ရှိ ဒင်္ဂါး
- အချင်း ၃. ၂ စင်တီမီတာ ရှိ ဒင်္ဂါးနှင့်
- အချင်း ၂ စင်တီမီတာ ရှိ ဒင်္ဂါးများ ဖြစ်ကြပါသည်။

၎င်းတို့မှာ တစ်ခုနှင့် တစ်ခု ပုံသဏ္ဌာန်မတူညီကြကြောင်း တွေ့ရသည်။ ၎င်းဒင်္ဂါးများနှင့်အတူ အရိုးအိုးများ၊ သံထည်လက်နက်များ၊ ပုတီးစေ့များတွေ့ရှိရခြင်းသည် တကောင်း၌ရှေးဟောင်းပျူယဉ်ကျေးမှုကျယ်ပြန့်စွာ တည်ရှိခဲ့ခြင်း၏ အထောက်အထား ဖြစ်သည်။

တကောင်းမြို့ဟောင်းနှင့် ဆင်ညှပ်ကုန်းကျေးရွာ တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော ဖုန်ကုန်းကျေးရွာအတွင်းမှ တွေ့ရှိသည့်ပျူအရိုးများကို လေ့လာဆန်းစစ်ပါက ခေတ်အပိုင်းအခြား တူညီမှုရှိနိုင်ကြောင်း တွေ့ရပါသည်။ တကောင်းမြို့ဟောင်းကို ရှေးယခင် စတင်သုတေသနပြုခဲ့စဉ်က အခြယ်အလှယ်ပါ အိုးကွဲခြမ်းများ၊ မြေဖုတ်ပုတီးစေ့များ၊ ကော်ပုတီးစေ့၊ မြေနားတောင်း၊ အရိုးနှင့် မီးသွေးစများ စသည်တို့ တွေ့ရှိကြောင်း အစီရင်ခံဖော်ပြခဲ့ဖူး

သော်လည်း ယခုကဲ့သို့ ပကတိကောင်းမွန်သောအိုးမျိုးကို မတွေ့ရှိခဲ့ရခြင်း၊ အသေးစိတ်သုတေသနပြု လေ့လာနိုင်ခြင်းမရှိခဲ့သဖြင့် တကောင်း၌ အပေါ်ယံတွေ့ရှိမှုလောက်ကိုသာ အလေးဂရုပြု၍ ပုဂံခေတ်(အေဒီ- ၁၁)ရာစုထက်မစောဟု ကောက်ချက်ချခဲ့ရသည်။ ယခုတွေ့ရှိမှုများသည် တကောင်း၊ ဆင်ညှပ်ကုန်း၊ ဖုန်ကုန်းစသည့် တကောင်းလွင်ပြင်ကြီးတစ်ခုလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာတူးဖော်နိုင်ရေးအတွက် အမှန်တကယ်အင်အားများ ဖြစ်စေခဲ့ပါသည်။

# အခန်း(၁၉)
# တကောင်းမြို့လယ်မှ ပျူအမျိုးသမီးငယ်တစ်ဦး၏ အမှတ်-၃ အရိုးအိုး

တကောင်းနှင့်ပတ်သက်လာပါက ကျွန်တော်သည်ကံထူးသူ တစ်ဦး ဖြစ်သည်။ တကောင်းနှင့်ကျွန်တော့် အထုံအဆက်ရှိသည်ဟုလည်း ဆိုနိုင်သည်။ တကောင်းကို ကျွန်တော် သုံးခေါက်ရောက်ခဲ့ဖူးသည်။ ၁၉၈၉ မတ်လ ၂၈-ရက်နေ့က တကောင်းကို ပထမအကြိမ်ရောက်ခဲ့၏။ ထိုစဉ်က ဦးမင်းဟန်နှင့်တွေ့ရှိကာ ဆင်ညှပ်ကုန်းဦးတင်ဝင်းကုန်းမှ ရရှိသော မြေမီးဖုတ်ပစ္စည်းအထောက်အထားများကို တွေ့ရှိကာ ရန်ကုန်သို့ယူဆောင်လာပြီး ယင်းပစ္စည်းတို့ကို တမ္ဗဝတီဦးဝင်းမောင်အစရှိသော သုတေသနပညာရှင်များအားပြသ၍ ပညာရှင်များ၏အဆုံးအဖြတ်ကို ရယူခဲ့၏။ ကံကောင်းလှသည်မှာ ထိုပစ္စည်းများသည် ဘီစီသုံးရာစုမှ ဘီစီငါးရာစုအတွင်းရှိပစ္စည်းများဖြစ်ကြောင်း သက်သေပြလာနိုင်ခဲ့၏။

တကောင်းသည် ၁၁-ရာစုထက်မစောဟု အကြိမ်ကြိမ် အထက်ထက်ပြောဆိုလာခဲ့ရာမှ ဆင်ညှပ်ကုန်းဦးတင်ဝင်းကုန်းမှ တွေ့ရှိရသော

ပစ္စည်းများကြောင့် တကောင်းတွင်**'ဘီစီသုံးရာစုမှ ငါးရာစုအတွင်းပစ္စည်းများ တွေ့ရှိပြီး'**ဟု နိုင်ငံတော်မှအတည်ပြု ကြေညာနိုင်ခဲ့၏။ ဤသည်မှာ ကျွန်တော်ပထမဆုံး ကံကောင်းခြင်းဖြစ်ပါ၏။

ဒုတိယကံကောင်းခြင်းမှာ ၁၉. ၅. ၂၀၀၃နေ့က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တကောင်းသို့ရောက်ရှိရာ ထိုနေ့က တကောင်းမှ-၆မိုင်ခန့်ဝေးသော ဆင်ညှပ်ကုန်းကျေးရွာ မြောက်ဘက်ပေါ်တော်မူကုန်း ပျူအရိုးအိုး အမှတ်-၁ ကို ထိုနေ့နံနက် ၉-နာရီခွဲခန့်တွင် တွေ့ခဲ့ရ၏။ ထိုအရိုးအိုးသည် တကောင်းဒေသတွင် ပထမဆုံးတွေ့ရှိရသော ပျူအရိုးအိုး ဖြစ်၏။ ပျူအရိုးအိုးအမှတ်-၁နှင့်အတူ အရိုးအိုးအမှတ်-၂ကိုလည်း တွေ့ရှိခဲ့ရသည်။

ကျွန်တော်၏ တတိယကံအကောင်းဆုံးဖြစ်ရပ်မှာ တကောင်းဒေသ၏ တတိယပျူအရိုးအိုးဖြစ်သော ပျူအမျိုးသမီးငယ်တစ်ဦး၏ အရိုးအိုးဟုခန့်မှန်းရသော အရိုးအိုးကို တကောင်းမြို့လယ်ဈေးထိပ်ရှိ ညောင်ပင်ခြေရင်းမှ ကျွန်တော်ကိုယ်တိုင် တွေ့ရှိရခြင်းဖြစ်၏။ တကောင်းမြို့အားအနှစ် ၁၀၀-တိုင်တိုင် ၁၈၀၄-ခုနှစ်မှ ၂၀၀၃-ခုနှစ်တိုင် အကြိမ်ကြီးခြောက်ကြိမ်နှင့် အကြိမ်ငယ်ပေါင်း-၁၆ကြိမ်မျှ တူးခဲ့ရာ-၁၁ရာစုထက်စောသော ပစ္စည်းအထောက်အထားတစ်စုံတစ်ရာကိုမျှ ခိုင်ခိုင်မာမာမရရှိသော တကောင်းမြို့ဗဟိုနေရာတွင် ထိုအရိုးအိုးကိုတွေ့ရှိရခြင်းသည် တကောင်းနှင့်ပတ်သက်၍ ကျွန်တော်၏ ရောမကံထူးမှုဖြစ်ပါ၏။

ထိုပျူအမျိုးသမီးငယ်၏ အရိုးအိုးတွေ့ရှိပုံသည် ကျွန်တော်အဖို့ ဆန်းကျယ်မှုတစ်ရပ်ဟု ဆိုရမည် ဖြစ်ပါ၏။ ကျွန်တော်သည် မေလအတွင်း ဝန်ကြီးခရီးစဉ်နှင့်အတူ တကောင်းသို့ရောက်ရှိပြီး ရန်ကုန်မြို့တွင် ဂျူလိုင်လ ၁၁-ရက်နေ့၌ ကျင်းပမည့် မြန်မာ့ယဉ်ကျေးမှုသမိုင်းနှင့် ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာတမ်းဖတ်ပွဲတွင် တင်သွင်းမည့် **မြန်မာမြို့ဟောင်းတကောင်း ရုပ်ပုံလွှာစာတမ်း**အတွက် တကောင်းမှ အသစ်တွေ့ရှိမှုများကို ထည့်သွင်းရန်ရှိ၍ တကောင်းသို့ ခရီးထွက်ရန်စီစဉ်ထားရှိ၏။ သို့သော်



**တကောင်းဘိုးဘိုးကြီးနတ်ကွန်းရှေ့ ပေ ၆၀ နေရာတွင် တွေ့ရှိရသော အမျိုးသမီးငယ်တစ်ဦး၏ အရိုးအိုးဟု ယူဆရသော တကောင်းပျူအရိုးအိုးအမှတ် (၃)**

လည်း ရက်တော့မသေချာသေးပါ။ မေလ ၁၄-ရက် ဆရာမောင်သိန်းဆိုင်၊ ဆရာမောင်သွေးသစ်တို့နှင့် တွေ့ရာ သူတို့က ဆရာမင်းသိခ်ဆီမှာ သည်းထိပ်ရင်ဖိုအတွက် ဝတ္ထုသွားတောင်းမလို့ လိုက်ဦးမလားဆိုသည်နှင့် အစီအစဉ်မရှိဘဲ မှော်ဘီကို လိုက်သွားသည်။ ဆရာမင်းသိခ်က မကျန်းမာ၍ အိပ်ပျော်နေသောကြောင့် ခေတ္တစောင့်ဆိုင်းနေစဉ် ကျွန်တော်တို့ ဆရာမင်းသိခ်၏ ကြွေဗေဒင်ကြည့်ကြ၏။

ကြွေဗေဒင်က မေးခွန်းလေးဆယ်ပေးထား၏။ ထိုလေးဆယ်ထဲမှ မေးခွန်းတစ်ခုကို မေးပြီး ကြွေနှစ်ကြိမ် ပြန်ပစ်ပေးရ၏။ ပွင့်လာသောကြွေအရေအတွက်ကိုကြည့်ကာ အသင့်ရေးပြီးသားဟောစာတမ်းကို ရွေးထုတ်ပေးသောစနစ် ဖြစ်၏။ ရှေ့ကဆရာမောင်သွေးသစ်က သူ၏သည်းထိပ်ရင်ဖို မဂ္ဂဇင်းအောင်မြင်မည်၊ မအောင်မြင်မည်ကိုမေး၏။ ကျွန်တော်ကတော့ တကောင်းကို ခရီးထွက်စရာရှိတယ်။ အဲ့ဒီခရီး အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတော့ မူလမေးခွန်းလေးဆယ်ထဲက အနီးစပ်ဆုံးမေးခွန်းကို ယူပြီး ကြွေစပစ်ပါ၏။ နှစ်ကြိမ်ကြွေပစ်ရသည်။ ထို့နောက်တော့ ကြွေဗေဒင်မှဟောသည့် ဆရာမိန်းကလေးက အသင့်ရေးထားသော စာတမ်းစာရွက်ကိုယူ၍ ပေးရာဟောစာတမ်းတွင်-

**ယခုသွားရန် ရည်မှန်းထားသောခရီး အကြီးအကျယ်အောင်မြင်မည်။ သို့သော် အမြန်ဆုံးသွားရမည်ဟု ဆိုပါ၏။**

ဆရာမောင်သွေးသစ်က သူ့ကိစ္စကိုတော့ အခက်အခဲများရှိသည် ကြိုးစားရမည်ဟု ဟောစာတမ်းထွက်ပြီး ကျွန်တော်ခရီးအကြီးအကျယ် အောင်မြင်မည်ဟုဆိုသောကြောင့် ကျွန်တော်အား မျက်စောင်းတစ်ချက် ထိုးလိုက်ပါ၏။

ကျွန်တော်သည် ဟောစာတမ်းမှ အမြန်ဆုံးသွားရမည်ဆိုသော စကားကို စိတ်ထဲ၌စွဲသွားမိ၏။ ထို့ကြောင့်ပင် မီးရထားလက်မှတ်အရ ဝယ်ကာ ၁၆. ၅. ၂၀၀၃ နေ့ ညနေ ၃-နာရီ ၁၅-ရထားနှင့် မန္တလေးသို့ထွက်ခဲ့၏။ ကျွန်တော်၏ တကောင်းခရီးအောင်မြင်ရေးအတွက် ဆရာ

မောင်သိန်းဆိုင်နှင့် ဆရာမောင်သွေးသစ်တို့က ကျွန်တော့်အား ရန်ကုန်ဘူတာကြီးတွင် လာရောက်တွေ့ဆုံကာ ကျပ်ငွေတစ်သောင်း ကန်တော့လိုက်ကြပါ၏။

ကျွန်တော် မေလ ၁၇-ရက်နေ့ မန္တလေးရောက်တော့ မန္တလေးရှေးဟောင်းသုတေသနဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဦးလှကြီးမောင်မောင်က တမ္ပဝတီဦးဝင်းမောင် ခရီးထွက်နေ၍ တကောင်းသို့ ၂၀-ရက်နေ့လောက်မှ သွားနိုင်မည်ဟု ဆိုပါ၏။ ကျွန်တော်မှာလည်း ကြွေပေဒင်၏ဟောကြားချက်အရ အမြန်သွားဖို့ လှုံ့ဆော်မိသားဖြစ်နေရာ ဦးလှကြီးမောင်မောင်နှင့် တမ္ပဝတီဦးဝင်းမောင်တို့ကို မစောင့်ဘဲ မေလ ၁၈-ရက်နေ့တွင် မန္တလေးမှ သတင်းထောက်ဦးအုန်းငွေနှင့်အတူ ထွက်လာရာ ထိုနေ့တွင်ပင် တကောင်းသို့ ရောက်ပါ၏။ တကောင်းသို့အလာတွင် တကောင်းခရီးအောင်မြင်ရေးအတွက် မတ္တရာမြို့နယ် နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းမှ ဒေါက်တာဦးဇင်သောင်းက ကျပ်ငွေနှစ်သောင်းခရီးစရိတ်ထောက်ပံ့လိုက်၏။ ထိုနေ့ညက ရွှေမြင်တင်ကျောင်းတွင် တည်းခိုသည်။

တကောင်းသို့ရောက်သော် ကျွန်တော်သည် ဦးဝင်းမောင်(တမ္ပဝတီ)မှာကြားထားသည့်အတိုင်း တကောင်းဒေသရှိ မြင်ရသောပုဂ္ဂိုလ်၊ မမြင်ရသောပုဂ္ဂိုလ်၊ အစောင့်အကြပ်၊ နတ်၊ ရုက္ခစိုး၊ ဘုမ္မာစိုးတို့မှအစ ဆိုင်ရာဆိုင်ရာအားလုံးကို မေတ္တာပို့ကာ**"ကျွန်ုပ်သည် တကောင်းဒေသသို့ လောဘဖြင့် လာရောက်ခြင်း မဟုတ်၊ မိမိတို့၏ ဘိုးဘွားအစဉ်အဆက်၏ အကြောင်းကိုသိလို၍ ခိုင်မာသောသက်သေအထောက်အထားများ ရှာခြင်းငှာ လာရောက်ခြင်း ဖြစ်ပါသည်။ ဤစကားသည် သစ္စာစကားလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်လုပ်ငန်းအား ကူညီကြပါ။ ပြသင့်ပြထိုက်သော ပစ္စည်းများအားလည်း ပြသပါ။ မပြလိုသောပစ္စည်းများ ရှိပါကလည်း မမြင်မတွေ့ရအောင် ဖျောက်ကွယ်ထားကြပါ၊ ကျွန်ုပ်လုပ်ငန်းအောင်မြင်စေရန် ဝိုင်းဝန်းကူညီကြပါ"**ဟု တိုင်တည်ကာ တကောင်းဒေသတွင်းသို့ ဝင်ရပါ၏။

မေလ ၁၉ ရက်နေ့တွင် ကျွန်တော်တို့ ကြံညှပ်ရွာရှိ ဆရာကြီး ဦးတင်ဝင်းဦးထံ သွားကြပါ၏။ ထိုသို့သွားစဉ် ဒေသခံ ဦးအောင်ကျော်နှင့် ဆရာဦးထွန်းလှအောင်တို့က မော်တော်ဆိုင်ကယ်များနှင့် ပို့ကြ၏။ ထိုနေ့တွင်ပင် ကံကောင်းသည်ဟု ဆိုနိုင်၏။ ထိုခရီးစဉ်မှ ပျူပုတီးစေ့များနှင့် ကြေးခေတ်မိုးကြိုးသွားတစ်ခုကို ကြေးခေတ်လူသားတို့ နေထိုင်ရာဟု ယူဆဘွယ်ရှိသော ပုတီးဖြူရွာအလွန် မြေနီကုန်းမှ ရရှိပါ၏။ တကောင်းနှင့် ကြံညှပ်က အတော်လေးဝေး၏။ သို့သော်လည်း ကျွန်တော်တို့ ထိုနေ့ညက တကောင်းတွင် ပြန်အိပ်ပါ၏။

နောက်တနေ့ ၂၀. ၅. ၂၀၀၃ နေ့သည် မြန်မာ့သမိုင်းနှင့် မြန်မာ့ရှေးဟောင်းသုတေသနကဏ္ဍတွင်ပါ အရေးကြီးသော သဲလွန်စ တစ်ခုကို ဖော်ထုတ်နိုင်သောနေ့ ဖြစ်ပါ၏။ ထိုနေ့နံနက်က ရွှေမြင်တင် ဆရာတော်ကျွေးမွေးသော နံနက်စာကိုစားသောက်ပြီး ကျွန်တော်၊ ဦးဇင်း ဦးမင်းဟန်နှင့် ဦးအုန်းငွေတို့သည် တကောင်းမြို့ထဲသို့ ထွက်လာခဲ့ကြပါ၏။ တကောင်းတွင်ကျွန်တော်သည် အမေနေ့ဟောပြောပွဲ ကျင်းပဖူးသောကြောင့်လည်း တကောင်းသူတကောင်းသားတို့ကပိုင်း၍ နှုတ်ဆက်ကြ၏။ တကောင်းမှမိတ်ဆွေများကို နှုတ်ဆက်ရင်း ကျွန်တော်တို့နံနက် -၈နာရီခွဲခန့်တွင် တကောင်းဘိုးဘိုးကြီးနတ်ကွန်းရှေ့သို့ ရောက်၏။ ဘိုးဘိုးကြီးနတ်ကွန်းမှဆင်းလာသောအခါ နတ်ကွန်းရှေ့ရှိ ညောင်ပင်ရင်း၌ ရေစီးမြောင်းတစ်ခုရှိနေသည်ကို တွေ့ရ၏။ ထိုသို့သောရေစီးမြောင်းများတွင် ရှေးဟောင်းပစ္စည်းသဲလွန်စများကို တွေ့ရတတ်၏။ ရေစီးနှင့်မျောလာခြင်းကြောင့်လည်းကောင်း အပေါ်ယံမြေလွှာရေစီးထဲသို့ ပါသွားခြင်းကြောင့်လည်းကောင်း ရှေးဟောင်းပစ္စည်းများတွေ့ရတတ်ခြင်း ဖြစ်၏။ တကောင်းဘိုးဘိုးကြီးနတ်ကွန်းဆိုသည်ကား မောင်ပေါက်ကျိုင်း သတ်၍ သေသောနဂါးကြီး၊ ရက္ခစိုးနတ်ဖြစ်နေခြင်းဟု ဆိုကြ၏။ ထိုရေစီး မြောင်းလေးရှိရာနေရာသည် မ. ယ. က ရုံး၊ ဘိုးဘိုးကြီးနတ်ကွန်း၊ မောင်ပေါက်ကျိုင်းဘုရားနှင့် အလောင်းဘုရား၏ အောင်မြေစေတီတို့၏ အလယ်



**ပျူအရိုးအိုးအမှတ်(၃)အတွင်းမှ တွေ့ရှိရသော ကြေးခြူများ၊ သံနားကွင်းအရိုးစများ၊ ပပင်ပုတီးနှင့် ရွှေပြားလိပ်ငယ်နှစ်ခုတို့ကို တွေ့ရစဉ်**

တကောင်းမြို့၏အလယ် လူသွားလူလာအများဆုံးနေရာ ဖြစ်၏။ ထိုနေရာတွင် ညောင်ပင်ကြီးတစ်ပင်ရှိ၍ ညောင်ပင်ရိပ်တွင် လာရောက်နားနေသူများရှိပြီး စျေးထိပ်တွင်ဖြစ်သောကြောင့် နေ့စဉ်လူများဥဒဟိုသွားလာနေသောနေရာ ဖြစ်သည်။ တကယ့် မြို့လယ်ခေါင်နေရာဖြစ်၍ လူဦးရေ ၂၅၀မှ

၃၀၀အထိနှင့် ကားငါးစီးမျှ နေ့စဉ်သွားလာနေသော နေရာဖြစ်သည်။ ကျွန်တော်စိတ်ထဲတွင်ကာ တစ်စုံတစ်ရာကလှုံ့ဆော်နေသကဲ့သို့ ရှိ၏။ ကျွန်တော်သည်ရေစီးကြောင်းအတိုင်း ရှေးဟောင်း ပစ္စည်းအစအနလေးများ တွေ့လိုတွေ့ညားဆိုသောဆန္ဒဖြင့် ကြည့်နေမိ၏။ ကြည့်နေသော်လည်း ဒီနေရာသည် ရှေးဟောင်းသုတေသနပညာရှင်များ အကြိမ်ကြိမ်တူးပြီးသောနေရာ ဖြစ်၏။ တကောင်းတွင်-၁၁ရာစုထက် စောပြီးမတွေ့နိုင်တော့ဟု ယူဆကာ တကောင်းမြို့ဟောင်းသည် ဆင်ညှပ်ကုန်းဘက်တွင်သာ တွေ့ရှိတော့မည်ဟု ကျွန်တော်တို့ကိုယ်တိုင် ယူဆထားပြီးသောနေရာဖြစ်၏။ ဘာမှမျှော်လင့်အားထားစရာမရနိုင်သည့်နေရာ ဖြစ်ပါသည်။

သို့သော် ရေစီးကြောင်းလေးအား တစ်လံလောက်သာကြည့်ရသည် ထူးခြားသော အိုးခြမ်းပဲ့လေးတစ်ခုကို တွေ့ရ၏။ ထူးခြားသောဆိုသည်မှာ ထိုအိုးခြမ်းပဲ့လေးက ထောင်လျက်သားရှိနေ၏။ တကောင်းတစ်မြို့လုံးသည် နေရာတကာတွင် အိုးခြမ်းပဲ့များနှင့် ပြည့်နေသော မြို့ဖြစ်၏။ သို့သော် အိုးခြမ်းပဲ့အားလုံးသည် ဘယ်အိုးခြမ်းပဲ့မှထောင်နေသော အနေအထားတွင်မရှိ။ ယခု အိုးခြမ်းပဲ့ကထောင်နေသောကြောင့် အနီးရှိတုတ်ကလေးတစ်ချောင်းကိုကောက်ယူ၍ ခြစ်ကြည့်ရာ အိုးနှုတ်ခမ်းနေရာပေါ်လာ၏။ ဆက်၍ခြစ်ကြည့်ရာ အိုးအကောင်းတစ်လုံး၏ နှုတ်ခမ်းဖြစ်နေ၍ ဦးဇင်းဦးမင်းဟန်နှင့် ဦးအုန်းငွေတို့အားခေါ်ကာ အိုးကို တူးကြသည်။ တ ကယ့်ပျူအရိုးအိုးဖြစ်နိုင်ခြေရှိသော အိုးတစ်လုံးကို မြို့လယ်ခေါင်၌ တွေ့ရာ တစ်ယောက်က ဒါတကောင်းအိုးမဟုတ်ပါဘူး ရွှေကူအိုးပါဟု ဆို၏။ တကောင်းမှ ရေတကောင်းလို အိုးမျိုးထွက်၍ ရွှေကူမြို့မှလည်း ရွှေကူအိုးထွက်၏။ ကျွန်တော်တို့တွေ့ရသောအိုးမှာ ရွှေကူအိုးနှင့်တူသောကြောင့် အရပ်က ရွှေကူအိုးဟုဆိုခြင်းဖြစ်သော်လည်း မကြာမီရွှေကူအိုးမှ ရွှေအိုးတွေ့သည်ဟု ဆိုသောကြောင့် လူများပြုံ၍ရောက်ရှိလာကြ၏။ ထိုအခါ ရွှေအိုးမဟုတ်ဘဲ မြေအိုးကိုသာတွေ့ရှိခြင်းဖြစ်ကြောင်း ရှင်းပြရ၏။

အနီးအနားရှိအိမ်များမှ ဓားနှင့်တူရွင်းများကိုငှား၍ တူးရာ မိနစ် ၃၀-ခန့်တူးသောအခါ အိုးပေါ်ထွက်လာပါ၏။ ထိုအိုးမှာ ပျူအရိုးအိုးဖြစ်ကြောင်း သေချာသလောက်ရှိပါ၏။ သို့သော် ကျွန်တော်သည်တစ်ဦးတည်း အဆုံးအဖြတ်မပေးရဲသောကြောင့် အိုးအားပလပ်စတစ်အိတ်ကြီးတစ်ခုနှင့်ထည့်ကာ တာဝန်ရှိသူများနှင့် ပညာရှင်များရှေ့တွင်မှ ဖွင့်ကြည့်ရန် ရယကရုံးတွင် အပ်နှံထားပါ၏။

ထိုနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှေးဟောင်းသုတေသနဌာနမှ ညွှန်ကြားရေးမှူးမှ ဦးလှကြီးမောင်မောင်နှင့် တမ္ပဝတီဦးဝင်းမောင်တို့ တကောင်းသို့ ရောက်ပါ၏။ ကျွန်တော်တို့က အိုးတစ်လုံးတွေ့ထားကြောင်း ဝမ်းသာအားရ သတင်းစကားပြောရာ ဦးလှကြီးမောင်မောင်တို့အဖွဲ့မှာ အလွန်မှ ဝမ်းသာသွားကြ၏။ အားလုံးရှေးဟောင်းသုတေသနမှ တာဝန်ရှိသူများရော ပညာရှင်များဒေသခံ သံဃာတော်များနှင့် ရယက အဖွဲ့ဝင်လူကြီးများရှေ့တွင် ထိုအိုး၏အတွင်းမှ ပစ္စည်းများကိုထုတ်ကြည့်ရန် သဘောတူကြသဖြင့် အိုးအတွင်းမှမြေကြီးများထုတ်ကာ ပါရှိသောပစ္စည်းများကို ကြည့်ရှုကြပါ၏။

ထိုအရိုးအိုးသည် အေဒီ၁-ရာစုကြေးခေတ်မှ သံခေတ်သို့ အပြောင်းကာလကမြှုပ်နှံခဲ့သော အရိုးအိုးအဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာနမှ သတ်မှတ်ပါ၏။ ထိုသို့သောတွေ့ရှိမှုနှင့် ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ပေးခဲ့ပါ၏။

## တကောင်းမြို့ဟောင်းနန်းတော်ကုန်းအတွင်း ရှေးကျသောပျူအရိုးအိုးတွေ့ရှိခြင်း ရန်ကုန်ဇွန်လ-၃၀

**"မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဟောင်း၌ ရှေးဟောင်းယဉ်ကျေးမှုဇုန် နယ်မြေသတ်မှတ်ရေးနှင့် ရှေးကျသည့် ယဉ်ကျေးမှုအထောက်အထားများ ပြန်လည်ရှာဖွေဖော်ထုတ်ရေး စီမံ**

ချက်အရ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မန္တလေးမှ ညွှန်ကြားရေးမှူး ဦးလှကြီးမောင် မောင်ခေါင်းဆောင်သောအဖွဲ့သည် ဦးဝင်းမောင် (တမ္ပဝတီ)နှင့် စာရေးဆရာ ဦးချစ်စံဝင်းတို့နှင့်အတူ တကောင်းဒေသသို့ရောက်ရှိ ကွင်းဆင်းလေ့လာခဲ့ကြသည်။ ဇွန်-၂၀ ရက်နံနက်ပိုင်းတွင် တကောင်းမြို့ဟောင်းနန်းတော်ကုန်းအတွင်း ကားလမ်းဘေး၌ မိုးရေတိုက်စားပြီး မြေအိုးနှုတ်ခမ်းတစ်ခုပေါ်နေ၍ တူးဖော်ကြည့်ရာ အမြင့်တစ်ပေတစ်လက်မ၊ အချင်း-၁၁ လက်မ၊ အိုးနှုတ်ခမ်း၀ အ ချင်း-၈ ဒသမ ၅ လက်မရှိသော မြေအိုးတစ်လုံးကိုရရှိသည်။ အိုး အတွင်းမှ မြေသားရောရာ အရိုးပြာများ၊ အရိုးစများ၊ မီးလောင်ကျွမ်း ခံထားရသည့် လူအံသွားနှင့် ရှေ့သွားများ၊ မြေပုတီးစေ့များနှင့် ပယင်း ကျောက်၊ ဖန်နှင့်ကော်ပုတီးစေ့များ၊ ခရုပတ်ပုံပါ ကြေးခြူလေးခု၊ ကြေးခြူတပ်ထားသော ကြေးလက်စွပ်တစ်ကွင်း၊ နားကွင်းဟု ယူဆရ သော သံကွင်းတစ်ကွင်း(အကျိုးများ)၊ အလျား၊ အနံ ၀ ဒသမ ၃၉ လက်မစီရှိသော ရွှေပြားလိပ်ငယ်နှစ်ခုတို့ကို တွေ့ရှိရသည်။ ယင်းမြေ အိုးသည် ဗိဿနိုးမြို့ဟောင်း၌တွေ့ရှိသော ပျူအရိုးအိုးများနှင့်ဆင် တူပြီး ရှေးကျသော ပျူခေတ်အရိုးအိုးတစ်လုံး ဖြစ်သည်။

တကောင်းမြို့ဟောင်း၌ ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၆၇ ခုနှစ်မှစ၍-၂၀၀၀ ပြည့်နှစ်အထိ ခြောက်ကြိမ်တူးဖော်ခဲ့ရာ ဤကဲ့သို့ ပျူအရိုးအိုးမျိုးတို့ ရရှိခဲ့ဖူးခြင်းမရှိသဖြင့် တကောင်းမြို့ ဟောင်းသည်-၁၁ရာစု ပုဂံခေတ်ထက်မစောဟု သုတေသနအရာရှိတို့ က ယူဆခဲ့ကြသည်။ ယခုတွေ့ရှိသည့် ပျူအရိုးအိုးနှင့် အိုးတွင်းပါ ပစ္စည်းအထောက်အထားများသည် သရေခေတ္တရာဗိဿနိုးမြို့ဟောင်း များ၌ တူးဖော်ရရှိသည့် ပျူခေတ်လက်ရာပစ္စည်းများထက် ပိုမိုရှေး ကျသည်ဟု ယူဆကြောင်း သတင်းထုတ်ပြန်ခဲ့သည်။



**တကောင်း အမှတ် ၃ အရိုးအိုးကို တူးဖော်၍အပြီး စာရေးသူနှင့် ဦးဇင်း ဦးမင်းဟန်တို့ တိုင်းထွာနေကြစဉ်**

ထိုတွေ့ရှိမှုသည် အလွန်ထူးခြားသော တွေ့ရှိမှု ဖြစ်သည်။ ၁၉၀၄ ခုနှစ်မှ အနှစ်တစ်ရာလုံးလုံး တကောင်းကို အကြိမ်ကြိမ်တူးခဲ့သည်ကို ငုပ်လျှိုးနေရာမှ ယခုအခါ မတော်တဆတွေ့ရှိခြင်း ဖြစ်သည်။ ဤတွေ့ရှိမှုသည်

မြန်မာ့သမိုင်းဆိုင်ရာ ကြီးမားသောအပြောင်းအလဲအတွက် ခိုင်မာသည့် သက်သေသာဓကတွေ့ရှိမှု ဖြစ်သည်။

အိုးတွေ့ရှိသောနေရာမှာ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၀ မိနစ် ၁၆. ၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂. ၁ စက္ကန့် အကြား၊ ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၈ ပေ၊ တကောင်းမြို့ဟောင်းရှိ ဘိုးဘိုးကြီးနတ်ကွန်းရှေ့တည့်တည့်၊ ဘိုးဘိုးကြီးနတ်ရုပ်မှပေ ၆၀ အကွာ၊ တကောင်းဈေးထိပ်မြို့လယ်ခေါင်တွင် တွေ့ရှိခြင်းဖြစ်သည်။ ထိုနေရာအနီးအနားတွင် နန်းတော်တိုင်ရာများကို တွေ့ရှိထားပြီး နန်းတော်ကုန်းအတွင်း တစ်နေရာမှတွေ့ရှိရခြင်းလည်း ဖြစ်သည်။ ပျူအမျိုးသမီးအရိုးအိုးကို စတင်တွေ့ရှိချိန်သည် ၂၀. ၆. ၂၀၀၃ ခုနှစ် နံနက် ၉ နာရီ တွင်ဖြစ်၍ တွေ့လျှင်တွေ့ခြင်း စတင်တူးဖေါ်ရာ-၉ နာရီခွဲတွင် ပျူအမျိုးသမီးအရိုးအိုးကို စတင်ရရှိ၏။

အရိုးအဖုံးပါ၍ အဖုံးသည်မူလကပင်ကွဲကာ အိုးအတွင်း ကျ၍နေသည်။ အိုး၏အမြင့်အကျယ်၊ အချင်းတို့ကို စင်တီမီတာနှင့်တင်ပြရပါက အမြင့်သည်- ၃၃ စင်တီမီတာ၊ အကျယ်ဆုံးနေရာ၏ အချင်းသည် ၂၇. ၅ စင်တီမီတာရှိ၏။ အိုးတွင်လည်းရစ်ပါ၍ အိုးအဝ၏အချင်းသည် ၂၂ စင်တီမီတာရှိ၏။

အိုးအတွင်းမှ တွေ့ရှိရသောပစ္စည်းများမှာ

(က) ၂. ၄ စင်တီမီတာအချင်းရှိ ကြေးလက်စွပ်ငါးကွင်း

(ခ) ၁ စင်တီမီတာရှိ ကြေးခြူငါးလုံး

(ဂ) ၂. ၅ စင်တီမီတာရှိ အရစ်ပါမြေပုတီးစေ့ရှစ်လုံး

(ဃ) ၀. ၇ စင်တီမီတာရှိ သလင်းကျောက်ဖြူပုတီးစေ့တစ်လုံး

(င) ၀. ၇ စင်တီမီတာရှိ လိမ္မော်ရောင် ကျောက်ပုတီးစေ့တစ်လုံး

(စ) မီးကျွမ်းထားသည့်ရှေ့သွားနှင့် အံသွား ၄ ခု

(ဆ) ၁. ၇ စင်တီမီတာအချင်းရှိ သံနားကွင်းတစ်ခု

(ဇ) ရွှေပြားလိပ်ငယ်နှစ်ခု

(ဈ) ခြောက်မြောင့်ကျောက်ပုတီးတစ်ခု

(ည) ဖြူနီဝါစိမ်းနက် ကော်ပုတီးစေ့ငယ်များ

တို့ ဖြစ်သည်။

ထူးခြားမှုသည်ကြေးလက်စွပ်ငါးကွင်းမှာ သေသူ၏ လက်တွင်စွပ်လျက် မီးသင်္ဂြိုဟ်မှုပြုခဲ့ဟန်တူခြင်း ဖြစ်၏။ ကြေးလက်စွပ်တစ်ကွင်းတွင် လက်ချောင်းအရိုးတစ်ခုကပ်နေသည်ကို တွေ့ရ၏။ ကြေးခြူများတွင် ဝဲမှယာသို့ ခရုပတ်ဒီဇိုင်းပုံပါရှိပြီး ကြေးခြူများသည်အရိုးများ၊ မီးသွေးများနှင့်ရောနေ၏။ အလားတူချူများကို ထိုင်းနိုင်ငံ ဘန့်ချိင်းဒေသတွင်လည်း တူးဖော်တွေ့ရှိရပြီး ယင်းတို့က ဘီစီ ၃၀၀ မှ အေဒီ ၂၀၀ အတွင်းမှ ပစ္စည်းဟု သတ်မှတ်ထားကြသည်။

သေဆုံးသူပျူအမျိုးသမီးအားခန့်မှန်းရာတွင် အရိုးအိုးပိုင်ရှင်မိန်းကလေးသည် အသက် ၂၅ နှစ်မှ ၃၀ အရွယ် မိန်းကလေးတစ်ဦး ဖြစ်နိုင်သည်။ အလှဆင်ရန်အတွက် နေ့စဉ်အသုံးပြုနေသော မြေပုတီးစေ့များ၊ ကျောက်ပုတီးစေ့၊ လက်စွပ်၊ ကြေးခြူတို့ပါရှိသည်ကိုထောက်၍ ဥစ္စာခနေအင်အားပြည့်စုံသူဟု ယူဆ၍ရသည်။ ကြေးပစ္စည်းများကို တန်ဖိုးထားဝတ်ဆင်သည်။ ခေတ်ကာလအားဖြင့် ကြေးခေတ်အဆုံး သံခေတ်ဦးပိုင်းဟု ယူဆရ၏။ အရိုးအိုးတွေ့ရှိရသောနေရာ ပတ်ဝန်းကျင်တွင် ၁၀ ပေပတ်လည်၊ အနက် ၃ ပေ ကျင်းတူး၍ ဆက်လက်ရှာဖွေရာ ရေတကောင်းတစ်ခု၏အိုးခြမ်းစအနည်းငယ်မှအပ အခြားဘာပစ္စည်းမျှရှာ၍ မတွေ့ရှိပါ။ ထိုရေတကောင်းအစတွင် ပျူဒင်္ဂါးများတွင်တွေ့ရှိရသော နေဝန်းနှင့် ရောင်ခြည်တန်းပါရှိ၏။ ထိုခေတ်မြှုပ်နှံသည့်ဓလေ့အရ သင်္ချိုင်းတွင် မြှုပ်နှံမှုမရှိပဲ မိမိနေအိမ်ခြံဝင်းအတွင်း၌ မြှုပ်ခြင်းဖြစ်တန်ရာသည်ဟု ယူဆရပါသည်။ သို့မဟုတ် ခနေအင်အားပြည့်စုံသူ မင်းမျိုးမင်းနွယ်ဖြစ်၍ ခြံထဲတွင်ပင် မြှုပ်နှံခြင်းလည်း ဖြစ်နိုင်သည်။

ပျူအမျိုးသမီး၏ အရိုးအိုးတွေ့ရှိရာနေရာသည် တကောင်းငါးကြင်းမြီးပုံ ပထမမြို့ရိုး၏ကွန်းစင်တိုင်၊ နန်းတော်ရာအတွင်း၌ဖြစ်၍ မင်း



**ပျူအရိုးအိုးအမှတ် (၃)ကိုတွေ့ရှိသည့် နေရာတွင် စာရေးသူ၊ အရှင်ပဏ္ဍိတာနန္ဒနှင့် ဦးအုန်းငွေတို့ကိုတွေ့ရစဉ်**

သမီးတစ်ပါး သို့မဟုတ် မိဖုရားတစ်ပါးပါးပေပဲလားဟုလည်း တွေးထင်စရာရှိပါ၏။

တကောင်းရာဇဝင်တွင် တကောင်းဘိုးဘိုးကြီးမှာ မောင်ပေါက်ကျိုင်းခုတ်သတ်သည့် နဂါးကြီး ဖြစ်သည်။ နဂါးကြီးသည် နန်းတော်ကွန်းစင်

တိုင်ရှိ အပေါက်မှ နန်းတော်တွင်းသို့ အဝင်အထွက်ပြုလုပ်ရာ ထိုနေရာတွင် မောင်ပေါက်ကျိုင်းက နဂါးကြီးအားခုတ်ပိုင်းနိုင်နင်းသည်။ နဂါးကြီးသေရာ ကွန်းစင်တိုင်နေရာတွင်ပင် နဂါးရုပ်ကိုထုလုပ်၍ တကောင်းဘိုးဘိုးကြီးအဖြစ် ကိုးကွယ်ခဲ့ရာ ထိုနတ်စင်သည် ဒုတိယကမ္ဘာစစ်တွင်မှ ပျက်စီးသွားသည်ဟု သိရ၏။

တကောင်းဘိုးဘိုးကြီးနတ်ကွန်း၏ အရှေ့တည့်တည့်တွင် ကွန်းစင်တိုင်အရာများရှိရာ ကွန်းစင်တိုင်များတူးကြည့်ပါက ထူးခြားမှုများရှိနိုင်သည်။

တကောင်းပျူအရိုးအိုးအမှတ်-၃ တွေ့ရှိရာနေရာသည် တွေ့ရှိထားသောကွန်းစင်တိုင်များရှိရာနေရာနှင့် ဘိုးဘိုးကြီးနတ်ကွန်းအကြားတွင်ဖြစ်သည်။

အမှတ်(၃)အရိုးအိုးတွေ့ရှိရာနေရာမှ ကိုက်- ၅၀ ခန့် အကွာသစ်တောရုံးရှေ့မှ ဦးဇင်းဦးမင်းဟန်သည် ပျူပုတီးစေ့များရရှိဖူးကြောင်းသိရှိရသည်။ ခရုပတ်ပုံခြူပါရှိခြင်း၊ အိုးတွင်း၌ သံပစ္စည်းများတွေ့ရှိခြင်းတို့ကြောင့် ဤအရိုးအိုးသည်ဘီစီ-၅ ရာစုမှအေဒီ- ၁ ရာစုခန့် ဟု ပညာရှင်တို့က ခန့်မှန်းကြသည်။ ဘန့်ချိုင်းမှ တွေ့ရှိရသော ပုံစံတူပယင်းပုတီးစေ့များကို ထိုင်းတို့က ဘီစီ-၃၀၀ မှ အေဒီ-၂၀၀ အတွင်းဟု သတ်မှတ်ထားရှိ၏။ ယခုတွေ့ရှိရသောခြူမျိုးကို ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများတွင်လည်း တွေ့ရှိပြီးဖြစ်ရာ ယခုပျူအမျိုးသမီးအရိုးအိုးတွေ့ရှိမှုသည် တကောင်းသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပင်လယ်(မိုင်းမော)တို့ကဲ့သို့ ပျူမြို့ဟောင်းတစ်ခုဖြစ်ကြောင်း အလွန်ခိုင်မာသည့်အထောက်အထားကို တွေ့ရှိရခြင်း ဖြစ်ပါ၏။

# အခန်း(၂၀)
# တကောင်းမှတွေ့ရသောဒင်္ဂါးများ

ရှေးဟောင်းမြို့တော်များအား ပျူမြို့တော်ဟုတ်မဟုတ် ပိုင်းခြားရာတွင် ပျူဒင်္ဂါးတွေ့ရှိမှု၊ မတွေ့ရှိမှုသည် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တကောင်းအားပျူမြို့ဟောင်းတရပ် ဟုတ်မဟုတ်လေ့လာရာတွင် တကောင်းမှ ပျူဒင်္ဂါးတွေ့ရှိလား၊ မတွေ့ရှိဘူးလားဆိုသောအချက်သည် အရေးကြီးလှပါ၏။

တကောင်းမှ ဒင်္ဂါးရရှိမှုနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်က ထုတ်ဝေသောခြေပြ မြန်မာနိုင်ငံရေးသမိုင်း စာမျက်နှာ ၁၄၃ တွင် သက္ကဋ္ဌဘာသာ ရေးထိုးထားသော အမှတ်အသားပါရှိသည့် ဒင်္ဂါးများတကောင်း၊ ကြံညှပ်မှ ရရှိဖူးသည်။ ယင်းတို့ကို မန္တလေးတက္ကသိုလ်ပြတိုက်တွင် ရှိသည်ဟုဆိုသော်လည်း ယခုအခါလေ့လာနိုင်ခြင်းမရှိတော့။

အငြိမ်းစားသစ်တောမင်းကြီးနှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးအောင်မြင့်ရေးသားသော ' ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးမြို့တော်များ' စာ

အုပ်တွင် သဲကုန်းမြို့ဟောင်းအကြောင်းကိုရေးရာ၌ တပ်ရွာမြို့တွင်းမှ ထူးခြားသော ဒင်္ဂါးတစ်ပြားရဖူးသည်။ ယင်းဒင်္ဂါး၌ တစ်ဖက်တွင် ဘုရင်နှင့်မိဖုရားဟုယူဆရသော ရုပ်ပုံနှစ်ခုပါ၍ ကျောဘက်တွက် ထီးဖြူအောက်၌ ဘုရင်နှင့် မိဖုရားထိုင်နေပြီးလက်ယာနှင့် လက်ဝဲတစ်ဖက်စီတွင် မျှူးမတ်တစ်ဦးစီ ရံနေပုံထင်ရသည်။ ဤဒင်္ဂါးမျိုးကို တကောင်းတွင်လည်းတွေ့ခဲ့ဖူးသည်။ ယင်းဒင်္ဂါးကို တကောင်းဒင်္ဂါး သို့မဟုတ် ရာမလက္ခဏာဒင်္ဂါးဟု ခေါ်သည်။ ထိုဒင်္ဂါးမှာတဖက်ပါပုံများကို မဟာသမ္မတနှင့်စူဠသမ္မတပုံဖြစ်၍ အခြားတဖက်မှပုံကိုရသေ့များ၏ပုံဟု ဆိုကြ၏။ တကောင်းနှင့်သရေခေတ္တရာသည် ရသေ့ကြီး ခေပဒူတမှတဆင့် အဆက်အသွယ်ရှိပြီး သဲကုန်းမှတွေ့ရသော ဒင်္ဂါးသည် တကောင်းဒင်္ဂါးများလားဟု တွေးစရာရှိပါ၏။

၂၀၀၃ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်ရာတွင် တကောင်းဒေသ ဆင်ညှပ်ကုန်းရွာမှ ဒင်္ဂါးကဲ့သို့သော ငွေသတ္တုပြားတစ်ချပ် ရရှိခဲ့သည်။ တဖက်တွင်သာ အရုပ်ပါရှိပြီး အခြားတဖက်မှာ ပြောင်ချောနေ၍ ဒင်္ဂါးဟု တစ်ထစ်ချပြောဆိုရန် ခဲယဉ်းသဖြင့် ဒင်္ဂါးတွေ့ရှိသည်ဟု မဆိုနိုင်ဘဲ ရှိခဲ့၏။

ယခုအခါ တကောင်းမြို့ဟောင်းဖုန်ကုန်းရွာမှ ဒင်္ဂါးသုံးပြားကို တွေ့ရှိခဲ့ရသည်။ ဖုန်ကုန်းဒင်္ဂါးတို့သည် ပျူဒင်္ဂါးဟု ကျိန်းသေပြောဆိုနိုင်လောက်အောင် အထောက်အထားပြည့်စုံ၏။ တွေ့ရှိသော အရပ်မှာ တကောင်းမြို့ အရှေ့တောင်ဘက် တကောင်းမှ တစ်မိုင်အကွာတွင်ရှိသော ဖုန်ကုန်းရွာမှ တွေ့ရှိရခြင်း ဖြစ်၏။ တွေ့ရှိသူမှာ ဖုန်ကုန်းဆရာတော် အရှင် ဉာဏိသရ ဖြစ်သည်။ ဆရာတော်က မိမိတွေ့ရှိသော ဒင်္ဂါးသုံးပြားကို တကောင်းပြတိုက်တွင် အများပြည်သူတို့ လေ့လာနိုင်ရန် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က ဆရာတော်အရှင် ပဏ္ဍိတာနန္ဒမှတဆင့် နိုင်ငံတော်သို့ ပေးပို့ လှူဒါန်းခဲ့သည်။ ဒင်္ဂါးသုံးပြားကို ဖုန်ကုန်းဆရာတော်သည် ပျူ အရိုးအိုး၊ ပျူအသုံးအဆောင်များဖြစ်သော မြေပုတီး၊ ကျောက်

ပုတီး၊ သံထည်ပစ္စည်းများနှင့်အတူ တွေ့ရှိရခြင်း ဖြစ်သည်။ ဒင်္ဂါးသုံးပြား စလုံး၏ နှစ်ဘက်စလုံးတွင်အရုပ်များကို ပြတ်သားစွာ တွေ့မြင်ရ၏။

**တကောင်းပျူဒင်္ဂါးအမှတ်(၁)**



**မျက်နှာ** **ကျော**

အမှတ်- ၁ ဒင်္ဂါးသည် အချင်း ၁ ဒသမ ၇ လက်မ(၄ ဒသမ၃ စင်တီမီတာ)ရှိ၍ ငွေဖြင့် ပြုလုပ်ထားသောဒင်္ဂါး ဖြစ်၏။

မျက်နှာနှစ်ဖက်စလုံး၏ အလယ်ဗဟို၌ ဗိန္ဒုစက်ပါဝင်ပြီး စက်ဝိုင်းငယ်နှစ်ခု ဝန်းရံထားသည်။ ဘေးဘက်တွင် မျဉ်းဖြောင့်(၃)ကြောင်းစီပါဝင်ပြီး အပေါ်တွင် မျဉ်းကွေးများနှင့် သက်တန့်ရောင်ဖြာလက်တံကဲ့သို့ အစင်းကြောင်းများ ပါဝင်သည်။ ကျောဘက်နှင့် မျက်နှာဘက်ဆင်တူသည်။ မျက်နှာပြင်နှစ်ဘက်စလုံး၌ ဗိန္ဒုအစက်များစွာခြယ်လှယ်ထားပြီး အောက်ဘက်တွင် ဝဲယာတဖက်တစ်ချက်စီတွင် 'ယပက်လက်'ပုံ နှစ်ဖက်ကွေးချိတ်ပုံသဏ္ဌာန်များ ပါဝင်သည်။ ယခုဒင်္ဂါးမျိုးကို ၂၀၀၂ ခုနှစ်ရှေးဟောင်းသုတေသနတူးဖော်ခဲ့စဉ်က ရရှိခဲ့ဖူးသော်လည်း ထိုစဉ်က မျက်နှာတစ်ဘက်ပွန်းတီးပျက်စီးနေမှုကြောင့် ပျူယဉ်ကျေးမှု၊ ပျူဒင်္ဂါးဟုတ်မဟုတ် မဆုံးဖြတ်နိုင်ခဲ့ပါ။ ဒင်္ဂါးအရွယ်အစားကြီးမှုကြောင့် ကုန်သွယ်ငွေကြေးဖလှယ်ရေး ကိရိယာအဖြစ် အသုံးပြုခဲ့ဟန်မတူဘဲ အမှတ်တရပစ္စည်း၊ အဆောင်အဖွဲ့၊

အလှုဆင်ပစ္စည်းမျိုးလည်း ဖြစ်တန်ရာသည်ဟု ယူဆကြသည်။ အခြားသော ပျူမြို့ဟောင်းများတွင် ယခုပုံစံ ဒင်္ဂါးတွေ့ရှိခဲ့ခြင်းမျိုးမရှိဟု သိရသည်။

**တကောင်းပျူဒင်္ဂါးအမှတ်(၂)**



**မျက်နှာ** **ကျော**

အချင်း ၁ ဒသမ ၂ လက်မ( ၃ ဒသမ ၂ စင်တီမီတာ)ရှိ၍ ငွေဖြင့် ပြုလုပ်ထားသည်။ ဒင်္ဂါးအမှတ် (၂)သည် (၁)နှင့်ဆင်တူဟန်ရှိသော် လည်း ကွဲပြားမှုရှိသည်။ မျက်နှာဘက်တွင် အလယ်ဗဟို၌ ဗိန္ဒုစက်(၁) ခုကို ဗဟိုပြု၍အပြင်ဘက်မှ ဗိန္ဒုစက်(၈)ခုဖြင့် ဝန်းရံထားသည်။ အလယ်ဗဟို၏အထက်အောက်တွင် မျဉ်းဖြောင့်နှစ်ကြောင်းအကြား၌ ဗိန္ဒုစက်များပါဝင်ပြီး အမှတ်(၁) ဒင်္ဂါးများကဲ့သို့အပေါ်ဘက်တွင် မျဉ်းကွေးများပါဝင်သည်။ ပြင်ပစက်ဝိုင်းပတ်လည်တွင် ဗိန္ဒုပြောက်များ အနားသတ်ဝန်းရံထားသည်။ ကနုတ်ပုံစံမျဉ်းကွေး၏ဝဲယာ၌ ဗိန္ဒုပြောက် (၃)ခုစီနှင့် အောက်၌ ဗိန္ဒုပြောက်(၅)ခုပါဝင်သည်ကို တွေ့ရသည်။

ကျောဘက်အလယ်တည့်တည့်တွင် စပါးစေ့ပုံပါဝင်ပြီး ဗိန္ဒုပြောက်(၉)ခု ဝန်းရံထားသည်။ ၎င်း၏ဘေးပတ်လည်တွင် လက်တံဖြာအစင်းကြောင်းများနှင့် ဗိန္ဒုပြောက်အတန်းတို့ကို တစ်လှည့်စီ စီခြယ်ထားသည်။ အပေါ်ဖက်မျဉ်းဖြောင့်များကြား၌ ဗိန္ဒုအစက်အတန်းသုံးတန်းပါဝင်

ပြီး မျက်နှာဘက်မျဉ်းဖြောင့်အကြား၌ ဗိန္ဒုပြောက်အနားသတ်ပြင်ပစက်ဝိုင်းမျိုးမပါရှိချေ။ ဤဒင်္ဂါးမျိုးကိုလည်း အခြားပျူမြို့ဟောင်းများ၌ တွေ့ဖူးခြင်းမရှိကြောင်း သိရှိရသည်။

## တကောင်းပျူဒင်္ဂါးအမှတ်(၃)



**မျက်နှာ** **ကျော**

ဖုန်ကုန်းတကောင်းဒင်္ဂါးအမှတ်(၃)သည် ဝ ဒဿမ ၈ လက်မ(၂ စင်တီမီတာ)ရှိ၍ ငွေဖြင့်ပြုလုပ်ထားသည်။ အမှတ်(၃) ဒင်္ဂါးသည် (၁)နှင့် (၂)တို့ထက် ပို၍ပျူဒင်္ဂါးဖြစ်ကြောင်း အခိုင်အမာပြောဆိုနိုင်သော ဒင်္ဂါးဖြစ်သည်။ မျက်နှာဘက်တွင် သီရိဝစ္ဆပုံပါရှိပြီး ကျောဘက်တွင် ဘဒ္ဒပီဌပုံပါရှိ၍ရှေးပျူမြို့ဟောင်းများတွင်တွေ့ရဖူးသည့် ဒင်္ဂါးများနှင့်နှိုင်းယှဉ်ဖော်ပြနိုင်သည်။ သီရိဝစ္ဆပုံနှိုင်းယှဉ်မှုအရ အခြားဒင်္ဂါးများထက်ပို၍ရှေးကျသည်ဟု ယူဆရပါသည်။

# ပျူဒင်္ဂါးပါ သီရိဝစ္ဆပုံများနှိုင်းယှဉ်ချက်



**တကောင်းဒင်္ဂါး**

မင်းဟန်(မန်းတက္ကသိုလ်)
"တကောင်းမြို့ဟောင်းမှ
အသစ်တွေ့ပျူအရိုးအိုးများ
လေ့လာချက်"(၂၀၀၃)



**သဲကုန်းဒင်္ဂါး**

ဦးအောင်မြင့်
"ကောင်းကင်ဓာတ်ပုံများမှ
မြန်မာ့ရှေးဟောင်း
မြို့တော်များ"(၁၉၉၈)



**သရေခေတ္တရာဒင်္ဂါး**

ဦးစိန်မောင်ဦး
"ပညာပဒေသာ
(တွဲ-၃၊ အပိုင်း-၁)"(၁၉၆၈)



**မိုင်းမောဒဂ်ီး**

ဦးအောင်မြင့်
“ကောင်းကင်ဓာတ်ပုံများမှ
မြန်မာ့ရှေးဟောင်း
မြို့တော်များ”(၁၉၉၈)



**ကျိုက္ကသာဒဂ်ီး**

ဦးအောင်မြင့်
“ကျိုက္ကသာစစ်တမ်း
အမှတ် (၇)”(၁၉၈၂)



**ဟန်လင်းဒဂ်ီး**

ဦးမြင့်အောင်
“ပညာရေးပဒေသာ
(အတွဲ- ၃၊ အပိုင်း-၃)”(၁၉၆၈)



ဦးမြင့်အောင်
“ခရုသင်းပါဒင်္ဂါးများကို
နှိုင်းယှဉ်လေ့လာခြင်း”

## ပဲခူး(စစ်တောင်)ဒင်္ဂါး

အထက်ဖော်ပြပါဒင်္ဂါးများအနက် တကောင်းဒင်္ဂါးသည် သဲကုန်းဒင်္ဂါးနှင့်ထပ်တူနီးပါးတူညီပြီး အရွယ်အစားပို၍ သေးသည်။ ဒင်္ဂါးနှစ်ခုစလုံး၏ မျက်နှာဘက်တွင် သီရိဝစ္ဆပုံပါရှိပြီး အလယ်မဏ္ဍိုင်ကိုဗဟိုပြု၍ တဘက်တချက်စီ၌ အစက်(၄)စက်စီပါဝင်ကြောင်း တွေ့ရသည်။ လက်ယာဘက်တွင် ခရုသင်း၊ လက်ဝဲဘက်တွင် နှစ်ဖက်သွားဝရဇိန်(မိုးကြိုးသွား)ပါရှိသည်။ အောက်ခြေဘက်တွင် ရေလှိုင်းပုံမျဉ်းကွေးများ ပါဝင်ပါသည်။ **ဒင်္ဂါးများ၏ကျောဘက်တွင် ဗဒ္ဓပိဌပုံပါရှိပြီးသဲကုန်းဒင်္ဂါးအောက်ခြေ၌ ဗိန္ဒုစက်(၈)ခုကွေးဝိုင်းစွာပါဝင်ပြီး၊ တကောင်းဒင်္ဂါးအောက်ခြေတွင် မျဉ်းတို၊ မျဉ်းစက်(၅)ကြောင်းပါဝင်မှုမှာ ဤဒင်္ဂါးနှစ်ခု၏ အဓိကကွဲလွဲချက်ဖြစ်သည်။** အနားပတ်လည်တွင် ဗိန္ဒုပြောက်ဝန်းရံထားပုံတူညီပြီး သဲကုန်းဒင်္ဂါး၌ ဗိန္ဒု(၂၉)ပြောက် ပါဝင်သည်။ တကောင်းဒင်္ဂါးမှာ ပျက်စီးမှုကြောင့် တိကျစွာ မရေတွက်နိုင်တော့ချေ။

# "သဲကုန်းဒင်္ဂါးနှင့် တကောင်းဒင်္ဂါးနှိုင်းယှဉ်ချက်"

## သဲကုန်းဒင်္ဂါး





**မျက်နှာ** **ကြော**

## တကောင်းဒင်္ဂါး





**မျက်နှာ** **ကြော**

သဲကုန်းဒင်္ဂါးနှင့် တကောင်းဒင်္ဂါးနှိုင်းယှဉ်မှုအရ ၄င်းတို့သည် တိကျသောဆက်နွယ်တူညီချက်များရှိနေသကဲ့သို့ တကောင်းရာဇဝင်လာ အချက်များတွင် သဲကုန်းမြို့ဟောင်းနေရာနှင့် တကောင်းတို့သည် အဆက် အသွယ်ရှိကြောင်း မြန်မာရာဇဝင်သမိုင်းနှင့် စာပေတို့က ဆို၏။ သဲကုန်း

ဒေသသည်လည်း ပျူဒေသကြီးဖြစ်ရာ ခေပဒူတရသေ့ကြီး၏ ပုံပြင်သည် မှန်ကန်ကြောင်း ဖုန်ကုန်းတကောင်းဒင်္ဂါးနှင့် သဲကုန်းဒင်္ဂါးတို့က သက်သေပြနေကဲ့သို့ ရှိသည်။

## ဆင်ညှပ်ကုန်းဒင်္ဂါး



**မျက်နှာ** **ကြော**

၂၀၀၁ ခုနှစ်မှစ၍ တကောင်းဒေသတွင် ရှေးဟောင်းသုတေသန တူးဖော်မှုများကို ဆင်ညှပ်ကုန်းကျေးရွာတွင် ဆက်လက်ပြုလုပ်ခဲ့ရာ-

၂၀၀၁ ခုနှစ်က အမှတ်(၁)ကုန်း (ဦးတင်ဝင်းကုန်း)

၂၀၀၃ ခုနှစ်က အမှတ်(၂)ကုန်း (မြို့ရိုးတန်းတူးဖော်မှု)

အမှတ်(၃)ကုန်း (ဦးသောင်းထွန်းကုန်း)

တို့ကို တူးဖော်ခဲ့သည်။ ဦးသောင်းထွန်းခြံဝင်းမြောက်ဘက်ရှိ အမှတ်-၃ ကုန်းတူးဖော်ရာမှ ဆင်ညှပ်ကုန်းဒင်္ဂါးတွေ့ရှိခဲ့သည်။ အရွယ်အစားနှင့် ပုံသဏ္ဍာန်မှာ တကောင်းပျူဒင်္ဂါးအမှတ်-၁နှင့် ဆင်တူပင် ဖြစ်သည်။ တွေ့ရှိခဲ့စဉ်က ပွန်းတီးပျက်စီးမှုများသဖြင့် ပျူဒင်္ဂါးဟုမဆိုနိုင်ဘဲရှိခဲ့ရာ တကောင်း(ဖုန်ကုန်း)ဒင်္ဂါးထွက်ပေါ်လာချိန်မှသာ ဆင်ညှပ်ကုန်းဒင်္ဂါးကိုလည်း ပျူဒင်္ဂါးတစ်ချပ်ဖြစ်ကြောင်း လက်ခံခဲ့သည်။

# အခန်း(၂၁)
# တကောင်းမှတွေ့ရသော
# လက်စင်းရာအုတ်ချပ်များ

လက်စင်းရာပါသောအုတ်ချပ်များသည် ဒေသတစ်ခုတွင် ပျူခေတ်ထွန်းကားခဲ့ခြင်းရှိ မရှိ လေ့လာရေးအတွက် အမှတ်အသားတစ်ရပ်ဖြစ်ပါ၏။ အထူးသဖြင့် လက်စင်းရာပါသော အုတ်များကို ပျူတို့၏အုတ်များဟု သတ်မှတ်ထားပါ၏။ ပျူမြို့ကြီးတိုင်းတွင် လက်စင်းရာအုတ်များကို တွေ့ရစမြဲ ဖြစ်သည်။ ယင်းတို့ကို ပျူအုတ်ချပ်များဟုခေါ်၍ လက်စင်းရာပါသော အုတ်ချပ်များသည် ယေဘူယျအားဖြင့် ဘီစီ ၅ ရာစုမှ အေဒီ ၁၁ ရာစု အတွင်းကာလဟု သတ်မှတ်ကြသည်။ မြန်မာနိုင်ငံတွင် ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာ၊ ကျိုက္ကသာ၊ အင်းဝ အစရှိသော ပျူတို့ နေထိုင်ခဲ့ရာဒေသများ၌ လက်စင်းရာအုတ်ချပ်များကို တွေ့ရှိရ၏။ ခေတ်ပြိုင်အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း လက်စင်းရာပါသော အုတ်ချပ်များကို တွေ့ရှိရ၏။



## တကောင်းမြို့သည် ပျူမြို့ဟောင်းတစ်ရပ်ဖြစ်ကြောင်း တမ္ဗဝတီဦးဝင်းမောင် တကောင်းမြို့ခန်းမတွင် ဟောပြောနေစဉ်

တကောင်းကို ပျူတို့နေထိုင်ခဲ့ရာဒေသကြီး ဟုတ် မဟုတ် လေ့လာရန် တကောင်းမှ လက်စင်းရာပါသော အုတ်ချပ်များတွေ့ မတွေ့ဆိုသော အချက်သည် အလွယ်တကူ လေ့လာနိုင်သောအချက် ဖြစ်၏။

တကောင်းမြို့က ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့ ၁၉၉၆ ခုနှစ် တကောင်းမြို့သို့ သွားရောက်စဉ် ကပင် မြေပေါ်အထောက်အထားများရှာဖွေရာ၌ လက်စင်းရာအုတ်များကို စတင်တွေ့ရှိ အလေးထား လေ့လာခဲ့ကြ၏။

တကောင်းတွင် မြို့ရိုးသုံးခု ရှိ၏။

(က) ဧရာဝတီနှင့် တလားဝချောင်းကမ်းရိုင်ါးကြင်းပုံမြို့ရိုး၊

(ခ) လက်ရှိတကောင်းမြို့နေရာတောင်ဘက် အညာပုဂံမြို့ ဟောင်းခေါ် လေးထောင့်မြို့ရိုး

(ဂ) အထက်ပါမြို့ရိုးနှစ်ခုစလုံးကို ငုံ၍ တည်ရှိနေသောမြို့ရိုးကြီး တို့ ဖြစ်၏။ အပြင်ဆုံးမြို့ရိုးမှ လက်စင်းရာပါသောအုတ်ချပ်များကို မတွေ့ ရ။ သို့သော် ငါးကြင်းပုံမြို့ရိုးတွင်ကား ဝလုံးပုံလက်ရေးစာပါသော အုတ် ချပ်အချို့ကို ဦးဝင်းမောင်(တမ္ပဝတီ)တို့သည် မြေပေါ်အထောက်အထား များအဖြစ် စတွေ့ရသည်။ ဤကဲ့သို့သော အုတ်မျိုးကို ပုဂံရှိရှေးကျသော စေတီဘုရားအချို့နှင့် ပင်းယမြို့ဟောင်းရှိမြို့ရိုးတို့တွင်လည်း တွေ့ရသည်။ ၁၀ ရာစုခန့်က ဟု ခန့်မှန်းရ၏။ လက်စင်းတစ်စင်းရာနှင့် နှစ်စင်းရာပါ သောအုတ်ချပ်များကို ငါးကြင်းပုံမြို့ရိုးအတွင်းမှ ရရှိသည်။ ကျွန်တော်နှင့် ဦးဇင်းဦးမင်းဟန်တို့ ကိုယ်တိုင်လည်း ငါးကြင်းပုံမြို့ရိုးရှိရာ ဧရာဝတီမြစ်ဆိပ် နှင့် တလားဝချောင်းမြစ်ဆိပ်တို့မှ လက်စင်းရာပါအုတ်အချို့ကို ရရှိခဲ့သည်။

## ချမ်းသာကြီးကျောင်းဝင်း

ပျူမြို့ဟောင်းများတွင် အများဆုံးတွေ့ရတတ်သော လက်စင်းရာ ပါသော အုတ်တို့မှာ အနံလိုက်လက်စင်းရာတစ်ကြောင်း နှစ်ကြောင်း သုံးကြောင်းပါရှိ သော အုတ်ချပ်များဖြစ်၏။ ထိုအုပ်ချပ်မျိုးများကို အညာပုဂံမြို့ဟောင်း အတွင်းရှိ ချမ်းသာကြီးကျောင်းအရှေ့အပေါက်ရှိ အလျားပေ-၂၀၀ အနံ- ၁၀၀ရှိ ရှစ်မြှောင့်ပုံ စေတီပန္နက်အုတ်ခုံကြီးမှ လက်စင်းရာပါသော အုတ် များကို အများအပြားတွေ့ရှိခဲ့ရ၏။

ချမ်းသာကြီးကျောင်း၏တောင်ဘက်တွင် ၁၉၉၆ ခုနှစ်က ပြန်လည်ပြုပြင်ခဲ့သော စေတီအသစ်တစ်ဆူရှိပါသည်။ ထိုစေတီကိုပြုပြင်ရန် အုတ်ကျိုးများဖယ်ရှားစဉ်က ရှေးဟောင်းစေတီငယ်တစ်ဆူကို ငုံ၍ တည်ထားသော နှစ်ထပ်စေတီဖြစ်ကြောင်း၊ တကောင်းမြို့ ရ. ယ. တ ရုံးရှိ မှတ်တမ်းဓာတ်ပုံများရှိသည်။ ထိုဓာတ်ပုံများအရ အတွင်းစေတီတော်၏ခေါင်းလောင်းတွင် ရင်ဖွဲ့ခါးစည်း၌ ပုဂံလောကနန္ဒာစေတီတော်ကဲ့သို့ မှန်ကူပုံစိန်ထောင်ရှစ်ခုပါရှိသည်ကိုတွေ့ရှိရပြီး အမွှန်းအပြောက်များကို အင်္ဂတေဖြင့်ဖော်ထားသည်မဟုတ်ဘဲ မူလအုတ်ရိုးစီခဲ့စဉ်ကပင် အတွန့်၊ အကွေး၊ အချိုးများပါသော "ပုံစံအုတ်"များဖြင့် စနစ်ကျစွာပုံဖော်စီထားသည်။ ဤအုတ်စီမှု စနစ်များကို သရေခေတ္တရာ၊ မှော်ဇာမြို့ဟောင်း "မသီးကျ"ကုန်းနှင့် မိုင်းမောရွာအနီးမှပင်လယ်မြို့ဟောင်း "လက်နက်တိုက်"ကုန်းတို့တွင်တွေ့ရှိနိုင်ရာ ပျူခေတ်အုတ်စီမှုစနစ်ဟု ယူဆရမည်ဖြစ်သည်ဟု ဦးဝင်းမောင်(တမ္ပဝတီ)၏ ပုဂံလေ့လာချက်စာတမ်းကဆိုကြောင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

## အညာပုဂံ

လက်စင်းရာပါသောအုတ်များကို အညာပုဂံမြို့ရိုးအတွင်းရှိ အခြားနေရာများ၌လည်း တွေ့ရသည်။ အညာပုဂံအတွင်း၌ လူနေကုန်းရာများတွင် ပုဂံခေတ်လက်ရာအုတ်များနှင့် လက်စင်းရာပါ ပျူအုတ်ချပ်များကို တွေ့ရှိရသည်။ ဤအချက်က နှောင်းပုဂံခေတ်ကာလအဆောက်အဦများဆောက်ရာတွင် ပျူအုတ်များကိုပါယူ၍ အဆောက်အအုံများတည်ဆောက်ခြင်းဖြစ်တန်ရသည်ဟု ယူဆရသည်။



**ဆင်ညှပ်ကုန်းမှတွေ့ရှိသော အရိုးအိုးများကို**
**စစ်ဆေးကြည့်ရှုနေစဉ်**



**တကောင်းရွှေစည်းခုံဘုရားအနီးမှ တွေ့ရှိရသော**
**လေးမျက်နှာဘုရားပုံ**

## လေးမျက်နှာဘုရား

တကောင်းရွှေစည်းခုံဘုရားကြီး၏အရှေ့ဘက်၌ အုတ်ပုံကြီး သဏ္ဌာန်ဖြစ်နေသော ဘုရားကြီးမြေပြိုကျရာမှ ဆင်းတုတော်ကြီးလေးဆူ ပေါ်ပေါက်ခဲ့၏။ ယင်းဆင်းတုတော်ကြီးများကို လေးမျက်နှာဘုရားဟု ခေါ်ခဲ့ကြ၏။ ယင်းဘုရားကြီးကို ယဉ်ကျေးမှုဝန်ကြီး၏ အစီအစဉ်အရ အမိုးပြုလုပ်၍ ဆက်လက်ထိန်းသိမ်းမှုပြုရာ လေးမျက်နှာဘုရားအတွင်းမှ လက်စင်းရာအမျိုးမျိုးပါရှိသော အုတ်ချပ်များစွာကို ရရှိသည်။

## ဆင်ညှပ်ကုန်း

တကောင်းမြို့ဆင်ညှပ်ကုန်းဒေသသည် လက်စင်းရာတစ်စင်း နှစ်စင်း၊ သုံးစင်းနှင့် “ဂငယ်”ပုံလက်ရေးစင်းများပါရှိသော အုတ်ချပ်အများ အပြားကို တွေ့ရှိရာဒေသကြီး ဖြစ်၏။ စတင်တွေ့ရှိသူမှာ ဆရာတော်အရှင် ပဏ္ဍိတာနန္ဒ(ဦးဇင်းဦးမင်းဟန်)ဖြစ်သည်။ ဦးဇင်းဦးမင်းဟန်သည် ဆင် ညှပ်ကုန်းဦးတင်ဝင်းယာထဲမှ လက်စင်းရာပါ အုတ်ချပ်များကို စတင်တွေ့ ရှိသူလည်း ဖြစ်ပါ၏။ ဦးတင်ဝင်းတို့ မိသားစုရေချိုးရာအုတ်အချပ်ကြီးကပင် ပျူခေတ်အုတ်များဖြစ်နေရာ ဦးတင်ဝင်းက ထိုနေရာသည် အစဉ်အလာအား ဖြင့် တောသူတောင်သားတို့ပြောဆိုခဲ့သည်မှာ ရှေးက အုတ်ဖိုနေကျ ဖြစ် သည်ဟု ဆိုပါ၏။

ဦးတင်ဝင်း၏ယာခင်းထဲမှပင် ထူးခြားသော ဒီဇိုင်းရုပ်ပုံများ ပါရှိ သည့်မြေမီးဖုတ်ပစ္စည်းများနှင့် ပျူခေတ်ပန္နက်ပုံနေရာကို တွေ့ရှိခြင်းဖြစ်ရာ ယင်းအကြောင်း **အခန်း- ၁၆** တွင် အကျယ်တဝင့် ရေးသားထားပါ၏။

## ဆင်ညှပ်ကုန်းမြို့ရိုးတန်း

၁၉၉၃ ခုနှစ်က ဦးဇင်းဦးမင်းဟန်သည် မြို့ရိုးသဏ္ဌာန်အုတ်ရိုး တန်းတစ်ခုရှိသည်ဟု ဒေသခံရွာသားတစ်ဦးဖြစ်သော ဦးသောင်းထွန်း၏

ပြောကြားချက်အရ ထိုနေရာသို့သွား၍ ခြုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်း၍လေ့လာရာ လက်စင်းရာအုတ်ချပ်များနှင့် တည်ဆောက်ထားသော မြို့ရိုးတခုကြီးကို အံ့သြဘွယ်ရာတွေ့ရှိရသည်။ ထိုမြို့ရိုးတန်းကို ဆက်လက်လေ့လာခဲ့ကြရာ မြို့ရိုးသည် တောင်မြောက်သွယ်တန်းလျက်ရှိသော မြို့ရိုးတစ်ခုဖြစ်သည်ကို တွေ့ရ၏။

ထိုနေရာ ဦးဇင်းဦးမင်းဟန်၏တင်ပြချက်အရ ၂၀၀၁ ခုနှစ်က ရှေးဟောင်းသုတေသနဌာနမှ ပေ ၁၀၀ ခန့် စတင်တူးဖော်ခဲ့သည်။ ထိုမြို့ရိုးတန်းနေရာကို ၂၀၀၁ ခုနှစ် တွင်အထက်မြန်မာပြည် ရှေးဟောင်းသုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင် သွားရောက်ကြည့်ရှုခဲ့ကြရာ လက်စင်းရာမပါသော အုတ်မတွေ့ရခြင်းမှာ ထူးခြားကြောင်း၊ တွေ့သမျှအုတ်ချပ်တိုင်းတွင် လက်စင်းရာပါနေခြင်းသည် **ဗိဿနိုး၊ သရေ ခေတ္တရာ၊ ဟန်လင်း၊ ဝင်းကစသည်**တို့ထက် ပို၍ ထူးခြားကြောင်း ဦးအောင်ကြိုင်က ပြောကြားခဲ့ပါသည်။

၂၀၀၃ ခုနှစ်တွင် ထပ်မံ၍ပေ-၃၀၀ ခန့်ဆက်၍ တူးဖော်ရာ ယင်းမြို့ရိုးသည် တောင်ဘက်ရှိနွားကျချိုင့် (မြေပြိုချိုင့်ဝှမ်း) အတွင်းသို့ ရောက်ရှိကာ ပျက်စီးသွားကြောင်း တွေ့ရ၏။ ထို့ကြောင့် နွားကျချိုင့်ကို ဖြတ်၍ မြို့ရိုးကြောင်းကိုဆက်ရှာရာ တစ်ဖာလုံခန့်ရှည်လျားသော အုတ်မြို့ရိုးတန်းကို ထပ်မံတွေ့ရှိရသည်။

ဤမြို့ရိုးတန်းသည် ဗျက် ၅ ပေ ခန့်သာရှိသော မြို့ရိုးဖြစ်သည်။ သို့သော် ပေ ၁၀၀ အကွာတွင် အလားတူဗျက် ၅ ပေရှိသော အုတ်မြို့ရိုးတစ်ခုရှိသည်ကို တွေ့ရ၏။ ဗျက် ၅ ပေမြို့ရိုးနှစ်ခု အပြိုင်တည်ထား၏။ မြို့ရိုးနှစ်ခုကိုအပြိုင်တည်ဆောက်ပြီး အလယ်နေရာ၌ မြေဖြည့်ထားခြင်း ဖြစ်၏။



**တကောင်းမှတွေ့ရှိရသော ပျူအရိုးအိုးများကို သုတေသီများ တိုင်းထွာလေ့လာမှတ်သားနေကြစဉ်**

ဆင်ညှပ်ကုန်းနှင့်တကောင်းအနောက်ဘက် လမ်းမတစ်လျှောက်တွင်လည်း လက်စင်းရာအုတ်များကို တွေ့ရှိရသည်။ ထိုအုတ်များသည် ဦးတင်ဝင်းယာထဲမှရရှိသော အုတ်များနှင့်အတူတူပင် ဖြစ်သည်။ တကောင်းမြို့ လေးမျက်နှာဘုရားကြီးတစ်ခုတည်းမှ တစ်ခုနှင့်တစ်ခု ဒီဇိုင်းပုံမတူညီသည့်ပျူအုတ်ချပ်ပေါင်း ၃၀ ခန့်ကို ကျွန်တော်တို့သည် တကောင်းပြတိုက်တွင် စတင်စုဆောင်းထားရှိပြီးဖြစ်ပါ၏။ ဆင်ညှပ်ကုန်း ဒေသမှလည်း အလားတူပုံစံဒီဇိုင်းမတူသော ပျူအုတ်ချပ်အများအပြား ကို စုဆောင်းထားရှိပြီး ဖြစ်သည်။

အလားတူပင် တကောင်းဝန်းကျင်ရှိ ပုတီးဖြူ ကြံညှပ် အစရှိသောဒေသများမှလည်း လက်စင်းရာပါသော အုတ်ချပ်များကိုမြေသား အတွင်းမှ အခြားပျူခေတ်ပုတီးစေ့များ အရိုးအိုးများနှင့်အတူ တွေ့ရှိရသည်။ ယင်းသို့တွေ့ရှိရသော လက်အစင်းရာပါအုတ်ချပ်များက တစ်ချိန်က တကောင်းတွင် ပျူခေတ်ကြီးတစ်ခေတ်ကောင်းစားစွာ ထွန်းကားခဲ့သည်ကို သက်သေပြလျှက် ရှိပါသည်။



**တကောင်းမြို့တွင်တူးဖော်ရရှိသော ပျူခေတ်ပစ္စည်းများကို ထိန်းသိမ်းရန် ယာယီဆောက်လုပ်ထားသော ပြတိုက်ငယ် မကြာမီသက်ဆိုင်ရာမှ တကောင်းနှင့် ထိုက်တန်သော ပြတိုက်တစ်ခုကို ဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း သိရှိရသည်**

# အခန်း(၂၂)
# တကောင်းမှတွေ့ရသော ပုတီးစေ့များ

တကောင်းမြို့ကိုလေ့လာရာတွင် တကောင်း၊ ဆင်ညှပ်ကုန်း၊ ပုတီးဖြူ ကြံညှပ်စသော ဒေသများတွင် ပုတီးစေ့များကို နေရာတကာတွင် တွေ့ကြရသည်။ ပုတီးစေ့မျိုးစုံကို မြေပေါ်တွင် လည်းကောင်း၊ မြေအောက်တွင် လည်းကောင်း၊ အရိုးအိုးများအတွင်း၌ လည်းကောင်း တွေ့ရသည်။

ပျူခေတ်အခါက ရွှေနှင့်ငွေပစ္စည်းများကို သုံးစွဲနေပြီဖြစ်သော်လည်း ပျူတို့သည် စိန်၊ နီလာ၊ ပတ္တမြားကဲ့သို့သော အဖိုးတန်ကျောက်များကိုမသုံးစွဲသေးပဲ သလင်းကျောက်၊ လိမ္မော်ရောင်ကျောက်၊ ခရမ်းစွဲအဖြူ အနီ၊ အစိမ်းရောင်စုံဖန်ပစ္စည်းတို့ကို ပုတီး၊ လက်ကောက်များ အဖြစ်အသုံးပြုခဲ့ကြ၏။ တိရစ္ဆာန်အရိုးများကို ကျားရုပ်၊ ဆင်ရုပ်၊ လိပ်၊ ငှက်နှင့် ငါးရုပ်များပြုလုပ်၍ အဆင်တန်ဆာများအဖြစ် အသုံးပြုခဲ့ကြ၏။

ပျူလူမျိုးတို့သည် မိမိတို့သေဆုံးပါက မီးသင်္ဂြိုဟ်၍ ကျန်ရစ်သောအရိုး၊ မီးသွေးနှင့်ပြာတို့ကို အိုးတွင်ထည့်ကာ သေဆုံးသူအသုံးပြုခဲ့သော လက်ဝတ်ရတနာပစ္စည်း လက်နက်အသုံးအဆောင်ပစ္စည်းများကိုလည်း အိုးတွင်ထည့်၍ မြှပ်နှံသောအလေ့ရှိ၏။ ထိုသို့ မြှပ်နှံထားရာမှ အချို့သော

ပုတီးစေ့များသည် အရိုးအိုးပျက်စီးသဖြင့် အိုးအပြင်သို့ ရောက်ရှိလာခြင်းများရှိ၏။ ထိုအခါ မိုးရေတိုက်စားရာမှ ယင်းပစ္စည်းများသည် အပေါ်ယံမြေလွှာရေစီးတွင်ပါလာတတ်ကြ၏။ ဤသို့ဖြင့် မြေအောက်ရှိပုတီးစေ့များအသုံးအဆောင်လက်နက်ပစ္စည်းများ မြေပေါ်တွေ့ အထောက်အထားများအဖြစ် တွေ့ရခြင်း ဖြစ်၏။ တကောင်းဒေသမှပထမဆုံး ပျူပုတီးစေ့အများအပြားကိုရရှိသူတို့မှာ ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ဦးဝင်းမောင်(တမ္ပဝတီ)နှင့် ကြံ့ညှပ်မှ ကျောင်းအုပ်ဆရာကြီးဦးတင်ဝင်းဦးတို့ ဖြစ်ပါသည်။ ဆက်လက်၍ ဦးဇင်းဦးမင်းဟန်က ပျူပုတီးစေ့များကိုဆက်လက်စုဆောင်းလျက်ရှိ၏။ ယခုအခါအချို့သောပစ္စည်းများကို တကောင်းပြတိုက်အတွက်ထားရှိရန်အတွက် ရှေးဟောင်းသုတေသန ဦးစီးဌာနမန္တလေးသို့ပေးပို့စုဆောင်းထားရှိသည်။

## ပုတီးဖြူမှ ပုတီးစေ့များ

ပုတီးဖြူရွာသည် တကောင်းနှင့်ကြာညှပ်အကြားမှ ရွာတစ်ရွာဖြစ်၏။ ပုတီးဖြူရွာမြောက်ဘက်သုံးဖာလုံခန့်အကွာ တကောင်း၊ ကြံ့ညှပ်၊ လမ်းပေါ်တွင် မြေနီကျင်းတစ်ခုရှိ၏။ ယင်းမြေနီကျင်းနေရာမှ ပျူပုတီးစေ့၊ ပျူပစ္စည်းအများအပြားသာမက ကြေးခေတ်ပစ္စည်းများပါ တွေ့ရှိရ၏။ ထိုနေရာကို တူးကြည့်ပါကကြေးခေတ်သင်္ချိုင်း သို့မဟုတ် ကြေးပစ္စည်းအများအပြားရရှိနိုင်သော နေရာ ဖြစ်ပါ၏။

ထိုနေရာမှ ပျူခေတ်လိမ္မော်ရောင်အဖြူစင်းပါ ပုတီး၊ အနက်ကြားပုတီး၊ လိမ္မော်ရောင်ကော်ပုတီး၊ လိမ္မော်ရောင်ဗုံတိုပုတီး၊ နီလာဆွဲသီး၊ အစိမ်းရောင်ကျောက်ပုတီး၊ နီလာဗုံတိုပုတီး၊ ဆင်စွယ်ရောင်ကျောက်ပုတီး၊ ဇီးရောင်ကျောက်ပုတီး၊ အပြာနုရောင်ကော်ပုတီး၊ ရွှေရောင်ကော်ပုတီး၊ အနက်ကျားကျောက်ပုတီး၊ အဖြူနှင့်မီးခိုးအနက်ကျားပုတီးစသည်ဖြင့် ပုတီးမျိုးစုံတွေ့ရှိရသည်။ ပုတီးဖြူမြေနီကျင်းနေရာတွင် မိုးရွာပြီးကာစ သွားရောက်ရှာဖွေလျှင် ခဏနှင့်ပင် ပုတီးအရွယ်စုံ ၄၀-၅၀ ခန့် ရရှိ၍ ကံကောင်းပါက ကြေးလက်နက်ပစ္စည်းများကို မြေပေါ်မှပင် ရရှိသည်။



**ဆရာမောင်သွေးသစ်၊ ဓမ္မစရိယဦးဌေးလှိုင်နှင့် စာရေးသူတို့ ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုဒေသသို့ သွားရောက်လေ့လာကြစဉ်**

## ဆင်ညှပ်ကုန်းပုတီး

ဆင်ညှပ်ကုန်းရွာဦးသာကျော်ကုန်းမှလည်း ပျူခေတ်မြေပုတီးစေ့နှင့် ကျောက်ပုတီးစေ့များစွာကို ရရှိသည်။ ဦးသာကျော်ကုန်းမှရရှိသော ပုတီးစေ့များမှ သလင်းကျောက်အဖြူပုတီး၊ လိမ္မော်ရောင်ကျောက်ပုတီး၊ လိမ္မော်ရင့်ရောင် ကျောက်ပုတီးစေ့၊ သလင်းပိတ်ကျောက်ဖြူပုတီးစေ့စသည်တို့ကို ရရှိ၏။

## ဆင်ညှပ်ကုန်းအရိုးအိုးထဲမှပုတီးများ

ဆင်ညှပ်ကုန်းရွာမှတွေ့ရှိရသော အမှတ်(၁)ပျူအရိုးအိုးထဲမှ မြေပုတီးစေ့တစ်လုံး ရရှိသည်။ အမှတ်(၄)အိုးထဲမှ

(က) မြေပုတီးစေ့လေးလုံး

(ခ) အချင်း ၀.၈ စင်တီမီတာရှိ လိမ္မော်ရောင်ကာနေလီယင်း ကျောက်ပုတီးစေ့နှစ်လုံး

(ဂ) အချင်း ၀.၅ စင်တီမီတာရှိ ခြောက်မြောင့်ပါ အဖြူအနက်ကျားကျောက်ပုတီးစေ့တစ်လုံး

(ဃ) အချင်း ၀.၃ စင်တီမီတာရှိ ကော်ပုတီးစေ့တစ်လုံး

(င) အချင်း ၀.၃ စင်တီမီတာရှိ ဆလင်ဒါပုံပုတီးစေ့တစ်လုံး ရရှိသည်။

## ကြာညှပ်

ကြာညှပ်ရွာမှလည်း ပျူခေတ်ဆိုင်ရာ ပုတီးစေ့အများအပြားရရှိသည်။ ကြံညှပ်ရွာသချိုင်းနှင့် အ.ထ.က ကျောင်းလမ်းဘေးရှိ ရှေးဟောင်းနေရာတို့တွင်ရှာဖွေလျှင် ရှာဖွေသလိုပျူပုတီးစေ့များ ရရှိသောကြောင့် ကြာညှပ်ရွာသည်လည်း ပျူပု တီးစေ့အများအပြားရရှိနိုင်သောနေရာဖြစ်ပါသည်။

## တကောင်း

တကောင်းမြို့နေရာအနှံ့အပြားမှလည်း ပျူပုတီးစေ့များကို ရရှိသည်။ တကောင်းမြို့လယ်မှ ၂၀.၆.၂၀၀၃ နေ့က တွေ့ရှိသော



**အောင်တံခွန်ပညာရိပ်သာ ဦးအောင်ကျော်**

အရိုးအိုးကို ပျူအမျိုးသမီးငယ်တစ်ဦး၏အရိုးအိုးဟု သတ်မှတ်သည်။
အဆိုပါအမှတ်- ၃ ပျူအရိုးအိုး ထဲမှ -

(က) ၂ ဒသမ ၅ စင်တီမီတာရှိ မြေပုတီးစေ့ရှစ်လုံး၊
(ခ) ၀. ၇ စင်တီမီ တာရှိ လေးမြှောင့်သလင်းကျောက်ဖြူပုတီးစေ့တစ်လုံး၊
(ဂ) ၀. ၇ စင်တီမီတာရှိ လိမ္မော်နီရောင်ကျောက်ပုတီးစေ့တစ်လုံး၊
(ဃ) ခြောက်မြှောင့်ကျောက်ပုတီးစေ့၊
(င) ကော်ပုတီးစေ့ငယ် အနီငါးလုံး၊ အဝါတစ်လုံး၊ အနက် ၂၅ လုံးနှင့် အစိမ်း-၂လုံးတို့ကို တွေ့ရှိခဲ့ရ၏။ ပျူအရိုးအိုးအတွင်းမှ တွေ့ရှိရသော ပုတီးများဖြစ်၍ ပျူပုတီးစေ့များအဖြစ် အပ်ချ မတ်ချ ပြောနိုင်၏။

# အခန်း(၂၃)
# တကောင်းသံထုတ်လုပ်မှုဆိုင်ရာ
# စက်မှုအစုအဝေးဒေသကြီး

တကောင်းတွင်တွေ့ကြုံရသော အထူးအဆန်းများစွာတွင် မြောက်မြားစွာသော သံချက်ဖိုများကို တစ်စုတဝေးတည်း တွေ့ရှိမှုကလည်း အံ့သြစရာကိစ္စတစ်ရပ် ဖြစ်၏။ ကျွန်တော်တို့သည် ကြံညှပ်၊ ပုတီးဖြူနှင့် ဧရာဝတီမြစ်အနောက်ဖက်ကမ်း နတ်လှေခါးနေရာဌာနသုံးခုသို့ သွားရောက်ခဲ့ရာ ယင်းနေရာဌာနသုံးနေရာမှ သံချက်ဖိုအရေအတွက်-၂၀ ကျော်ကို မျက်မြင်တွေ့ရှိခဲ့ရသည်။ ဒေသခံရွာသူရွာသားများ ပြောပြချက်အရ ထိုဒေသတွင် သံချက်ဖို အများအပြားရှိသည်ဟု သိရသည်။ ဤမျှ များပြားသောသံချက်ဖိုများ ထိုဒေသတွင် စုဝေးနေခြင်းမှာ အံ့သြဘွယ်ရာရှိပါ၏။ သံချက်ဖိုများနှင့်ပတ်သက်၍ တွေးတောမှန်းဆဘွယ်ရာ အကြောင်းအရာတို့လည်း များပြားသည်။

တကောင်းဒေသ၏အရှေ့ဘက်တွင် သောင်းဝှက်တောင်ဟု လည်းကောင်း၊ သံထိုဝင့်မှုနတောင်ဟူ၍လည်းကောင်း အမည်ရှိသည့် ထူးခြားဆန်းကျယ်သည့် တောင်တန်းကြီး ရှိသည်။ ထိုတောင်တန်းကြီးတွင် ကျောက်ခေတ်လူသားတို့ နေထိုင်ရာဂူများလည်း ရှိသည်။ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာအစရှိသော ပုဂ္ဂိုလ်များနေထိုင်ရာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနေထိုင်ရာတောင်တန်းကြီးဟူ၍လည်း ဒေသခံတို့က ယုံကြည်ကြသည်။ သောင်းဝှက်တောင်တွင် တတောလုံး၊ တစ်တောင်လုံး ကရမက်၊ နံ့သာဖြူအစရှိသော အမွှေးနံ့သာပင်များ အများအပြားပေါက်ရောက်လျက်ရှိသည်ဟု ဆို၏။

ဒုတိယတကောင်းမင်းဆက် ၁၇ ဆက်မြောက် သတိုးမဟာရာဇာသည် မျက်မမြင်သားနှစ်ဦးဖြစ်သော မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝတို့ကို ဧရာဝတီမြစ်အတွင်းသို့ ရေမျှောခဲ့ပြီးနောက် မင်းစည်းစိမ်တွင်မပျော်ပိုက်တော့သဖြင့် နောက်လိုက်ဗိုလ်ခြေတစ်သောင်းဖြင့် သံထိုဝင့်မှုနတောင်သို့ တောထွက်တော်မူခဲ့၏။ ထိုသို့ တောထွက်သွားစဉ် သားမယားတို့က ယင်းတောင်သို့လိုက်လာကြရာဗိုလ်ခြေတစ်သောင်းလုံးကို ရှာမတွေ့သဖြင့် နောင်အခါ ယင်းတောင်ကို ဗိုလ်ခြေတစ်သောင်းအားဝှက်ထား၍ သောင်းဝှက်တောင်ဟု အမည်တွင်သည်ဟုဆိုပါ၏။ တကောင်းမင်းသတိုးမဟာရာဇာသည် မိမိတောမထွက်မီ အုတ်ချပ်ရေ ၃၃၇၇၉ ချပ်ဖြင့် ရွှေစည်းခုံစေတီတော်ကြီးကို တည်ခဲ့ကြောင်း သိရှိရ၏။ သောင်းဝှက်တောင်တွင် သံရိုင်းတုံးအများအပြားရှိပြီး တကောင်းသံချက်ဖိုများအတွက် သံကျောက်များအများအပြားရရှိနိုင်သော တောင်တန်းကြီးဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း တကောင်းလွင်ပြင်၌ပင် သံကျောက်၊ သံထွေးခဲများရှိသည့် မြေနီကျင်းအများအပြားရှိ၏။

ထိုမျှများပြားသော သံချက်ဖိုများတည်ရှိရာနေရာသည် မြန်မာ့သမိုင်းတွင် ထင်ရှားသောပန်းပဲမောင်တင့်တယ်၏ ဇာတိနယ်မြေရပ်ရွာလည်း ဖြစ်သည်။ ယခုတိုင် မောင်တင့်တယ်မြို့ရိုးကုန်း ရှိသည်။ မောင်တင့်

တယ်မြို့ရိုးကုန်းမှကြည့်လိုက်ပါက တကောင်းလွင်ပြင်သည် အရှေ့ဘက်တွင် သံမိုရ်ဝဠ်မှုနတောင်တန်း၊ အနောက်ဘက်တွင် ဧရာဝတီမြစ်ကြီးဖြင့် အလွန်မှလှပသော တောင်ကြားမြေပြန့်လွင်ပြင်ကြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောအနှစ် ၆၀၀၀ မှစ၍ ကျောက်လက်နက်များကို ကိုင်တွယ်အသုံးပြုခဲ့ရာ ကြေးခေတ်ထွန်းကားခဲ့သော နေရာများသည် ရှမ်းပြည်နယ်၊ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်ကိုင်းတိုင်းအစရှိသော ဒေသများဖြစ်၏။ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်ညောင်ကန်ကျေးရွာတွင် ကြေးခေတ်သုံးလက်နက်များနှင့် သင်္ချိုင်းတစ်ခုကိုတွေ့ရှိခဲ့ရာ ထိုနေရာသည် မြန်မာနိုင်ငံ၏ကြေးခေတ် အပီပြင်ဆုံးထွန်းကားခဲ့သော နေရာဖြစ်သည်။ မြန်မာ့ကြေးခေတ်သည် အိန္ဒိယနိုင်ငံ ကြေးပစ္စည်းများ၏ ဩဇာအရိပ်အငွေ့သက်ဝင်မှုရှိကြောင်း ပညာရှင်တို့က ဆိုကြသည်။ ကမ္ဘာတွင်ရော မြန်မာတွင်ပါ ကြေးခေတ်ကိုဆက်ခံသောခေတ်မှာ သံခေတ်ဖြစ်သည်။ ပန်းပဲမောင်တင့်တယ်သည် မိမိပန်းပဲရုံကို မစတင်မီသုံးနှစ်ခန့်ပျောက်နေခြင်းမှာ အိန္ဒိယနိုင်ငံသို့သွားရောက်၍ သံအတတ်ပညာများကို သင်ယူနေခဲ့ခြင်းဖြစ်ဟန်တူသည်ဟု အဆိုများရှိဖူးသည်။

တကောင်းနှင့်အိန္ဒိယသည် ဘုရားလက်ထက်မတိုင်ခင်ကပင် အသွားအလာ အဆက်အသွယ်များ ရှိသည်။

မောင်တင့်တယ်သည် ကြေးခေတ်မှ မြန်မာ့သမိုင်းတွင် သံခေတ်သို့ စတင်ဦးဆောင်ပြောင်းခဲ့သူတစ်ဦးဖြစ်သည်ဟု တကောင်းရာဇဝင်ကိုရေးသားသော ဇာလီတောင်ဆရာတော်ဦးယောကြီးက ဆိုသည်။ မောင်တင့်တယ်မြို့ရိုးကုန်းတွင် ကျောက်မှသံထုတ်ထားသော ချော်ခဲများယခုတိုင် တွေ့ရှိနေရဆဲ ဖြစ်၏။ တကောင်းတွင် သံထိုဝဠ်မှုနတောင်ကြောတောင်တန်းတွင်သာမက ဧရာဝတီအရှေ့ဘက်ကမ်း ကျောက်သားကြောတလျှောက်တွင် သံကျောက်အများအပြား တွေ့ရှိရ၏။ သံကျောက်များကို သံဖိုများဖြင့်မီးတိုက်၍ သံကိုထုတ်လုပ်ခြင်း ဖြစ်သည်။ တကောင်းဘုရင်က ကြေးလက်နက်များကိုသာ အသုံးပြုနေချိန်တွင် မောင်တင့်တယ်

က သံလက်နက်များကိုထုတ်လုပ်လျက်ရှိရာ သံလက်နက်နှင့် ကြေးလက်နက်ယှဉ်ပြိုင်ခုတ်ပါက ကြေးပစ္စည်းသည် အပိုင်းပိုင်းပြတ်ဖို့ရာပင်ရှိလေရာ တကောင်းဘုရင်ကြောက်ရွံ့၍ မောင်တင့်တယ်အားဥပါယ်တံမျဉ်ဖြင့် ခေါ်ယူ၍ သတ်ပြစ်လိုက်ခြင်း ဖြစ်သည်။ မောင်တင့်တယ်သည် သံအတတ်ပညာကိုတတ်မြောက်ခဲ့၍ မြန်မာ့သံခေတ်ကို ဦးဆောင်ခဲ့သော မြန်မာတစ်ဦးဖြစ်သည်။ မြန်မာ့သမိုင်းတွင် ကျေးဇူးကြီးသူတစ်ဦးလည်း ဖြစ်၍ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် မောင်တင့်တယ်အား အိမ်တွင်းမင်း မဟာဂီရိနတ်ဟူ၍ ပူဇော်ကြခြင်းဖြစ်ရာ ဂုဏ်ပြုပူဇော်ခံထိုက်သူတစ်ဦးကို ဂါရဝပြုနေရာပေးပူဇော်ခြင်း ဖြစ်သည်။ မောင်တင့်တယ်သည် သံခေတ်လက်နက်များကို ဦးဆောင်တီထွင်ထုတ်လုပ်သူလည်း ဖြစ်သည်။ သံခေတ်လက်နက်များသာမက သံဖြင့်ပြုလုပ်သော စိုက်ပျိုးထွန်ယက်သည့် ကိရိယာများ၊ သံလူသုံးကုန်ပစ္စည်းများ၊ သံဖြင့်ပြုလုပ်သော အလှတန်ဆာများ၊ သံဖြင့်ပြုလုပ်သော အိုးခွက်ပန်းကန်များကိုလည်း ထုတ်လုပ်ခဲ့မည် ဖြစ်ပါသည်။

ကျွန်တော်ရောက်ရှိခဲ့သော သံချက်ဖိုများတည်ရှိရာ နေရာသည် သုံးနေရာဖြစ်၏။ ယင်းတို့မှာ-

(က) ပုတီးဖြူရွာ
(ခ) ကြံညှပ်ရွာနှင့်
(ဂ) နတ်လှေခါးကုန်းတို့ ဖြစ်သည်။

**ပုတီးဖြူရွာ**။ ပုတီးဖြူရွာသည် သပိတ်ကျင်းနှင့်တကောင်း အကြား ခရီးတစ်ဝက်တွင်ရှိ၍ ကြံညှပ်ရွာ၏မြောက်ဖက် နှစ်မိုင်ကျော်အကွာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် ရှိ၏။ ပုတီးဖြူရွာတစ်ဝိုက်တွင် ကြေးလက်နက်ပစ္စည်းများနှင့် ပျူအသုံးအဆောင်ပစ္စည်းများ အများအပြားတွေ့ရှိရသည်။ ကျွန်တော်တို့ နာရီဝက်ခန့် ရွာအနီးအနား၌ ရှာဖွေရာတွင်ပင် ကြေးမိုးကြိုးသွားတစ်လက်၊ ပျူပယင်းပုတီး ၂ လုံး၊



## သံချက်ဖိုပုံ

လိမ္မော်ရောင်ကျောက်ပုတီး အကွင်း ၂၀ ခန့် ရရှိခဲ့သောနေရာ ဖြစ်ပါ၏။ ဤမှ ပျူပစ္စည်းများပေါများသောနေရာ ဖြစ်ပါ၏။ ဒေသခံများကရွာမြောက်ဖက်မြေနီကျင်းတွင် ပုဂံကျွဲဆေးတံကြီး ရှိသည်။ အလွန်ကြီးမားသောဆေးတံကြီး မြေကြီးထဲတွင်မြှုပ်နေသည်ဟုဆို၍ လိုက်ကြည့်ရာ မမျှော်

လင့်ပဲ သံချက်ဖိုကြီးကို သွားတွေ့ကြရပါ၏။ ထိုသံချက်ဖိုကြီးကို ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့လည်း အရင်ကရောက်ရှိခဲ့ကြပြီး ဖြစ်သည်ဟု ဆိုသည်။ ပုတီးဖြူသံချက်ဖိုကြီး၏ အဝသည် - ၆ ပေ ၆လက်မရှိ၍ မြေပေါ်သို့ပေါ်နေသော အမြင့်သည်သုံးပေခန့် ရှိ၏။ တူးဖော်ကြည့်ပါက သံချက်ဖို၏အမြင့်သည် ၅ ပေမှ ၇ ပေအထိ ရှိနိုင်သည်။ သံဖိုကြီးများကို မြေနီများဖြင့် ပြုလုပ်ထားသည်။ ထို့ကြောင့် သံချက်ဖိုများသည် မြေနီများရှိရာ အရပ်တွင်သာရှိနေတတ်သည်ကို တွေ့ရ၏။ သံချက်ဖိုအဝအတွင်းသို့ သံကျောက်များကိုထည့်ပြီး ဘေးထင်းထိုးပေါက်မှ မီးထိုးပေးလျှင်သံများအရည်ပျော်ကာ သံရည်ပေါက်များမှ အောက်သို့ကျရောက်ပြီး သံစေ့ငယ်များကို ရရှိသည်။ သံဖို၏ နှုတ်ခမ်းတလျှောက်တွင် အနီရောင်သံချော်ခဲများကို ယခုတိုင် တွေ့ရသည်။ အလားတူသံချက်ဖိုများကို ပုတီးဖြူရွာနှင့် ကြံညှပ်ရွာအကြား ကြံခင်းများ အလယ်တွင်လည်း တွေ့ရ၏။ အချို့သော သံချက်ဖိုနှုတ်ခမ်းသားများမှာ ထွန်စက်များနှင့် ထိခိုက်၍ ပဲ့ပါပျက်စီးလျက်ရှိသည်များကိုလည်း တွေ့ရသည်။

**ကြံညှပ်ရွာ**။ ကြံညှပ်ရွာသည် မြန်မာ့သမိုင်းတွင်ထင်ရှားသောမြို့စားရွာစားတို့အပိုင်စားရသောမြို့တစ်မြို့ဖြစ်သည်။ ဗဒုံမင်း၏သမီးတော်သည် ကြံညှပ်မင်းသမီးအမည်ခံယူ၍ ကြံညှပ်မြို့ကို စားရသည်။ ကြံညှပ်မင်းသမီးသည် စာတတ်ပေတတ်မင်းသမီးတစ်ပါးဖြစ်၍ ပိုဒ်စုံရတုများ ရေးသားရာတွင် ကျော်ကြားသည်။ ဗဒုံမင်း၏ သမီးတော်ကွယ်လွန်သွားသောအခါ မူလပန်းတောင်းမြို့စား သီရိရတနာဝိမလာဒေဝီသည် ၁၈၄၁ ခုနှစ်မှ ၁၈၄၂ ခု ဖေဖော်ဝါရီလအထိ ကြံညှပ်မြို့ကို အပိုင်စားခဲ့ရ၏။ ၁၈၄၂ မှ ၁၈၇၈ အထိ မင်းတုန်းမင်း၏ညီမတော် သီရိသာမာဒေဝီသည် ကြံညှပ်မင်းသမီးအဖြစ်ကြံညှပ်ကို အပိုင်စားခဲ့ရ၏။ ကြံညှပ်သည် မြန်မာမင်းများလက်ထက်က မြန်မာ့တပ်မတော်ကို ရိက္ခာစရိတ်အထူးထောက်ပံ့

ရသော ၃၀ ကျိုက်ပြုမြို့ ဖြစ်၏။ ကိုယ်ခံသိုင်းပညာထွန်းကားကျော်ကြားပြီး ကြံ့ညှပ်သူကြီး ဦးစိုးရနှင့် အဖွဲ့သည် ဂျင်နရယ်ဗွန်း(Vaugham)ကို အသေရရှိ အောင်တိုက်ခိုက်ခဲ့သော သူကြီးဖြစ်၏။ ကြံ့ညှပ်ရွာတွင်း သုံးလေးနေရာ တွင် သံချက်ဖိုအဝများပေါ်လျက်ရှိပြီး အချို့ဧရာဝတီမြစ်ကမ်းပါး၊ အချို့ အိမ်ဝင်းများ၏ ခြံများအတွင်း၌ရှိ၍ ကြံ့ညှပ်ရွာထဲ၌ပင် သံချက်ဖို ဆယ်ဖို မကရှိသည်။ ကြံ့ညှပ်မှ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းဦးသည် ရှေးဟောင်းလုပ်ငန်းများကို ဝါသနာပါ၍ တကောင်းမြို့အား လေ့လာ ရာတွင် ဆရာကြီးထံမှများစွာ အကူအညီရရှိပါသည်။

**နတ်လှေခါး**။ နတ်လှေခါးဆိုသည်မှာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ ကြံ့ညှပ်ရွာမှ ခါးလွယ်ခုတ်လောက်တွင် တည်ရှိသည့်တောတန်း တောင် ကုန်းနေရာဖြစ်၏။ ကြံ့ညှပ်က ဧရာဝတီ၏အရှေ့ဖက်ကမ်းတွင် ရှိသည်။ နတ်လှေခါးတွင်သံချက်ဖိုသုံးဖို တွေ့ရှိရသည်။ အဝ ၂ ပေရှိသော သံချက်ဖိုတစ်ခုနှင့် အဝ- ၂ ပေခွဲရှိသော သံချက်ဖိုနှစ်ခု ဖြစ်သည်။ နတ်လှေ ခါးမှ တွေ့ရှိရသော သံချက်ဖိုများ၏ထူးခြားချက်မှာ ယင်းတို့သည် သံကျောက်များကို အရည်ကြိုသောသံချက်ဖိုများမဟုတ်ပဲ ငကြွဲဆေး တံအိုးကြီးကဲ့သို့ သံချက်ဖို၌သံကျောက်များကို အရည်ကြိုရာမှ ရရှိသော သံစေ့ငယ်များကို သံထွေးခဲများဖြစ်အောင် ဒုတိယအဆင့်အရည်ကြိုသော သံဖိုများဖြစ်ပါ၏။ သံဖိုများကိုတူးဖော်ကြည့်ရှုပါကပို၍ အချက်လက်များ ကိုရရှိနိုင်မည်ဟု ယူဆရပါ၏။ သံချက်ဖိုအမျိုးအစားများနှင့် ထုတ်လုပ်မှု သံအရည်အသွေးများကိုပါတွက်ဆနိုင်ကြမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တကောင်းလွင်ပြင်တွင် ဤမျှများပြားသော သံဖိုများကိုတွေ့ရှိလေရာ တကောင်းနိုင်ငံတော်သည် မြန်မာ့သမိုင်းတွင် သံခေတ်ကိုဦးဆောင်ခဲ့သောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းတွေးထင်ဘွယ်ရာ ဖြစ်သည်။ သံဖိုများနှင့် ပတ်ဝန်းကျင်အား အကျအနတူးဖော်ပြီးကာမှ ယင်းဆုံးဖြတ်ချက်ကို ချနိုင်မည်ဖြစ်ပါ၏။ တကောင်းသံဖိုများမှထွက်ရှိ



**ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ နတ်လှေခါးတောင်ရှိ
သံချက်ဖိုအား ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး
ဦးလှကြီးမောင်မောင် ဦးဆောင်၍ တူးဖော်နေကြစဉ်**

သော သံပမာဏကိုလည်း ခန့်မှန်းရန်လိုအပ်ပါ၏။ သံထိုဝင့်ရှုနတောင်ကဲ့သို့သော် သံကျောက်များကြွယ်ဝသည့်တောင်များနှင့် သံဖိုများပြုလုပ်နိုင်သော မြေနီများရှိရာတကောင်းဒေသသည် တကောင်းဒေသသုံးအတွက်သာမက အခြားဒေသများသို့ပါ သံများကို တင်ပို့မှုလည်း ရှိနိုင်သည်။ တကောင်းသည် အရှေ့တောင်အာရှ၏အကြီးဆုံးသော သံထုတ်လုပ်ရာစက်မှုဇုံ အစုအဝေးဒေသကြီးလည်း ဖြစ်လာနိုင်ပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်ရာတွင် တကောင်းဒေသရှိ သံဖိုကြီးများသည် သံထုတ်လုပ်ရေး စက်ရုံကြီးများဖြစ်နိုင်သည်။ ပုဂံခေတ် ပုဂံသူပုဂံသားတို့ပင် လက်နက်အတွက် လိုအပ်သောသံများကို တကောင်းမှ မှာယူကောင်း မှာယူနိုင်ပါ၏။ ထို့ကြောင့် သံထုတ်လုပ်သည့် သံဖိုများအစုအဝေး တည်ရှိရာ တကောင်းဒေသကြီးသည် ပထမမြန်မာနိုင်ငံတော်ကြီးအဖြစ် စုစည်းတည်ဆောက်ရာတွင် သံလက်နက်များပြုလုပ်ရန်အတွက် သံထည်ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ပေးရာဒေသကြီးပင် ဖြစ်နိုင်ကြောင်းတင်ပြအပ်ပါသည်။ သံဖိုတစ်ဖိုမှ တစ်နေ့ထွက်ရှိသော သံရည်ပမာဏကို တွက်ချက်ကြည့်နိုင်ပါက ထိုဒေသကြီး၏ တစ်လ၊ တစ်နှစ်သံထွက်ရှိမှုပမာဏကို ခန့်မှန်းနိုင်မည်ဖြစ်ပါ၏။ တကောင်းနှင့်ပုဂံသည် အနော်ရထာမင်းလက်ထက်တွင် အဆက်အသွယ် အထူးများပြားမှုရှိ၏။ အနော်ရထာမင်းကြီးသည် တကောင်းအားအရေးကြီးသော ခံမြို့တစ်မြို့အဖြစ်အားကိုးအားထားပြုခဲ့သည်မှာ အမှန်ဖြစ်ပါ၏။ တကောင်းတွင် အနော်ရထာမင်းကြီးသည် ရွှေစည်းခုံစေတီတော်ကြီးကို ပြုပြင်တည်ဆောက်ခဲ့သည်။ အနော်ရထာမင်းကြီးကိုယ်တိုင်ပြုလုပ်သော တကောင်းအုတ်ခွက်ဘုရား ရာပေါင်းများစွာတို့က တကောင်းနှင့် အနော်ရထာမင်းတို့၏ဆက်သွယ်မှုကို ပြဆိုလျက်ရှိပါ၏။ အနော်ရထာမင်းသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ရာတွင် တကောင်းသံချက်ဖိုများမှ သံများကို လုံလောက်စွာရရှိခဲ့သည်ဟုလည်း ယူဆရသည်။ ထို့ကြောင့် တကောင်းရှိ သံထုတ်လုပ်မှုစက်မှု အစုအဝေး

ဒေသကြီးသည် အလွန်မှပင်အရေးကြီးကြောင်းနှင့် တကောင်းသံချက်ဖို များ၏ကျေးဇူးတရားသည်လည်း အလွန်အရေးကြီးမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။

❒ ❒ ❒

# အခန်း(၂၄)
# တကောင်းအားပျူပေတံဖြင့်တိုင်းတာခြင်း

“မြန်မာအစတကောင်းက” ဟူသော အဆိုမှန်ကန်ကြောင်းသက်သေပြနိုင်ရန် တကောင်းလွင်ပြင်၌ ပျူလူမျိုးတို့ လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော် သုံးထောင်ကပင် အခြစိုက်နေထိုင်ခဲ့သော ဒေသကြီးဖြစ်ကြောင်း ခိုင်မာစွာသက်သေပြရန်လိုပါ၏။

ဒေသတစ်ခုကို ပျူဒေသဖြစ်ကြောင်း အခိုင်အမာသက်သေပြနိုင်ရန် အထောက်အထားငါးရပ်ကို တင်ပြသရန်လိုသည်။ ယင်းတို့မှာ

(က) ပျူခေတ်လက်စင်းရာအုတ်အထောက်အထား

(ခ) ပျူပုတီးစေ့၊ ပျူအသုံးအဆောင်ပစ္စည်းများ တွေ့ရှိမှုအထောက်အထား

(ဂ) ပျူဒင်္ဂါးတွေ့ရှိမှုအထောက်အထား

(ဃ) ပျူအရိုးအိုးတွေ့ရှိမှုအထောက်အထားနှင့်

(င) ပျူကျောက်စာတွေ့ရှိမှုအထောက်အထားတို့ ဖြစ်ပါ၏။

မြန်မာအစတကောင်းကဟူသောအဆိုနှင့်ပတ်သက်၍ သမိုင်းရာဇဝင်ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်အရသော်လည်းကောင်း၊

မြန်မာစာပေကျမ်းဂန်လာ အဆိုအမိန့်များအရသော်လည်းကောင်း၊ မြန်မာတို့ သက်ကြီးစကားသက်ငယ်ကြား ပြောဆိုခဲ့ကြသော အစဉ်အလာစကားများအရသော်လည်းကောင်း မြန်မာတို့၏ အစအဦးသည် တကောင်းဟုဆိုပါ၏။ ရာဇဝင်လာ၊ သမိုင်းလာ၊ စာပေလာ၊ အဆိုအမိန့်များလာ တကောင်းအကြောင်းအရာများကို ဤစာအုပ်တွင်တင်ပြခဲ့ပြီး ဖြစ်သည်။ ဤအခန်းတွင် တကောင်းကို ပျူမြို့အင်္ဂါရပ်များနှင့် တိုင်းတာရန်ဖြစ်ပါ၏။

## လက်စင်းရာအုတ်

ပျူလက်စင်းရာအုတ်များတွေ့ရှိခြင်းသည် ပျူတစ်မြို့ဖြစ်ခြင်း၏ အင်္ဂါရပ်တစ်ခု ဖြစ်ပါ၏။ တကောင်း၌ လက်စင်းရာပါအုတ်များကို စေတီပုထိုးများတွင် လည်းကောင်း၊ မြို့ရိုး၊ မြို့တွင်း၊ မြို့ပြင်တို့၌ လည်းကောင်း တွေ့ရသည်။ တကောင်းဒေသရှိ လက်စင်းရာပါအုတ်များအကြောင်းကို သီးခြားဖော်ပြပြီး ဖြစ်၏။ တကောင်းရှိလက်စင်းရာပါ အုတ်များသည် အခြားတစ်ရပ်တဒေသမှ ရောက်ရှိလာခြင်းမဟုတ်ဘဲ မြို့ရိုးတစ်ခုလုံး လက်စင်းရာပါအုတ်များနှင့်တည်ထားသော မြို့ရိုးများကို တွေ့ရှိရသည်များလည်း ရှိ၏။ ဆင်ညှပ်ကုန်းဦးတင်ဝင်းယာထဲမှ ရေချိုးခုံသည်မူလက လက်စင်းရာပါအုတ်များကို ထုတ်လုပ်သည့်အုတ်ဖိုဟုပင် ဆို၏။ တကောင်းလက်စင်းရာပါအုတ်များတွင် စပါးစေ့ခွံများ ပိတ်စအရာများကိုလည်း တွေ့ရှိရသည်။

ဆင်ညှပ်ကုန်းဦးတင်ဝင်ယာထဲမှတွေ့ရသော ပန္နက်ခုံ၏ထူးခြားမှုများကို အလေးထားဂရုပြုကာ တကောင်းသည်-၁၁ရာစုထက်စော၍ ဘီစီ-၃ရာစုမှ-၅ရာစုအတွင်းက တည်ရှိခဲ့သော အဆောက်အအုံဖြစ်ကြောင်း နိုင်ငံတော်မှ ကြေညာခဲ့ပြီးဖြစ်၏။ ထို့ကြောင့် တကောင်းသည် ပျူမြို့တော်ဖြစ်သော လက်စင်းရာပါအုတ် အထောက်အထားအလွန်ပေါများသည့် ပျူမြို့ဟောင်းတစ်ရပ် ဖြစ်ပါ၏။

## ပျူပုတီးစေ့

တကောင်းတွင် ပျူပုတီးစေ့တွေ့ရှိသည် အမျိုးစုံရှိသာမကများပြားသည့်သဘောလည်း ရှိ၏။ အခြားပျူနိုင်ငံများတွင် တွေ့ရှိရသော ပုတီးစေ့မျိုးစုံကိုလည်း တွေ့ရှိရ၏။ ပျူပုတီးစေ့များကို တကောင်း၊ ဖုန်ကုန်း၊ ဆင်ညှပ်ကုန်း၊ ပုတီးဖြူ ကြာညှပ်ဒေသအားလုံးတွင် တွေ့ရသောကြောင့် တကောင်း၌ ပျူပုတီးစေ့တွေ့ရှိမှု အထောက်အထားသည်လည်း ပြည့်စုံလုံလောက်မှုရှိ၏။

## ပျူဒင်္ဂါး

တကောင်းတွင် ယခင်ကဒင်္ဂါးတွေ့ရှိမှု မရှိခဲ့ပေ။ ထို့ကြောင့် တကောင်းသည် ဒင်္ဂါးတွေ့ရှိမှုနှင့်ပတ်သက်၍ အားနည်းခဲ့ရ၏။ သို့သော် ဖုန်ကုန်းဒင်္ဂါးနှင့် ကြာညှပ်ဒင်္ဂါးတို့တွေ့ရှိခဲ့ရသောအခါ တကောင်းတွင်ပျူဝိသေသများပို၍ ပီပြင်လာခဲ့သည်။ ဆက်လက်ရှာဖွေပါက တကောင်းဒင်္ဂါးအများအပြားကို တွေ့ရှိဦးမည်ဖြစ်ပါ၏။

## ပျူအရိုးအိုး

ပျူလူမျိုးတို့ သေလွန်သောအခါ အလောင်းကို မီးသင်္ဂြိုဟ်၍ အရိုးကို အိုးတွင်ထည့်ကာ မြေမြှုပ်သောအလေ့ရှိပါ၏။ တကောင်းလွင်ပြင်သို့ ဒေါက်တာဖူးရာရောက်ရှိသော-၁၈၉၄ခုနှစ်ဝန်းကျင်မှစ၍ ၂၀၀၂-ခုနှစ်တိုင် ဖူးရားမရောက်ခင်ကရော ရောက်ပြီးမှပါ တကောင်းမှပျူအရိုးအိုးဟုတစ်လုံးကိုမျှမတွေ့ခဲ့ရပါ။ သို့သော် ၁၉. ၅. ၂၀၀၃ နေ့က ဆင်ညှပ်ကုန်းမှာ ပျူအရိုးအိုးအမှတ်(၁)နှင့် (၂)တို့ကို တွေ့ရှိရပြီး အမှတ်(၃)ပျူအရိုးအိုးကို တကောင်းမြို့ လယ်ခေါင်မှ ပထမအရိုးအိုးတွေ့ရှိပြီး တစ်လတိတိအကြာ ၁၉. ၆. ၂၀၀၃ နေ့တွင် စာရေးသူကိုယ်တိုင်တွေ့ ကိုယ်တိုင်တူးဖော်၍ အရိုးအိုးအတွင်းမှပစ္စည်းများကို ပညာရှင်များရှေ့မှောက်တွင် ကိုယ်တိုင်စစ်ဆေးခွင့်ရရှိခဲ့ပါ၏။



**ပျူအရိုးအိုးများအတွင်းမှ တွေ့ရှိရသော ပစ္စည်းများကို အရှင်ပဏ္ဍိတာနန္ဒ၊ တမ္ပဝတီဦးဝင်းမောင်နှင့် စာရေးသူတို့ လေ့လာမှတ်**

၂၁. ၆.၂၀၀၃ နေ့တွင် အမှတ်(၄)အရိုးအိုးကို ဆင်ညှပ်ကုန်းမှပင် တွေ့ရှိရသည်။ တကောင်းပကတိဖြစ်သော အမှတ်(၅)နှင့် (၆)အိုးများကို ဆင်ညှပ်ကုန်းမှပင် ရရှိခဲ့ပါသည်။

ထို့အပြင် ပျူအရိုးအိုးအမှတ်(၇)အိုးများဖြစ်သော အရိုးအိုး ခြောက်လုံးကို အောင်တံခွန်ပညာရိပ်သာမှ ဆရာဦးအောင်ကျော်ရှာ ဖွေ တွေ့ရှိသည်။ ဖုန်ကုန်းဆရာတော်မှလည်း အိုးအမှတ်(၈)ကို တွေ့ရှိခဲ့ပြီး ဖြစ်သောကြောင့် တကောင်းဒေသမှ ပျူအရိုးအိုးများကို ရှာဖွေတွေ့ရှိရခြင်း မရှိဟူသောအဆိုမှာ လုံးဝပျောက်ပျက်ခဲ့ပြီး ဖြစ်သည်။

## ကျောက်စာအထောက်အထား

တကောင်းဒေသတွင် ကျောက်စာအထောက်အထားနှင့် ပတ်သက်၍ ဒေါက်တာဖူးရာတွေ့ရှိခဲ့သော အထောက်အထားမှာ ခိုင်မာသော အထောက်အထားဖြစ်သည်။ ကျောက်စာတည်ရှိရာဂူဆိပ်ဘုရားနေရာ ကိုလည်း တွေ့ရှိရပြီးဖြစ်သည်။ ထိုဂူဆိပ်ဘုရားဝင်းအတွင်းမှ ကျောက်စာများ ဧရာဝတီမြစ်အတွင်းသို့ကျ၍ ဒေါက်တာဖူးရာတွေ့ရှိ သော ကျောက်စာခုံပေါ်တွင် ရေချိုးအဝတ်လျှော်ဖူးခဲ့ကြသော တကောင်း သူတကောင်းသားများကို တွေ့ရှိခဲ့ရပြီးဖြစ်၏။ ဒေါက်တာဖူးရာကို ဒူရှိုင်ဇယ်က စိတ်မနှံ့သူဟုလည်းကောင်း၊ စိတ်ကူးကောင်းကောင်းနှင့် ရေးထားသူဟုလည်းကောင်း စွပ်စွဲခဲ့ရာ စိတ်မနှံ့လျှင်ဖြင့် စိတ်ကူးကောင်း ရန်မလို၊ စိတ်ကူးကောင်းပါက စိတ်မနှံ့သူဟုစွပ်စွဲရန် မဖြစ်နိုင်သောကြောင့် ဒူရှိုင်ဇယ်သည် ဒေါက်တာဖူးရာနှင့်ပ တ်သက်ပြောဆိုသမျှသည် ဒေါသနှင့် ပြောဆိုမှုများဟူ၍သာ မှတ်ယူဖွယ်ရှိပါ၏။

အိန္ဒိယရှေးဟောင်းဝန်ကြီးဌာသည် အာရှတွင်အတွေ့ကြုံများ ပြားသည့်ဌာနကြီး ဖြစ်သည်။ ထိုဌာနကြီးကမြန်မာနှင့် ပတ်သက်သော ဒေါက်တာဖူးရာ၏ တင်ပြချက်ကို အလေးအနက်ထားရုံသာမက တကောင်း နှင့်ပတ်သက်သော အစီရင်ခံစာများကို ရေးသားပြီးသည့် နောက်ပိုင်းတွင်ပင် ဒေါက်တာဖူးရား၏အစီရင်ခံစာများကို အိန္ဒိယရှေးဟောင်းဌာနက ဆက်၍ အသုံးပြုနေသေးရာ ဒေါက်တာဖူးရားသည် ဒူရှိုင်ဇယ်ပြောသကဲ့သို့ရူးနေပါက အိန္ဒိယရှေးဟောင်ဌာနက ဆက်အသုံးပြုစရာမရှိဟု ယူဆဘွယ်ရာရှိပါ၏။

တကောင်းအစီရင်ခံစာရေးပြီး ဒေါက်တာဖူးရားသည် အိန္ဒိယနိုင်ငံအတွက် အခြားအစီရင်ခံစာများကိုလည်း ဆက်ရေးသည်ဟု သိလေရာ ဒူရွိုင်ဇယ်၏စွပ်စွဲမှုကို ကျွန်တော်တို့ လက်မခံဘဲ ပယ်ချ၍ ဒေါက်တာဖူးရာ အထက်မြန်မာနိုင်ငံဂေဇက်တီးယားတွင် တကောင်း၌ သက္ကရာဇ်ကျောက်စာနှစ်ချပ်တွေ့ရှိသည်ဆိုသော ရေးသားချက်ကို အမှန်ဟု ယူဆအပ်ပါ၏။

ထို့ကြောင့်တကောင်းကို ပျူပေတံဖြင့်တိုင်းတာရာ တကောင်းသည်ရာနှုန်းပြည့်နီးပါး အထောက်အထားများပြည့်စုံ၍ တကောင်းဒေသတွင် ပုဂံမတိုင်မီက ပျူနိုင်ငံကြီးထွန်းကားခဲ့သည်ဟု ဆိုနိုင်သည်။ ထိုသို့ ဆိုပါက**'မြန်မာအစတကောင်းကပြောကြစဉ်အလာ'**ဆိုသော အစဉ်အလာစကားသည် အမှန်ဖြစ်ကြောင်း တင်ပြရပါသည်။

ထို့ကြောင့် ဤစာအုပ်ရေးသားခြင်း၏ ရည်ရွယ်ချက်ဖြစ်သော မြန်မာ့သမိုင်းသည် အနော်ရထာထက်မစော အနော်ရထာမတိုင်မီကာလများသည် ဒဏ္ဍာရီများသာဖြစ်သည်ဆိုသောအချက်သည် မမှန်ကန်ကြောင်း၊ မြန်မာ့သမိုင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော် ပျူခေတ်တွင်ပင် စတင်ခဲ့ကြောင်း မြန်မာ့မြေပေါ်မြေအောက် အထောက်အထားများအရ သိရှိခဲ့ရပြီး ဖြစ်ပါ၏။

မြန်မာရာဇဝင်သမိုင်းသည် အင်္ဂလိပ်ကိုလိုနီမျက်နှာဖြူသမိုင်းရေးဆရာတို့ ရေးသားသကဲ့သို့ မဟုတ်။ ဇာတိသွေး ဇာတိမာန်ဖြင့် ပြည့်စုံသည့် သမိုင်းအစဉ်အလာရှိကြောင်းကိုလည်း အခိုင်အမာတင်ပြခဲ့ပြီး ဖြစ်သည်။

မြန်မာအစကျောက်ဆည်ကဆိုသော အဆိုသည် လုံးဝမှားယွင်း၍ ကျောက်ဆည်လွင်ပြင်တွင် မိုင်းမော(ပင်လယ်)ပျူမြို့ခြင်းကို တွေ့ရှိခြင်းက သက်သေအခိုင်အမာပြဆိုခဲ့ပြီး ဖြစ်ပါ၏။ ယခုတကောင်းမှအသစ်တွေ့ရှိချက်များကို တင်ပြမှုများကလည်း တကောင်းသည် ဘီစီ ၃ ရာစုမှ အေဒီ ၇ ရာစုအတွင်း ပျူ မြန်မာတို့ မြို့ပြအခိုင်အမာ တည်ဆောက်နေထိုင်ခဲ့

ကြောင်း သက်သေပြနိုင်ပြီဖြစ်ရာ မြန်မာအစတကောင်းကဟူသောအဆို သည် ပို၍ထင်ရှားပေါ်လွင်ခဲ့ကာ မျက်နှာဖြူကိုလိုနီသမိုင်းဆရာတို့၏ မုသားသည် ပိုမိုပေါ်လွင်ခဲ့ပြီ ဖြစ်ပါ၏။

ယခု ဤစာအုပ်ဖြင့် ဆက်လက်တင်ပြလိုသည်မှာ ကျွန်တော်တို့ သည် ကျောက်ဆည်မြစ်သားလွင်ပြင်တည်ရှိသော စမုံမြစ်ဝှမ်းဒေသနှင့် တကောင်းလွင်ပြင်ပါရှိသော မန္တလေးမှ ဗန်းမော်အကြား ဧရာဝတီဒေသ ကို လေ့လာခဲ့ရာ ဤဒေသနှစ်ခုစလုံးတွင် ကျောက်ကြမ်း၊ ကျောက်ချော လက်နက်များတွေ့ရှိခြင်း ကြေးခေတ်ထွန်းကားခဲ့ခြင်း၊ သံခေတ်၊ ပျူခေတ် ထွန်းကားခဲ့သည့် အချင်းအရာများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါ၏။ စမုံမြစ်ဝှမ်းတွင် ကျောက်ခေတ်နှောင်းလက်နက်များကို ပီပီပြင်ပြင်တွေ့ရှိ ရ၏။ တဖက်သွား၊ နှစ်ဖက်သွားနှင့် အမင်းပါ ပဲခွပ်၊ ပုဆိန်၊ ဆောက် စသော ကျောက်ချောပစ္စည်းအများအပြားစမုံမြစ်ဝှမ်းမှ ရရှိ၏။ ကျောက် လက်ကောက်ကွင်းများကိုလည်း တွေ့ရ၏။ ကျောက်ချောလက်နက်ပစ္စည်း များနှင့်အတူ ကြေးပစ္စည်းများကို တစ်ဆက်တည်းတွေ့ရှိရ၏။ ကြေးအမျိုး သမီးရုပ်တုအမိနတ်သမီးပုံတို့ကို တွေ့ရပြီး ထူးခြားသည့်ကြေးထုပ်များ ကိုလည်း တွေ့ရ၏။ စမုံမြစ်ဝှမ်းမှ ကြေးပုဆိန်၊ ကြေးပဲခွပ်၊ ကြေးလှံ၊ ကြေး မြားစုံစုံလင်လင် တွေ့ရ၏။ ကြေးချူ ကြေးခလောက်များလည်း ရရှိ၏။ စမုံ မြစ်ဝှမ်းမှ ကြေးပစ္စည်းများတွေ့ရှိမှုနှင့်ပတ်သက်၍ ဤစာအုပ်တွင်ဖော် ပြထားပြီး ဖြစ်ပါ၏။

စမုံမြစ်ဝှမ်းတွင် ကြေးခေတ်ကို သံခေတ်ကဆက်ခံကာ မိုင်းမော၊ ပျူမြို့တော်ကြီး အထင်ကရပေါ်ထွန်းလာပါ၏။ ဤအချက်က မည်သည့် အရာကို ညွှန်းဆိုပါသနည်းဟုဆိုပါက စမုံမြစ်ဝှမ်းတွင် ပျူခေတ်မတိုင်မီ ကပင် ဒေသခံကျောက်ခေတ်လူသားများရှိနေကြသည်ဆိုသော အချက် ဖြစ်၏။ ကျောက်ကြမ်းခေတ်သည် ဘီစီ ၃၅၀၀၀ ခန့်ဖြစ်၍ ကျောက်လယ် ခေတ်သည် ဘီစီ ၃၅၀၀၀ မှ ၁၅၀၀၀ အထိဖြစ်ပြီး ကျောက်ချောခေတ် သည် ဘီစီ ၆၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်ရာ ကျောက်ခေတ်ထွန်းကားခဲ့



## တကောင်း ပျူမြို့တော်အဖြစ်ယုံကြည်စိတ်ချစွာဖြင့် လေ့လာမှုပြုခဲ့သော စာရေးသူနှင့် တမ္ဗဝတီဦးဝင်းမောင်

သော စမုံမြစ်ဝှမ်းတွင် ဘီစီ ၅၀၀၀၊ လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ခန့်က ပင် ကျောက်ခေတ်လူသားတို့ ရှိနေသည်ဆိုသော အချက်ဖြစ်ပါ၏။

စမုံမြစ်ဝှမ်းကို အထက်မှမိုးထားသော ရှမ်းကုန်းပြင်မြင့်နေရာတွင် ပြဒါးလင်းဂူတည်ရှိရာ ပြဒါးလင်းဂူမှလူသားတို့သည် နေမိုးသာသည်နှင့်

ဂူအတွင်းမှ မြေပြန့်သို့ဆင်းကာ ကျောက်လက်နက်ပစ္စည်းများကိုပင် အသုံးပြု၍ အသက်မွေးဝမ်းကြောင်းပြုခဲ့ကြသည်ဟု မှတ်ယူနိုင်ပါ၏။ ထိုမှတစ်ဆင့် ကြေးခေတ်သို့ ပြောင်းလဲခဲ့ကြသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် ပျူခေတ်တိုင် မည်သည့်အရပ်ကမှ ပြောင်းရွှေ့လာသူများမဟုတ်ဘဲ ရှေးကပင် လူစုလူဝေးကြီးဖြင့် စမုံမြစ်ဝှမ်းတွင် ရှေးဦးလူများနေထိုင်လျက် ရှိကြသည်။

အလားတူပင် တကောင်းလွင်ပြင်၌ ကျောက်ချောပစ္စည်းအများအပြားကို တွေ့ရှိရသည်။ စာရေးသူထံတွင် တကောင်းလွင်ပြင်မှ ရရှိသောကျောက်ချောခေတ်ပစ္စည်း-၁၀ ခုနှင့် ကျောက်ခေတ် အလယ်ပစ္စည်းဟု ထင်မှတ်ရသောကျောက်လက်နက်တစ်ခု ရှိပါ၏။ ကြံ့ညှပ်မှ ဆရာကြီးဦးတင်ဝင်းဦးထံတွင် အခုနှစ်ဆယ်ခန့် ရှိသည်။ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နှင့် ဦးဝင်းမောင်(တမ္ပဝတီ)တို့-၁၉၉၇ခုနှစ်က တကောင်းလွင်ပြင်သို့ရောက်ခဲ့စဉ်ကလည်း တကောင်းလွင်ပြင်မှ ကျောက်လက်နက်ပစ္စည်းများတွေ့ခဲ့ရကြောင်း တကောင်းမြို့ဟောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများစာတမ်းတွင် ရေးသားဖော်ပြထားပါ၏။

တစ်ဆက်တည်းမှာပင် တကောင်းလွင်ပြင်၌ကြေးပစ္စည်း အမြောက်အများ တွေ့ရှိခဲ့ရ၏။ ဦးဝင်းမောင်(တမ္ပဝတီ)သည် ဆင်ညှပ်ကုန်းရွာလယ်ပိုင်း ဦးသာကျော်ကုန်းမှ ကြေးဇွန်းတစ်ခုရရှိ၏။ ယခင်ကလည်း ထိုကုန်းမှ သံခါးများနှင့် ကြေးချိန်ခွင်ဘောင်များ ရရှိသည်။

ပုတီးဖြူကျေးရွာသည် ကြေးလက်နက်ပစ္စည်းအများအပြားထွက်ရှိရာဒေသ ဖြစ်၏။ တကောင်းလွင်ပြင်မှ ပိုက်ဆံအဖြစ် အသုံးပြုဟန်ရှိသော ကြေးတုံးများလည်းရရှိ၏။ ယင်းတို့ကို ဆရာကြီးဦးတင်ဝင်းဦးနှင့် စာရေးသူတို့ထံတွင် သိမ်းဆည်းထားရှိသည်။

တကောင်းလွင်ပြင်၌ ထိုကဲ့သို့ ကြေးလက်နက်ပစ္စည်းများနှင့် တစ်ဆက်တည်းတွေ့ရှိရသော အရာတို့မှာ သံချက်ဖိုကြီးများ ဖြစ်သည်။ လက်ရှိသံချက်ဖို ၃၀ ခန့်ကို စာရင်းပြုစုထားရှိပြီး ဖြစ်၏။ ကြေးပစ္စည်းများ

ရရှိရာ ပုတီးဖြူရွာတွင်ပင် ဧရာမသံချက်ဖိုကြီးများ တွေ့ရှိခဲ့ရာ တကောင်း လွင်ပြင်သည် ကြေးခတ်ရောသံခေတ်ပါ ထွန်းကားခဲ့သည့် ဒေသ ဧကန် ဖြစ်သည်။

တကောင်းလွင်ပြင်ကို မိုး၍ထားရှိနေသော သောင်းဝှက်တောင် (ခေါ်) သံထိုရ်ဝင့်မှုနတောင်တွင် ကျောက်ခေတ်လူသားတို့ နေထိုင်ရာ ဂူများရှိရာ ထိုကျောက်ဂူများထဲမှ ကျောက်ခေတ်လူသားများ ကျောက် ခေတ်နှောင်းတွင် တကောင်းလွင်ပြင် ဧရာဝတီမြစ်ကမ်းသို့ ဆင်းသက်လာ ကြသည်ဟု ယူဆနိုင်သည်။

ထို့ကြောင့်တကောင်းတွင် လွန်ခဲ့သောအနှစ် ၅၀၀၀ ခန့်ကပင် ဘယ်ကမှရောက်လာသူတို့မဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း၌ပင် အစဉ် အဆက်နေထိုင်ခဲ့ကြသော လူသားများကို အနှစ် ၆၀၀၀ ခန့်မှစ၍ ရှိနေ ကြသည်ဟု ဆိုနိုင်သည်။

ကျောက်ခေတ်၊ ကြေးခေတ်လူသားတို့သည် မြန်မာနိုင်ငံတွင် အခြားဒေသမှလူများ မဝင်ရောက်မီကပင် စမုံမြစ်ဝှမ်းဒေသ၊ မူးမြစ်ဝှမ်း ဒေသ၊ တကောင်းလွင်ပြင်တို့တွင် ရှေးဦးလူအမျိုးနွယ်များအဖြစ် ရှိနေပြီး ဖြစ်သည်။ အခြားမည်သူများနှင့်မှမရောစပ်ဘဲ ကျောက်ခေတ်၊ ကြေး ခေတ်၊ သံခေတ်များတွင် မြန်မာ့ရှေးဟောင်းလူသားမျိုးရင်းများ ဧရာဝတီ မြစ်ဝှမ်းတွင် ရှိနေကြပြီး ဖြစ်သည်။

မြန်မာပူရာဏ်ကျမ်းဟောင်းအချို့တွင် တကောင်းခေတ်မတိုင်မီ က မင်းဆက်များရှိခဲ့ကြောင်း ပြဆိုထားမှုများ ရှိသည်။ ဇမ္ဗူကွန်ချာပေမူတွင် တကောင်းမတိုင်မီက ပျူမင်းပေါင်း ၁၃၉၃ ပါး ဖော်ပြထားသည်ဟု အခြေ ပြ မြန်မာနိုင်ငံရေးသမိုင်းက ဆို၏။

ဤအချက်များနှင့်ပတ်သက်၍ စဉ်းစားပါက ပျူခေတ်မတိုင်မီက မင်းဆက်များသည် ကျောက်ချောခေတ်၊ ကြေးခေတ်နှင့် သံ ခေတ်စသည်တို့ အဆင့်ဆင့်ကူးပြောင်းလာသော အချိန်များတွင် မြန်မာ့

မြေပေါ်၌ မြို့ပြပြည်ရွာများ တည်ထောင်ထားခဲ့သည်များနှင့် ပတ်သက်၍ ဖော်ပြချက်များဟု မှတ်ယူနိုင်ပါ၏။

တကောင်းမတိုင်မီခင်က ရှေးဦးလူမျိုးအုပ်စုများသည် မိမိတို့ဆိုင်ရာအုပ်စုများဖွဲ့၍ နေထိုင်ကြသည်။ ထိုကာလတွင် ရွာငယ်များ၊ ရွာစုများ တည်ထောင်၍ အကြီးအကဲများလည်း ရှိကြသည်။ မြန်မာနိုင်ငံတွင် အာရှတိုက်အလယ်ပိုင်းမှ လူမျိုးစုများ တစ်သုတ်ပြီး၊ တစ်သုတ် ဝင်ရောက်မလာမီကပင် သူ့နေရာနှင့်သူ မြန်မာ့မြေတွင်မွေး မြန်မာ့မြေတွင်ကြီးသော လူသားမျိုးရင်းနွယ်များက ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် ရင်းတို့၏ မြစ်လက်တက်ဒေသများတွင် ဖြန့်ကျက်နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။

## ပျူမြို့ပြနိုင်ငံများ

ကျွန်တော်တို့သည် မြန်မာနိုင်ငံ၌ ပျူယဉ်ကျေးမှုထွန်းကားခဲ့သော ဒေသများကို ဒေသကြီး ၆ ခု(သို့မဟုတ်) ဇုန် ၆ ဇုန်ခွဲခြမ်း၍ လေ့လာနိုင်ပါ၏။ ယင်းတို့မှာ -

(က) တကောင်းလွင်ပြင်ပါရှိသော မန္တလေး- ဗန်းမော်ဒေသ
(ခ) စမုံမြစ်ဝှမ်းပါရှိသော မန္တလေးမကွေးဒေသ
(ဂ) မကွေးမှ မြစ်ဝကျွန်းပေါ်တိုင်ကျယ်ပြန့်သော ဧရာဝတီအောက်ပိုင်းဒေသ
(ဃ) မူးမြစ်ဝှမ်းဒေသ
(င) ချင်းတွင်းမြစ်ဝှမ်းဒေသ
(စ) စစ်တောင်းမြစ်ဝှမ်းဒေသတို့ ဖြစ်ပါ၏။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် တနင်္သာရီပါရှိသည်။

ဤဒေသ-၆ခုစလုံးကို အပြည့်အစုံ လေ့လာမှုမပြုရသေးပါ။ အကြမ်းဖျင်းလေ့လာမှုပြုပြီးဖြစ်သော(က )တကောင်းလွင်ပြင်ဒေသ၊ (ခ)

စမုံမြစ်ဝှမ်းဒေသ(ဂ) မူးမြစ်ဝှမ်းဒေသတို့ကို ဖော်ပြခဲ့ရာ ယင်းဒေသများတွင် ကျောက်ကြမ်းခေတ်၊ ကျောက်လယ်ခေတ်၊ ကျောက်ချောခေတ်၊ ကြေးခေတ်၊ သံခေတ်တို့တွင် တောက်လျှောက်မြန်မာလူသားမျိုးရင်းတို့ ပျူခေတ်မတိုင်ခင်ကပင် နေခဲ့ကြသည်ကို တွေ့ရပါ၏။ ထိုသို့အစဉ်အလာအားဖြင့် မျိုးရင်းမြန်မာများနေထိုင်ကြပြီးမှသာ တရုတ်ပြည်ဘက်မှလည်းကောင်း၊ အိန္ဒိယပြည်ဘက်မှ လည်းကောင်း ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ အုပ်ချုပ်မှုတို့နှင့်အတူ ရေကြည်ရာ မြက်နုရာ ပြောင်းလာကြသူများရောက်ရှိလာကြခြင်း ဖြစ်သည်။ ထိုသို့ဝင်ရောက်လာကြသော အခါတွင်လည်း ကြီးမားသောပဋိပက္ခများရှိကြသည် မဟုတ်။ မူလမျိုးရင်း မြန်မာတို့သည်ပင် ယခင်က မြန်မာပြည်တွင်း၌ တစ်နေရာမှတစ်နေရာ ရေကြည်ရာ မြက်နုရာ ဧရာဝတီ၊ ချင်းတွင်မြစ်ဝှမ်း၊ စစ်တောင်းနှင့် မြစ်လက်တက်များတွင် ပြောင်းရွှေ့နေထိုင်ကြပေရာ၊ အခြားမှလူမျိုးများ ဝင်ရောက်လာသောအခါတွင်လည်း အတူတကွယဉ်ကျေးမှုများဖလှယ်ကာ ရောနှောနေထိုင်ကြခြင်း ဖြစ်ပါ၏။ ထိုစဉ်က နိုင်ငံဟူ၍ ပိုင်းခြားသတ်မှတ်ထား၍ နယ်နိမိတ်မရှိသေးသောကြောင့်လည်း နယ်မြေလုမှုမရှိဘဲ အေးချမ်းစွာ အတူတကွနေထိုင်ခဲ့ကြမည် ဖြစ်ပါသည်။

❐ ❐ ❐

# အခန်း(၂၅)
# မြန်မာအစမြန်မာက

ကမ္ဘာကြီးသက်တမ်းသည် သန်းပေါင်း-၄၅၀၀ က စခဲ့သည်ဟု ဆိုသည်။ ကမ္ဘာတည်စကပင် အကျုံးဝင်ခဲ့သော ရှမ်းကုန်းပြင်မြင့်၏သက်တမ်းသည် အနှစ်သန်း-၁၀၀၀ ရှိခဲ့ပြီး ဖြစ်၏။ လွန်ခဲ့သော အနှစ်သန်း-၇၀၀၊ သန်း-၈၀၀ လောက်က ကမ္ဘာမြေပြင်ဝယ် တွန့်ခေါက်တောင်တန်းများ ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်ကပင် အလယ်ရိုးမနှင့်ရခိုင်ရိုးမတို့ ပေါ်ထွန်းလာသည်။ ထို့နောက် သက်လယ်ကပ်၊ သက်နှောင်းကပ်များကိုကျော်လာကာ မြန်မာပထဝီဝင်မြေသည် ယခုအတိုင်းအတည်အတန့်ရှိခဲ့ရာမှ ကမ္ဘာမြေပေါ်တွင် လူတူပရိုင်းမိတ်များ ပေါ်ပေါက်ခဲ့၏။ လူတူပရိုင်းမိတ်အကြွင်းများကို ယခုတွေ့ရှိရသောနိုင်ငံများမှာ အီဂျစ်၊ တရုတ်၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့ ဖြစ်သည်။

မြန်မာနိုင်ငံပုံတောင်ဒေသမှ တွေ့ရှိရသော လူတူပရိုင်းမိတ်ရုပ်ကြွင်းများသည် အီဂျစ်နိုင်ငံ ဖယုန်ဒေသမှ တွေ့ရှိရသော လူတူပရိုင်းမိတ်

များထက် ၃ သန်းမှ ၇ သန်းထိစောသည်။ ထိုင်းနိုင်ငံ ကရာဘီဒေသမှတွေ့ ရှိရသော လူတူပရိုင်းမိတ်များထက် နှစ် ၃ သန်းမျှစောသေး၍ တရုတ်နိုင်ငံ ရှန်ဇီဒေသနှင့် ဂျီယန်ဒေသတို့မှ တွေ့ရှိရသော လူတူပရိုင်းမိတ်များရုပ်ကြွင်းများနှင့်မူ နှစ်အားဖြင့် သက်တမ်းအတူတူပင် ဖြစ်သော်လည်း ပုံတောင်ပရိုင်းမိတ်များက အရွယ်အစားပိုမိုကြီးမား၏။ လူတူအင်္ဂါများ ပိုမိုပီပြင် ပိုမိုအဆင့်မြင့်ခြင်းကြောင့် ဘူမိဗေဒပညာရှင်ပါမောက္ခ ဒေါက်တာတင်သိန်းက လူသားအစမြန်မာက စာအုပ်တွင် တင်ပြခဲ့၏။ ထို့ကြောင့် မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်သန်း-၄၀ကပင် လူတူပရိုင်းမိတ်များတည်ရှိရာနိုင်ငံဖြစ်သည်။ လူတူပရိုင်းမိတ်များနှင့် ပတ်သက်၍ ဒေါက်တာတင်



**တကောင်းလေ့လာရေးအဖွဲ့အား ဧရာဝတီမြစ်အတွင်း၌ တွေ့မြင်ရစဉ်**

သိန်းက ပုံတောင်ပရိုင်းမိတ်များမှ ဗဟင်နီးယားမှာ အဆင့်နိမ့်အင်္ဂါရပ်များ နှင့် အဆင့်မြင့်အင်္ဂါရပ်များ ပါဝင်လျက်ရှိသောကြောင့် ပုံတောင်ပရိုင်းမိတ်တို့သည် ပုံတောင်ဒေသတွင်ပင် အီအိုဆင်အလယ်ပိုင်းသက်တမ်းအချိန်၌ အဆင့်နိမ့်ပရိုင်းမိတ်များမှ အဆင့်မြင့်လူထူပရိုင်းမိတ်များအဖြစ်သို့ ပြောင်းလဲတိုးတက်ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်ဟု ဆို၏။ လွန်ခဲ့သောအနှစ် ၁၅သန်းမှစ၍ မြန်မာ့မြေလွှာသည် ခိုင်မာသောမြေထုကြီးအဖြစ်သို့ရောက်ခဲ့၏။ လွန်ခဲ့သောအနှစ် ၁ သန်းမတိုင်က- မြန်မာမြေပြင်ဝယ် ချင်းတွင်းမြစ်နှင့်ဧရာဝတီအောင်ပိုင်းတို့ ပေါင်းစပ်၍ မြစ်ကြီးတစ်စင်းနှင့် ဧရာဝတီအထက်ပိုင်းနှင့် စစ်တောင်း မြစ်တို့ပေါင်းစပ်ကာ မြစ်ကြီးတစ်စင်း မြန်မာပြည်အလယ်ပိုင်းတွင် မြစ်ကြီးနှစ်စင်းအပြိုင် စီးဆင်းနေသည်ဆိုသော အယူအဆရှိ၏။

သို့သော် လွန်ခဲ့သောနှစ်-၁ သန်းတွင် ပုပ္ပါးတောင်စို့စို့တက်လာမှုကြောင့် စစ်တောင်းနှင့်တွဲ၍ စီးဆင်းနေသော ဧရာဝတီအထက်ပိုင်းသည် ချင်းတွင်းမြစ်နှင့်ပေါင်းစုံကာ ယခုအတိုင်းစီးဆင်း၍ စစ်တောင်းမြစ်သည် မိမိ၏မြစ်ဖျားပိုင်းကို စွန့်လွှတ်ခဲ့ရသည်ဟု ဘူမိဗေဒပညာရှင်များက ဆို၏။

ထိုကာလတွင်မြန်မာမြေပြင်၌ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဒရယ်နှင့် လိပ်၊ မိချောင်းတို့ရှိခဲ့ကြပြီး ထိုခေတ်က မြန်မာတစ်နိုင်ငံလုံးတွင် သစ်တောများဖုံးနေကြောင်းကို မြစ်ကြီးနား ဗန်းမော်မှ ရန်ကုန်တိုင်ကျယ်ဝန်းသော ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ဒေသများတွင် တွေ့ရသော သစ်ပင်ရုပ်ကြွင်း အင်ကြင်းကျောက်များအရ သိရသည်ဟု ဆို၏။

ထိုနောက်ပိုင်းတွင် မြန်မာမြေတွင် အကြီးအကျယ်မြေသားပြောင်းလဲမှုမရှိဘဲ ဧရာဝတီမြစ်၏ပို့ချမှုကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီး ပို၍ ပို၍ ကျယ်ပြန့်လာမှုသာ ရှိ၏။ ဧရာဝတီမြစ်သည် အနှစ်-၁၀၀ ကြာတိုင်း မုတ္တမပင်လယ်ထဲသို့ ၃ မိုင်မျှကျယ်အောင် ပို့ချမှုပြုသည်။ လွန်ခဲ့

သောအနှစ်တစ်သန်းက ပြည်မြို့သည် ပင်လယ်ဆိပ်ကမ်း ဖြစ်သည်။ ထိုစဉ် မှစ၍ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်းနှင့် စစ်တောင်းမြို့တို့သည် ယနေ့ အနေ အထားအတိုင်း မြောက်မှတောင်သို့ သွယ်တန်းစီးဆင်းကာ ထိုမြစ်ဝှမ်းလွင် ပြင်များတွင် လူနှင့်တိရစ္ဆာန်စသည့် သတ္တလောကကြီး တည်ရှိခဲ့သည်။ ထို့ နောက် ဤရေ ဤမြေတွင် ကျောက်ခေတ်လူသားတို့ စတင်အခြေစိုက်ခဲ့ကြ ၏။ မြန်မာနိုင်ငံတွင် ကျောက်ခေတ်ကြမ်း၊ ကျောက်ခေတ်လယ်၊ ကျောက် ခေတ်ချော၊ ခေတ်သုံးခေတ်စလုံးတွင် ကျောက်ခေတ်လူသားများကို ပီပီ ပြင်ပြင် တွေ့ရှိခဲ့၏။ ပြင်သစ်သုတေသီကိုဒဲ့က မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတစ်ခုလုံးတွင် ပြင်ပမှမည်သည့်ဩဇာမှမပါပဲ၊ ကျောက်လက်နက်ကိရိယာ ထုတ်လုပ်မှုအတတ်ပညာများ အဆင့်ဆင့်တိုး တက်တက်လာဖွယ်ရှိ၏ ဟုဆို၏။

## ကျောက်ကြမ်းခေတ်

ကျောက်ကြမ်းခေတ်သုံးလက်နက်များကို မြန်မာပြည်အထက် အ ညာဒေသတွင် အများအပြားတွေ့ရှိရသောကြောင့် မြန်မာတို့၏ကျောက် ကြမ်းခေတ်ယဉ်ကျေးမှုကို အညာသား ယဉ်ကျေးမှု Anyathian Culture ဟုခေါ်ခဲ့၏။ မြန်မာတို့၏ယဉ်ကျေးမှုသည် တရုတ်ကျောက်ကြမ်းခေတ် နှင့် ယဉ်ကျေးမှုအဆင့်တူညီကြောင်းသုတေသီတို့က လက်ခံကြသည်။

အညာသားယဉ်ကျေးမှုများနှင့် အလားတူသော ယဉ်ကျေးမှုကို ထိုင်းနိုင်ငံမှ ဖင်းနွယ်ဒေသနှင့် လောနိုင်ငံမှ ဖူလွယ်ဒေသတို့တွင်လည်း အလားတူ တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ကျောက်ကြမ်းခေတ်သုံး ကိရိယာတွေ့ရှိရာ အရပ်များသည် မကွေး (ချင်းအောင်မကုန်း) ချောက်၊ စလေ၊ ညောင်ဦး၊ မင်းဘူး၊ ရေနံချောင်း၊ ဆီးချိုပင်၊ ပုဂံ၊ ပခုက္ကူ၊ စဉ့်ကူး၊ ယောတောင်ကြား၊ မင်းကွန်း၊ မန္တလေးနှင့် ရှမ်းကုန်းပြင်မြင့်ရှိ ဂူများတွင်ဖြစ်



**တကောင်းဒေသ ကြံ့ညှပ်ရွာဆရာကြီးဦးတင်ဝင်းဦး စုဆောင်းထားရှိသော ကြံ့ညှပ်သချိုင်းအတွင်းမှရရှိခဲ့သော ကျောက်လက်နက်ပစ္စည်းများ**

သည်။ ထို့ကြောင့်မြန်မာနိုင်ငံ၏ ယင်းဒေသများတွင် လွန်ခဲ့သောနှစ် ၃၀၀၀၀(သုံးသောင်း)ခန့်ကပင် လူများနေထိုင်လျှက်ရှိကြသည် ဆိုနိုင်ပါသည်။

## ကျောက်လည်ခေတ်

မြန်မာနိုင်ငံ၏ကျောက်လည်ခေတ်သည် လွန်ခဲ့သောနှစ်ပေါင်း -၁၈၀၀၀ မှ -၇၀၀၀ ကြားအတွင်း ထွန်းကားခဲ့သည်။

## ကျောက်ချောခေတ်

မြန်မာတို့၏ကျောက်ချောခေတ်ကို မြန်မာတစ်နိုင်ငံလုံးနီးပါးတွင် တွေ့ရှိခဲ့ရ၏။ ကျောက်ချောခေတ်ထွန်းကားခဲ့သော ဒေသတို့မှာ မကွေး၊ မင်းဘူး၊ ညောင်းဦး၊ ရေနံချောင်း၊ ချောက်၊ ပုဂံ၊ မြင်းခြံ၊ သရက်၊ ပြည်၊ ပုပ္ပါး၊ ကချင်တောင်တန်း၊ မြိတ်ခရိုင်၊ သံတွဲ၊ ရှမ်းပြည်တောင်ပိုင်း၊ မုံရွာနှင့် တောင်ငူတို့ ဖြစ်၏။

ထို့ကြောင့်မြန်မာနိုင်ငံတွင် ကျောက်ကြမ်းခေတ်၊ ကျောက်လယ် ခေတ်နှင့် ကျောက်ချောခေတ်သုံးခေတ်စလုံး၊ ပီပြင်စွာထွန်းကားခဲ့သော နိုင်ငံ ဖြစ်သည်။ ထိုကာလများတွင် မြန်မာ့ရေ မြန်မာ့မြေတွင် မြန်မာလူသား မျိုးရင်းများ ထိုအခါကပင် ရှိခဲ့ကြသည်။

ကျောက်ချောခေတ်ကာလတွင် လူများသည် ကျောက်ဂူများတွင် နေထိုင်ကြသည်။

ရှမ်းကုန်ပြင်မြင့်ရှိ မောင်တဝဂူကို ၁၉၃၇ ခုနှစ်က တူးဖော်ရာ ဂူအောက်မြေသားထဲမှ အိုးခြမ်းကွဲများ၊ စဉ့်အရောင်တင်ထားသော အစအန စသည်တို့ကို တွေ့ရ၍ မောင်ဝတဂူသည် ကျောက်ချောခေတ်ကလူသား တို့ နေထိုင်သွားခဲ့သော နေရာအဖြစ်သတ်မှတ်ကြ၏။ မောင်တဝဂူတွင် လွန်ခဲ့သောအနှစ် ၆၀၀၀ ခန့်က လူသားများနေထိုင်ခဲ့သည်ဟု မှတ်ယူရ ပါသည်။

တစ်ဖန်တောင်ကြီးအနီး တင်းတိမ်ဂူကို အမေရိကန်သုတေသီတို့ က သုတေသနပြုခဲ့သည်။ ဂူအဝင်ဝ၏ လက်ယာဘက်အခန်းတွင် တိရစ္ဆာန်အရိုး ခရုခွံနှင့်မီးသွေးစများ တွေ့ခဲ့ရ၏။ လူအုပ်စုတစ်စု ကျောက် ခေတ်ကာလက နေထိုင်သွားရာ ဂူဟု သတ်မှတ်ခဲ့ကြ၏။

၁၉၆၉ ခုနှစ် ဇန်နဝါရီ ၁၀ရက်နေ့မှ ၁၈ ရက်နေ့တိုင် တောင်ကြီး ခရိုင်ရွာငံမြို့နယ်၊ ညောင်ကြတ်ရွာ အရှေ့ဘက်လေးမိုင်အကွာရှိပြဒါးလင်းဂူကို မြန်မာရှေးဟောင်း သမိုင်းနှင့် ဘူမိဗေဒပညာရှင်များ စုပေါင်းလေ့လာခဲ့ ကြ၏။ ပြဒါးလင်းဂူသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ခန့်က လူသားတို့ နေထိုင်ခဲ့သော ဂူအဖြစ် ပညာရှင်များကလက်ခံခဲ့ကြ၏။ ပြဒါးလင်းဂူတွင် ကျောက်ခေတ်လူသားတို့၏ ကျောက်လက်နက်ပစ္စည်းများကို ထုတ်လုပ် သောလက်ရာများနှင့် အခြားနံရံဆေးရေး ပန်းချီများကိုပါ တွေ့ရှိခဲ့ကြသည်

ထို့ကြောင့် မြန်မာ့ရေမြေတွင် လွန်ခဲ့သောအနှစ်သန်း ၄၀ က လူတူပရိုင်းမိတ်များမှစ၍ လွန်ခဲ့သောအနှစ်တစ်သန်း တစ်သိန်း၊ တစ် သောင်းမှသည် ကျောက်ချောခေတ်လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ခန့် အထိ မြန်မာလူသားမျိုးအရင်းများ အဆက်မပြက်နေထိုင်ခဲ့သည်ကို တွေ့ရပါ၏။ ပြင်သစ်ပညာရှင် ကိုဒ့်၏ အယူအဆအတိုင်း ကျောက်ခေတ်နေမြန်မာလူ သားမျိုးရင်းတို့သည် ပြင်ပမှဩဇာသက်ရောက်မှုမရှိဘဲ ကျောက်လက်နက် ကိရိယာများကို ကိုယ်တိုင်ထုတ်လုပ်နေထိုင်ခဲ့ကြသူများ ဖြစ်သည်။

## မြန်မာကြေးခေတ်နှင့် သံခေတ်

မြန်မာနိုင်ငံတွင် ကျောက်ခေတ်အသီးသီးကိုလွန်မြောက်ပြီး ကြေး လက်နက်ပစ္စည်းများကို စွဲကိုင်အသုံးပြုသော ကြေးခေတ်သည်လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်က စတင်ရောက်ရှိသည်။ မြန်မာနိုင်ငံတွင် ကြေး ပစ္စည်းများကို ရှမ်းပြည်နယ်၊ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်း၊ စစ်ကိုင်းတိုင်း စသည်တို့တွင် တွေ့ရသည်။ ကရင်အမျိုးသားနှင့် ကယားအမျိုးသားတို့ အသုံးပြုသောဖားစည်သည် မြန်မာကြေးခေတ်မှ အခြေခံဆင်းသက်လာ ဖွယ်ရှိသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ စစ်ကိုင်းတိုင်းဘုတလင်

မြို့နယ်၊ ညောင်ကန်ရွာတွင် ကြေးခေတ်ပစ္စည်းများနှင့် ကြေးခေတ်လူသား တို့၏သင်္ချိုင်းကိုတွေ့ရှိခဲ့ရာ မြန်မာနိုင်ငံတွင် ကြေးခေတ်အပီအပြင် ထွန်းကားခဲ့ကြောင်း သိရ၏။ တကောင်းတွင် ကျောက်ခေတ်ကြမ်း၊ ကျောက်ခေတ်လယ်နှင့်၊ ကျောက်ခေတ်ချော၊ ကျောက်လက်နက်ပစ္စည်းများကို တွေ့ရှိရသည်။ ကြေးခေတ်သုံးပစ္စည်းများကိုလည်း တွေ့ရှိရ၏။ မြန်မာကြေးခေတ်သည် အိန္ဒိယနိုင်ငံကြေးပစ္စည်းလက်ရာတို့၏ ဩဇာအရိပ်အငွေ့ သက်ဝင်နေသည်ဟု အချို့ကအဆိုပြုကြပြီး တရုတ်၊ ဗီယက်နမ်၊ ကြေးခေတ်တို့နှင့် ယဉ်ကျေးမှုဟန်များနှင့်လည်း ဆက်စပ်မှုရှိကြောင်းဆိုကြသည်။ ဤအဆိုပြုချက်က ကြေးခေတ်တွင် မြန်မာမျိုးရင်းလူသားများသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှုများ စတင်လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကမ္ဘာတွင်ရောမြန်မာတွင် ကြေးခေတ်ကို သံခေတ်ဆက်ခံခဲ့သည်။ ပန်းပဲမောင်တင့်တယ်သည် မိမိပန်းပဲရုံကိုမစတင်မီ သုံးနှစ်ခန့် အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည်ဟု ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)ကဆိုသည်။ အိန္ဒိယနိုင်ငံမှမောင်တင့်တယ်သည် သံအတတ်ပညာကို တတ်ခဲ့သည်။

မောင်တင့်တယ်သည် ကြေးတက်ကနော်လော်ဂျီမှ သံတက်ကနော်လော်ဂျီကိုတကောင်း၌ စတင်ပြောင်းခဲ့သူဖြစ်၍ နည်းပညာနည်းပါးသော တကောင်းဘုရင်က မောင်တင့်တယ်အား ကြောက်ရွံ့၍ ကွပ်မျက်ခြင်း ဖြစ်သည်။ တကောင်းဒေသတစ်ဝိုက်တွင် သံချက်ဖိုများရှာဖွေတွေ့ရှိထားပြီး ဖြစ်သည်။

ယခုအခါ သံချက်ဖိုကြီးများကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းပစ္စည်းအဖြစ် စတင်ထိန်းသိမ်းလျက် ရှိသည်။ တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မြို့များကိုတူးဖော်ရာမှ သံပစ္စည်းများကိုတွေ့ရှိခဲ့ရာ ပျူနိုင်ငံများတွင် သံခေတ်လုံးလုံးလျားလျားရောက်ခဲ့သည်ပြီဟု မှတ်ယူစရာများရှိပါ၏။

# မြန်မာအစမြန်မာက

တကောင်းကိုလေ့လာသောအခါ တကောင်းတွင် ကျောက်ခေတ်နေ လူသားတို့နေထိုင်ခဲ့သော ဂူများ ကျောက်ကြမ်း၊ ကျောက်လယ်၊ ကျောက်ချော ခေတ်ပစ္စည်းများ ကြေးခေတ်နှင့်သံခေတ်ပစ္စည်းများ သံချက်ဖိုကြီးများကို တွေ့ရှိရသောကြောင့် တကောင်းသည်လွန်ခဲ့သော နှစ်တစ်သောင်းခန့် လောက်မှစ၍ မြန်မာနိုင်ငံသားတို့နေထိုင်ခဲ့သော အရပ်ဟု ဆိုနိုင်ပါ၏။ ပြဒါးလင်းဂူတွင် ကျောက်လက်နက်ပစ္စည်းပြုလုပ်သောအလုပ်ရုံကိုတွေ့ရှိခြင်းသည် ပြဒါးလင်းဂူမှ ပန်းချီများအဆင့် အတန်းမြင့်မားခြင်းတို့သည် ရှေးအစဉ်အဆက် မြန်မာရေမြေပေါ်တွင်နေထိုင်ကြသောသူတို့ ကုန်ထုတ်ပစ္စည်းများ၊ အနုပညာဖန်တီးမှုများ မိမိတို့ဘာသာ မိမိတို့ပြုလုပ်နေထိုင်ခဲ့ကြသည်ကို ပြဆိုလျက်ရှိပါ၏။ ကျောက်ခေတ်နှောင်း၊ ကြေးခေတ်၊ သံခေတ်အခါက နိုင်ငံပိုင်းခြားသတ်မှတ်မှုမရှိပဲ မိမိတို့လူအုပ်စုအလိုက် ရေကြည်ရာမျက်နုရာ ရွှေ့ပြောင်းနေထိုင်မှုရှိလေရာ အခြားတစ်ပါးမှလူမျိုးများ ဝင်ရောက်လာမှုသည်လည်း ပြဿနာတစ်ရပ်မဟုတ်ဘဲ အတူတကွယဉ်ကျေးမှုခြင်း ရောနှောနေထိုင်နိုင်ကြသည်။

တိုင်းတစ်ပါးမှ ဝင်ရောက်လာသူတို့သည် မြန်မာဒေသနေလူသားမျိုးရင်းများထက် အုပ်ချုပ်မှုပညာပိုမိုတတ်ကျွမ်းသူများ ဖြစ်နိုင်သည်။ ဒေသခံမြန်မာလူသားမျိုးရင်းအနွယ်များသည် မိမိတို့ရှိရင်းစွဲ ယဉ်ကျေးမှုအစဉ်အလာများ ရာသီဥတုသဘာဝပတ်ဝန်းကျင် အတွေ့အကြုံများ၊ ဘဝအတွေ့အကြုံများနှင့် ဝင်ရောက်လာသောလူမျိုးများ၏ အုပ်ချုပ်မှုမြို့ပြတည်ထောင်မှု၊ အတတ်ပညာများ ပေါင်းစပ်နေထိုင်လာကြမည် ဖြစ်ရာ မြန်မာ၏အစသည် မြန်မာပြည်တွင်း၌သာ စတင်ခဲ့သည်ဟု ဆိုဘွယ်ရာသာ ရှိပါတော့သတည်း။

ချစ်စံဝင်း ၃-၁၀-၂၀၀၃

# ကျမ်းကိုးစာရင်း

၁။ အခြေပြမြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)
လမ်းစဉ်ပါတီဌာနချုပ်၊ ဒုတိယအကြိမ်-၁၉၈၃

၂။ လူသားအစမြန်မာက
ဒေါက်တာတင်သိန်း(ဘူမိဗေဒ)၊ စာပေဗိမာန် ပထမအကြိမ်
-၂၀၀၁ ခု၊

၃။ မြန်မာအစ၊ ဦးဖိုးလတ်

၄။ တကောင်းရာဇဝင်
ဆရာတော်ဦးဃောကြီး ကောဇာသက္ကရာဇ်- ၁၃၁၄

၅။ ပုဂံရက်သတ္တပတ်ဟောပြောချက်များ
ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန- ၁၉၆၁

၆။ နှစ်အမည်ပါသောမြန်မာရှေးဟောင်းမင်စာများ
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန
ဦးဆွဲ(ကျောက်စာ၊ မင်စာ၊ ကျွမ်းကျင်သူ)

၇။ ရာဇာဓိရာဇ်အရေးတော်ပုံ
နိုင်ပန်းလှ၊ မြဝတီစာပေတိုက်- ၁၉၉၇ ခုနှစ်၊ မတ်လ

၈။ မြန်မာနိုင်ငံသမိုင်း
ဗိုလ်မှူးဘရှင် ဘီအေ(ဂုဏ်ထူး)

၉။ နမောဘုရားသမိုင်း
ဦးသောမ၊ နမောတောင်ကျောင်း၊ ညောင်လှ ဒီပဲယင်းမြို့နယ်

၁၀။ တိုင်းရင်းသားလူမျိုးတို့၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း
လမ်းစဉ်ပါတီဌာနချုပ်
တတိယအကြိမ်၊ ဇူလိုင်လ- ၁၉၇၇

၁၁။ မြန်မာရာဇဝင်
ဦးဘသန်း(ဘီအေ) ပြန်ကြားရေးဝန်ကြီးဌာန
ဆဋ္ဌမအကြိမ်- ၁၉၉၂ ဒီဇင်ဘာ

၁၂။ စမ္ဗူဒိပဥဆောင်းကျမ်း
သတိုးသီရိသုဓမ္မ ဒေါက်တာဂျေ-အက်စ် ဖာနီပဲနှင့်
ဒေါက်တာဖေမောင်တင်၊ ၁၉၆၀ မြန်မာနိုင်ငံသုတေသနအသင်း

၁၃။ ရှေးဟောင်းမြန်မာမြို့တော်များ
ဦးအောင်သော်၊ ဦးမြင့်အောင်၊ ဦးစိန်မောင်ဦး၊ ဦးသန်းဆွေ
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးစာစဉ်- ၁၉၉၃

၁၄။ တကောင်းမြို့ဟောင်းနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်း
လေ့လာခြင်းတွေ့ရှိချက်များစာတမ်း
ဦးဝင်းမောင် (တမ္ပဝတီ)- ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်

၁၅။ ၁၁ ရာစု မတိုင်မီက တကောင်းအတွက်
ဧရာဝတီစာပေခရီးအထောက်အထားဆောင်းပါး
ဦးဝင်းမောင်(တမ္ပဝတီ)၊ မဟာ အတွဲ- ၁၊ အမှတ်-၁၁
(၁၃. ၁၂. ၂၀၀၁)

၁၆။ ဘိန္နကရာဇာမင်း၏ အနွယ်တော်များစာတမ်း
ဦးဝင်းမောင်(တမ္ပဝတီ)၊ -၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

၁၇။ တကောင်းပြဿနာဆောင်းပါး
ဇေယျာ၊ မြဝတီမဂ္ဂဇင်း

၁၈။ တကောင်းသုတေသနဆောင်းပါး
ဦးမောင်မောင်ကျော်၊ အာသာဝတီ မဂ္ဂဇင်း

၁၉။ The Old City of Tagaung ဆောင်းပါး
U Maung Maung Tin (MA)

၂၀။ ပြဒါးလင်းဂူနှင့် ပညာရှင်သုတေသီတစ်ဦး၏အမြင် ဆောင်းပါး
ဦးအောင်သော်
လမ်းစဉ်ပါတီသတင်း ဂျာနယ် အတွဲ- ၅၊ အမှတ်- ၈
၁၅. ၄. ၁၉၆၉

၂၁။ ပြဒါးလင်းဂူနှင့် မနုဿဗေဒအဆက်အသွယ် ဆောင်းပါး
စိန်ထွန်း(ပခုက္ကူ)
လမ်းစဉ်သတင်းဂျာနယ် အတွဲ ၅၊ အမှတ် ၉၊ ၁. ၅. ၁၉၆၉

၂၂။ မြန်မာမြို့ဟောင်း တကောင်းရုပ်ပုံလွှာ ဆောင်းပါး
မင်းဟန်(မန်းတက္ကသိုလ်)
မန္တလေးနေ့စဉ် -၂၀၀၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်

၂၃။ ရှေးဦးတကောင်းမြို့ဟောင်းဆိုင်ရာ လေ့လာချက်စာတမ်း
မင်းဟန်(မန်းတက္ကသိုလ်)

၂၄။ မြန်မာအစပြုဿနာစာတမ်း
မင်းဟန်(မန်းတက္ကသိုလ်)

၂၅။ တကောင်းရာဇဝင်နှင့် ဒဿနအမြင်ဆောင်းပါး
အောင်စည်ဟိန်း ၂၉. ၄. ၂၀၀၃

၂၆။ တကောင်းမြို့ဟောင်းကွင်းဆင်းသုတေသနခရီးအစီရင်ခံစာ
မြန်မာသမိုင်းအဖွဲ့ -၁၉၉၆ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်

၂၇။ တကောင်းမြို့ဟောင်းကွင်းဆင်းသုတေသနခရီးအစီရင်ခံစာ
မြန်မာသမိုင်းအဖွဲ့-၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

၂၈။ တကောင်းမြို့ဟောင်း ကွင်းဆင်းသုတေသနခရီး အစီရင်ခံစာ
မြန်မာသမိုင်းအဖွဲ့-၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

၂၉။ စာရေးသူ၏ ၁၉၇၆ ခုနှစ် နိုဝင်ဘာလ
တကောင်းခရီးစဉ်မှတ်တမ်း

၃၀။ စာရေးသူ၏ ၁၉၉၈ ဧပြီလ ၄ ရက်နေ့
တကောင်းခရီးစဉ်မှတ်တမ်း

၃၁။ စာရေးသူ၏ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်
တကောင်းခရီးစဉ်မှတ်တမ်း

၃၂။ စာရေးသူ၏ ၂၀၀၃ ခုနှစ်၊ မေလ ၁၈ ရက်
တကောင်းခရီးစဉ်မှတ်တမ်းနှင့်
၂၀၀၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ ခရီးစဉ်မှတ်တမ်း

၃၃။ တကောင်းမြို့ကြံညှပ် မူလတန်းကျောင်းအုပ်ဆရာကြီး
ဦးတင်ဝင်းဦး၏ ပြောကြားချက်များ မှတ်စု

၃၄။ တွင်းသင်း မြန်မာ့ရာဇဝင်သစ်
ပထမတွဲ မင်္ဂလာပုံနှိပ်တိုက်၊ ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ

၃၅။ ရာဇဝင်ကျော် ရှင်မဟာသီလဝံသ
၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ

၃၆။ မဟာရာဇဝင်ကြီး ပထမအုပ်
ဦးကုလား(ဆရာပွားတည်းဖြတ်သည်)
မြန်မာသုတေသနအသင်း၊ ဟံသာဝတီပုံနှိပ်တိုက်

၃၇။ မှန်နန်း မဟာရာဇဝင်တော်ကြီး ပထမတွဲ
ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၉၂ ဇန်နဝါရီလ

၃၈။ Old Burma-Early Bagan
by Gordon H Luce
CM:A.D.litt, C.B.E IES retd. 1969

၃၉။ ဧချင်းဟောင်း ၁၂ စောင်တွဲ
Old Historicgal Ballads
Edited by Mg May Oung
၁၂၇၄ ခုနှစ် မော်လမြိုင်မြို့၊ ရမ္မာပူရစာပုံနှိပ်တိုက်

၄၀။ မြန်မာအစတကောင်းကဆောင်းပါး
မြဝတီမဂ္ဂဇင်း အတွဲ- ၂
ရွှေရတုနှစ်-၅၀ ပြည့်၊ ၁၉၅၂-၂၀၀၂
နေစိုးဦး၊

၄၁။ စမုံမြစ်ဝှမ်းယဉ်ကျေးမှုဆောင်းပါး
မြဝတီမဂ္ဂဇင်း အတွဲ ၂၊ ရွှေရတုနှစ် ၅၀ ပြည့်၊
ကိုဝင်းမောင်(တမ္ပဝတီ)၊

၄၂။ မြစေတီ ဂူပြောက်ကြီးနှင့် ရာဇကုမာရ်ကျောက်စာ
မောင်ကြည်ပန်း(မြင်းကပါ)
စစ်သည်တော်စာပေ

၄၃။ မြစေတီနှင့် ရာဇကုမာရ်
မောင်အောင်မြင့်(ညောင်ဦး) -၁၉၉၇ ခုနှစ် မေလ
တက်လမ်းစာပေ

၄၄။ ယဉ်ကျေးမှုဝန်ကြီးဌာန အနှစ် ၅၀ ပြည့် ရွှေရတုစာစောင်
၂၀၀၂ ခုနှစ် မတ်လ

၄၅။ စာထဲမှခရီး ခရီးထဲမှစာ (ချစ်စံဝင်း)
၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ၊ ပထမအကြိမ်

၄၆။ မြန်မာအစ အထောက်အထားလေ့လာချက်စာတမ်း
ချစ်စံဝင်း၊ လမင်းအိမ်
မြဝတီစာပေတိုက် ၂၀၀၃ ခုနှစ် ဧပြီလ၊ ပထမအကြိမ်

၄၇။ မြန်မာရာဇဝင်၏သမိုင်းကြောင်း
တင်နိုင်တိုး
ပထမအကြိမ် - ၂၀၀၁ ခုနှစ်

၄၈။ ဇမ္ဗူ့ကွန်ချာ
ရှေးဟောင်းစာပေ(အမှတ်-၂)
တော်သလင်းလ -၁၃၂၇၊ စက်တင်ဘာ-၆၅၊ ငွေယမုန်စာပေ

၄၉။ ရခိုင်မင်းသမီးချေင်း
အဒူမင်းညို
ဟံသာဝတီပုံနှိပ်တိုက်-၁၉၆၅၊ နိုဝင်ဘာလ

၅၀။ မြန်မာ့ဒင်္ဂါးများ
သပြေညိုမောင်ကိုဦး
စာပေဗိမာန်-၁၉၇၄ ခုနှစ်

၅၁။ မြန်မာ့အိုး
ထန်းလှိုင်
စာပေဗိမာန်-၁၉၉၃

၅၂။ တေးရေးပညာရှင်ကြီးများ၏ခေတ်ဟောင်းသီချင်းများ
ပြန်ကြားရေးဝန်ကြီးဌာန
အလုပ်အမှတ်-၈၊ ၁၉၉၉-၂၀၀၀

၅၃။ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ
မောင်ခင်မင်၊ ဓနုဖြူ
-၁၉၇၉၊ ပထမအကြိမ်

၅၄။ မင်းရဲဒိဗ္ဗချောင်း
ရှင်သံခို

၅၅။ မြန်မာနိုင်ငံသမိုင်း
ပဉ္စမအကြိမ်-၁၉၈၀
ကျောင်းသုံး-ပညာရေးဝန်ကြီးဌာန

၅၆။ ဧရာဝတီ၊ ရွှေလီ၊ မဲဇာရုပ်ပုံလွှာ
မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)

၅၇။ မြန်မာမြို့ဟောင်းတကောင်းရုပ်ပုံလွှာစာတမ်း
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ-၁၁ရက်နေ့တွင် ပြည်လမ်း
အမျိုးသားပြတိုက် ဘက်စုံအစည်းအဝေးခန်းမတွင်ဖတ်ကြားသည်

၅၈။ ခေတ်မှီမြန်မာရာဇဝင်အကျဉ်း
အမျိုးသားပညာဝန်ဦးဖိုးကျား
၁၂၉၉ ခုနှစ်၊ ဝါခေါင်လ

၅၉။ မြန်မာ့ရုပ်ထုယဉ်ကျေးမှု
မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)
(စာပေဗိမာန်ဆုရ)

၆၀။ ဇာတိနဲ့ အစဉ်အလာ
ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

၆၁။ Guide to The National
Museum-Bangkok
1999

၆၂။ Museum Treasures
of Southeast Asia
(Collections of Southest Asia Nations)

၆၃။ ကုန်းဘောင်ခေတ်နှောင်းဧရာဝတီအထက်မြစ်စဉ်မြို့ရွာနယ်ပယ်
များ၏အခန်းကဏ္ဍလေ့လာချက်စာတမ်း
စာတမ်းရှင်- အေးအေးသင်း(ကြံ့ညှပ်)

၆၄။ Captain-E.R.J.Vaugman
သင်္ချိုင်းဂူစာ

၆၅။ PREHISTORIC THAILAND
From early settlement of Sukhothai
River Books 1998



# ဆရာချစ်စံဝင်း၏ကိုယ်ရေးအကျဉ်း

စာရေးဆရာ ချစ်စံဝင်း၏ အမည်ရင်းမှာ ဦးချစ်စံ ဖြစ်ပါသည်။ ဆရာချစ်စံဝင်းကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရစ်ကံ ကြီးရွာတွင် အဖဦးကျော်စိန်၊ အမိဒေါ်လှသန်းတို့မှ- ၁၃၀၁ ခု ပြာသိုလဆန်း- ၁၄ ရက်၊ တနင်္လာနေ့ (၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်နေ့)တွင် ဖွားမြင်သည်။ ငယ်စဉ်က သာသနာ့ဇောတိကပုဗ္ဗာရာမကျောင်းတိုက်ရစ်ကံကြီးအရှေ့ကျောင်းဆရာတော် ဦးဝိရိယထံတွင် ပရိတ်ကြီးအထိ စာတက်သည်။ ၁၉၅၃ ခုနှစ်တွင် ပဲခူးမြို့ဆရာဦးမောင်မောင် အလွတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်စာ စတင်သင်ကြား၏။ ၁၉၅၅ ခုနှစ်တွင် ပဲခူးမြို့ ဆရာကြီးဦးသာဒင်၏ အထူးသဒ္ဒါသင်ကျောင်းတွင် ဆက်လက်ပညာသင်ကြားရာ- ၁၉၅၇ စာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းအောင်သည်။ ရန်ကင်းကောလိပ်၊ ရန်ကုန်တက္ကသိုလ်နှင့် လုပ်သားများကောလိပ်(ဗိုလ်တထောင်)တို့တွင်

ဆက်လက်ပညာသင်ကြားရာ ၁၉၆၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၆၇ ခုနှစ်တွင် သာကေတအစိုးရမူလတန်းကျောင်းတွင် လက်ထောက်မူလတန်းပြဆရာပြုလုပ်ခဲ့၍ ၁၉၆၈ ခုနှစ်တွင် လမ်းစဉ်ပါတီဌာနချုပ်၊ ပညာရေးရာဌာနကြီးတွင် စာပြုလုပ်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ စတင်၍ ဆရာသော်တာဆွေ၏ အဟိစာစောင်တါင် ရန်ကစ်ကချန်စစ်အမည်နှင့် စတင်စာရေးသည်။ ၁၉၆၈ ခုနှစ်တွင် လမ်းစဉ်သတင်းဂျာနယ်၌ လက်ထောက်အယ်ဒီတာ တာဝန်ကိုထမ်းဆောင်သည်။ ထို့နောက် ၁၉၇၄ မှ ၁၉၇၈ အထိ အမှုဆောင်အယ်ဒီတာ၊ ၁၉၇၈ မှ ၁၉၈၈ အထိ တောင်သူလယ်သမားဂျာနယ်တွင် အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၄ ခုနှစ်တွင် ပန်းမျိုးတစ်ရာစာပေကို ထူထောင်၍ မန်းသင့်နောင်၏ အရှေ့ပိုးကရင်စာအုပ်ကိုစတင် ထုတ်ဝေသည်။

ဆရာချစ်စံဝင်းသည် ၁၉၆၄ မှ ယနေ့အထိ ပြည်သူ့အကျိုးပြုဆောင်းပါးပေါင်း ၂၀၀၀ ကျော်နှင့် စာအုပ်ပေါင်း ၁၀၀ ကျော်ရေးသား ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယင်းတို့အထဲမှ **ဤခရီးနီးသလား** နှင့် **ဆန်ဖွပ်သည့်အဖိုးအို** စာအုပ်များဖြင့် အမျိုးသားစာပေဆုရရှိသည်။ အခြားပြည်သူတို့နှစ်ချိုက်သော စာအုပ်တို့မှာ **အမေနှင့်အမေ့အကြောင်း၊ အမေ့ခြေရာ၊ ဂျပန်လူငယ်တစ်ယောက်အကြောင်း၊ စိတ်ကောင်းရှိဖို့ ပထမ၊ ရှက်ပြုံး၊ လူငယ်များကမေးကြသည်** အစရှိသော စာအုပ်များဖြစ်သည်။

ဆရာသည် စာတမ်းအများအပြားလည်းရေးသားခဲ့၍ ယင်းအထဲမှ မြန်မာ့ရုပ်သေးသဘင်၏ မိုးသောက်ယံစာတမ်း၊ လယ်တီဘဝနှင့် စာပေစာတမ်း၊ ကိုးရီးယားနိုင်ငံကိုဖွံ့ဖြိုးစေသောကိုရီးယားဒသနစာတမ်း၊ အနာကြီးရောဂါဆိုင်ရာ သစ္စာရေစင်စာတမ်း၊ မြည့္စန့်ဆွေအလွမ်းစာတမ်း၊ ၂၁ ရာစုအရည်အသွေးစာတမ်း၊ ဒီပနိနှင့် ဋီကာဘာသာ ဆရာတော်ကြီး နှစ်ပါးနှင့် ပက်သက်၍ ကြည်ညိုမှုစာတမ်း၊ မြန်မာအစသုတေသနာပြုချက် စာတမ်း၊ မြန်မာ့မြို့ဟောင်း တကောင်းရုပ်ပုံလွှာစာတမ်းတို့ကို ဖတ်ကြားခဲ့၍ အချို့ကို ပုံနှိပ်ထုတ်ဝေသည်။

၁၉၆၈ ခုနှစ်မှစ၍ ပြည်တွင်းစာပေခရီး အခေါက်ပေါင်း ၁၀၀ ကျော်သွားရောက်ခဲ့၍ နိုင်ငံပေါင်း ၁၆ နိုင်ငံသို့ ပြည်ပခရီးအကြိမ်ပေါင်း ၁၇ ကြိမ်သွားရောက်ခဲ့သည်။ ပြည်တွင်းခရီးစဉ်အဖြစ် ၁၉၉၇ ခုနှစ်က ဧရာဝတီမြစ်အစအဆုံးတိုင် ဧရာဝတီစာပေခရီးကို ခေါင်းဆောင်၍ သွားရောက်ခဲ့သည်။

ဆရာသည် စာပေလုပ်ငန်းအပြင် မိဘမေတ္တာပြန့်ပွားရေး လုပ်ငန်း၊ မြန်မာ့ရုပ်သေးသဘင်ထွန်းကားရေးလုပ်ငန်း၊ ရှေးဟောင်း ပစ္စည်းထိန်းသိမ်းရေး၊ ဆရာတော်ကြီး ဦးပညာဝံသ၏ ပြည်ပသာသနာ ပြုလုပ်ငန်း၊ လယ်တီဗိမာန်ပေါ်ထွန်းရေး၊ အလုံးစုံအရည်အသွေးပညာ ထွန်းကားရေး၊ ဓမ္မစေတီခေါင်းလောင်းရှာဖွေရေး၊ ဂျပန်သခွားစိုက်ပျိုးရေး၊ အနာကြီးရောဂါ တိုက်ဖျက်ရေးနှင့် ရောဂါသည်ကလေးများအား ပညာရေးထောက်ပံ့မှုပြုရေး၊ မြန်မာအစလေ့လာချက်အထောက်အထား ဆိုင်ရာကိစ္စများကို စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်ခဲ့သည်။

ဆရာသည် ၁၉၇၂ ခုနှစ်တွင် စာပေဝါသနာရှင်တစ်ဦးဖြစ်သူသ ဒေါ်မော်မော်နှင့် လက်ထပ်ခဲ့၍ သားမောင်နေဦး၊ မောင်နေလတ်နှင့် မောင်နေလင်းတို့ ထွန်းကားသည်။ မောင်နေဦးသည် ၁၉၉၅ ခုနှစ် အောက်တိုဘာလ-၃ ရက်တွင် ရုတ်တရက်ကွယ်လွန်ခဲ့သည်။ ဆရာသည် စာပေလုပ်ငန်းများကိုလုပ်ဆောင်ရင်း၊ တိုက် ၉၊ အခန်း ၂၀၃ ပုဇွန်တောင် ဥယျဉ်အိမ်ရာ ဖုန်း-၂၀၂၇၂ တွင် နေထိုင်လျက်ရှိသည်

ဆရာသည် ၂၀၀၁ ခုနှစ်က လူမှုထူးချွန်(တ)အဆင့်ရရှိ၍ မြဝတီ ရုပ်မြင်သံကြားတွင် ဇာတ်လမ်း၊ ဇာတ်ညွှန်း ကျွမ်းကျင်သူပညာရှင် အဖြစ်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်ကျင်းပလျက်ရှိသော ဆို၊ က၊ ရေး တီးပြိုင်ပွဲကြီးတွင် ရုပ်သေးပြိုင်ပွဲဗဟိုဒိုင်အဖြစ်လည်း ဆောင်ရွက်သည်။

# မြန်မာ့မြို့ဟောင်း
# တကောင်းရုပ်ပုံလွှာ

**ချစ်စံဝင်း**

